www.burmeseclassic.com

REAL EVENT CRIME MAGA ZINE

# ရဲဝင်း

အဖြင်း မဂ္ဂဇင်း

No. 3 MARCH 2014



ဝါဇီကရဏာအားတိုးဆေး
အင်အားပြည့်စုံ အမောလုံ အားမကုန်နိုင်တဲ့ဆေး။ (အလုပ်ကြမ်းသမားများ၊ အားကစားသမားများ၊ သိသိသာသာ အားတိုးသည်။)
ကိုက်ခဲညောင်းညာ အကြောနာကောင်းစွာပျောက်သည်။ (ဒူလာရောဂါ၊ ဝီးယပ်ရောဂါ၊ အထိုင်များသူများ)
စားကောင်းအိပ်ပျော်သည်။ ဆီးဝမ်းသွားချောင်းသည်။ မျက်စေ့ကြည်သည်။
ဝီးယပ်စိန်၊ ဝီးယပ်ခြောက် သွေးဆုံးရောဂါပျောက်သည်။
အလုံး / အမှုန့် နှစ်မျိုးထုတ်သည်။
မေတ္တာမွန်ဆေးဝါးထုတ်လုပ်ရေး
www.burmeseclassic.com

www.burmeseclassic.com

REAL EVENT CRIME MAGAZINE

မှုခင်း အမြင် မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ မတ်လ၊ အတွဲ (၂)၊ အမှတ်စဉ် (၃)

★ **အယ်ဒီတာချုပ်**

အောင်ကျော်ဇော

★ **တာဝန်ခံအယ်ဒီတာ**

ထက်ထက်ဦးဝေ (B.Sc.Physics)

★ **အယ်ဒီတာအဖွဲ့**

ဦးရဲလွင် (ရဲဘိုင်အို)

ညီမိအောင် (B.A.Myanmar)

အေးအေးနိုင်

★ **ထုတ်ဝေသူ**

ဦးအောင်လွင် (၀၄၁၄၉)

★ **ပုံနှိပ်သူ**

ဦးမြင့်ဦး(၀၁၅၈၃)

သိန်းသန်းဦးပုံနှိပ်တိုက်

၁၃၉/၁၂၁-၁၄လမ်း၊ ရန်ကုန်။

★ **မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်**

မင်းထက်နိုင်၊ ရဲသူ (ရန်ကုန်တက္ကသိုလ်)

**ဒီဇိုင်း**

စည်သူကျော်

**ကွန်ပျူတာစာစီ** နေမျိုးအောင်

**တန်ဖိုး - ၃၀၀**

**အုပ်ရေ - ၁၀၀၀**

## ဆောင်းပါး

- မစိုးကြီး (ညောင်တုန်း) ---၁၃
(ညောင်ချောင်းသာမှာ အန္တရာယ်ကင်းဖို့ဆိုရင်)
- ခိုခလေး (ဂါးဇယ်မ) --၁၇
(သတင်းပုံရိပ်)
- ရွှေစောသက် (ရွှေဘို) --၂၁
(ရင်းသူကိုယုံမိလို့)

## နိုင်ငံတကာသတင်း

ဆောင်းပေဟမန် - - ၁၄၉

## ဇာခင်

- သစ္စာမေတ္တာ ဆရာထွန်းထင်းကျော် - -၁၅၈
နက္ခတ်ဗေဒင်လက္ခဏာပညာရှင်




**မှုခင်းအမြင်မဂ္ဂဇင်း**

အမှတ်(၉၇-က)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၃၈၅၃၆၉၊ ၀၉-၄၉၂၉၄၂၁၈

www.burmeseclassic.com

www.burmeseclassic.com

## မှခင်းဝတ္ထု


-ထက်ထက်ဦးဝေ --- ၂၆

(လောဘဒဏ်)

-မောင်လွန်းညွန့် (ကွမ်းခြံကုန်း) --- ၄၀

(မိုးခေါင်ရေရှားမေတ္တာဝန်းကျင်)

-နုရဲမှူးကြီးဝင်းဦး (ငြိမ်း) --- ၄၈

(ပြေးလမ်းမှားသောကျား)

-မြနှင်းထန် --- ၅၈

(ဝိညာဉ်ဆိုး)

-ရှင်လွန်းမယ် --- ၆၄

(ချစ်ဦးပုံပြင်)

-အောင်ကျော်မြင့် --- ၇၃

(မောဟရဲ့မာယာများ)

-ဆုမွန်ဦး (ဟသ်ာတ) --- ၈၀

(မရှာဘဲတွေ့ မလိုက်ဘဲပြေး)

-နှင်းဆီနက် (စစ်ကိုင်း) --- ၉၁

(အပြာရောင်ကလစ်လေးရဲ့ရာဇဝင်)

-မောင်မောင်လွင် (ညောင်လေးပင်) --- ၉၈

(ဖွတ်မိကျောင်း)

-ခင်ဦး (ပုတီးကုန်း) --- ၁၀၉

(ချစ်ခြင်း၊ မုန်းခြင်း သံသရာတစ်ကွေ့ဝယ်)

-နှင်းစက် (သာရှိ) --- ၁၂၀

(အုံ့ကာလေတဖွဲဖွဲ)

-အောင်ကျော်ဇော --- ၁၃၆

(မျက်ကန်းမိုက်သွေး)








### ကာတွန်း

သူရိန်၊ ဟန်၊ မြေရှိုင်း၊ ဖွဲ့နေ၊

ရွှေသရော်၊ မောင်တင်ယု၊ ရဲဝင်းနိုင် (တံ့တေး)။

### ကဗျာ

ရဲဝတ္ထု (Sky Net)၊ မောင်ထည်ဝါ (ပျော်ဘွယ်)၊ မြတ်နိုးဆု (တမာမြေ)၊ မောင်နေခြည် (မှူးဆယ်)၊ မာန်အောင်မင်းနီ၊ စိုးကိုကို (လေးမျက်နှာ)၊ ရှင်လွန်းမယ်၊ မြေလတ်ထင်ကျော်မိုး။

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြ

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

| | |
|---|---|
| ➢ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) | ၀၆၇-၄၁၂၂၀၁ |
| ➢ အထူးအဖွဲ့(မြစ်ကြီးနား) | ၀၇၄-၂၂၃၃၆ |
| ➢ အထူးအဖွဲ့(ဗန်းမော်) | ၀၇၄-၅၀၁၉၉ |
| ➢ အထူးအဖွဲ့(လွယ်ဂျယ်) | ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်) |
| ➢ အထူးအဖွဲ့(မူဆယ်) | ၀၈၂-၅၂၈၉၀ |
| ➢ အထူးအဖွဲ့(လောက်ကိုင်) | ၀၈၂-၇၂၀၀၃/၇၂၀၃၆ |
| ➢ အထူးအဖွဲ့(လားရှိုး) | ၀၈၂-၂၃၀၁၇/၀၉၅၂၇၅၉၆၂ |
| ➢ အထူးအဖွဲ့(တောင်ကြီး) | ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၈၁၇ |
| ➢ အထူးအဖွဲ့(ကျိုင်းတုံ) | ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄ |
| ➢ အထူးအဖွဲ့(တာချီလိတ်) | ၀၈၄-၅၃၀၂၂ |
| ➢ အထူးအဖွဲ့(မြဝတီ) | ၀၅၈-၅၀၂၆၈ |
| ➢ အထူးအဖွဲ့(မော်လမြိုင်) | ၀၅၇-၂၆၉၈၃ |
| ➢ အထူးအဖွဲ့(ကော့သောင်း) | ၀၅၉-၅၁၉၈၁ |
| ➢ အထူးအဖွဲ့(မြိတ်) | ၀၅၉-၄၁၀၄၁/၄၁၀၀၄ |
| ➢ အထူးအဖွဲ့(ပုသိမ်) | ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉ |
| ➢ အထူးအဖွဲ့(ရန်ကုန်) | ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆ |
| ➢ အထူးအဖွဲ့(ပဲခူး) | ၀၅၂-၂၁၀၃၀/၂၁၂၅၉ |
| ➢ အထူးအဖွဲ့(စစ်တွေ) | ၀၄၃-၂၃၆၂၅ |
| ➢ အထူးအဖွဲ့(မောင်တော) | ၀၄၃-၅၅၀၈၉ |
| ➢ အထူးအဖွဲ့(ကလေး) | ၀၉၄၇၀၇၂၂၀၂ |
| ➢ အထူးအဖွဲ့(မကွေး) | ၀၆၃-၂၃၃၇၄/၂၅၀၁၆ |
| ➢ အထူးအဖွဲ့(မိတ္ထီလာ) | ၀၆၄-၂၄၇၁၄/၂၃၀၅၄ |
| ➢ အထူးအဖွဲ့(မန္တလေး) | ၀၂-၇၃၈၃၀ |
| ➢ UNIAP | ၀၁-၂၅၄၈၅၂/၂၅၄၈၅၃ |

အထူးအဖွဲ့.- လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့.

www.burmeseclassic.com

www.burmeseclassic.com




# မြန်မာ့စိတ်ရင်း

❋ မြန်မာဆိုတာ၊ ကရုဏာခင်း
မေတ္တာနှင်းလျက်၊ ရင်တွင်းမွေးမြ
နှလုံးလှုနှင့်၊ ဘဝတူချင်း
ကူရိုင်းပင်း၏၊ ပွင့်လင်းရိုးသား
မြတ်စိတ်ထားနှင့်
အများအကျိုး ရွက်သယ်ပိုး။
ပြည်သူ့အကျိုး ဆပွားတိုး။

❋ မြန်မာဆိုတာ
ဇာတိပုညာ၊ ဂုဏ်မာနနှင့်
မြန်မာ့လူ့ဘောင်၊ မျိုးဂုဏ်ဆောင်သည့်
ရွှေရောင်ရွှေခေတ်၊ သမိုင်းသစ်ကို
ရေးခြစ်မော်ကွန်းထိုးသူများ။

❋ မျိုးချစ်စိတ်သန်၊ ဇာတိမာန်နှင့်
အားမာန်ဝင့်ကြွား၊ မြန်မာများသည်
တစ်ပါးသူ့မြေ၊ မကျူးလေခဲ့
ကိုယ့်မြေထိပါး၊ ကျူးကျော်ငြားက
မြန်မာ့သမိုင်း၊ အရှိုင်းမခံ
ဇာတိမာန်နှင့်၊ ဓားလှံကိုသွေး
သတ္တိမွေး၍၊ စစ်ရေးစစ်ဆင်
တိုက်ပွဲဝင်ဖို့
ငါတို့အသင့်ရှိနေတကား။ ။



မောင်ထည်ဝါ
(ဖျော်ဘွယ်)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ပြောတော့တစ်မျိုး

* ဘာတွေဆိုပါလိမ့်
ပိုမြန်တဲ့ စာဖတ်သံတွေ။
* ဘယ့်နှယ်ကတာတုံး
မျောက်ရှုံးအောင် ခုန်ပေါက်နေ။
* ဘာကိုရေးတာလဲ
တွေးရခက် စိတ်ပျက်ဖွယ်။
* ဘယ်လိုတီးသနည်း
နားငြီးပူ ဆူလွန်းတယ်။
* ဘယ့်နှယ်လှုပ်ပါလိမ့်
ရင်ရှုပ်အောင် မောရတယ်။
* ဩော်.....ဘယ်လိုဖြစ်ပါလိမ့်
"စတိတ်ရှိုး" ဆို
မကြိုက်သလို၊ ဘာလိုလိုနဲ့
ပျိုပျိုအိုအို ကြိတ်ကြိတ်တိုး
ပြောတော့တစ်မျိုးပါလားကွယ်။ ။



မာန်အောင်မင်းနို



www.burmeseclassic.com

www.burmeseclassic.com



# ခရီးကြမ်းမှာ

❉ လမ်းရယ်မပြေ
ကောက်ကွေ့တွေများပါဘိ
ဆူးအတိနှင့် ခရီးရှည်။

❉ ခွေလို့သာ ယိုင်လဲချင်မိ
မရှုင်နိုင်ပေ။

❉ အေးကွက်လေ မတွေ့သေး
ဝေးလျက်နေ ရိပ်ဆာယာသို့
ရောက်ဖို့ရာ အံကိုခဲ
ဖြတ်ကျော်ဆဲ ခက်ခဲတွေ
များလှပေ တသီတန်း။

❉ သည်လမ်း သည်အခြေမှာဖြင့်
ရှုံးပေးကာ နောက်ပြန်တော့ပါဘု
မာန်မလျှော့ ရင်ကော့လို့ရယ်
တိုးလိုက်မယ် ခြေတစ်လှမ်း
ကြမ်းတဲ့ သည်လမ်း။ ။



**စိုးကိုကို** (လေးမျက်နှာ)



www.burmeseclassic.com


www.burmeseclassic.com



# ကြက်ပွဲ

❋ တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့သမျှ
ဒီမျက်နှာတွေ အိုးမဲအသုတ်ခံရမှ
ပြလိုက်တဲ့ သတ္တိတွေ
အသက်တွေ ဆုံးတဲ့အထိပဲ။
အောင်နိုင်သူတွေ ရွှေရောင်လွှမ်းလို့
ဒီမြေဒီရေမှာ ဗိုလ်လုပ်ပြန်တယ်။

❋ မသေရုံကျန်တဲ့အကောင်တော့
ကိုချစ်တီး ထမင်းဆိုင်မှာ
ဟာလာအလုပ်ခံရတယ်။



❋ တချို့ကတော့.....
သေတာတောင် လှလှပပလေး ချိတ်ဆွဲပြီး
ကိုတရုတ်ခေါက်ဆွဲဆိုင်မှာ
အပိုင်းပိုင်း အခုတ်ခံရတယ်။

❋ ဒီလိုနဲ့ ကျုပ်တို့ဘဝတွေလည်း
နေဝင်မိုးချုပ်ရင်း
အိုးမဲအသုတ်ခံရမယ့် နေ့ရက်တွေကို စောင့်မျှော်လျက်ပေါ့။ ။

**မောဝ်နေခြည်** (မုဆယ်)




www.burmeseclassic.com

www.burmeseclassic.com



# ကြေးမုံ

❀ တိုက်ခန်းတွေအထပ်များစွာ
ထည်ဝါခံ့ညား
မြင့်မားခြင်းနဲ့အတူ
ငွားစွင့် ကြွားဝင့်စွာ ရပ်တည်လျက်။
❀ အမိုးသက်ငယ်
ပျက်ပြယ်တဲ့ ဝါးထရံ
ကျားကန်တဲ့တဲ
ကြယ်လမြင် နုံချာစွာ
လောကအရသာ သူခံစား
သူ့အားနဲ့သူ။
❀ သူ.....တိုက်ရဲ့အရှင်
အမြင်ဝေဝါး
ဝေးကွာတဲ့အကြည့်
တဲပေါ်ကလူကို
သေးငယ်စွာမြင်ရ။
❀ သူ.....တဲရဲ့အရှင်
အမြင်ဝေဝါး
ဝေးကွာတဲ့အကြည့်
တိုက်ပေါ်ကလူကို
သေးငယ်စွာပဲ မြင်ရရှာတယ်။ ။



ရိုဝင္ကလာ (SKY NET)




www.burmeseclassic.com

www.burmeseclassic.com

# မှခင်း Point အမြင်

## သိရုံနှင့်...မရနိုင်

* သဘောတရားသိရင်
သဘောထားကြီးရသတဲ့။
* သူ့ရဲ့အတ္တ ငါသိနေလည်း
သဘောထားကြီးပေးရမလား။
* သူ့ရဲ့လောဘ ငါသိနေလည်း
သဘောထားကြီးပေးရမလား။
* သူ့ရဲ့မောဟ ငါသိနေလည်း
သဘောထားကြီးပေးရမလား။
* သဘောတရားသိရုံနဲ့
သဘောထားကြီးဖို့
ဘယ်သူတတ်နိုင်သလဲ။
* လောဘ၊ ဒေါသ၊ မောဟထဲ
ငါကြီးပြင်းခဲ့ရ
သဘောတရားတိုင်း ငါသိပါတယ်
သိတိုင်းကော.....
ငါ သဘောထားကြီးနိုင်မလား။ ။



ရှင်လွန်းမယ်



www.burmeseclassic.com

www.burmeseclassic.com




# ဩန်ဖိုး

❊ ပဒုမ္မာကြာ စမ်းရေပြာတွင်
ငုံလာဖူးပွင့် ကြွားကြွားဝင့်
စုံဖြာထူးတင့် ရွှေကြာပွင့်
ရေနှင့်ပန်းသင့်လေ၏။

❊ ဖြူနီပြာဝါ ရောင်စုံဖြာသည့်
ဝေဆာလန်းဆန်း ပွင့်သောပန်းသည်
ပင်နှန်းထက်တွင် အလှဝင်၍
အလှတွင် အယဉ်ဆင့် ငွားငွားစွင့်
နေနှင့်ပန်းတင့်လေ၏။

❊ စမ်းရေထက်မှာ ပဒုမ္မာနှင့်
ပင်မှာပွင့်လန်း ရောင်စုံပန်းသည်
ခမ်းနားထည်ဝါ အလှဖြာ၍
ရင်လျှာထိတိုင် စွဲမက်လှိုင်လည်း
အူတိုင်ပိုးကြိုက် ကိုက်ဖြတ်လိုက်သော်
မင်းကြိုက်စိုးကြိုက် မည်မျှထိုက်ပစေ
ကြေးထိုက်တန်ဖိုးနည်းသတည်း။ ။



မြေလတ်ထင်ကျော်မိုး



www.burmeseclassic.com

www.burmeseclassic.com




# စိတ်

❊ ဝန်းကျင်.....
လွင်ပြင်လို ကျယ်ပြန့်သန့်ရှင်းပေမယ့်
ရင်ခွင်မှာ မလင်းနိုင်အား
ပြစ်မှုများ ကျူးလွန်ထားသူ။

❊ ဘယ်သွားသွား ဘာလုပ်လုပ်
ခဏတစ်ဖြုတ်မှ စိတ်မအေး
အဝေးတဲ့ သောကအတိတ်
အရိပ်လို တိတ်တဆိတ်။

❊ ဝန်းကျင်.....
မြင့်မားတဲ့ အုတ်ရိုးလေးဘက်
အဘက်ဘက်က ကာဆီးထားလည်း
သက်ဝင်လှုပ်ရှား ဘဝများ
ချည်နှောင်ထားလည်း လွတ်လပ်နေတယ်
ကျဉ်းမြောင်းသွားလည်း ကျယ်ပြန့်နေတယ်
ချွေးစက်များနဲ့ ပေးဆပ်နေတယ်။ ။



**မြတ်နိုးဆု** (တာမွေ)



www.burmeseclassic.com

www.burmeseclassic.com



မစိုးကြီး

# ညောင်ချောင်းသာမှာ အန္တရာယ်ကင်းဖို့ဆိုရင်

"အမေရေ.....အမေ ညောင်တုန်းမှာ ချောင်းသာဖြစ်လို့ဆို"

"အေး.....ဟုတ်တယ် သမီးရေ၊ လာလိုက်ကြတာ ရန်ကုန်မြို့က လူတွေ၊ ကားတွေ အများကြီးပဲ၊ လမ်းပေါ်မှာ လူသွားစရာတောင် နေရာမရှိဘူး၊ စနေ တနင်္ဂနွေ ဌာနဆိုင်ရာ ရုံးပိတ်ရက်ဆို ပိုလာကြတယ်"

ကျွန်မတို့ ရန်ကုန်မြို့ကလူတွေဟာ တစ်နေ့တစ်နေ့ အလုပ်တွေများလွန်းလို့ မနက်မိုးလင်း အိပ်ရာထ၊ အရေးဝတ်ပြုပြီး ရုံးသွားတဲ့လူကသွား၊ ဈေးရောင်းတဲ့လူက ဈေးရောင်းနဲ့ စုံလို့ပေါ့။ ဒါကြောင့်လည်း ကျွန်မတို့ညောင်တုန်းမြို့ကိုလာရောက်ပြီး အနားယူ၊ အပန်းဖြေကြတယ်။ နေ့ချင်းပြန်ခရီးမို့ ဈေးနှုန်းကုန်ကျစရိတ်သက်သာတော့ လာကြတာပေါ့။

ကျွန်မဟာ ညောင်တုန်းမှာမွေးဖွားတဲ့ ညောင်တုန်းသူပေါ့။ ရန်ကုန်မှာ အခြေချနေထိုင်ပေမယ့် ညောင်တုန်း အကြောင်းကို အမြဲတမ်း နားစွင့်နေတယ်။ ဘာဖြစ်လို့ လဲဆိုတော့ ကျွန်မရဲ့ကျေးဇူးရှင် အမေနဲ့ အစ်ကို၊ ညီမလေးမိသားစု၊ မောင်လေးမိသားစု၊ ဦးလေးနဲ့အဒေါ်တို့ မိသားစုတွေက ညောင်တုန်းမြို့မှာ ရှိနေကြတဲ့အတွက်ပေါ့။

ကျွန်မကတော့ ကျွန်မရဲ့ မွေးရပ်ဇာတိဖြစ်တဲ့ ညောင်တုန်းမြို့ကို အရမ်းတန်ဖိုးထားတဲ့အတွက် ကျွန်မရောင်းတဲ့ မုန့်ဟင်းခါးဆိုင်၊ ထမင်းဆိုင်ကိုလည်း ရန်ကုန်မြို့မှ ညောင်တုန်းမုန့်ဟင်းခါးဆိုင်လို့ နာမည်ပေးထားတယ်။

ကျွန်မတို့ ညောင်တုန်းမြို့ဟာဆိုရင် မြို့ကကျဉ်း



www.burmeseclassic.com

www.burmeseclassic.com

ပေမယ့် ဘုန်းကြီးကျောင်း ၄၀ ကျော်ရှိတယ်။ သီတင်းကျွတ်မီးထွန်းပွဲ၊ တန်ဆောင်မုန်းလပြည့်နဲ့ လပြည့်ကျော် ၁ ရက်နေ့ညဆိုရင် ရပ်ကွက်တွေ အပြိုင်အဆိုင် နှစ်ကျိပ်ရှစ်ဆူဘုရားတွေလှည့်တယ်။ အကမျိုးစုံနဲ့ ပွဲလမ်းသဘင်မျိုးစုံမို့ အလွန်စည်ကားတဲ့ တန်ဆောင်တိုင်ပွဲတော်လပဲပေါ့။

နတ်တော်လနဲ့ ပြာသိုလဆိုရင် အသံမစဲ ပဌာန်းပွဲတွေ ရွတ်ဖတ်ပြီး တရားပွဲတွေ ကျင်းပကြပါတယ်။

ဈေးကျောင်းဆရာတော်၊ ရန်ကုန်ကျောင်းဆရာတော်၊ ရွှေဟင်္သာတောရကျောင်းဆရာတော်၊ ရေနံချောင်းဆရာတော်၊ ပုပ္ပားကျောင်းဆရာတော်၊ ဝေဠုဝန်ကျောင်းဆရာတော်၊ မန္တလေးကျောင်းဆရာတော်၊ မြို့အစွန်မှ ငါးမျက်နှာကျောင်းဆရာတော်၊ ကျိုက်လတ်ကျောင်းဆရာတော်၊ ဗောဓိရွှေကျင်ကျောင်းဆရာတော် အစရှိတဲ့ တရားဟောကောင်းတဲ့ ဆရာတော်ဘုရားကြီးတွေက အလှည့်ကျဟောကြတယ်။

**အဘွားကပြောတုန်းက**
**ကျွန်မအသက်က**
**ခုနစ်နှစ်အရွယ်ပဲရှိသေးတယ်။**
**အဘွားပြောတုန်းက**
**ဘာကိုရည်ရွယ်ပြီးပြောမှန်း မသိခဲ့ဘူးပေါ့။**
**အခု ကျွန်မ**
**အသက် ၄၀ ကျော်အရွယ် ကျမှ**
**တဘောင်ပညာရှင်တွေပြောတာ....**

ရန်ကုန်မြို့က ဆရာတော်ကြီးတွေလည်း လာရောက်ပြီး တရားပေးကြပါတယ်။ သာသနာထွန်းလင်းတဲ့ ကျွန်မတို့ရဲ့ မြို့ရှေးညောင်တုန်းပါ။

ကျွန်မဟာ ငယ်စဉ် အသက် ၃/၄ နှစ်သမီးမှာ အဘရဲ့အမေ အသက် ၈၀ ကျော်ရှိတဲ့ အဘွားနဲ့အမြဲနေပါတယ်။ အဘွားက မြစ်ဖြစ်တဲ့ ကျွန်မကိုချစ်တော့ လာ.....ငါ့မြေးလို့ခေါ်ပြီး ဟိုးရှေးရှေးကအကြောင်းတွေကို ပြောပြပါတယ်။ ကျွန်မရဲ့အကျင့်က ငယ်ငယ်တုန်းကဆို သူများတွေ ဆော့ကစားတဲ့အရွယ် ကျွန်မက မကစားတတ်ဘူး။ အသက်ကြီးတဲ့အဘွားက စကားပြောရင် အမြဲတမ်းမှတ်သားလေ့ရှိတယ်။ အကျင့်ကောင်းပေါ့။ ကျွန်မငယ်စဉ်မှာ အဘွားက တဖွဖွပြောခဲ့တယ်။

အဘွားက "ငါ့မြေးလေး၊ အဘွားတို့ညောင်တုန်းမြို့ကရာဇဝင်ရှိတယ်"လို့ပြောပြီး ရှေးမင်းတွေအကြောင်းပြောတယ်၊ တဘောင်တွေလည်း ရွတ်ပြခဲ့တယ်။

ညောင်တုန်းပြို မအူပွင့်မယ်၊ မအူပွင့်ပြီး ကျီးသာမယ်၊ ဤသုံးမျိုး မှတ်ထားတဲ့။ အဘွားကပြောတုန်းက ကျွန်မအသက်က ခုနစ်နှစ်အရွယ်ပဲရှိသေးတယ်။ အဘွားပြောတုန်းက ဘာကိုရည်ရွယ်ပြီးပြောမှန်း မသိခဲ့ဘူးပေါ့။ အခု ကျွန်မ အသက် ၄၀ ကျော်အရွယ် ကျမှ တဘောင်ပညာရှင်တွေပြောတာ မှန်လိုက်တာလို့ ချီးကျူးခဲ့မိတယ်။ တဘောင်ဆရာတွေကို ဒီစာတိုလေးရေးပြီး ဂါရဝပြုလျက် ရှိခိုးလိုက်ပါတယ်။

ကျွန်မဟာ ညောင်တုန်းမြို့မှာ မွေးဖွားလာခဲ့တဲ့အတွက် ဒီစာရေးပြီး ကျေးဇူးဆပ်သောအားဖြင့် ကျွန်မတို့ ညောင်တုန်းမြို့မှာရှိတဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနဲ့တကွ မြို့မိမြို့ဖများအားလုံးကို ဤမျှသော စာပေဒါနပြုမှုနဲ့ ဂါရဝပြုလိုက်ပါတယ်။

ဒီတဘောင်စာလေးအကြောင်း ရှေးလူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တာကို ရှင်းပြပါ့မယ်။ မအူပွင့်မယ်ဆိုတဲ့အတိုင်း မအူပင်မြို့မှာ တက္ကသိုလ်ကြီးဆောက်လို့ ပညာရေးတွေ မြင့်မားလာပါတယ်။ အလွန်စည်ကားလှတဲ့ မအူပင်မြို့ပါရှင်။ ကျီးသာမယ်ဆိုတာ ကျွန်မတို့ သောင်တန်းဆိုတဲ့ ရွာကလေးပေါ့။ ကြိမ်ပင်ဆယ် ကျီးကန်းသိုက်ဆိုတဲ့ ရွာကလေးဟာ အင်မတန်မှခေါင်လွန်းလို့ လှေနဲ့တစ်ဖက်ကမ်းကို ကူးရပါတယ်။ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေကလွဲပြီး ဘာဈေးသည်မှမရှိတဲ့ ကျီးကန်းသိုက်ဆိုတဲ့ ရွာကလေးမှာ တစ်သက်လုံးတောင် မမျှော်လင့်ခဲ့တဲ့ ဗိုလ်မြတ်ထွန်းတံတားကြီး တည်ဆောက်လာပါတယ်။ အရောင်းအဝယ်တွေ မြို့နဲ့မခြား စည်ကားလာခဲ့တယ်။ ပုသိမ်၊ အိမ်မဲ၊ ကျောင်းကုန်း၊ ပန်းတနော်၊ ဓနုဖြူ၊ ဇလွန်၊ ဟင်္သာတတို့ကိုသွားတဲ့ အဝေးပြေးကားတွေ ရပ်နားတယ်။ ရောင်းဝယ်ဖောက်ကားမှု စည်ကားလှပါတယ်။ ကျီးသာမယ်ဆိုတာ အဲဒါပါပဲရှင်။

ညောင်တွေတုန်းမယ်ဆိုတာ ကျွန်မတို့ညောင်တုန်းမြို့မှာ အရင်ကလို ရေဝတီသင်္ဘောတွေ မဝင်နိုင်တော့ဘူး။ ရေလမ်းခရီးမရှိတော့ဘူး။ ကမ်းတွေပြိုလို့ သောင်တွေဖုံးပြီး ကားလမ်းခရီးနဲ့ပဲ သွားလာရပါတယ်။ အဲဒါ ကျွန်မတို့ညောင်တုန်း သောင်ဖုံးပါတယ်ဆိုတဲ့ အတိတ်နိမိတ်ပဲပေါ့ရှင်။ ညောင်တွေတုန်းမယ်ဆိုတာ အဲဒါပါပဲရှင်။

ရှေးမင်းများလက်ထက် တဘောင်စကားတွေပေါ့ရှင်။ အခုတော့ ကျွန်မတို့ ညောင်တုန်းမြို့မှာ သောင်တွေဖုံးပြီး ညောင်ချောင်းသာပေါ်လို့ ရန်ကုန်မြို့မှအစ အနယ်နယ်အရပ်ရပ်က အပန်းဖြေသူတွေ ရောက်လာနေကြပါပြီ။ ညောင်တုန်းမြို့ဟာ တစ်လှည့်ပြန်စည်ကားလာပါတယ်ရှင်။

ရန်ကုန်မြို့နဲ့ အနီးဆုံးခရီးမို့ ကားနဲ့ဆိုရင် တစ်နာရီလောက်မောင်းရင် ရောက်ပါတယ်။ ကျွန်မတို့ ညောင်ချောင်းသာမှာ အပန်းဖြေဖို့လာခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်ရှင်။ လှိုင်သာယာမြို့၊ ဒဂုံဈေးအဝေးပြေးကားစီးရင် ငွေကျပ် ၅၀၀ ပဲ ပေးရပါတယ်။ ပန်တိုင်၊ မဲဇလီ၊ ဆားမလောက်မြို့တွေကို ဖြတ်ကျော်ပြီးရင် ညောင်တုန်းမြို့မှ ကြိုဆိုပါ၏ဆိုတဲ့ မြို့အဝင်ဆိုင်းဘုတ်က ကြိုဆိုနေမှာပါ။ တန်ခိုးကြီးဘုရားဖြစ်တဲ့ မိုးဟုတ်ဘုရားကြီးကိုလည်း ဖူးမြော်နိုင်ပါတယ်။ အဲဒီကနေ ရှေ့နားရောက်ရင် ဥသျှစ်လှမယ်တော် တည်ထားကိုးကွယ်ခဲ့တဲ့ ဥသျှစ်လှဘုရားကိုလည်း ဖူးမြော်နိုင်ပါတယ်။ မင်းသားကြီး ဦးစိန်ကတုံး တည်ထားကိုးကွယ်ခဲ့တဲ့ စိန်ကတုံးဘုရားကြီး ခေါ် နိုင်ငံရေးဘုရားကြီးကိုလည်း ဖူးမြော်နိုင်ပါတယ်။ ၂၃ လမ်းမှာဆိုရင် အတုလမာရဇိန်သွန်းဘုရားကြီးကို ဖူးနိုင်ပါတယ်။ အန္တရာယ်ကင်းဖို့ရာ ဘုရားစုံဖူးပြီး ညောင်

မအူပွင့်မယ်ဆိုတဲ့အတိုင်း
မအူပင်မြို့မှာ တက္ကသိုလ်ကြီးဆောက်လို့
ပညာရေးတွေ မြင့်မားလာပါတယ်။
အလွန်စည်ကားလှတဲ့ မအူပင်မြို့ပါရှင်။
ကျီးသာမယ်ဆိုတာ
ကျွန်မတို့ သောင်တန်းဆိုတဲ့
ရွာကလေးပေါ့။
ကြိမ်ပင်ဆယ် ကျီးကန်းသိုက်ဆိုတဲ့
ရွာကလေးဟာ......

www.burmeseclassic.com



ချောင်းသာကိုဝင်ပြီး ရေကစားကြပါရှင်။

ကျွန်မတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဟာ ကလေးဘဝကစပြီး ဘုရားကိုမြင်ရင် ဦးချလို့ တရားစာတွေ ရွတ်ဆိုလေ့ရှိပါတယ်။ သံဃာတော်တွေဆိုရင် ရှိခိုးဦးတော်တင်ပေါ့ရှင်။ ကျွန်မတို့ ညောင်ချောင်းသာကို လာဖြစ်ခဲ့ရင် ကျွန်မပြောသလိုမျိုး တန်ခိုးကြီးဘုရားတွေဖူးပြီးမှ မိသားစု စုံလင်စွာနဲ့ ဈေးနှုန်းချိုသာ၊ လူသက်သာစွာဖြင့် ရွက်ဖျင်တဲငှားပြီး တစ်နေကုန် ရေကစားကြပါရှင်။

ရေကစားကြရင်လည်း အန္တရာယ်ရှိတဲ့နေရာကို ဘောတိုင်စိုက်ပြီး ပြသထားပါတယ်။ အဲဒီနေရာမကျော်ခဲ့ရင် ဘာအန္တရာယ်မှမရှိပါဘူး။ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားများပါမကျန် စောင့်ရှောက်ပေးနေကြပါတယ်။ ကြိုတင်သတိပေးပါတယ်။ သတိပေးဆိုင်းဘုတ်တွေလည်း စိုက်ထူထားပါတယ်။ အဲဒီလို အန္တရာယ်ရှိတဲ့နေရာကို မကျော်ရင် ဘာအသက်အန္တရာယ်မှမရှိပါဘူးရှင်။

မနှစ်ကဆိုရင် ကားရပ်နားဖို့ နေရာတောင်

ကျွန်မတို့ဗုဒ္ဓဘာသာ
မြန်မာလူမျိုးများဟာ
ကလေးဘဝကစပြီး
ဘုရားကိုမြင်ရင်ဦးချလို့တရားစာတွေ
ရွတ်ဆိုလေ့ရှိပါတယ်။
သံဃာတော်တွေဆိုရင်
ရှိခိုးဦးတော်တင်ပေါ့ရှင်။
ကျွန်မတို့ညောင်ချောင်းသာကို.....

ရေကစားကြရင်လည်း
အန္တရာယ်ရှိတဲ့နေရာကို
ဘောတိုင်စိုက်ပြီး
ပြသထားပါတယ်။
အဲဒီနေရာမကျော်ခဲ့ရင်
ဘာအန္တရာယ်မှမရှိပါဘူး။
မီးသတ်တပ်ဖွဲ့ရဲတပ်ဖွဲ့....

မရှိဘူး။ ဒီနှစ်ထဲမှာ ရန်ကုန်မြို့ကလာတဲ့ ဧည့်သည်တွေရဲ့ကားတွေ ရပ်နားဖို့ နဂါးနီဆီစက်ဟောင်းနေရာမှာ ယာဉ်ရပ်နားဖို့နေရာတွေ လုပ်ပေးထားပြီးပါပြီ။ ဆောက်လုပ်ပေးထားတဲ့ သစ်သားတံတားနဲ့ သွားမယ်ဆိုရင် ငွေကျပ် ၁၀၀ ပေးရင် ညောင်ချောင်းသာကမ်းခြေကို တိုက်ရိုက်ရောက်ပါတယ်။ ရန်ကုန်သားများ အိမ်အပြန်လက်ဆောင်ဝယ်ဖို့ ကျွန်မတို့ ဒေသထွက်ကုန် ငှက်ပျောကြော် ဝယ်မလား၊ ပုစွန်ကြော်ဝယ်မလား၊ ငါးကြော်စားမလား အားလုံးရနိုင်ပါတယ်။ ကျွန်မတို့ညောင်တုန်းမြို့ကို ဘုရားဖူးပြီး ရေကစားဖို့ လာခဲ့ကြပါလို့ ဖိတ်ခေါ်ပါရစေရှင်။

ကျွန်မက ညောင်တုန်းသူမို့ ညောင်တုန်းမြို့ကို ကျေးဇူးဆပ်သောအားဖြင့် ဒီစာလေးနဲ့ ဖိတ်ခေါ်မှုပြုကာ မြို့ရဲ့ဂုဏ်ကို ဂါရဝပြုလိုက်ပါတယ်။

မစိုးကြီး (ညောင်တုန်း)



www.burmeseclassic.com



# ရဲလေး (တီးဆယ်မ)

# သတင်း ပုံရိပ်

“ပန်းသတင်း လေညှင်းဆောင်၊ လူသတင်း လူချင်းဆောင်”ဟု ဆိုရိုးစကားရှိ၏။ ပန်းသတင်းကို များ ပိတုန်း၊ လိပ်ပြာတို့က အသိဆုံးဖြစ်မည်ထင်သည်။ လူသတင်းကိုကား.....

သတင်းဟူသည် လူတိုင်းလူတိုင်း မွေးဖွားသည်မှ သေဆုံးသည်အထိ နေ့စဉ် ရှောင်လွှဲမရနိုင်သော အခြင်းအရာတစ်ခုပင်ဖြစ်၏။

မွေးဖွားသည်နှင့် “အူဝဲ”ဟူသောအသံဖြင့် လူ့အသကို စတင်ရောက်ရှိကြောင်း ကြေညာခဲ့သည်။ “ယောကျ်ားလေးဟေ့”၊ “မိန်းကလေးဟေ့”ဟူသော အသံမှစ၍ ပတ်ဝန်းကျင်၏ တုံ့ပြန်မှုသတင်းကိုလည်း သည်လက်ခံရရှိခဲ့၏။ ဤသို့ဖြင့် နားလည်သည် ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ ကိုယ်အမူအရာ၊ နှုတ် အမူအရာဖြင့် ကူးလူးဆက်ဆံ၍ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် လှုပ်ရှားရုန်းကန်ရင်း သတင်းအချက်အလက်များ မျှဝေကြီးပြင်းခဲ့ကြရသည်။

ထိုသို့ တစ်ဦးနှင့်တစ်ဦး အသံဖြင့်လည်းကောင်း၊ ကိုယ်အမူအရာ ဟန်ပန်ဖြင့်လည်းကောင်း ဆက်သွယ်၍ သိရှိအောင် ပြုမူခြင်းကို “သတင်း”ဟု မည်သည့်ခေတ်၊ မည်သည့်ယဉ်ကျေးမှုတွင် စတင်ခဲ့သည်မသိ။ အတိတ်ကာလများတွင် ခေတ်ပေါင်းများစွာ၊ ယဉ်ကျေးမှုပေါင်းများစွာကား ဖြတ်ကျော်ကုန်ဆုံးခဲ့ပြီးဖြစ်လေပြီ။ အရှိန်အဟုန်ဖြင့် ပြေးလွှားနေသော နည်းပညာခေတ်ကြီး၏နောက်သို့ အလျှင်မီအောင် လိုက်နေရသူများအဖို့ အတိတ်မြို့ဟောင်းကြီးများကို တူးဖော်ရန်လည်း လွယ်မည်မထင်။

www.burmeseclassic.com



သို့သော်လည်း "သတင်း"နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်များက ရှုထောင့်ပေါင်းစုံမှ ရှိနေပြီးဖြစ်၏။ သတင်းဟူသည်မှာ အချိန်နှင့်တစ်ပြေးညီ ဖြစ်ပေါ်နေသော အကြောင်းအရာမျိုးစုံကို အချိန်မဆိုင်းဘဲ အများပြည်သူသို့ သိရှိစေခြင်းသည် သတင်းဟုဆိုသည်။ ထို့ပြင် သတင်းဟူသည်မှာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ အရပ်မျက်နှာပေါင်းစုံမှ ရရှိသော အကြောင်းအရာ၊ အချက်အလက်မှန်သမျှသည် သတင်းဟုလည်း ဆိုပြန်၏။ ထို့ကြောင့် NEWS ဟူသော အင်္ဂလိပ်ဝေါဟာရတွင် North,East,West, South ဟူသော အရပ်မျက်နှာလေးခု၏ အတိုကောက်စာလုံးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်လေသည်။

မည်သို့ပင်ဆိုစေ "သတင်း"ဟူသောအရာကား ထိတွေ့ကိုင်တွယ်၍ရသော ရုပ်ဝတ္ထုအစိုင်အခဲတစ်ခု မဟုတ်။ အကောင်အထည်ရှိသော Hard Ware မဟုတ်။ အလွန်ပင် နူးညံ့သိမ်မွေ့၍ နက်နဲသော Soft Ware ပင်ဖြစ်၏။ သတင်းဖြင့် အကျိုးကျေးဇူးများစွာ ဖြစ်နိုင်သည်။ သတင်းဖြင့် အကျိုးများစွာ ဆုတ်ယုတ်နိုင်၏။ "သတင်း"သည် ဖန်တီးရှင်၊ ဖန်ဆင်းရှင်သဖွယ်ဖြစ်တော့သည်။

ကာလရှည်ကြာစွာစီးဆင်းလာခဲ့သော
သတင်းမြစ်များအတွင်းမှ
ကောင်းသောအသီးအပွင့်များကိုလည်း
ခံစားကြရသည်။
လူသားတို့ခေတ်အဆက်ဆက်
လက်ဆင့်ကမ်းလာသောဗဟုသုတနှင့်
နည်းပညာများ၊ အတွေးအခေါ်များ၊
ယဉ်ကျေးမှုများနေရာဒေသအလိုက်....

"သတင်း"ဟူသော မြစ်မကြီးမှ "ကောင်းသတင်း"၊ "မကောင်းသတင်း"၊ "မှန်ကန်သောသတင်း"၊ "မမှန်ကန်သောသတင်း"၊ "အကျိုးကျေးဇူးရှိသောသတင်း"၊ "အကျိုးကျေးဇူးမရှိသောသတင်း"၊ "ကောလာဟလသတင်း"စသည်ဖြင့် မြစ်လက်တက်အသွယ်သွယ်သည် အသီးသီးစီးဖြာလျက်ရှိသည်။ ထိုမြစ်များအတွင်း၌ "နိုင်ငံရေးသတင်း"၊ "စီးပွားရေးသတင်း"၊ "လူမှုရေးသတင်း"၊ "ကျန်းမာရေးသတင်း"၊ "ပညာရေးသတင်း"၊ "မှုခင်းသတင်း" စသည့်စသည့် ရေပူ၊ ရေအေးစီးကြောင်းများကား မရေမတွက်နိုင် စီးဆင်းလျက်ရှိနေပြန်သည်။

ထိုသို့ ကာလရှည်ကြာစွာ စီးဆင်းလာခဲ့သော သတင်းမြစ်များအတွင်းမှ ကောင်းသောအသီးအပွင့်များကိုလည်း ခံစားကြရသည်။ လူသားတို့ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းလာသော ဗဟုသုတနှင့် နည်းပညာများ၊ အတွေးအခေါ်များ၊ ယဉ်ကျေးမှုများ နေရာဒေသအလိုက် တိုးတက်လာကြသည်။

ထို့ပြင် ဆိုးကျိုးများကိုလည်း ခံစားကြရသည်။ ဥပမာအားဖြင့် မာယာလူမျိုးတို့၏ ပြက္ခဒိန်သည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၂၁ တွင် ကုန်ဆုံးကြောင်း သတင်းအချက်အလက် ထားရှိခဲ့သဖြင့် ကမ္ဘာပျက်မည်ဟု ကြိုတင်ဟောကိန်းထုတ်ကာ ထိတ်လန့်ခဲ့ကြ၏။ ကမ္ဘာစစ်များအတွင်း ဆိုက်ဝါးသတင်းများသုံး၍ တစ်ဖက်ရန်သူကို စိတ်ချောက်ချားစေကြသည်။ ဝါဒဖြန့်ခြင်းကို မဟာဗျူဟာကျကျ အသုံးချကြ၏။ ဤသို့ဖြင့် သတင်း၏ ကောင်းမွေ၊ ဆိုးမွေများသည် မွေခံထိုက်သူများ၏ လက်များ၌ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရုဏ်ဦးမှာလည်း စီးဆင်းနေဆဲ။
နေခြည်နွေး နွေးမှာလည်း စီးဆင်းနေမြဲ။
နေခြည်ရင့်ရင့်မှာလည်း
မရပ်မနား။
နေဝင်ချိန်၊ နေညိုချိန်မှာလည်း
ဆက်သွားနေဆဲ။
ဒီလို မရပ်မနားဖြတ်သွားနေတဲ့ ......

အချို့သတင်းများကား အဖိုးများစွာထိုက်သော ကျောက်မျက်ရတနာကဲ့သို့ တန်ဖိုးရှိပြီး ကာလရှည်ကြာ အသုံးခံ၏။ လူတို့ လေ့လာကျင့်ကြံ လိုက်နာရမည့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောကောင်းကျိုးကို ပေးဝေသည်။ အချို့သတင်းများကား ရာသီပေါ် ကုန်စိမ်းသီးနှံကဲ့သို့ အချိန်နှင့်ရာသီအလိုက်သာ အသုံးဝင်၏။ ကြာလျှင် ပုပ်သိုးပျက်ပြယ်သွားရ၏။ အချိန်နောက်ကျမှ ရရှိသော ရန်သူ့သတင်းကြောင့် ကမ္ဘာကျော်စစ်သူကြီးများပင် ကျရှုံးသွားကြရသည်။ အချိန်ကြာရှည်ခဲ့သည်ဖြစ်စေ၊ တိုတောင်းသည်ဖြစ်စေ "သတင်းသစ်သီး"များ၏ အရသာကား စုံလင်စွာဖြင့် ဝင်ကိုကပင် ရှိနှင့်ပြီးဖြစ်ကြလေသည်။

မြစ်၏သဘောသည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်း၏။ ကောက်ကွေ့၏၊ ပရိယာယ်အသွယ်သွယ်လည်း ရှိသည်။ ထို့အတူ သတင်းမြစ်များသည်လည်း နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မြင့်ရာမှ နိမ့်ရာသို့ အရှိန်အဟုန်ကောင်းကောင်းဖြင့် စီးဆင်းလာကြသည်။ "Globalization"ဟုခေါ်သော ယခုကမ္ဘာ့ကျေးရွာကြီးခေတ်တွင် ကမ္ဘာ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်ကို စက္ကန့်မခြား သတင်းအချက်အလက်များ ပေးပို့နေကြသည်။ သတင်းအချက်အလက်၊ နည်းပညာ၊ ယဉ်ကျေးမှုနယ်ပယ် စသည့်ရှုထောင့်ပေါင်းစုံ၊ ဘက်ပေါင်းစုံမှ ကူးလူးဆက်နွယ်လာသည်။ ပေါင်းစပ်လာသည်။ တိုးတက်မှု၊ ဆုတ်ယုတ်မှုများရှိလာသည်။ ၎င်းတို့နှင့်အတူ မြစ်၏ကောက်ကွေ့မှု၊ လျှို့ဝှက်မှု၊ ပရိယာယ်အသွယ်သွယ်တို့သည်လည်း ရှိနေပေဦးမည်၊ ရှိလာလိမ့်ဦးမည်ဖြစ်သည်။

ပြေပြစ်သော မြေပြင်၌ မြစ်သည် အေးဆေးငြိမ့်ညောင်းစွာ စီးဆင်းသကဲ့သို့ မြေပြင်အနိမ့်အမြင့်ကို လိုက်၍ ရေစီးသန်သည်များ၊ ဝဲဂယက်များ၊ ကမ်းပါးပြိုမှုများလည်း တွေ့ကြုံရပေတော့မည်။ သတင်းမြစ်ကြောင်းတစ်လျှောက် မိမိနေထိုင်ရာ ပထဝီအနေအထားအလိုက် သဟဇာတဖြစ်အောင် ပြုပြင်ထိန်းသိမ်းကြရတော့မည်။ ရေစီးတစ်ခါ၊ ရေသာတစ်လှည့်၊ ရေကြည်တစ်ခါ၊ ရေနောက်တစ်လှည့်ဖြင့် သတင်းမြစ်ကြီးကား စီးဆင်းလျက်။ ထိန်းသိမ်းပါဟုလည်း မတောင်းဆို။ ကူညီပါဟုလည်း ဦးမညွတ်။ မြစ်ကြောင်းတစ်လျှောက် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဖြန့်ဝေလျက်။ ခံယူတတ်ပုံနှင့် ခံယူသူချင်း အကျိုးပေးချင်းတော့ တူချင်မှတူပေမည်။ ဗဟုသုတလား၊ အပျင်းပြေ၊ အာသာပြေလား ကွဲပြားမှုပင်။

အရုဏ်ဦးမှာလည်း စီးဆင်းနေဆဲ။ နေခြည်နွေးနွေးမှာလည်း စီးဆင်းနေမြဲ။ နေခြည်ရင့်ရင့်မှာလည်း မရပ်မနား။ နေဝင်ချိန်၊ နေညိုချိန်မှာလည်း ဆက်သွားနေဆဲ။ ဒီလို မရပ်မနားဖြတ်သွားနေတဲ့ မြစ်အတွင်းက အနှစ်သတင်းတွေကို ခပ်ယူသူကခပ်ယူ၊ သောက်သုံးသူက သောက်သုံး အမျိုးမျိုးအဖုံဖုံ ထည်လဲအစုံ သုံးကြပေမယ့်လည်း မေတ္တာမပျက် ခရီးသွားဆက်လျက်ရှိနေသည်။

မြစ်ကြောင်းတစ်လျှောက်မှာ ရေဆန်ကို လော်

www.burmeseclassic.com

သူကလော်၊ ရေအစုန်၊ လေအစုန်ကို ရွက်လွှင့်သူက လွှင့်၊ ဝဲဂယက်မှာ ကူးသူကူး၊ နစ်သူနစ်၊ ဝမ်းစာအတွက် မုဆိုးလုပ်ကာ ရှာသူရှာ၊ တမံတုပ်ကာ ပက်သူပက်ဖြင့် ပန်းချီကားအချပ်ချပ် ရေးဆွဲလျက်။

စေတနာ၊ ဝါသနာအရ အနစ်နာခံသူများလည်း ရှိ၏။ ခံယူချက်ကွဲပြားသူများလည်း ရှိနိုင်သည်။ မည်သို့ပင်ဖြစ်စေ မြစ်ကိုအမှီပြု အသက်မွေးသူများရှိသည်ကား အမှန်ပင်ဖြစ်၏။ ထို့ကြောင့် မိမိတို့ အမှီပြုရာ၊ ဘဝရပ်တည်ရာ သတင်းမြစ်ကြီး ထာဝစဉ် အားကောင်းမောင်းသန်ဖြင့် ရှင်သန်စီးဆင်းစေရေး အားလုံးတွင် တာဝန်ကိုယ်စီရှိကြလေသည်။ ကိုယ်စီကိုယ်င တာဝန်ကျေပွန်ကြရမည်သာဖြစ်သည်။

အချိန်ရထား၏ ပြေးလွှားမှုဖြင့် ဥတုရာသီအလီလီပြောင်းလဲခဲ့ပေပြီ။ သတင်းမီဒီယာကဏ္ဍသည် နိုင်ငံတော်၏ အဓိကမဏ္ဍိုင်ကြီးများအနက် စတုတ္ထမဏ္ဍိုင်ဖြစ်၏။ နိုင်ငံအတွက်၊ ပြည်သူများအတွက် အရေးကြီးသော သော့ချက်များအနက် အဓိကအဖြစ် တည်ရှိနေသည်။ ဖြောင့်ဖြူးသောလမ်းကို ဖောက်လုပ်ပေးနိုင်သကဲ့သို့ ဆူးခင်းသော ခယောင်းလမ်းကိုလည်း ဖန်တီးနိုင်၏။ အေးချမ်းတည်ငြိမ်မှုကို ဖော်ဆောင်နိုင်သလို အခြားတစ်ဖက်ကိုလည်း ဆောင်ကြဉ်းနိုင်၏။ အံ့သြဖွယ် မဟာစွမ်းအားများကို "သတင်း"က ရယူပိုင်ဆိုင်ထားလေသည်။ အကောင်းအဆိုးကို ဖြစ်စေနိုင်သကဲ့သို့ ထိန်းချုပ်နိုင်၏။

ပခက်ကိုင်သော သားကောင်းမိခင်၏လက်သည် သားကောင်းရတနာများကိုသာ မွေးထုတ်နေပေမည်။ ဥယျာဉ်မှူး၏လက်သည်လည်း ပန်းများစွာတို့ကို ဖူးပွင့်စေလိုသောဆန္ဒသာ ရှိပေလိမ့်မည်။ အဆိပ်ပင်ရေလောင်းလိမ့်မည်မဟုတ်ပေ။ ထို့အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူတိုင်းမှာလည်း အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ကျရာနေရာမှ တာဝန်ကျေနေကြမည်သာဖြစ်သည်။ "နှုတ်တစ်ရာ စာတစ်လုံး"၊ "စာတစ်လုံး ဘုရားတစ်ဆူ"ဆိုသကဲ့သို့ စာလုံးပေါင်းများစွာဖြင့် သမိုင်းစာမျက်နှာများစွာကို ထုဆစ်လျက်ရှိကြလေသည်။

သတင်းဟူသည် နိုင်ငံ၊ လူမျိုး၊ ဘာသာ၊ အသား အရောင်မခွဲခြား၊ အသက်ကြီး၊ ငယ်၊ ဆင်းရဲ ချမ်းသာ မရွေး၊ ရာထူးဂုဏ်ရှိန် ကြီး၊ သေး၊ ပညာတတ်သည်၊ မတတ်သည် အဓိကမထား။ လူသားအားလုံးနှင့် သက်ဆိုင်ပေသည်။ သတင်းပင်လယ်ပြင်၌ လွတ်လပ်စွာ ကူးခတ်ခွင့်ရှိသည်မှာ လူသားအားလုံး၏ မွေးရာပါ လွတ်လပ်ခွင့်ပင်ဖြစ်သည်။ ကလောင်လက်နက် သတင်းဂယက်သည် ခေတ်မီလက်နက်ပေါင်းများစွာထက် သာလွန်၏။ ငြိမ်းချမ်းခြင်း၏ ဖန်တီးရှင်ဖြစ်နိုင်သလို ပူပြင်းခြင်းကိုလည်း ဆောင်ကြဉ်းနိုင်ပေသည်။

"စိတ်"သည် "ဘဝ"၏ ပုံရိပ်ဖြစ်သည်ဟု ဆရာတော်ကြီးများ မိန့်ကြားခဲ့သည်။ စိတ်ပူလျှင် ဘဝပူ၍ စိတ်အေးချမ်းလျှင် ဘဝငြိမ်းချမ်းပေမည်။ ထို့အတူ "သတင်း"သည်လည်း နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်စု အတွက်သာမက လူသားအားလုံး၏ ပုံရိပ်ပင်ဖြစ်သည်။ မိမိတို့ ရပ်တည်ကျင်လည်ရာ လူမှုပတ်ဝန်းကျင်၌ ငြိမ်းချမ်းနေစေရန်၊ ထာဝစဉ် သာယာအေးချမ်းရန်အတွက် အားလုံး၌ တာဝန်ရှိပါသည်။ ထို့ကြောင့် သတင်းသည် နိုင်ငံတော်၏ အဓိကမဏ္ဍိုင်ကြီး (၄)ခုအနက် စတုတ္ထမဏ္ဍိုင်၏ ပုံရိပ်ဖြစ်သကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၊ လူတန်းစား အလွှာပေါင်းစုံ၏ ပုံရိပ်များပင်ဖြစ်ပါကြောင်း ရိုးသားစွာ တင်ပြအပ်ပါသည်။


**ရဲလေး (ဝါခယ်မ)**



www.burmeseclassic.com

www.burmeseclassic.com





# ဂုဏ်သူကိုယ်စီ

ရွှေစေသက် (ရွှေဘို)

ဘဝမှာ လူတွေရဲ့ ဆင်ခြင်တုံတရားပညာသည် အရေးကြီးလှပါ၏။ ကိုယ်ကကျူး ကိုယ့်ဒူးတောင်မယုံ နိုင်ဆိုတဲ့စကားကလည်း မှန်ကန်လှပါ၏။ ဒါကြောင့် ကျွန်တော်ကြုံခဲ့ရသော ဖြစ်ရပ်မှန်ဇာတ်လမ်းလေးကို စာတော်ပရိသတ်အား တင်ပြချင်ပါ၏။

လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်ကဖြစ်ပါသည်။

တောင်ပေါ်မြို့လေးမှာနေသည့် အစ်မဝမ်းကွဲက အလည်ဖိတ်ပါ၏။ ဇနီးနှင့်သမီးကလည်း မရောက်ဘူး၍ သွားလည်ကြရန် ဆန္ဒပြုခဲ့၏။ သို့နှင့် မိသားစုသုံးဦး ပျော်ရွှင်စွာ ခရီးထွက်ခဲ့ပါ၏။ အစ်မအတွက် လက်ဆောင်ပစ္စည်းများဝယ်၊ မုန့်များ၊ ဒေသထွက်ပစ္စည်းများဝယ်ပြီး တောင်ပေါ်မြို့လေးသို့ ရောက်ခဲ့ပါ၏။ အစ်မက ပျော်ရွှင်စွာ ကားဂိတ်လာကြို၏။ အစ်မဖြစ်သူမှာ ကျွန်တော့်အမေ၏ အစ်မအရင်း၏သမီးဖြစ်သည်။ သူမ၏ခင်ပွန်းက ယာဉ်မောင်းဖြစ်သည်။

အိမ်ရောက်တော့ ပစ္စည်းတွေချ၊ ချက်ကြပြုတ်ကြ၊ စားကြသောက်ကြနှင့် စကားများဖောင်ဖွဲ့ခဲ့ကြသည်။ အစ်မအိမ်တွင် အစ်မ၏သား လူပျိုပေါက်နှစ်ယောက်နှင့် အစ်မခင်ပွန်း၏ ညီတစ်ယောက်လည်းရှိ၏။ မတွေ့ရတာကြာတော့ စကားများပြောမကုန်အောင် ဖြစ်နေကြသည်။ ပြီးနောက် ဘုရားများသွားဖူးကြသည်။ လွန်စွာပင် ဖော်ရွေလှသည်။ ကျွန်တော့်မိသားစုများမှာ အလွန်ပျော်ရွှင်နေကြသည်။


ကျွန်တော်တို့မိသားစုသုံးယောက်မှာ စုဆောင်းထားသော ရွှေတိုရွှေစလေးများကို အိမ်တွင်ထားခဲ့ရမည်ကို စိတ်မချသည်နှင့် အကုန်ဝတ်စားလာကြသည်။ အိမ်တွင်ထားခဲ့ရန်ကလည်း အိမ်စောင့်မရှိ၊ သို့အတွက် အားလုံးဝတ်စားလာခဲ့ပါ၏။ ကိုယ့်အမျိုးအရင်းခေါက်

www.burmeseclassic.com

ခေါက်ကြီးအိမ်ဆိုတော့လည်း စိတ်ချလက်ချထားကြသည်။ ချွတ်၍ စားပွဲပေါ်တွင်တင်ပြီး ရေချိုးကြ၊ ထမင်းစားကြနှင့် ပျော်ရွှင်နေခဲ့ကြ၏။

ရောက်ပြီးဒုတိယနေ့တွင် ဇာတ်လမ်းစပါတော့သည်။ နံနက်မိုးလင်းလင်းချင်း တောင်ပေါ်မြို့လေးနှင့် မိုင် ၂၀ ကျော်ကွာဝေးသော ရေတံခွန်လေးသို့ သွားလည်ကြမည်ဟု ဆုံးဖြတ်ခဲ့ကြ၏။ ဇနီးဖြစ်သူက "ကိုရေ မနက်စောစောထ၊ နေမပူခင် သွားကြရအောင်၊ အကုန်လုံးသွားကြမယ်"ဟုပြောပြီး ထမင်းဟင်းများ ချက်ထားကြ၏။ နံနက်မိုးလင်းတော့ ကျွန်တော်တို့မိသားစုသုံးယောက်စလုံး အိပ်ရာထတော့ ၉ နာရီခွဲနေပြီဖြစ်သည်။ ဇနီးဖြစ်သူက "ဟောတော် ၉ နာရီတောင် ခွဲနေပြီ၊ ညက ခေါ်ဆီကြော်တွေစားပြီး အိပ်ကောင်းကောင်းနဲ့အိပ်လိုက်တာ လုံးဝမနိုးတော့ဘူး" ဟုပြော၏။ ဇနီးသည်မှာ အိမ်မှာဆိုလျှင် နံနက် ၇ နာရီ ထနေကျဖြစ်သည်။ ဒီနေ့မှ အိပ်ကောင်းနေ၍ အိပ်ရာထနောက်ကျခဲ့ခြင်းပင်။

ဇာတ်လမ်းစပါတော့သည်။
နံနက်မိုးလင်းလင်းချင်း
တောင်ပေါ်မြို့လေးနှင့်
မိုင် ၂၀ ကျော်ကွာဝေးသော
ရေတံခွန်လေးသို့သွားလည်ကြမည်ဟု
ဆုံးဖြတ်ခဲ့ကြ၏။
ဇနီးဖြစ်သူက
ကိုရေ.....



သို့နှင့် ရေမိုးချိုး၊ သနပ်ခါးလိမ်းကြသည်။ အဝတ်အစားလဲပြီး အိတ်ထဲတွင် ရွှေဘူးနှင့်ထည့်ထားသောဘူးကို ဖွင့်လိုက်ရာ ဇနီးဖြစ်သူ၏ ရွှေဆွဲကြိုး နှစ်ကျပ်သားနှင့် လက်စွပ် နှစ်ကျပ်သား (အခေါက်ကွင်း) ကို မတွေ့ရတော့။

သမီး၏လက်ကောက် တစ်မတ်သားနှင့် တစ်ကျပ်သား ဟန်းချိန်းလေးသာ တွေ့ရ၏။ ညအိပ်လျှင် ချွတ်ထားလေ့ရှိသော ဇနီးသည်၏ စိန်နားကပ်လေးလည်း မတွေ့တော့။

သို့နှင့် ကျွန်တော်က အစ်မကို "အစ်မရေ လု ပါဦး၊ အစ်မညီမရဲ့ပစ္စည်းတွေ မရှိတော့ဘူး၊ ဘယ်လို ကြောင့်ပါလိမ့်"ဆိုတော့ အစ်မနှင့် အိမ်သားများအား လုံးဝိုင်းလာပြီး "ဝိုင်းရှာကြ၊ ကျသွားလား၊ ကလေး ဆော့လို့လား"နှင့် အားလုံး ပျာပျာသလဲ ဝိုင်းရှာကြ ၏။ အားလုံးမှာ မျက်နှာမကောင်းကြ။

အစ်မက "အစ်မအိမ်မှာ တစ်ခါမှပစ္စည်းမပျောက်

www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ ရာဇဝင်လည်းမရှိဘူး၊ မင်းတို့ အထားမှား သလား၊ လမ်းမှာကျခဲ့လား၊ သေသေချာချာ စဉ်းစား ကြ''ဟု ဆိုလာ၏။

ကျွန်တော်တို့မှာ ထိုအိမ်၌ အစ်မမှလွဲ၍ ဘယ် သူ့အကြောင်းမှမသိ။ တစ်ခါမှလည်း မရောက်ဖူးသော အရပ်။ အစ်မတစ်ယောက်သာ ငယ်ငယ်က ဆက်ဆံ ခဲ့ဖူး၏။ အမေလည်း သူ့တူမထံ သွားလည်ဖူး၏။


သို့နှင့် ''အစ်မ ဘယ်လိုလုပ်ကြမလဲ''ဟုမေးမိ ရာ အစ်မက စိတ်ဆိုး၏။ ''တို့အိမ်မှာ သူခိုးမရှိဘူး၊ ငါတို့ကံဆိုးတာပဲ၊ လူလည်းလာ၊ ပြဿနာလည်းလာ တယ်''ဟုပြော၏။

သွားပြီ။ စိတ်ဓာတ်ကျစရာတွေသာ ဖြစ်လာတော့ သည်။ ကျွန်တော်တို့မှာ ညှော်သည်ဖြစ်၍ အားလည်း နာ၊ ရဲလည်းမတိုင်ရဲနှင့် ဒုက္ခဆင်းရဲရောက်လိုက်သည့် ဖြစ်ခြင်းပင်။ သူ့ယောက်ျား၏မောင်ကလည်း မကြည် တော့။ စောင်းမြောင်းဆဲဆိုနေ၏။ သို့နှင့် အမေ့ထံ ဖုန်းဆက်၏။ အမေက ''ပစ္စည်းသခင်ရဲ့ လူသခင်ရဲ့ ကိုယ်နဲ့မထိုက်လို့ဆုံးတာ၊ လူဘာမှမဖြစ်ရင်တော်ပြီ'' ဟုဆို၏။ သို့နှင့် ကျွန်တော်တို့မိသားစုမှာ ဥစ္စာလည်း ဆုံး၊ အမုန်းလည်းပွားဖြင့် အရှုံးဖြင့်အပြန်လမ်းဖြစ်ခဲ့ ရတော့သည်။ သိသိသာသာ တန်ဖိုးကြီးသောပစ္စည်း များသာ ယူဆောင်ခိုးယူခြင်းခံရ၏။ ဘယ်သူမှကား ဂိတ်လိုက်မပို့။

သို့နှင့် လမ်းထိပ်ရောက်တော့ ဖနီးသည်က စိတ် ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြင့် ငိုရလွန်းသဖြင့် ခေါင်းကိုက် ၍ လမ်းထိပ်ဆေးဆိုင်တွင် ဆေးဝင်ဝယ်၏။ ဆိုင်ရှင် အစ်မက ''အစ်မတို့က အဲဒီအိမ်က ညှော်သည်တွေ လား၊ အစ်မတို့ နေမကောင်းလို့ဆိုပြီး ဘာမီတွန်ဆေး ပြားတွေ အပြား ၅၀ လာဝယ်သွားတယ်၊ ဦးအေးမြ ရဲ့ ညီလေးလေ''ဟုဆို၏။

ကျွန်တော့်ခေါင်းထဲ ထင်းခနဲပေါ်လာ၏။ ယမန် နေ့ညက မိသားစုသုံးယောက်လုံးအား ခေါ်ဆီကြော် တွေကျွေး၏။ ကျွန်တော့်အစ်မယောက်ျား ကိုအေးမြ ၏ညီက အတင်းစားခိုင်း၏။ ကျွန်တော်တို့က အား

သို့နှင့်လမ်းထိပ်ရောက်တော့
ဖနီးသည်က စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြင့်
ငိုရလွန်းသဖြင့် ခေါင်းကိုက်၍
လမ်းထိပ်ဆေးဆိုင်တွင် ဆေးဝင်ဝယ်၏။
ဆိုင်ရှင်အစ်မက
အစ်မတို့က အဲဒီအိမ်က ညှော်သည်တွေလား၊
အစ်မတို့ နေမကောင်းလို့ဆိုပြီး
ဘာမီတွန်ဆေးပြားတွေ......



www.burmeseclassic.com

**ရွှေငွေရတနာ မဝတ်သွားပါနဲ့၊ ဝတ်လည်းလုံခြုံအောင်သိမ်းပါ၊ စားသတိ၊ သွားသတိရှိပါ၊ တည်းခိုခန်း၊ အိမ်အစ အစစ သတိနဲ့နေပါ၊ ဘဝမှာ သင်ယူစရာတွေ အများကြီးပါ၊ အထူးသဖြင့်......**



နာ၍ အနည်းငယ်သာစား၏။ စားပြီးပြီးချင်း အိပ်ချင်သဖြင့် မိသားစုသုံးယောက်စလုံး အိပ်ရာဝင်ခဲ့ကြ၏။ ခေါင်းအိုးကြော်ထဲ ဆေးပြားများ ကြိတ်ထည့်ထားပုံရ၏။ ကျွန်တော်တို့မှာ ကံကောင်း၍ အနည်းငယ်သာစားမိခြင်းဖြစ်၏။ အများကြီးစားမိလျှင် သေနိုင်၏။ ကြောက်စရာပင်။

ဪ.....ကြောက်စရာ။ တုတ်ကောက်သာမြင်ရသည်။ လူကောက်ကိုမမြင်ရ။ ဥစ္စာပစ္စည်းကို တပ်မက်သော လောဘသည် ကြောက်စရာကောင်းပါ၏။ သို့နှင့် မသိမသာ စုံစမ်းကြည့်တော့ အစ်မတို့မိသားစုမှာ လောင်းကစားကြောင့် ကြွေးများပတ်လည်ဝိုင်းနေသည်ဟု ကြားသိခဲ့ရ၏။

ဪ.....ကံကြီးပေလို့သာပေါ့။ ရင်းတိုင်းမယုံရ။ အလွန်သံဝေဂရစရာကောင်းပါသည်။ ငွေနှင့်ပတ်သက်လာလျှင် အလွန်ကြောက်စရာကောင်းပါ၏။

အပြန်ခရီးမှာ ဝမ်းနည်းစရာ၊ လူယုံသတ်ခြင်းခံလိုက်ရပြီ။ အစ်မဝမ်းကွဲ၏သားနှင့် အစ်မယောက်ျား၏ညီတို့ပေါင်းပြီး ကြံစည်လိုက်ပြီ။ ဇနီးသည်အား "ကဲ.....ညီမရာ လောကမှာ မတရားတာလုပ်ရင် မတရားခံရတတ်တယ်၊ ကြောက်စရာဝဋ်ကြွေးပါကွာ၊ ဒီတော့ တို့တွေလို မခံရအောင် နေရာဒေသအစိမ်းသွားရင် ရွှေငွေရတနာ မဝတ်သွားပါနဲ့၊ ဝတ်လည်းလုံခြုံအောင်သိမ်းပါ၊ စားသတိ၊ သွားသတိရှိပါ၊ တည်းခိုခန်း၊ အိမ်အစ အစစ သတိနဲ့နေပါ၊ ဘဝမှာ သင်ယူစရာတွေ အများကြီးပါ၊ အထူးသဖြင့် ရွှေ၊ ငွေ ငွေကြေးတွေဟာ အန္တရာယ်ကို ဖိတ်ခေါ်တတ်တယ်၊ လမ်းခရီးဝေးများသွားရင် ရွှေ၊ ငွေတွေကို မဝတ်ဆင်တာ အကောင်းဆုံးပဲလို့ သတိပေးချင်တယ်"ဟု နှစ်သိမ့်ရင်း သတိပြုစရာများကို ပြောပြဖြစ်၏။

ဝဋ်ကြွေးရှိလျှင်လည်း ဆပ်ရပါသည်။ နန်းမတော်မယ်နု ရေချအသတ်ခံရခါနီး ဆရာတော် ဦးပုဒ်အား ဝင်ကန်တော့၏။ ဆရာတော်က မော့ပင်မကြည့်။ "မိနု ဝဋ်ကြွေးရှိရင် ဆပ်ရတယ်"ဟုသာဆို၏။ ဆိုရလျှင် ကျွန်တော်တို့၏ ချွေးနှဲစာများကို ဆေးခတ်၍ ကြံစည် သော လူငယ်နှစ်ယောက်လုံး ၁၀ နှစ်အတွင်း လူ့ပြည်၌ မရှိရာတော့။ သို့ဖြစ်၍ လူတိုင်းအား သတိပညာ၊ မှုခင်းအမြင်ရှိစွာဖြင့် ရင်းတိုင်းမယုံကြည် ကြရန် မေတ္တာဖြင့် သတိပေးရုံမှတစ်ပါး.....။

**ရွှေစောသက် (ရွှေဘို)**



www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## လောဘဒဏ်

### ထက်ထက်ဦးဝေ

“အေးမိတို့လင်မယား ရန်ဖြစ်ကြပြန်ပြီတဲ့၊ လာ.....သွားဆွဲကြရအောင်”

“ခဏခဏအေ၊ လွှတ်သွားလိုက်တော့၊ ဒီလောက်ဖြစ်နေကြတာ လူကြားမကောင်းတော့ဘူး၊ ကွာချင်လည်း ကွာလိုက်ကြတော့ပေါ့၊ အခုဥစ္စာက မကောင်းမှုတော့ ပေါင်းမနေနဲ့ပေါ့အေ”

အေးမိချို၏ သူငယ်ချင်း နှစ်ယောက်က ကြားတော့ စိတ်ပျက် လာကြသည်။ လင်မယားနှစ်ယောက်က ရန်ဖြစ်တိုင်း သူတို့နှစ်ယောက်မှာ အပြေးအလွှား သွားကြရ၏။ စံရဲက မိုက်ရိုင်းလွန်းသူပါ။ မိန်းမဖြစ်သူအား ပါးချည်းသာပိတ်ရိုက်တတ်၏။ သည်တော့ အေးမိချိုတစ်ယောက် နားပင်းလေးလုလု ဖြစ်လာရသည်။

“လာပါအေ၊ တော်ကြာ အေးမိ သေနေပါဦးမယ်”

“စိတ်ညစ်တယ်အေ၊ အဲဒီကောင်မကြောင့် စံရဲက ငါတို့ကို ကြည့်မရဖြစ်နေတာ၊ ကလေးတော့ သနားပါတယ်အေ”

သန်းသန်းမူနှင့် ကြူကြူဝင်းတို့လည်း အေးမိချိုရှိရာသို့ ရောက်သွားကြရတော့သည်။ ထုံးစံအတိုင်းပင် မိန်းမကို ရိုက်နှက်ထားသည့်အတွက် အေးမိချိုမှာ ဒဏ်ရာများနှင့် ထိုင်ငိုနေ၏။ အိမ်ပေါ်တွင် စံရဲက မရှိတော့ပေ။

“ဘယ်လိုဖြစ်ကြပြန်ပြီလဲအေ၊ ညည်းကိုကြည့်ရတာ စိတ်ပျက်လိုက်တာ”

“ဟုတ်ပါ့အေ”

အေးမိချိုကိုဝန်းရံ၍ ထိုင်ချလိုက်ကြသည်။ သူတို့ကိုတွေ့တော့မှ မျက်ရည်ပေါက်ကြီးများ ကျလာကာ တအီးအီးငိုနေတော့၏။

“ဟယ်.....ညည်းလက်က ကျိုးနေတာလား”

“မျက်နှာကို ထိုးထားတယ် မဟုတ်လား၊ ဖူးရောင်နေပြီ”

အေးမိချိုသည် လက်တစ်ဖက်ကိုမြှောက်၍ တစ်ဖက်က ဝေဒနာအား ညည်းညူလိုက်သည်။ ကြမ်းပြင်ပေါ်တွင် သစ်သား တုတ်တစ်ချောင်းကို





www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပြန်သည်။ သန်းသန်းမူ နှင့် ကြူကြူဝင်းတို့လည်း သဘော ပေါက်သွားကြပြီး ဒေါသဖြစ်ရပြန် ၏။

"လာ.....ညည်းအစ်ကိုဆီ သွားပြမယ်အေ၊ ကိုယ့်မိန်းမကိုရိုက် တာ မတရားလွန်းရင် ဥပဒေက ခွင့်မပြုဘူးအေ့၊ အုပ်ချုပ်ရေးမှူးဆီ သွားတိုင်ရမယ်"

"အုပ်ချုပ်ရေးမှူးက စံရဲဘော် ဒါဟဲ့၊ ပြေရာပြေကြောင်းပြောပြီး ပြန်လွှတ်လိုက်မှာပဲ၊ ညည်းကိစ္စက ရဲစခန်းထိ သွားတိုင်ရမှာ၊ ညည်း သတ္တိရှိရင်ပေါ့အေ"

အေးမိချိုအကြောင်းကိုသိနေ၍ ကြူကြူဝင်းက ခနဲ့လိုက်သည်။ ရန်ဖြစ်တိုင်းလည်း အဆင်ပြေ အောင် ညှိနှိုင်းပေးနေကျပါ။ ထို့ကြောင့်လည်း အေးမိချိုသည် ထို သံသရာထဲမှ ရုန်းမထွက်နိုင်ပေ။

"ကဲ...ဆေးခန်းဖြစ်ဖြစ်သွား မှပေါ့၊ ကျုပ်လိုက်ပို့ပေးမယ်"

"ခေါ်သွားလိုက် သန်းမူရေ၊ ညည်းအိမ်ကို ကျုပ်ကြည့်ပေးထား မယ်"

"ကလေး...လာ၊ ထမင်းစား ပြီးပြီလား၊ ဟုတ်လား၊ ဒါဆို ဒေါ် လေးကျွေးမယ်နော်၊ အိမ်ကိုလိုက် ခဲ့"

အေးမိချိုက ဝေဒနာကြောင့် ကလေးပင် လှည့်မကြည့်နိုင်တော့ ပေ။ သူ့ပိုက်ဆံအိတ်လေးကိုယူ၍ သန်းသန်းမူခေါ်ရာနောက်သို့ လိုက် သွားရ၏။ ကြူကြူဝင်းက အိမ်တံ ခါးနှင့် ခြံတံခါးကို ပိတ်ပြီးနောက် ကလေးငယ်အား ခေါ်သွားရသည်။

"ဟင်း...မင်းအဖေကိုအမြင် ကတ်ပေမယ့် မင်းကတော့ မြေစာ ပင်လေးပဲကွယ်၊ ဘာကြောင့်များ ဒီမိသားစုထဲ ဝင်လာရတာလဲ၊ ဩော်...အကြောင်းတရားတွေပေါ့ လေ"

♛♛♛♛♛

"မင်း တစ်ခုခုကို စဉ်းစား တော့ အေးမိရေ၊ စံရဲနဲ့ ကွာရှည် မဖြစ်ဘူးနော်၊ မင်းပြောပုံအရဆိုရင် စံရဲက သစ္စာမရှိတဲ့ကောင်၊ ဒီလို ကောင်မျိုးများ ပေါင်းမနေနဲ့အေ"

"မပေါင်းပါဘူး၊ စံရဲက ကွာ ရှင်းခိုင်းနေတယ်"

"အမယ်လေးအေ အဲဒါများ ချက်ချင်းကွာပေးလိုက်တာမဟုတ် ဘူး"

အေးမိချိုက မျက်လွှာလေးချ ကာ ခေါင်းကိုခါယမ်းပြသည်။

"မင်းက မပြတ်နိုင်တာလား အေးမိ"

"မဟုတ်ပါဘူးကွာ၊ သူနဲ့ကွာ ရှင်းရင် သူက သိန်းတစ်ရာတောင်း နေတာ၊ အဲဒါဆို ချက်ချင်းလက် မှတ်ထိုးပေးလိုက်မယ်တဲ့"

သန်းသန်းမူမှာ သိန်းတစ်ရာ ဆိုသောစကားကြောင့် မျက်လုံးပြူး သွားရတော့၏။ အေးမိချိုတွင် သိန်း တစ်ရာဆိုသောငွေ လက်ထဲတွင်ရှိ မည်မဟုတ်ပါ။ မရှိသည်ကိုတောင်း ဆိုခြင်းမှာ တမင်ပင် ကွာရှင်းမပေး လို၍ ညှဉ်းဆဲနေခြင်းဖြစ်ပေမည်။

"တော်တော်ယုတ်မာတဲ့ကောင် ပဲဟာ၊ ညည်းက နောက်လင်ယူပြီး နောက်ကလေးတွေမွေးလို့ရတယ် နော်၊ ဒီကောင့်ရင်သွေးကို ခေါ် မထားနဲ့၊ တစ်ခါတည်းထည့်ပေး လိုက်၊ ဒီကောင့်လိုပဲ မင်းကိုဒုက္ခ ပေးလိမ့်မယ်"

သန်းသန်းမူက ပြောသာပြော ရသည်။ အေးမိချိုကို ကြည့်ရ သည်မှာ အားမရပေ။ စံရဲကိုမပြတ် နိုင်ခြင်းလား၊ သတ္တိရှိရှိ မစွန့်စား နိုင်ခြင်းလား မပြောတတ်ပေ။ တွေ တွေငေးငေးနှင့် စိတ်ပျက်စရာ ကောင်းနေ၏။ လက်ကျိုးထားသည့် ဒဏ်ရာက ဆေးလိမ်းပြီး ပတ်တီး စည်းထားရသည်။ တော်တော်နှင့် ပျောက်နိုင်မည်မဟုတ်ပေ။ သည် တော့ အစားအသောက်ကအစ သူ တို့က အေးမိချိုအား ကူညီနေရ၏။

"တော်တော်ရက်စက်တဲ့ ကောင်၊ သူက အပြင်မှာစား... မယားငယ်အိမ်မှာစားလို့နဲ့ ... ကျနေတယ်၊ မယားတော့ ပြ...



www.burmeseclassic.com

www.burmeseclassic.com

မကြည့်ဘူး''

"အခုလည်း အိမ်ပြန်မလာပါဘူး၊ သူနှိပ်စက်ထားတာ သူသိမှာပေါ့၊ တို့လည်း ထမင်းဟင်းမချက်နိုင်တော့ အိမ်မှာဘာမှမရှိတာ သူသိမှာပါ''

"ပြန်တက်မလာလေကောင်းလေပဲ၊ သွားမခေါ်နဲ့၊ ထားလိုက်''

"ဒီနေ့ဘာဟင်းချက်လာလဲတင်''

အေးမိချိုက တမင်ပင်စကားဖြတ်လိုက်ခြင်းဖြစ်၏။ စံရဲအကြောင်းကို မကြားချင်သည့်အတွက်ဖြစ်သည်။

"ချဉ်ပေါင်ဟင်း ကျဲကျဲလေးနဲ့ ငါးခြောက်ကြော်လေ၊ ဈေးထဲမှာ အာပြခြောက်လေးတွေ့လို့ဝယ်လာတယ်၊ ငါးပိကင်လေးနဲ့ပေါ့''

"စားကောင်းဦးမှာပါပဲလေ၊ သားက ဒါမျိုးဆို သိပ်ကြိုက်တာ၊ နောက်ဖြန် ပင်လယ်ငါးကြော်လေးနဲ့ ကင်ပွန်းချဉ်လေးချက်ပါဦးအေး၊ ညည်းလက်ရာက စားကောင်းလို့ပါ အခုအချိန်ဆို ပုတတ်စာတွေပေါ်နေပြီ၊ ကင်ပွန်းရွက်နဲ့ လိုက်ဖက်တယ်''

"အေးပါအေ၊ ညည်းစိတ်ချမ်းသာရင် ပြီးတာပဲ''

"ဆေးမှန်မှန်သောက်ဦးနော်အေးမိ''

သန်းသန်းမှုနှင့် ကြူကြူဝင်းတို့က သူငယ်ချင်းကောင်းပီသကြသည်။ သူတို့အဆင်မပြေလျှင်



အေးမိချိုထံမှ ချေးငှားကြသည်။ သည်တော့လည်း အေးမိချိုအပေါ် ပို၍ဂရုစိုက်နေကြ၏။ အေးမိချိုက သူငယ်ချင်းများထဲတွင် ကံကောင်းသောမိန်းကလေးဟု ထင်ထားကြပေမယ့် ယှဉ်စားသော ကံတရားက အေးမိချိုအား အနှိပ်စက်ခံဘဝသို့ ပြောင်းလဲရောက်ရှိသွားစေရသည်။ သန်းသန်းမှု ပြန်သွားသည့်နောက် အေးမိချိုက တစ်ယောက်တည်း အတွေးနယ်ချဲ့နေမိ၏။

"သြော်...စံရဲ....စံရဲ၊ ရှင်ဒီလောက် မိုက်ရိုင်းလိမ့်မယ်လို့ အေးမိ ထင်မထားခဲ့ဘူး၊ ဟိုတုန်းက ရှင့် ရဲ့အကြင်နာတွေ၊ ယုယမှုတွေ၊ ဂရုစိုက်မှုတွေက အေးမိနှလုံးသားကို ခွန်အားသတ္တိတွေ ဖြစ်စေခဲ့ရတယ်၊ ခုများမှာတော့ ကျွန်မရဲ့ နှလုံးသားကို ရှင်က အရက်နဲ့ စိမ်သောက်ချင် နေတဲ့ လူ့ဘီလူး၊ သရဲသဘက်တစ်ကောင်ပဲ၊ ဒါပေမဲ့ ကျွန်မသေမှ ကျွန်မနှလုံးသားကို ရှင်စားနိုင်မှာ စံရဲရေ''

တစ်ချိန်ကအတိတ်ကို အေးမိချို ပြန်ပြောင်းသတိရသွားမိ၏။

♛♛♛♛♛

"မိန်းမရေ.....ဒီငွေထုပ် သိမ်းလိုက်ဦးကွာ၊ ဟိုကပစ္စည်းတွေရောက်တော့မယ်တဲ့၊ မှာတဲ့စာရင်းအတိုင်း သေသေချာချာပို့ဦးလို့ စံရဲကိုပြောလိုက်၊ ဒီကောင်က နဝေနမဲ့နိုင်လွန်းတယ်''

"ဟုတ်ကဲ့ပါရှင်''



www.burmeseclassic.com

www.burmeseclassic.com

ကိုလင်းပြည့်က ဇနီးဖြစ်သူ အေးမိချိုနှင့် ငွေကြေးကိစ္စအဝဝကို လွှဲအပ်ထား၏။ သူက မိဘလက်ထက်ကတည်းက ချမ်းသာသူဖြစ်သည့်အတွက် ကုမ္ပဏီတစ်ခုဖွင့်ကာ ရိုးသားစွာလုပ်ကိုင်၏။ ကိုလင်းပြည့်၏ဆွေမျိုးများက နိုင်ငံရပ်ခြားတွင် ရှိကြသည်။ သည်တော့ ပို့သည့် ပစ္စည်းများအား ပြည်တွင်းတွင် ပြန်ရောင်းချ၏။ Ready Made အထုပ်များ ဖြစ်ရာ Plaza နှင့် Market ကြီးများနှင့် ဈေးများသို့သွင်းရသည်။ အထည်ဆိုင်များကလည်းမှာကြသည်။

ကိုလင်းပြည့်ကုမ္ပဏီက သိပ်တော့ လုပ်ငန်းကြီးကြီးမားမား မဟုတ်ပေ။ အထည်ပို့ရန် စံရဲနှင့် ကျော်သိန်းတို့ကို ခိုင်းထားသည်။ မာကက်တင်းနှစ်ယောက်နှင့် မန်နေဂျာတစ်ယောက်ရှိ၏။ ကိုလင်းပြည့်၏ ကြိုးစားမှုကြောင့် ကုမ္ပဏီမှာ အောင်မြင်နေသည်။ သည်တော့လည်း အေးမိချိုဘဝက လက်ညှိုးညွှန်ရာ ရေဖြစ်နေတော့၏။

"အေးမိရေ ကိုယ် စင်ကာပူ သွားဦးမယ်၊ အစ်ကိုကြီးက တွေ့ချင်လို့တဲ့"

"မသွားပါနဲ့လို့ မပြောရက်ပါဘူး ကိုလင်းပြည့်ရယ်၊ ဒီမှာလည်း ရှင်မရှိရင် အေးမိရှိမှမဟုတ်လား"

"ဟုတ်တယ်ကွာ၊ ဒါကြောင့်လည်း မိန်းမကိုခေါ်ချင်ပေမယ့် ကိုယ်တို့ဘဝတွေက စိတ်ချထားခဲ့လို့မှ မဖြစ်ဘဲလေ"

"စိတ်ချလက်ချသာ သွားပါရှင်၊ ရှင်က ရက်မကြာဘူးမဟုတ်လား"

ကိုလင်းပြည့် ပြည်ပခရီးသွားနေချိန်တွင် အေးမိချိုတစ်ယောက်တည်း အထီးကျန်နေခဲ့ရသည်။ သားသမီးမရှိသေးသဖြင့် အေးမိချိုမှာ ကားတစ်စီးနှင့် အပြင်ထွက်နေ



တော့၏။ ကိုလင်းပြည့်ရှိစဉ်က ထိုသို့ထွက်ခြင်းမျိုးကို မကြိုက်ပေ။ ထို့ကြောင့်လည်း အေးမိချိုတစ်ယောက် စိတ်ကြိုက်သွားလာနေတော့၏။

"ဟင်..မမလေး...မမလေး"

အေးမိချိုမှာ ထိုညက မိတ်ဆွေများနှင့် စားသောက်ဆိုင်သို့ သွားရင်း ဝိုင်မူးလာသည်။ သူမက အစိမ်းသက်သက်ဖြစ်၍ ထိန်းမရတော့ပေ။ သည်တော့ စံရဲက ကားမောင်းပို့ရင်း ဝိုင်မူးနေသည့် အေးမိချိုအား အိပ်ခန်းထဲအထိ တွဲပို့လိုက်ရသည်။ စံရဲတွင်လည်း အိမ်ထောင်ရှိနေသည်။ သားသမီးများလည်းရှိနေ၏။ သို့ပေမယ့် စံရဲက ပေးလာသည့် အခွင့်အရေးအား အပြည့်အဝ အသုံးချလိုက်သည်။

"ရှင်....ရှင် ဘယ်လိုလုပ်တာလဲ စံရဲ၊ ဪ.....ကိုလင်းပြည့် ပြန်လာရင် ဒုက္ခတော့ဖြစ်ကုန်ပါပြီ"

"မမလေးကို ကျုပ်ချစ်နေတာ ကြာပြီဗျာ၊ ညက စိတ်ကိုမထိန်းနိုင်လို့ပါ"

အေးမိချိုအဖြစ်က စံရဲ၏ယုတ်မာမှုကို ခံလိုက်ရသည်။ မိမိအား အပိုင်သိမ်းလိုက်မှန်းသိသော်လည်း စံရဲ၏ညွှတ်ကွင်းမှ ရုန်းမထွက်နိုင်တော့ပေ။ စိတ်ညစ်နေရသူက အေးမိချိုပါ။ ယောက်ျားပြန်လာလျှင် မည်သို့နေထိုင်ရမည်မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း စံရဲ၏ ပြုစုယုယမှု အောက်တွင် အေးမိချိုက သာယာသွားမိသည်ကို ဝန်ခံပါ၏။

"အေးမိတို့ ဒီလိုနေသွားရင် တစ်နေ့နေ့မှာ ကိုလင်းပြည့် သိလာမှာပဲ၊ ရှင့်မှာလည်း အိမ်ထောင်နဲ့၊ အေးမိတို့ ရပ်တန်းက ရပ်လိုက်ပါစို့နော်"

"ဘာလို့ရပ်ရမှာလဲ အေးမိရာ၊ ခိုးစားတဲ့အသီးကမှ ပိုချိုမြိန်တယ်တဲ့၊ ကျုပ် အေးမိအပေါ် အစွဲကြီးစွဲမိပြီဗျာ"

"အေးမိလည်း ဒီအတိုင်းပါပဲ စံရဲရယ်"

သူတို့နှစ်ဦးမှာ ကာမဂုဏ်အာရုံထဲတွင် စီးမျောရင်း တိတ်တဆိတ် နေလာကြရာမှ တစ်နေ့တော့ ကျော်သိန်းက သိသွား၏။ ကျော်သိန်း၏ ခိုးရိုက်ထားသော ဗီဒီယိုဓာတ်ပုံမှတ်တမ်းကြောင့် ကိုလင်းပြည့်လည်း အေးမိချို၏ ဖောက်ပြန်မှုကို သိသွားတော့သည်။

ကိုလင်းပြည့်က အေးမိချိုအပေါ်တွင် ဒေါသဖက်ခြင်းအလျှင်းမရှိပေ။ သူ၏မေတ္တာတရားအား အကောင်ထုတ်ဖော်ပြသွား၏။ ထိုနေ့က စံရဲနှင့် အေးမိချိုတို့ကိုခေါ်ကာ စကားပြောသည်။

"စံရဲ မင်းက အေးမိချိုကို အတော်ချစ်လို့လား"

"ဟုတ်ကဲ့ ကိုလင်းပြည့်"

သူတို့နှစ်ဦးမှာ
ကာမဂုဏ်အာရုံထဲတွင်
စီးမျောရင်းတိတ်တဆိတ်
နေလာကြရာမှ
တစ်နေ့တော့
ကျော်သိန်းကသိသွား၏။
ကျော်သိန်း၏
ခိုးရိုက်ထားသော
ဗီဒီယိုဓာတ်ပုံ
မှတ်တမ်းကြောင့်.....

"အဲဒါဆို မင်းဖနီးနဲ့ ကွာရှင်းလိုက်တော့၊ ရော့...သူ့အတွက် ဒီငွေကြေးနဲ့ ထောက်ပံ့လိုက်"

အေးမိချိုတစ်ယောက်အံ့သြစိတ်ဖြင့် ကိုလင်းပြည့်၏မျက်နှာကို စိုက်ကြည့်နေမိ၏။ စံရဲက ဝမ်းသာသောမျက်နှာဖြင့်.....

"ကိုလင်းပြည့်က ဘာကိုရည်ရွယ်တာလဲဗျာ"

"သြော်.....အေးမိချိုကို မင်းကချစ်မှတော့ လက်ရှိဇနီးကို ကွာရှင်းမှ ယူလို့ရမှာလေ"

"ဟင်....အေးမိကို ဘယ်လိုလုပ်လိုက်တာလဲ ကိုလင်းပြည့်"

ချမ်းသာသောယောကျ်ား၏ အမွေအနှစ်များကို မရမည်စိုး၍ အေးမိချိုက ပျာပျာသလဲမေးလိုက်သည်။

"ရော့.....ဒီမှာ ကိုယ့်ရဲ့လက်မှတ်ထိုးပြီးတဲ့ ကွာရှင်းစာချုပ်၊ မနက်ဖြန်ကစပြီး မင်းနဲ့မပတ်သက်တော့ဘူးနော်၊ ဒီအိမ်၊ ဒီပစ္စည်းနဲ့ ဒီကုမ္ပဏီကို ထားခဲ့ပြီး ကိုယ်နိုင်ငံခြား ထွက်တော့မယ်၊ မင်းချစ်တဲ့သူ၊ မင်းကိုချစ်တဲ့သူနဲ့ ထာဝရပေါင်းကြပေါ့ကွာ"

ပစ္စည်းများအား ထားရစ်ခဲ့မည်ဆို၍ အေးမိချိုက ဝမ်းသာသွားသည်။ ကုမ္ပဏီက ကိုလင်းပြည့်မရှိသည်နှင့် ရပ်တန့်သွားမည်မှန်း သိနေ၏။ နိုင်ငံခြားမှပစ္စည်းများ သွင်းပေးမည်မဟုတ်တော့ပေ။

"အခုပဲ မင်းမိန်းမရဲ့ ကွာရှင်းစာချုပ်ကို လိုချင်တယ် စံရဲ၊ အဲဒါမှ အေးမိချိုအတွက် ငါစိတ်ချမှာ"

"စိတ်ချပါ ကိုလင်းပြည့်၊ အခုပဲ သွားခေါ်လာခဲ့ပါ့မယ်၊ တစ်နာရီအတွင်း ပြန်ရောက်စေရမယ်ဗျာ"

ကိုလင်းပြည့်က ဟန်ပါပါပြုံးပြီးနောက် အေးမိချိုကို အကဲခတ်လိုက်၏။

"မင်းတို့ချစ်ခြင်းကို ကိုယ်မခွဘူး အေးမိချို၊ ကိုယ့်အတွက်လည်း မင်းရင်ထဲမှာ ဘယ်လိုမှ ခံစားမှု



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်နဲ့၊ လုပ်သင့်လုပ်ထိုက်တာကို ကိုယ်လုပ်ခဲ့တာပဲ၊ အသွေးအသားနဲ့ တည်ဆောက်ထားတဲ့မင်းကို ကိုယ်က ကိုယ့်စိတ်အတိုင်း ထင်မှတ်မိတာ ကိုယ့်အမှားပဲ၊ ဒါပေမဲ့ ကိုယ်ကျေနပ်ပါတယ်"

ကျေနပ်သူ၏မျက်ဝန်းတွင် မျက်ရည်စများ ကပ်ငြိနေသည်ကို အေးမိချို မြင်တွေ့နေရသည်။ သည်တော့လည်း ခင်ပွန်းဟောင်းအပေါ် သနားသွားမိ၏။

♛♛♛♛♛

စံရဲကလည်း၏။ ဇနီးအား



**ကိုလင်းပြည့်က ယုံ့ယုံ့လေးပြုံးမိ၏။ သူ့ရင်ထဲမှ ခံစားချက်အား ထုတ်ဖော်မပြဘဲ ဇနီးဖြစ်သူကိုစိတ် ချမ်းသာစေရန်သာ ဆောင်ရွက်ပေးခဲ့သည်။ ပြီးပြည့်စုံခဲ့ပြီဟု ထင်ထားခဲ့ခြင်းက....**

ပျားရည်နှင့် ဝမ်းချခဲ့ပြီးမှ ကွာရှင်းစာ ချုပ်ပေါ်တွင် လက်မှတ်ထိုးရန်ခေါ်လာခဲ့သည်။ ကိုလင်းပြည့်ရှေ့တွင်ပင် ကွာရှင်းကြောင်း လက်မှတ်ထိုးပြီးနောက် လျော်ကြေးအဖြစ် ငွေပေးလိုက်၏။ စံရဲမိန်းမက ပြုံးပျော်သွားသည်။ ပြန်သွားသည့်နောက်..

"ကဲ.....ကိုလင်းပြည့် ကျေနပ်ပြီနော်၊ ကျွန်တော် မမလေးအပေါ် ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြလိုက်တာပဲ"

ကိုလင်းပြည့်က ယုံ့ယုံ့လေး ပြုံးမိ၏။ သူ့ရင်ထဲမှ ခံစားချက်အား ထုတ်ဖော်မပြဘဲ ဇနီးဖြစ် သူကိုစိတ် ချမ်းသာစေရန်သာ ဆောင်ရွက်ပေးခဲ့သည်။ ပြီးပြည့် စုံခဲ့ပြီဟု ထင်ထားခဲ့ခြင်းက သူ့ အမှားပါ။ အလုပ်ကိစ္စနှင့် စိတ်ချ လက်ချထားခဲ့ခြင်းက သူ့အတွက် အိမ်ထောင်ရေးသင်ခန်း စာ ရသွား ခဲ့၏။ ပြီးတော့ အေးမိချို၏ မေတ္တာ တရားကိုလည်း သူ့ကြောက် လန့်သွားတော့သည်။ သည်တော့ နှောင်ဖွဲ့မိသည့် သံ ယောဇဉ်စ ကို အပြီးတိုင်ဖြတ် တောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် နိုင်ငံခြားသို့ ထွက်သွားလိုက်၏။

ကိုလင်းပြည့်မရှိသည့်နောက်တွင် စံရဲက အေးမိချိုကိုခေါ်ယူပြီး တစ်နေရာတွင် သွားရောက်အခြေချခဲ့သည်။ တိုက်အားရောင်းချသည့် ငွေများကို ဘဏ်တွင်ထည့်ကာ သင့်တင့်သည့် အိမ်တစ်လုံးကိုဝယ်ယူလိုက်၏။ ထိုအိမ်ရောက်မှ အေးမိစံလည်း ကိုယ်ဝန်ရခဲ့ပြီး သားကို မွေးဖွားခဲ့ရသည်။

တစ်ခုတော့ သူတွေးမိ၏။ ကိုလင်းပြည့်နှင့် သားသမီးမွေးခဲ့လျှင် ယခုလိုအဖြစ်မျိုး ရောက်လိမ့်မည်မထင်ပါ။ ကိုလင်းပြည့်လည်း သူမအား အလွယ်တကူ ကွာရှင်းပေးမည်မဟုတ်ပေ။

"ဩော်..ကိုလင်းပြည့်...ကိုလင်းပြည့်၊ ရှင်ဘယ်ကိုများရောက်နေပြီလဲ ယောက်ျားရယ်"

တစ်ခါတစ်ခါတော့လည်း ခင်ပွန်းဟောင်းအား တမ်းတမိ၏။ စံရဲက ကိုလင်းပြည့်နှင့် တခြားစီပင်၊ ငွေကအစ မိန်းမကို ဈေးဖိုးပေးပြီး သူက အရက်ဆိုင်ရောက်နေတတ်သည်။ အမြဲပင် မူးရူးနေတတ်ပြီး မူးသည်နှင့် သူ့ရင်ထဲမှ မပြောချင်သည့်စကားများကို ထုတ်ဖော်ပြောပြတော့၏။ အေးချင့်တစ်ခုတွင် ကားမောင်းသည့် အလုပ်ကိုရခဲ့သော်လည်း မကြာမီ အလုပ်ပြုတ်သွားသည်။ အရက်မူးသည်နှင့် သွေးဆိုးတတ်ရာ အလုပ်က မမြဲတော့ပေ။

သည်ကြားထဲ စံရဲက သစ္စာမရှိသူပီပီ မိန်းမရှုပ်တတ်သေး၏။ သုံးလေးရက်ခန့် ပျောက်သွားပြီးမှ အိမ်ပြန်လာ၏။ သွားလျှင်လည်း အပြီးသာဆင်းသွားစေချင်၏။ သူမအား တမင်ပင် ဒုက္ခပေးရန်ရောက်လာတတ်ရာ စံရဲအပေါ် စိတ်ကုန်လာရသည်။

"ငါ့အဖြစ်က ချောင်းကိုပစ်ပြီး မြစ်ကိုရှာမိပါလား၊ စံရဲဟာ ငါ့အပေါ် ဂရုစိုက်လိမ့်မယ်လို့ ထင်ထားခဲ့သမျှ ယောက်ျားနှစ်ယောက်ကို ယှဉ်ကြည့်ရင် စံရဲဟာ ကိုလင်းပြည့်နဲ့ ဘာမှမဆိုင်ပါလားနော်၊ ငါ့အပေါ် တကယ်ချစ်တာက ကိုလင်းပြည့်ပါပဲလား၊ သူ့ဂုဏ်သိက္ခာအတွက် ငါ့အပေါ် လိုက်လျောပေးရှာတယ်၊ အေးမိမှားသွားတယ် ကိုလင်း ပြည့်ရယ်၊ ဒါကြောင့်လည်း အေးမိ လေရှင့်ဝဋ်တွေ ပြန်လည်နေတာ ပါ"

စံရဲက အေးမိချိုထံမှ ငွေနှင့်ပစ္စည်းများအား မက်မော၍ အရယူခဲ့မှန်း သိသွား၏။ ပြီးတော့လည်း စံရဲက ဇနီးဟောင်းနှင့် မပြတ်ပေ။ ဟိုမှာနေလိုက်၊ သည်မှာ နေလိုက်နှင့် မိန်းမများအား နိုင်းစားနေ၏။ ယခုလည်း စံရဲ

> **ငါ့အဖြစ်က**
> **ချောင်းကိုပစ်ပြီး**
> **မြစ်ကိုရှာမိပါလား၊**
> **စံရဲဟာ ငါ့အပေါ်**
> **ဂရုစိုက်လိမ့်မယ်လို့**
> **ထင်ထားခဲ့သမျှ**
> **ယောက်ျားနှစ်ယောက်ကို**
> **ယှဉ်ကြည့်ရင်......**

နှင့်ဖြစ်နေသည့် မိန်းကလေးမှာ ၁၆ နှစ်ပင်မပြည့်သေးပေ။ အပြောကောင်းသော စံရဲကို ယုံစားပြီး ကလေးမလေးက 'ဦး... ဦး' နှင့် ကပ်နေ၏။

ထိုသတင်းအား သန်းသန်းမူနှင့် ကြူကြူဝင်းတို့က သယ်လာခြင်းဖြစ်သည်။ အေးမိချိုအနေဖြင့် စံရဲနှင့်ပတ်သက်၍ မည်သို့မျှခံစားမှုမရှိတော့ပေ။ သဝန်တိုဖို့ဝေးစွ မြန်မြန်ယူသွားလေကောင်းလေပါ။ ကွာရှင်းမပေးလျှင် တရားရုံးမှ လျှောက်မည်ဟု ဆုံးဖြတ်ထားသည်။

"ကောင်မလေးက ဆတ်



www.burmeseclassic.com

www.burmeseclassic.com

ကော့လတ်ကော့နဲ့ ဗယားလေးပါအေး၊ သူ့ကို ငွေထွက်လို့ကပ်မှာပေါ့၊ သူကလည်း ဒါမျိုးဆိုဘယ်လောက်ကုန်ကုန်လေ၊ ညည်းဆီကပဲ ခွာယူမှာပဲ၊ တစ်ခုတော့ သတိပေးလိုက်မယ်နော်၊ ကိုယ့်ရှိတာတွေ မသိပါစေနဲ့၊ ဒီကောင်က သိုက်တူးသမားအေ့''

''စရိုက်တူချင်းပဲနေမှာပါ၊ သူ့ လိုကောင်ကို ဘယ်သူက အပိုင်ယူမှာလဲ၊ ကြည့်နေ၊ ညာစားလို့ဝရင် ခွာသွားလိမ့်မယ်''

''ဒီကောင်မလေးက သူတို့ အလုပ်ထဲက ညစောင့်ရဲ့သမီးတဲ့၊ အိမ်ကိုတောင် တစ်ခါပါလာပြီးပြီ၊ အေးမိ မြင်ဖူးပါတယ်''

ထိုနေ့က တစ်အိမ်လုံးကို လှည့်ပတ်ကြည့်သည့်အပြင် အားကျစိတ်ဖြစ်မည်ကို အေးမိချိုကသိနေ၏။ ကိုယ်က သပ်သပ်ရပ်ရပ် နေလာသူဖြစ်သည့်အတွက် အိမ်က ပစ္စည်းအပြည့်အစုံနှင့် နေချင်စရာပါ။ ကောင်မလေးက ဒလမြို့နယ်တွင်နေရ၍ ပစ္စည်းဥစ္စာများကို စံရဲ၏ပိုင်ဆိုင်မှုဟုထင်ပြီး ကပ်နေမည်ပင်။

''ရှုပ်ရှုပ်ယှက်ယှက် အေးမိရာ၊ နောက်မလာပါစေနဲ့''

''စံရဲအကြောင်း သိတယ်မဟုတ်လား သန်းသန်းမူ၊ သူက လူအထင်ကြီးခံရရင် မနည်းဘူးလေ၊ ဒါမှ ကောင်မလေးက သူ့ကို သူဌေးထင်ပြီး သူ့လှည့်ကွက်ထဲပါလာမှာပေါ့''

''အေးလေဟာ၊ ဒီလိုကောင်မျိုးက ရှုံ့ဖို့ကောင်းလိုက်တာ၊ ညည်းလည်း ဝင်္ကြေးပဲနော်၊ ခုနေများ ကိုလင်းပြည့်ရှိရင် သိပ်ကောင်းမှာပဲ၊ သူ့အမျိုးတွေဆီ နည်းနည်းပါးပါး ဆက်သွယ်ကြည့်ပါလားအေ''

မလွယ်ကူမှန်း အေးမိချိုက သိနေ၏။ ကိုလင်းပြည့်တစ်ယောက် သူ့ဘဝနှင့်သူ ပျော်ပါစေတော့လေ။ သည့်လို ဘဝဆိုးမျိုးနှင့် အကြင်နာကြီးသူအား မမြင်တွေ့စေချင်တော့ပါ။

**ကိုယ်က သပ်သပ်ရပ်ရပ် နေလာသူဖြစ်သည့်အတွက် အိမ်က ပစ္စည်းအပြည့်အစုံနှင့် နေချင်စရာပါ။ ကောင်မလေးက ဒလမြို့နယ်တွင်နေရ၍ ပစ္စည်းဥစ္စာများကို စံရဲ၏ပိုင်ဆိုင်မှုဟု ထင်ပြီး....**



''ခုချိန်ဆို သူလည်း ဘဝတစ်ခု ထပ်ထူထောင်ပြီးရောပေါ့ကွာ၊ တို့တွေဝေးကွာခဲ့တာ ငါးနှစ်ကျော်ပြီလေ''

ကုန်လွန်ခဲ့ပြီဖြစ်သောအတိတ်ကို အေးမိချိုက ပြန်ပြောင်းမတွေးချင်တော့ပေ။ ရင်နာစရာ၊ ဝမ်းနည်းစရာများဖြင့် အောက်မေ့သတိရမိ၏။

''ကိုလင်းပြည့်ကိုတွေ့ရင် အခုမင်း စံရဲအကြောင်း သိပြီမဟုတ်လားလို့ ငါကိုမေးမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုလင်းပြည့်ဟာ နောင်မှသိပါစေဆိုပြီး ငါ့ကိုပညာပေးလိုက်တာပဲဖြစ်မှာပါ''

''ဟယ်.....အဲဒီလိုမဟုတ်နိုင်ပါဘူးနော်၊ စေတနာကို မစော်ကားနဲ့ အေးမိ၊ ကိုလင်းပြည့်က မြင့်မြတ်တဲ့နှလုံးသားနဲ့ မင်းကို ခွင့်လွှတ်ပေးခဲ့တာပါအေ''

အေးမိချိုလည်း သိပါ၏။ သူမသာလျှင် အဆင့်အတန်းမြင့်သည့် ဘဝမှ အဆင့်အတန်းနိမ့်ကျသည့် ဘဝသို့ ချန်ဆင်းခဲ့ခြင်းဖြစ်ရာ အရာအားလုံးက သူမ၏အမှားဖြစ်နေသည်။ လင်းသားအဝေးရောက်နေချိန်တွင် ထိန်းထိန်းသိမ်းသိမ်းမနေခဲ့မိခြင်းကြောင့် တစ်ဘဝစာ ဖျက်မရသည့်အမှားမျိုးကို ကျူးလွန်ခဲ့ရခြင်းဖြစ်၏။ သူမအတွက် ပြန်ပြင်ခွင့်မရှိတော့ပေ။

♛♛♛♛

''ကောင်မ.....အေးမိ၊ နင့်လင်လာပြီလေ၊ လာကြိုဦးဟဲ့''

အရက်မူးသံကြီးဖြင့် အပြင်မှ အော်ခေါ်နေ၏။ အေးမိချိုက ကလေးသိပ်နေရာမှ အပြင်သို့မျှော်ကြည့်လိုက်သည်။ အိမ်ရှေ့တွင် ဆိုက်ကားကြီးပေါ်မှ ထပ်မံအော်ခေါ်ပြန်ရာ အေးမိချိုက မထွက်ပေ။



''ငါဝင်လာမှသိမယ် ကောင်မ၊ နင်တော်တော်လူဝါးဝနော်၊ လင်ကို လင်လိုမဆက်ဆံဘူး''

ဆိုက်ကားဆရာက မြန်မြန်ဆင်းလေ ကောင်းလေဟု သဘောထားပုံရ၏။ သူ ကိုယ်တိုင်တွဲ၍ အိမ်ထဲသို့အရောက် ပို့ပေးသည်။

''ကျေးဇူးပဲ ငါ့ညီ၊ ကျေးဇူး.. ကျေးဇူးနော်''

''အစ်ကို ဆိုက်ကားခပေးဦးလေ''

**အရာအားလုံးက သူမ၏အမှားဖြစ်နေသည်။ လင်းသား အဝေးရောက်နေချိန်တွင် ထိန်းထိန်းသိမ်းသိမ်းမနေ ခဲ့မိခြင်းကြောင့် တစ်ဘဝစာဖျက်မရသည့် အမှားမျိုးကို ကျူးလွန်ခဲ့ရခြင်းဖြစ်၏။ သူမအတွက်......**

''ဩော်.....ဟုတ်ပါရဲ့၊ ဆောရီးကွာ၊ ရော့.....တစ်ထောင်၊ ပြန်မအမ်းနဲ့တော့၊ အစ်ကို့နာမည် စံရဲ၊ မှတ်ထားနော် စံရဲ ဟား...ဟား... ဟား၊ စံရဲ.....''

ဆိုက်ကားဆရာလည်း ငွေရသည်နှင့် ဝမ်းသာအားရယူကာ ပြန်သွားတော့၏။ ဒယိမ်းဒယိုင်နှင့်တက်လာသော စံရဲက အိမ်ပေါ်ရောက်သည်နှင့်.....

''ဟဲ့.....အေးမိ၊ နင်ဘယ်မှာလဲ၊ ထွက်ခဲ့စမ်း''

''နင်ဘာဖြစ်နေတာလဲ စံရဲ၊ ကလေးအိပ်နေတယ်နော်''

www.burmeseclassic.com





“အိပ်ပေ့စေ၊ နင်နဲ့ငါ ဆွေးနွေးစရာရှိတယ်”

စံရဲက မူးမူးနှင့် စကားများနေသည်။ အေးမိချိုလည်း မျက်နှာထားတင်းတင်းဖြင့်.....

“ဘာလဲ.....ဘာဆွေးနွေးဦးမှာလဲ”

“ဟိုကောင်ပေးခဲ့တဲ့ပစ္စည်းတွေ နင့်ဆီမှာ အများကြီးနော်၊ ငါ မသိဘူး ထင်နေသလား”

“နင်နှိပ်စက်လို့ ကုန်ပြီလို့ ပြောနေတာ မကြားဘူးလား”

“ဒါဆို နင်ဝတ်ထားတာတွေ ချွတ်စမ်း၊ ငါ့အချစ်လေးကိုပေးမလို့”

“တောက်.....သေတော့မှာပဲ”

အေးမိချို၏ တောက်ခေါက်သံက ဒေါသမာန်ပါနေရာ စံရဲလည်းဖြုန်သွား၏။ မူးနေသည့်အတွက် အိမ်ရှေ့ခန်းမှာပင် ထိုးအိပ်လိုက်တော့သည်။ သူ့ရင်တွင်းစကားကို သိရသည့် အေးမိချိုတစ်ယောက် ဒေါသထွက်ကာ တုန်နေမိ၏။ သည်လိုပါပဲ မကောင်းသည့်အား ကျစိတ်က ဘဝပျက်မည်ကို ဂရုမစိုက်ကြတော့ပေ။ သူတစ်ပါးလုလျှင် မုဒိတာမပွားနိုင်ကြဘဲ ထိုဘဝမျိုးဖြစ်ချင်ကြ၏။ သူတစ်ပါး ဝတ်စားလျှင် ဝတ်စားချင်စိတ်ကြောင့် ဘဝကိုဖြတ်လမ်းက လိုက်ချင်ကြသည်။

သည်တော့ တန်ဖိုးထားရမည့် အသိမရှိတော့ပေ။ ငွေရဖို့ဆိုလျှင် မည်သည့်ဘဝမျိုးရောက်ပါစေ၊ ဝတ်စားနေရလျှင် တချို့မိန်းကလေးများက ကျေနပ်နေတတ်ကြ၏။ ကိုယ့်ဂုဏ်၊ ကိုယ့်သိက္ခာကျမည်ကို မကြည့်တော့ပေ။

“ဟင်း.....ဟိုကောင်မလေးကို ဆင်ယင်ချင်နေတာနဲ့ ငါ့ပစ္စည်းတွေကို ဖြုတ်ဆင်မယ်ပေါ့လေ၊ တော်တော်တရားက စရာပါလား။ စံ ရဲ...စံရဲ၊ နင်ဟာ သိပ်ကိုမျှော်လင့် ချက်ကြီးပါလား နော်၊ ငါ့ပစ္စည်းတွေများ နင်က ယူချင်သေးတယ်၊ ဟင်း..... ဟင်း“

အိပ်ပျော်နေသော စံရဲမျက်နှာကြီးအား ရွံရှာစရာဖြစ် စူးစိုက်ကြည့်မိသည်။ ယုတ်မာမှုက ... မျှကမ်းကုန်နေသည်မသိ။ ရှ...



www.burmeseclassic.com

www.burmeseclassic.com

ည်မှာ မွဲမွဲခြောက်ခြောက်နှင့် လူ
စိတ်ပျောက်နေသူနှင့် တူနေ၏။ မျက်တွင်းဟောက်ပက်ဖြစ်နေပြီး အဝတ်အစားများတွင်လည်း ချေး အထပ်ထပ်နှင့် သပ်သပ်ရပ်ရပ်မရှိ ပါ။

"ဩော်.....သူ့ကောင်မလေး က ဆပ်ပြာတစ်တုံးတောင် ဝယ် နိုင်ပုံမလား၊ အဝတ်အစားလျှော် ပေးဖို့ဝေးစွ၊ သူပေးတဲ့ပိုက်ဆံနဲ့ တောင် သူ့ကိုပြန်ချက်ကျွေးပုံ လား၊ ဟင်း....ဟင်း၊ သူမပေး နိုင်ရင်တော့ ခေါက်သွားမှာပဲ"

တစ်ညလုံး မည်သည့်အလုပ် များ လုပ်နေသည်မသိပေ။ အိပ် ရေးပျက်လာပုံရ၏။ တခေါ်ခေါ်နှင့် အိပ်ပျော်နေတော့သည်။ အေးမိချို လည်း ကလေးအိပ်နေတုန်း ထမင်း စားရန် အိမ်ထဲဝင်သွား၏။

"စံရဲ ထမင်းမှစားပြီးရဲ့လား၊ မျက်ဆိုင်က ထလာပုံရတယ်၊ ကျေးပါဘူးလေ၊ သူ့အတွက် ထမင်းတစ်လုံးတော့ ထပ်တည် ပေးထားဦးမှပဲ"

မချစ်သော်လည်း အောင့်ကာ နေရမည့်အဖြစ်ပင်။ သို့ပေမယ့် မွန်းဖြစ်နေသည့်အတွက် ဘက်က ဝတ္တရားအရ စီစဉ် တိုင်ပေးနေရ၏။

"အေးမိတို့က ကောင်းပြီဟော့ ဆိုရင် အနွံအတာခံလိုက်မယ်၊ ကိုယ့်အပေါ် မကောင်းရင်တော့ တုံ့ ပြန်ဖို့ ဝန်မလေးဘူးနော်၊ မေတ္တာ တရား ထားနိုင်တဲ့အထိတော့ သည်းခံနေလိုက်မယ်၊ မေတ္တာပျက် လာရင်တော့ လှည့်မကြည့်တတ် ဘူး"

အိုးထဲကရှိသည့်ထမင်းနှင့်ထိုင် စားနေလိုက်သည်။ အခုတလော ကလေးက သွေးလွန်တုပ်ကွေးဖြစ် ချင်သည့် အရိပ်အယောင်ပြနေ၏။ ညတိုင်း ကျီးကျတတ်သည်။ အေး မိချိုလည်း လက်ကျိုးသည့်ဒဏ်ရာ သက်သာသွားသော်လည်း အိပ်ရေး ပျက်သည့်ဝေဒနာရ လာ၏။ သူလက်ကျိုးစဉ်က သား အား သန်းသန်းမူတို့အိမ်တွင် ထိန်းခိုင်းထားရသည်။ သည် တော့လည်းခြင် ကိုက်ခံရပြီးဖြစ် ဟန် တူ၏။

ဆေးခန်းကိုသွားပြရာ ဆရာ ဝန်က အခြေအနေ နှစ်ရက် လောက်စောင့်ကြည့်ရန်ပြောခဲ့ သည်။ အခြေအနေမကောင်းလျှင် တော့ ဆေးရုံတင်ရန် ညွှန်ကြား ထား၏။

"ကလေးကိုလည်း ရှင်သတိ မရဘူး၊ ရှင့်ကလေးဆိုတာရော မေ့ နေပြီလား၊ ရှင့်သားက သူ့အဖေ ဘယ်သူမှန်းတောင် မသိတော့ဘူး၊ အဲဒါပဲ ကောင်းပါတယ်လေ၊ ဒါမှ သားကြီးလာရင် သားရဲ့အဖေဟာ ဦးလင်းပြည့်ပါလို့ ကျွန်မ ပြောမှာ ပါ"

ထမင်းစားရင်း တွေးနေမိ၏။ စံရဲအကြောင်း ရပ်သွားပြီးနောက် နေ့လယ်က ငွေချေးသူစာရင်းကို



www.burmeseclassic.com

စာအုပ်ထဲရေးမှတ်ရန် ခေါင်းထဲဝင်လာပြန်သည်။ အေးမိချိုက ရပ်ကွက်ထဲတွင် ငွေချေးသူပါ။ ငွေလိုအပ်သူများကို အေးမိချိုက အတိုးနည်းနည်းဖြင့်ချေး၏။ ထိုငွေတိုးနှင့် အေးမိချိုက ထိုင်စား၍ ရသည်။ စံရဲကလည်း လင့်ဝတ္တရားအရ ငွေကြေးပေးအပ်ခြင်းမရှိပေ။

အေးမိချိုလည်း မတောင်းခဲ့ပါ။ မပေး လေ ကွာရှင်းလေ ကောင်းလေဟု သဘော ထားမိ၏။

ည ၁၁ နာရီကျော်သည်နှင့် သားက ထုံးစံအတိုင်း ငိုတော့၏။ အေးမိချိုပင် မေးခနဲအိပ်ပျော်ရုံ ရှိသေးသည်။ လန့်နိုးသွား ရ၏။

"အီး.....အီး.....ဟီး အီး.... အီး.....ဟီး"

"သား ငိုနေပြီလား၊ အော့... အေး တိတ်တော့ကွယ်၊ ဆေးသောက်ရမယ်နော်၊ မင်းမနိုးသေးလို့ မေမေ ဆေးမတိုက်ရသေးတာ"

"အီး.....ဟီး.....အီး၊ အီး.... ဟီး.....အီး"

"အေး...အေး ပြီးပါပြီ၊ ခဏလေးနော်"

ကလေးကငို၏။ အေးမိချိုက ဆေးကိုကြိတ်၍ ဖျော်နေ၏။ ပြီးတော့ တစ်ဆက်တည်းပင် နို့ပူပူလေးကိုကျိုပြီး ပေါင်မုန့်နှင့်တိုက်ကျွေးရန် နွေးလိုက်သည်။ ကလေးမှာ အိပ်ရာထက်မှ တအီအီနှင့် ငို



နေရှာ၏။ ခဏအကြာတွင်.....

"ပြီးပြီ သား၊ ဟင် ငါ့သားလေး ဘယ်ရောက်သွားပါလိမ့်"

အေးမိချိုက ကလေးငယ်အား ရှာဖွေလိုက်ရာ ကလေးမှာ ခုတင် ပေါ်မှဆင်းပြီး ဘယ်ထွက်သွားမှန်း မသိတော့ချေ။

"သားရေ...သား၊ သားလေးရေ"

လုံးဝရှာမတွေ့တော့ပေ... အပြင်တွင်အိပ်နေသော စံရဲရှိရာသို့ ရှာခိုင်းရန် ထွက်လာရာ.....

"ဟင်....စံရဲလည်း မတွေ့တော့ပါလား၊ ငါ့သား လေး... ဘယ်များ ခေါ် သွားတာပါလိမ့်"

အေးမိချိုသည် ဓာတ်မီးကိုယူကာ မှောင်... နေသော အိမ်ရှေ့ခြံဝ... ထိုးကြည့်လိုက်၏... အပြင်တွင် လူခြေတိတ်... နေတော့သည်။ ပတ်... ဝန်း ကျင်အိမ်များပ... အိပ်မောကျနေ... လောက်ပေပြီ။ အရှေ့... ထည်ကို ကောက်... ဝတ်ကာ အပြင်သို့ထွက်... လာလိုက်၏။

"စံရဲများ သ... သားကို ခေါ်သွားလေ... သလား၊ မဟုတ်သေး... ဘူး၊ ကလေးရှိရင် သူ... ဘယ်လိုထိန်းမှာလဲ၊ သူ့ကိုယ်... တောင် အနိုင်နိုင်ရယ်၊ ဒါ... ကလေးကို ခေါ်ပြီး ဘာလုပ်မှာ... ကလေးကို ပြန်ပေးဆွဲပြီး ငါ့ဆီ... ငွေညှစ်ချင် လို့များလား"

အေးမိချိုလည်း ခွေ... တော့ပေ။ သေချာသည်။ စံရဲ... ယောက် ကလေးကိုခေါ်သွား...



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်၏။

"သားက နေကောင်းတာ မဟုတ်ဘူး၊ ဒုက္ခပါပဲ၊ ဒီလူ ဘာတွေလျှောက်လုပ်နေပါလိမ့်နော်"

အေးမိချိုသည် ကလေးပျောက်ရှာနိုင်ရန် သန်းသန်းမူနှင့် ကြူကြူဝင်းတို့ကိုပါ ဝင်ခေါ်လိုက်သည်။ သူတို့လည်း ကလေးပျောက်သည်ဆို၍ အိပ်မှုန်စုံမွှား ထလာကြသည်။

"ရှင့်ဥစ္စာက ညတွင်းချင်း ဟယ်၊ ကလေးပျောက်ရတယ်လို့"

"အေးလေ၊ ကလေးက နေကောင်းတာလည်းမဟုတ်ဘူး၊ စံရဲတစ်ယောက် ရူးများသွားပြီလား"

"မသိပါဘူးဟယ်၊ ဘာတွေလျှောက်လုပ်နေလဲမသိဘူး"

အမျိုးသမီးသုံးယောက်အပြင် သန်းသန်းမူနှင့် ကြူကြူဝင်းတို့၏ အမျိုးသားနှစ်ယောက်ပါ လိုက်လာကြသည်။

"ဟော.....ကလေးငိုသံကြားရတယ်၊ ဟိုဘက်ကလာတာဗျ"

"လုပ်ပါဦး ယောကျ်ားရယ်၊ အေးမိသားတော့ ဒုက္ခပါပဲ"

အမျိုးသားနှစ်ယောက်က ကလေးငိုသံကြားရာဆီသို့ အပြေးအလွှား ရှာဖွေကြတော့၏။ အေးမိချိုလည်း မျက်ရည်များဖြင့် သားပျောက်အားရှာဖွေရင်း သောကဖြစ်နေရသည်။

"ဟင်....ကိုစံရဲ ကိုစံရဲက ဒီမှာဘာလာလုပ်နေတာလဲဗျ"

စံရဲက အသံလာရာဆီသို့ လှည့်ကြည့်၏။ ချုံစပ်တွင်ထိုင်နေသော စံရဲက အေးမိချိုတို့ လိုက်လာသည်ကို သိသည်နှင့်.....

"ကောင်မ....နင်လိုက်လာတယ်၊ ဟိုမှာ နင့်သားသေပြီ"

စံရဲသည် ဘီလူးသရဲပမာ စူးစူးဝါးဝါးပြောလိုက်၏။ သူ့လက်ထဲတွင် တုတ်တိုတစ်ချောင်း ကိုင်ထားလိုက်သေး၏။

> အေးမိချိုတို့အားလုံး အံ့ဩသွားရတော့သည်။ အေးမိချိုသည် သွေးအိုင်ထဲ လဲကျသေဆုံးနေသော သားလေးအား ပြေး၍ပွေ့ဖက်ပြီး.....

"ခင်ဗျား ကလေးကို ဘာလုပ်လိုက်လဲ၊ ပြောလေ"

"ဟား...ဟား...ဟား၊ ငါ့မှာ အိပ်ရေးပျက်လို့ ကောင်းကောင်းအိပ်ရမလားမှတ်တယ်၊ သေနာလေး၊ မျိုးမစစ်ကောင်က ထငိုလို့ အိပ်ရေးပျက်သွားရတယ်၊ ဒီတော့ ရိုက်သတ်ပစ်လိုက်ပြီ"

"ဟာဗျာ.....ခင်ဗျား တော်တော်လူမဆန်တဲ့ဖခင်ပါလား၊ အဲဒါ ခင်ဗျားသားဗျ၊ ဘာကြောင့် အခုလိုလုပ်ရတာလဲ"

အေးမိချိုတို့အားလုံး အံ့ဩသွားရတော့သည်။ အေးမိချိုသည် သွေးအိုင်ထဲ လဲကျသေဆုံးနေသော သားလေးအား ပြေး၍ပွေ့ဖက်ပြီး ငိုနေတော့သည်။

"ဒီကလေးက ငါ့ကလေး မဟုတ်ဘူး၊ သူ့လင်ကြီးနဲ့ရတာကွ၊ ဒါကြောင့်မို့ ရိုက်သတ်ပစ်လိုက်တာ၊ အေးရော"

"ခင်ဗျားဗျာ လုပ်ရက်လိုက်တာ၊ ကလေးက ဘာသိမှာလဲ၊ ခင်ဗျားဘာသာ အိမ်ထောင်ရေးကိစ္စပဲ ရှင်းကြပေါ့"

"ဘာမှရှင်းစရာမလိုဘူးရှင့်၊ ကိုလင်းပြည့်နဲ့ ကလေးရခဲ့ရင် ရှင့်လိုကောင်မျိုးကို ကျွန်မ မယူဘူး၊ သိလား"



www.burmeseclassic.com

www.burmeseclassic.com

“အောင်မာ.....ကောင်မက ပြောရင်းနဲ့ နင့်လင်ကို သတိရလာပြီ၊ ဒီမှာ အေးမိ၊ ငါ နွားမဟုတ်ဘူးနော်၊ သိတယ်၊ ငါနဲ့ယှဉ်ပြီးမှ နင့်လင်ကြီးနဲ့ ခိုးတွေ့လို့ ရလာတာ မဟုတ်လား”

စံရဲအပေါ် မည်သည့် စကားမျှ မဆိုချင် တော့ပေ။ သန်းသန်းမူက အေးမိချိုကို တားလိုက်သည်။

“အေးမိ.....ဘာမှ ပြော မနေနဲ့တော့၊ ကလေးကို ခေါ်ပြီး အိမ်ပြန်ကြမယ်၊ ကဲ.....ထ .....ထ”

“သားရယ်.....ဖြစ်ရလေကွယ်”

အေးမိချိုလည်း ကလေးကို ပွေ့ချီပြီး လာရာလမ်းအတိုင်း လျှောက်လာစဉ် စံရဲသည် အကြံသမားပီပီ အေးမိချိုအား အပြတ်ရှင်းရန် ဆုံးဖြတ်ထားသည့်အတိုင်း တုတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင် ပြီးနောက် အေးမိချိုနောက်သို့ပြေး လိုက်လာတော့၏။

ကြူကြူဝင်း၏အမျိုးသားက နောက်လှည့်ကြည့်ပြီး အခြေအနေကို သဘောပေါက်သွားရာ.....

“မအေးမိ ပြေး....ပြေး၊ ခင်ဗျားကို ရိုက်တော့မယ်”

“ဟင်.....”

အေးမိချိုလည်း အဆောတလျင် ပြေးလိုက်စဉ် စံရဲလည်း တုတ်ကိုချိန်ရွယ်၍ တအားရိုက်



လိုက်ရာ ပစ်မှတ်လွဲသွားပြီးနောက် သူ့အရှိန်ဖြင့်သူ ယိုင်သွား၏။ သို့သော် မကောင်းသူတို့၏ လားရာအတိုင်း မြေပြင်တွင်ရှိနေသော ဆူးငြောင့်တစ်ခုက သူ့ဗိုက်ထဲသို့စိုက်ဝင်သွားသည်။

“အား.....”

သွေးရူးသွေးတန်းဖြင့် ပြန်ထလာသော်လည်း ဒယိမ်းဒယိုင်ဖြင့် ပါးစပ်မှ သွေးများကျလာ၏။ ပြီးနောက် မှောက်လျက်လဲကျကာ ငြိမ်သက်သွားတော့သည်။

“သူ့စရိုက်နဲ့သူသွားပြီ အေးမိချိုရေ”

“သူတစ်ပါးမကောင်းကြံလို့ ဒဏ်ခတ်ခံရတာပဲဗျာ”

“ဟုတ်တယ်ဗျ၊ ဒီလူက ကလေးကို သတ်ပစ်ပြီး မအေးမိ တစ်ယောက်တည်း လိုက်လာမယ် အထင်နဲ့ မအေးမိကိုပါ အဆုံး စီရင်ဖို့ စောင့်နေတာလေ၊ ဒါမှ ခင်ဗျားရဲ့ ငွေနဲ့ ပစ္စည်းတွေကို သူရမှာပေါ့ဗျာ”

အေးမိချို ဝမ်းမနည်းပါ။ သို့သော် ဝမ်းလည်းမသာပေ။ တစ်ခုတော့ တရားသံဝေဂရမိ၏။ မတော်လောဘဖြင့် မကောင်းမှုကို ပြုလုပ်လျှင် ထိုမကောင်းမှုက ကိုယ့်အား ပြန်လည်ဒဏ်ခတ်တတ်သည်ဟူ။

**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## မိုးခေါင်ရေရှားမေတ္တာဝန်းကျင်

မောင်ထွန်းညွန့်
(ကွမ်းခြံကုန်း)

ကမ္ဘာပေါ်တွင် အမြန်ဆုံးသော အရာကား အဘယ်နည်း။ စိတ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အနှေးကွေးဆုံးသောအရာကကော မည်သည့်အရာနည်း။ ထိုစိတ်ပင်။ ထိုမျှသာမက ထိုစိတ်သည် မတည်ငြိမ်ခြင်း၊ ဖောက်ပြန်ခြင်း၊ ထွင်းဖောက်ရောက် သွားတတ်ခြင်း၊ လေးလံတတ်ခြင်း၊ ထိုင်းမှိုင်းတတ်ခြင်း စသည့်ဝိရောဓိလက္ခဏာတို့ဖြင့်လည်း ကုံလုံပြည့်ဝနေပါသေးသည်။

စိတ်သည် အကောင်အထည် ရုပ်ဒြပ်မရှိစေကာမူ အကောင် အထည်ရှိသည့် ရုပ်၊ ဒြပ်ပစ္စည်းများ ကဲ့သို့ သတ္တဝါတို့၏ ဘဝအနိမ့် အမြင့်၊ အတက်အကျကို ဖန်တီးပေးနိုင်စွမ်း ရှိပါသည်။

မိမိ၏စိတ်ကို မိမိ၏ခန္ဓာအတွင်းမှာသာ တည်ငြိမ်ကိန်းအောင်းနေနိုင်အောင် ကျင့်ကြံရသော သမထ၊ ဝိပဿနာ၊ အိန္ဒိယဆာဒူး၊ ယောဂစသော ကျင့်စဉ်အဝဝ၊ စရဏအထွေထွေသည် လွင့်ပျံထွက်ပြေးတတ်သောထိုစိတ်ကို ဖမ်းဆုပ်ချုပ်ကိုင်နိုင်အောင် ပြုလုပ်ကြသည့် ကျင့်စဉ်နည်းအထွေထွေပင် ဖြစ်ပါသည်။

ယနေ့ ၂၀ ရာစုနှောင်းပိုင်းနှစ်များတွင် စိတ်နှင့်ပတ်သက်ပြီး ထူးဆန်းထွေလာ ဖြစ်ရပ်အဖြာဖြာတို့နှင့်ပတ်သက်၍ အနောက်နိုင်ငံများတွင် ကြုံတွေ့ ကြားသိရသမှု



တို့ကို ကျွန်ုပ်တို့ ဖတ်ရှု ကြားသိနေရပေသည်။ စိတ်ဖြင့် သံချောင်းကို ကွေးခြင်း၊ စိတ်စွမ်းအင် ဖြင့် ပစ္စည်းများကို တစ်နေရာမှ တစ်နေ ရာသို့ ရွှေ့ပြောင်းခြင်း၊ စိတ်စွမ်းအားကို အသုံး ပြု၍ မိမိကိုယ်ကို လေထဲ တွင် ထိုင်လျက်အနေ အထားဖြင့် မြောက် ကြွပြခြင်း၊ သင်ပုန်း အခြားတစ် ဖက်တွင် ရေးပြထားသော ရုပ် ကားသဏ္ဍာန်များကို



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်မှ မိမိ၏စိတ်တန်ခိုးဖြင့် ထွင်းဖောက်ကြည့်ပြီး အနီးစပ်ဆုံးအထိ ပုံတူရေးပြခြင်း စသည့် စသည့် ဖြစ်ရပ်ဆန်းများ ပေါ်ပေါက် လာကြပါသည်။

တစ်ဖန် လွန်ခဲ့သည့် နှစ်အတန်ကြာကပင် သိပ္ပံပညာရှင်တို့ လေ့လာလက်ခံထားခဲ့ကြသော တယ်လီပသီ ခေါ် စိတ်နောက်ကိုယ်ပါ၊ စိတ်ခွာကိုယ်ရောက် (သို့မဟုတ်) ဝေးနေစိတ်ချင်းသွယ်မှု ဟူသည့် စိတ်စွမ်းအင်တစ်မျိုးမှာလည်း ဤစိတ်မှပင် ခွဲထွက်သော အနွယ် အခက်တစ်ခုပင်ဖြစ်ပါသည်။

သူ့အမည်ကို
ကေသီခိုင်ဟု ပေးပါသည်။
အမည်ရင်း ဟုတ်၊ မဟုတ်ကိုမူ
မသိပါ။
ဟုတ်သည်
ဖြစ်စေ၊မဟုတ်သည်ဖြစ်စေ
ကျွန်ုပ် အတွက်
အကြောင်းမဟုတ်ပါ။
အဘယ်ကြောင့်ဆိုသော်
သူလာကြည့်သည်မှာ
မွေးနေ့မွေးနံ ကိန်း ခန်း
နက္ခတ်ဖြင့် .....

အထက်က စာရေးသူဖော်ပြထားခဲ့သော စိတ်နှင့်ဆက်နွယ်သည့် အကြောင်းခြင်းရာများသည် စိတ်ကိုဖွင့်ဆိုသည့် အနက်များ၏ အပုံတစ်သောင်းပုံသော် တစ်ပုံပင် မရှိပါ။ စိတ်ဟူသည် ဆုပ်ဖမ်းမပြနိုင်သည်နှင့်အမျှ လျှို့ဝှက်ခြင်း၊ ဆန်းကြယ်ခြင်းအနက်တို့ကိုဆောင်ကာ လေ့လာ၍မဆုံးနိုင်အောင်ပင် နယ်ပယ်ကျယ်ဝန်းလှပါသည်။ ထို့အပြင် အထက်မှာဖော်ပြထားသော စိတ်ကိစ္စများက ကြီးကျယ်လွန်းနေပါသည်။ လူတန်းစားအလွှာပေါင်းစုံနှင့် မပတ်သက်သည့် သီးခြားကိစ္စရပ်များအသွင်ကိုလည်းဆောင်နေပါသည်။

အမှန်တကယ်လိုအပ်သည်မှာ မိမိ၏ ပကတိစိတ်ကို အတည်ငြိမ်ဆုံး၊ အသန့်စင်ဆုံး ထားရှိနိုင်ဖို့သာဖြစ်ပါသည်။ စိတ်ကိုနိုင်ပါက ကမ္ဘာကိုနိုင်သည်ဆိုသော စကားတစ်ခွန်းကို လူတိုင်းလိုလိုပင် ကြားဖူးပြီးဖြစ်ကြပါလိမ့်မည်။

♛♛♛♛♛

ပကတိ ပင်ကိုစိတ် မတည်ငြိမ်၊ ဖောက်ပြန်မိပါက ထိုဖောက်ပြန်သောစိတ်နောက်သို့ ဘဝပါ ပါသွားပြီး ကတိမ်းကပါးဖြစ်တတ်သည်။ ထိုသို့ စိတ်မမှန်။ စိတ်မတည်ငြိမ်မှုကြောင့် ဘဝတွင် တိမ်းတိမ်းပွေပွေ ဖြစ်ရသည့် အမျိုးသမီးငယ်တစ်ဦးကို တစ်ခါက လက္ခဏာဟောခွင့် ကြုံခဲ့ဖူးသည်။

ကျွန်ုပ်ထံ လက္ခဏာလာကြည့်စဉ်က သူ့အမည်ကို ကေသီခိုင်ဟု ပေးပါသည်။ အမည်ရင်း ဟုတ်၊ မဟုတ်ကိုမူ မသိပါ။ ဟုတ်သည်ဖြစ်စေ၊မဟုတ်သည်ဖြစ်စေ ကျွန်ုပ်အတွက် အကြောင်းမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူလာကြည့်သည်မှာ မွေးနေ့မွေးနံ ကိန်းခန်းနက္ခတ်ဖြင့် ဟောပြောရမည့် ဗေဒင်မဟုတ်ဘဲ လက်ဖဝါးပြင်ပေါ်မှ အရေးအကြောင်းများကို ကြည့်ဟောရသည့် လက္ခဏာဖြစ်သောကြောင့်ပင်။

ကေသီခိုင် ရောက်လာချိန်သည် လူရှင်းသွားချိန်ဖြစ်သောကြောင့် ကေသီခိုင်နှင့်ကျွန်ုပ် အချိန်အတော်ကြာပင် ဆွေးနွေးဖြစ်ကြပါသည်။ ကေသီခိုင်က သူ့ဘဝဇာတ်ကြောင်း အတိုချုပ်ကို ကျွန်ုပ်က မမေးရဘဲ ဖွင့်ပြောလာပါသည်။ သူဖွင့်ပြောပြသော သူမ



www.burmeseclassic.com

www.burmeseclassic.com



ဘဝဇာတ်ကြောင်းကို နားထောင်ပြီး သူ့လက္ခဏာကို ကြည့်ရှုစစ်ဆေးလိုက်သောအခါ သူ့ဘဝနှင့် သူ့လက္ခဏာသည် ကွက်တိပင်။

"ကေသီက ငယ်ငယ်လေးကတည်းက သိပ်တစ်ရှူးထိုးနိုင်တာ ဆရာရဲ့၊ ဒါဆိုဒါမှ၊ ဟိုဟာဆိုရင် ဟိုဟာမှ၊ ဘူးဆိုရင် ဖရုံမသီးဘူး"

"စိတ်ကြီးတယ်ဆိုရမှာပေါ့လေ"

"ဟုတ်ပါတယ် ဆရာ၊ စိတ်ကလည်း တအားမြန်၊ ဆတ်ကလည်းဆတ်တော့ ထစ်ခနဲဆို ဒေါသက ဖြစ်လိုက်တာပဲ ဆရာရဲ့၊ ပြီးတော့ ကေသီက သူများကိုသိပ်အထင်သေးတတ်တယ်၊ ငါဆိုမှငါဆိုတဲ့စိတ်က ငယ်ထိပ်မှာ"

"ပြောပါဦး"

"ပြီးတော့ သိပ်ပြီးတော့လည်း ထင်ပေါ်ကျော်ကြားချင်တယ်၊ အဲ.....ချမ်းသာချင်လိုက်တာလည်း အလွန်ပဲ၊ ခုတော့ ဘယ်လောက်ချမ်းသာသလဲဆိုတာကတော့ ဆရာ့အမြင်ပဲ"

ကေသီက ပြောပြီးပြီးချင်း ဟက်ဟက်ကလေး ရယ်လိုက်သည်။ မှန်ပါသည်။ ကေသီမဆင်းရဲပါ။ ကားတစ်စင်း၊ တိုက်တစ်လုံးဖြင့် နေနိုင်သည့်အဆင့်မှာရှိပါသည်။ ကေသီသည် သိတတ်သည့်အရွယ်ကတည်းက ကျော်ကြားချင်သည်၊ ချမ်းလည်းချမ်းသာချင်သည်။ အထူးသဖြင့် ထင်ပေါ်ကျော်ကြားပြီး ချမ်းသာသူများကို သိပ်အားကျသည်။ သူတို့လို သိပ်ဖြစ်ချင်သည်။ ထို့ကြောင့်လည်း စိတ်ကူးတွေ မကြာခဏယဉ်ယဉ်ကြည့်မိသည်။



နည်းနည်းစဉ်းစားတတ်သည့် အရွယ်ရောက်လာတော့ သူလိုချင်သည့် ကျော်ကြားမှုနှင့် ချမ်းသာ ကြွယ်ဝမှုတို့ကို တစ်ပြိုင်တည်းရနိုင်သည့် နယ်ပယ်မှာ ရုပ်ရှင်နယ်ဖြစ်ကြောင်း တွေးတောမိသည်။ ချောမောလှပသော မိမိရုပ်ရည်အားကိုးနှင့်လည်း ရုပ်ရှင်မင်းသမီး သိပ်ဖြစ်ချင်လာသည်။ သို့သော် ကေသီက ကျောထောက်နောက်ခံ ဘာအဆက်အသွယ်မှ မရှိ။

ဒီလိုနှင့် တစ်နေ့တွင် သပြေတစ်ခက် ရုပ်ရှင်ကုမ္ပဏီနှင့် ရင်းနှီးသည်ဆိုသော လူတစ်ယောက်နှင့် ကေသီဆုံမိသည်။ ထိုကုမ္ပဏီက မင်းသမီးအသစ်တစ်ယောက် လိုက်ရှာနေကြောင်း၊ ကေသီဆန္ဒရှိလျှင် အုပ်ချုပ်ရေးမှူးဆိုသူနှင့်ဆုံပေးမည်ဖြစ်ကြောင်း ထိုသူကပြောလာတော့ ကေသီတို့ ထီပေါက်တာထက်ပင် ဝမ်းသာသွားသည်။ နေ့ကူးပင်မခံဘဲ တစ်ခါတည်း အုပ်ချုပ်ရေးမှူးဆိုသူနှင့် သွားတွေ့လိုက်သည်။ အုပ်ချုပ်ရေးမှူးက ကေသီ့ဘေးတိုက်ပုံ၊ ရှေ့တည့်တည့်ပုံများကို ရှုထောင့်အမျိုးမျိုး ဓာတ်ပုံရိုက်ယူသည်။ ပြီးတော့ ရုပ်ရှင်ဗဟုသုတများလည်း ပြော



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထရစ်ဂျတီတို့ လပ်ဖ်ဆင်းနဲ့ ဘို့ ဒရမ်မာတို့ဆိုသည့် စကားများကတော့ ခဏခဏပါသည်။

ဘာပဲပြောပြော အုပ်ချုပ်ရေးမှူးကြီးကို ကေသီ သိပ်အထင်ကြီးသွားသည်။

သည့်လိုနှင့် ထိုရုံးခန်းသို့ နေ့တိုင်းနှင့်အမျှ ကေသီ ရောက်ရောက်လာသည်။ အမူအရာ အစမ်းအဘောတွေလည်း လေ့လာရသည်။ ပြီးတော့ လေ့လည်းလေ့ကျင့်ရသည်။ အစပိုင်းမှာ မယုံမရဲဖြစ်မိသော်လည်း ရက်ကလေးနည်းနည်းကြာလာတော့ ယုံယုံကြည်ကြည်၊ ရင်းရင်းနှီးနှီးဖြစ်လာသည်။ ပူးတွဲပူးတွဲဖြစ်လာသည်။

တစ်ညနေခင်းတွင် အုပ်ချုပ်ရေးမှူးနှင့် ကေသီတို့ လုပ်ငန်းကိစ္စဆွေးနွေးကြသည်။ ဆွေးနွေးရင်းဆွေးနွေးရင်းဖြင့်ပင် ကေသီခိုင်တစ်ယောက် အမှောင်ခန်းထဲသို့ရောက်ခဲ့ရပါသည်။ ကေသီခိုင်ပါဝင်သည့် မည်သည့်ရုပ်ရှင်ကားမှ ရုံပေါ်သို့ရောက်မလာပါ။ အုပ်ချုပ်ရေးဆိုသည်မှာလည်း ဘယ်ရောက်သွားမှန်းမသိ။ ထိုအချိန်က ကေသီခိုင်သည် ၁၈ နှစ်သမီး။

♛♛♛♛♛



ကျွန်ုပ်ထံရောက်သည့်အချိန်တွင်မူ ကေသီခိုင်သည် အသက် ၂၀ ကျော်ခဲ့ပြီ။ စီးပွားရေးနယ်ကျယ်ကျယ်တွင် ချမ်းသာရမည်ဆိုသော စိတ်တစ်ခုတည်းဖြင့် လှုပ်ရှားနေသည့်ကာလဖြစ်သည်။

ကေသီခိုင်ကဲ့သို့သော စိတ် တစ်ဖွတ်ထိုးနိုင်သူများ၊ စိတ်အလိုကို မထိန်းနိုင်သူများ၊ မိမိကိုယ်ကို မိမိအထင်ကြီးလွန်းသူများ၊ အပြောကောင်း၊ ဟန်ကောင်းနှင့် ပြည့်စုံသော အမျိုးသမီးတို့သည် ကျော်ကြားမှုနှင့် ချမ်းသာမှုတို့ကို မက်မောမိသောအခါ တစ်သက်တွင် အနည်းဆုံး လေ့တစ်ခါမှောက်၍ ဘဝကို အလျော်ပေးကြရစမြဲဖြစ်သည်။ သို့သော် ထိုအမျိုးသမီးတို့သည် အဆုံးတွင် လင်ကောင်းသား ကောင်းရပြီး ဘဝကို အနိုင်ဖြင့်ပိုင်း လိုက်ကြတတ်သည်ကို အံ့ဩစရာ တွေ့ကြရပါသည်။

ကေသီခိုင်၏ လက္ခဏာကို စစ်ဆေးရာတွင်–

**၁။ လက်ဝါးပြင်ပုံသဏ္ဌာန်**

လက်ဝါးပြင်မှာရှည်သည်။ လက်ချောင်းများ အချိုးအဆစ်ပြေပြေပြစ်ပြစ်ရှိသည်။ ထို့ကြောင့် ထိုလက္ခဏာရှင်သည် စိတ်အားညွှတ်နွဲ့တတ်သည်။ စိတ်ကူးယဉ်တတ်သည်။ အတွေးနယ်ချဲ့တတ်သည်။ အထူးအားဖြင့် မိမိကိုယ်မိမိအထင်ကြီးလွန်းတတ်သည်။

ကေသီခိုင်ကိုယ်၌က သူတစ်ပါးကို အထင်သေးပြီး သူ့ကိုယ်သူသာ အထင်ကြီးတတ်သည်ဟု ထုတ်ပြောသည်ကိုသတိထားကြည့်ပါက မှန်ကန်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com



ထို့နောက် လေခတို့၏ သဘောနှင့် လက်ဖဝါးပြင် ပုံသဏ္ဌာန်သဘောမှာ ဆန့်ကျင်နေသည်ကို တွေ့ရသည်။ လက်ဖဝါးပြင်က စိတ်နူးညံ့ခြင်း၊ စိတ်ညွှတ်ခြင်း၊ စိတ်ကူးယဉ်ခြင်းတို့ကို ပြသည်။ လေခတို့၏သဘောက ကမူးရှူးထိုး၊ ပရမ်းပတာကိုပြသည်။ လုံးဝဆန့်ကျင်သည်။ ထိုသို့ ဆန့်ကျင်နေခြင်းကြောင့် အဘယ်ကိစ္စများဖြစ်ခဲ့ပါသနည်း။ ရှင်းပါသည်။



စိတ်ညွှတ်ခြင်းနှင့် ပရမ်းပတာဖြစ်ခြင်းတို့၏ ဝိရောဓိလွန်ဆွဲပွဲတွင် ရှေ့နောက် မဆင်ခြင်မှုက ဝင်လာပြန်သောအခါ ကေသီနိုင်ခမျာ အပျို ရည်ပျက်ခဲ့ရရှာခြင်းဖြစ်ပါသည်။

ကျွန်တော်နှင့်တွေ့စက ကေသီနိုင်သည် တိုက်တစ်လုံး၊ ကားတစ်စီးဖြင့် ပိုမိုချမ်းသာရေးကို အဓိကထား လှုပ်ရှားနေချိန်ဖြစ်သည်။ ပိုမိုချမ်းသာမည်၊ ကျော်လည်းကျော်ကြားမည်ဆိုပါက ဘဝတွင်ထပ်၍ ကိုယ်ကျိုးနည်းလိုက်ရန်

ကျွန်တော်နှင့်တွေ့စက
ကေသီနိုင်သည်
တိုက်တစ်လုံး၊
ကားတစ်စီးဖြင့်
ပိုမိုချမ်းသာရေးကို
အဓိကထား....

ဝန်လေးမည့်အမျိုးသမီးဟုတ်ပါ
မေတ္တာကိုနားမလည်၊
သံယောဇဉ် ဆိုတာကို
ဘေးဖယ်ထား၊ အချစ်
ဆိုတာ အလကားဆို
သည်မှာ ကေသီနိုင်တို့
အတွက်။

**၂။ လက်ချောင်းများ ရပ်တည်နေပုံ**

လက်ချောင်းကလေး
များသွယ်သည်။ လက်
အရှည်သည် လက်သူ
ကြွယ်လက်သို့ ယိမ်း
သည်။ လက်သန်း၏
ပထမအဆစ်အနည်း
ငယ်ကောက်နေသည်။
ထို သဘောကား လက်
ချောင်းပိုင်ရှင် အမျိုးသမီးသည်
ကိုယ့်အကျိုးစီးပွားအတွက် ဆိုလျှင်
မည်သည့် ပရိယာယ်၊ မည်သည့်
မာယာမျိုးဖြင့်မဆို ရယူမည့်
သဘောကိုပြပါသည်။

**၃။ လက်မ ရပ်တည် နေပုံ**

လက်မ၏ ပထမအဆစ်
အနည်းငယ် အားကောင်း၏
ကတော့ ပုံသဏ္ဌာန် လက်မထိပ်
၏။ လက်မထိပ်အနောက်သို့
အနည်းငယ် ကော့သည်။ ဒုတိယ
အဆစ်အနည်းငယ် ခါးသိမ်သည်။
ထိုသဘောများကား ကိုယ်လိုရာ



www.burmeseclassic.com

ဘက်သို့ ကိုယ်ဆွဲ တွေးတတ်ခြင်း၊ စိတ်မတည်ငြိမ်ခြင်း၊ စိတ်ထိန်းသိမ်းနိုင်မှုစွမ်းအား နည်းပါးခြင်းတို့ကိုပြသည်။

ကေသီခိုင်၏ လက်ဝါးပုံစံပေါ် လက္ခဏာအမှတ်အသားများကို ဆက်၍ လေ့လာကြည့်လျှင်–

ပုံစံ (A)။ ။ ကြာသပတေးဂြိုဟ်ခံ အောက်ခြေ ပါရှိသော အသက် လမ်းကြောင်းမှ ထိုးထွက်နေသော တိုးတက်ရေးလမ်းကြောင်း ရှိခြင်းကြောင့် ရည်မှန်းချက်တစ်ခုကို ကြံစည်အားထုတ်မှုတွင် ဖြစ်မနေ လုပ်ဆောင်တတ် ခြင်း သဘာဝများ ဖြစ်ပေသည်။ သို့သော် လက်ချောင်းများ မညီတည်ခြင်း မကောင်းခြင်းကြောင့် ဘဝတွင် မဖြစ်သင့်သည်များ ဖြစ်သွားရ ခြင်းဖြစ်သည်။

ပုံစံ (B)။ ။ တနင်္ဂနွေဂြိုဟ်ခံအောက် မေတ္တာလမ်းကြောင်းမှ စတင်သော အောင်မြင်ခြင်းလမ်းကြောင်း ပါရှိခြင်း အနုပညာဝါသနာပါရှိခြင်း၊ ထင်ပေါ်လိုခြင်း၊ အောင်မြင်ကျော်ကြားမှု တစ်ခုခုကို ရရှိတတ်ခြင်းနှင့် ငွေကြေးပစ္စည်းပြည့်စုံချမ်းသာမှုများ ရရှိမည်။

ပုံစံ (C)။ ။ မေတ္တာလမ်းကြောင်းသည် ဗုဒ္ဓဟူးနှင့် တနင်္ဂနွေဂြိုဟ်ခံကြားမှစ၍ကြိုးပြတ်ပြီး အင်္ဂါလမ်းကြောင်းနှင့် ထိတွေ့နေခြင်းကြောင့် မေတ္တာရေးရာ နှလုံးသားကိစ္စများတွင် အရှက်သိက္ခာ ထိခိုက်နစ်မွန်းစေတတ်သကဲ့သို့ "မေတ္တာကုန်ရှုံးသဖြင့် တစ်သက်လုံးမှောက်ရမည့်" ကိန်းကဲ့သို့ ကြုံတွေ့ရင်ဆိုင်ရခြင်းပင်ဖြစ်သည်။

ပုံစံ (D)။ ။ တနင်္လာဂြိုဟ်ခံမှစတင်တက်လာသော အောင်မြင်ခြင်းလမ်းကြောင်းနှင့် ကံကြမ္မာလမ်းကြောင်းငယ်တို့ ဖြတ်သန်းကြုံတွေ့သော အသက်ပိုင်း ၂၀ ကျော်ပြီးမှ အိမ်ထောင်ကျကောင်းပြီး ငွေကြေးစီးပွား ပြည့်စုံချမ်းသာရခြင်း ပင်ဖြစ်သည်။



အားလုံးကို ခြုံကြည့်ပါက ကေသီခိုင်၏ဘယ်ညာ လက်ဝါးပြင်နှစ်ဖက်လုံးမှ ကံလမ်းကြောင်းသည် တနင်္လာဂြိုဟ်ခံမှ အထက်သို့ ထင်ရှားစွာတက်သည့် လမ်းကြောင်းနှင့် အစချင်းပူးနေသည့် အချက်တို့ကြောင့် ၂၁နှစ်တွင် အိမ်ထောင်ကျိန်းသေပေါက် ကျမည်။ အသက် ၃၀ခန့်မှစ၍ ငွေကြေးများစွာရမည်။ သတိတရားရှိရှိဖြင့် ဆင်ခြင်သုံးစွဲပါဟုသာ "မိုးခေါင်ရေရှားမေတ္တာဝန်းကျင်"မှ တစ်ယူသန်မိန်းမချောလေးကို မေတ္တာရှေ့ထား လျက် ဟောကြားပေးလိုက်ပါသည်။

**မောင်ထွန်းညွန့်**
**(ကွမ်းခြံကုန်း)**



www.burmeseclassic.com

www.burmeseclassic.com




နဂါးကြီး ဝင်းဦး (ငြိမ်း)

# ပြေးလမ်းမှားသော ကျား



www.burmeseclassic.com

www.burmeseclassic.com





# ပြေးလမ်းမှားသောကျား

ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)

၁၉၈၉ ခုနှစ်ဦးအစအချိန်ဖြစ်ပါသည်။ တစ်နည်းဆိုပါသော် တပ်မတော်အစိုးရ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမတည်ဆောက်ရေးအဖွဲ့)သည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်နေ့မှစတင်ပြီး နိုင်ငံတော်အာဏာအရပ်ရပ်ဖြစ်သည့် ဥပဒေပြုမှုအာဏာ၊ စီမံခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှုအာဏာသုံးရပ်အား ရယူကျင့်သုံးနေသည့် အချိန်အခါလည်းဖြစ်ပါသည်။ အထူးသဖြင့် တရားရုံးများတွင် အမှုများအား မှန်ကန်နှင့်မြန်မြန်စစ်ဆေးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်အချိန်ဖြစ်ပါသည်။ သက်ဆိုင်ရာတရားရုံးများတွင် ဥပဒေကျွမ်းကျင်သော တရားရေးဝန်ထမ်းများအား ရုံးထိုင်စေပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်၍ ချဲထီလောင်းကစားခြင်းအမှုများနှင့်ပတ်သက်၍ ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြပါသည်။

ထို့ပြင် တရားဥပဒေစိုးမိုးရေးနှင့် လာဘ်ပေးလာဘ်ယူပပျောက်ရေးအတွက်လည်းကောင်း၊ ချဲထီလောင်းကစားမှုများနှင့် အခြားအမှုကြီးများ၊ လူထုစိတ်ဝင်စားသော မှုခင်းများအား ထိရောက်ဟန့်တားသော ပြစ်ဒဏ်ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်တရားရုံးများ၌ စစ်ဆေးခြင်းမပြုဘဲ စစ်ခုံရုံးများဖွဲ့စည်း၍ ထိရောက်စွာ ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်နေချိန်လည်းဖြစ်ပါသည်။



ရဲစခန်းမှူး ရဲအုပ် နှင်းဦးမှာ ပြွန်တန်ဆာရဲစခန်းသို့ ၁၉၈၃ ခုနှစ်ကတည်းက ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့သည်မှာ (၆)နှစ်အတွင်းသို့ ဝင် ရောက်ရှိလာပြီဖြစ်သဖြင့် ပြွန်တန်ဆာမြို့၏အနေအထား၊ နယ်မြေအခြေအနေများအား အကျွမ်းတဝင်ရှိလာပြီဖြစ်ပါသည်။ ယနေ့သည်၊ ညောင်လေးပင်တရားရုံးတွင် ရဲစခန်းအပိုင်၌ ဖြစ်ပွားခဲ့သော ပြစ်မှု ၄၅၆ (ညအချိန် ပုန်းလျှိုးကျော်နင်းမှု)အမှုအား သက်သေခံရန် နံနက် ၁၁ နာရီခန့်ကတည်းက ရောက်ရှိနေခြင်းဖြစ်ပါသည်။ သူ တရားစွဲတင်ခဲ့သော အမှုအား စစ်



www.burmeseclassic.com

www.burmeseclassic.com





ဆေးခြင်းမပြုသေးသဖြင့် အမှုလိုက်ရုံး၊ ဥပဒေရုံးများသို့ သွားရောက်ပြီး အချိန်ဖြုန်းနေရပါသည်။ သူကိုယ်တိုင် စစ်ခဲ့သောအမှုအား ညနေ ၃ နာရီခန့်မှစတင်၍ စစ်ဆေးခဲ့ရာ တစ်နာရီခန့်ကြာပြီးမှ ပြီးဆုံးခဲ့ပါသည်။ တရားရုံးတော်တွင် စိတ်မောစွာဖြင့် သက်သေခံပြီးနောက် ရုံးရှေ့ရှိ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ပြီး စက်ဘီးဖြင့် ပြွန်တန်ဆာသို့ ပြန်လာခဲ့ပါသည်။ မြောက်ဘက်မှလေသော့သော့လေးတိုက်နေသောကြောင့် စက်ဘီးစီးရသည်မှာသက်သာလှပါသည်။ ငါးမိုင်ခန့်သာဝေးသောကြောင့် မိနစ်နှစ်ဆယ်ခန့်နှင့်ပင် ပြွန်တန်ဆာသို့ ရောက်ရှိခဲ့ပါသည်။

ရဲစခန်းဝင်းသို့ရောက်သည်နှင့် ရဲစခန်းရှေ့တွင် အဖြူရောင်ဆလွန်းကားတစ်စီး ရပ်ထားသည်ကိုတွေ့ရပါသည်။ စခန်းမှူး ရဲအုပ် နှင်းဦးက သူ့မိတ်ဆွေအပေါင်းအသင်းများထဲတွင် ယခုကဲ့သို့ ဆလွန်းကားစီးသည့်သူ မရှိသည်ကို သတိပြုမိသည်။ သူ့မိတ်ဆွေထဲကတော့ မဟုတ်နိုင်။ ရဲစခန်းရှိ မိသားစုတစ်ဦးဦးထံ လာရောက်သည့်ကားဖြစ်မည်ထင်ပြီး ရဲစခန်းရုံးခန်းထဲဝင်လာပါသည်။

ရုံးခန်းထဲရောက်သည့်အခါ စခန်းရုံးထဲရှိ ခုံတန်းလျားတွင် အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ ကိုယ်လုံးကိုယ်ထည် တောင့်တင်းပြေပြစ်စွာရှိသူ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ ထိုင်နေသည်ကို တွေ့ပါသည်။ စာရေးကြီး တပ်ကြပ်ကြီး မောင်ရင်(ကွယ်လွန်)က ရေးလက်စ မှတ်ပုံတင်များရေးသားခြင်းကို ရပ်တန့်ပြီး.....

“ဒီအမျိုးသမီးက စခန်းမှူးကို တွေ့ချင်လို့ စောင့်နေတာ၊ ရန်ကုန်ကလို့ ပြောတယ်”

စခန်းမှူး ရဲအုပ်နှင်းဦးက ၎င်း၏စားပွဲကုလားထိုင်တွင် ဝင်ထိုင်ပြီးနောက် ၎င်းအား စောင့်နေသော အမျိုးသမီးအား ကြည့်ပြီး.....

“ကဲ.....ဆိုပါဦး၊ ဒီကအစ်မကြီးက ကျွန်တော့်ကိုတွေ့ချင်တယ်ဆို”

ခုံတန်းလျားတွင်ထိုင်နေသော ထိုအမျိုးသမီးက နေရာမှထလာပြီး စခန်းမှူး ရဲအုပ် နှင်းဦး၏စားပွဲရှေ့ရှိခုံတွင်ဝင်ထိုင်လိုက်ပါသည်။ ကိုင်ဆောင်လာသော လက်ကိုင်အိတ်ကိုတော့ ပေါင်ပေါ်တင်ထားလိုက်ပါသည်။

“ဒီလိုပါ စခန်းမှူး၊ ကျွန်မက ရန်ကုန်မှာနေပြီး အထက်တန်းပြကျောင်းဆရာမတစ်ဦးဖြစ်ပါတယ်၊ ကျွန်မအမည်က ခင်မေသော်ပါ၊ ကျွန်မခင်ပွန်းကတော့ သင်္ဘောလိုက်နေပါတယ်၊ အခုလည်းကိုစ္စလေးက အရေးကြီးနေလို့ ကျောင်းမှာခွင့်ယူပြီး အမြန်ထွက်လာရတာပါ”

“ဟုတ်ပါပြီ၊ လာရေးကိစ္စကို ပြောပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်မတို့အိမ်မှာ မိသားစုက သုံးဦးပဲရှိပါတယ်၊ အခု ကျွန်မခင်ပွန်းက သဘောလိုက်နေ တော့ တူဖြစ်သူ မောင်ဝင်းနွယ်သာ ရှိပါတယ်၊ ကားဒရိုင်ဘာကတော့ သူ့အိမ်မှာသူနေပါတယ်၊ မနက်စော စောလာပြီး ညဘက်ပြန်အိပ်ပါ တယ်၊ လွန်ခဲ့တဲ့ လဆန်း ၁ ရက် နေ့က ကျွန်မတူ မောင်ဝင်းနွယ်ကို ကိစ္စတစ်ခုနဲ့ ဒိုက်ဦးမြို့ကို လွှတ် လိုက်ပါတယ်၊ သုံးလေးရက်ကြာရင် ပြန်လာမယ်ဆိုလို့ စောင့်နေတာ၊ အခု တစ်ပတ်ကျော်သည့်အထိပြန် မရောက်ဘူးဖြစ်နေတယ်"

စခန်းမှူး ရဲအုပ် နှင်းဦးက ဒေါ်ခင်မေသော်ပြောပြီးသည့်နောက် ကြားဖြတ်၍.....

"အဲဒီတော့ ကျွန်တော်တို့ရဲ့ စခန်းက ဘယ်လိုကူညီပေးရမှာလဲ"

"ဒီလိုပါရှင်၊ ကျွန်မ စုံစမ်း ကြည့်တော့ ကျွန်မတူ မောင်ဝင်း နွယ်ကို ဘိုင်းဒါးရွာက အိမ်တစ် အိမ်မှာခေါ်ထားပြီး ဘယ်မှမသွား ရဘဲ မတရားခေါ်ထားတယ်လို့သိ ရပါတယ်"

စခန်းမှူး ရဲအုပ် နှင်းဦးက အံ့အားသင့်သည့်အမူအရာဖြင့်စဉ်း စားပြီး.....

"ဆရာမ,ပြောတော့ ဒိုက်ဦး သွားတယ်ဆိုပြီး အခုဘယ်လိုလုပ် ဘိုင်းဒါးရွာကို ရောက်ရတာလဲ"

"အဲဒါကို ကျွန်မ ပြောပြချင် တယ်၊ လွှတ်လိုက်တုန်းကတော့ ဒိုက်ဦးကိုပါ၊ ဘယ်လိုဖြစ်ပြီး ဘိုင်း ဒါးရောက်သလဲဆိုတော့ သူ့သူငယ် ချင်းနဲ့ ဘိုင်းဒါးကိုလာတယ်တဲ့၊ အဲ ဒီမှာ ရွာကလူတွေနဲ့ ပြဿနာဖြစ် တယ်ဆိုလား၊ ဘာဖြစ်ကြတာလဲ တော့ သေသေချာချာမသိဘူး ဆရာ၊ အဲဒါ သူ့ကို အဲဒီရွာမှာနေ တဲ့ ကိုချိုဆိုတဲ့လူက ဘယ်မှမသွား ရဘူးဆိုပြီး ခေါ်ထားတယ်လို့ သတင်းရပါတယ်"

အဲဒါကို ကျွန်မ ပြောပြချင် တယ်၊ လွှတ်လိုက်တုန်းကတော့ ဒိုက်ဦးကိုပါ၊
ဘယ်လိုဖြစ်ပြီး ဘိုင်း ဒါးရောက်သလဲဆိုတော့
သူ့သူငယ် ချင်းနဲ့ ဘိုင်းဒါးကိုလာတယ်တဲ့၊ အဲ ဒီမှာ ရွာကလူတွေနဲ့
ပြဿနာဖြစ် တယ်ဆိုလား၊ ဘာဖြစ်ကြတာလဲ တော့
သေသေချာချာမသိဘူး ဆရာ၊
အဲဒါ သူ့ကို အဲဒီရွာမှာနေ တဲ့ ကိုချိုဆိုတဲ့လူက......

"ဆရာမ ပြောပုံဆိုရင်တော့ တော်တော်စဉ်းစားရကျပ်နေတယ်၊ ဘိုင်းဒါးမှာ ပြဿနာဖြစ်တယ်ဆိုရင် လည်း ကျွန်တော်သိရမှာပါ၊ သူနဲ့ ပတ်သက်ပြီး နစ်နာတဲ့လူရှိရင် လာ တိုင်မှာပေါ့၊ အခုလို ဥပဒေမဲ့ ခေါ် ထားတာမျိုးဆိုတော့ တစ်မျိုးဖြစ်နေ တယ်"

"ဟုတ်တယ်၊ ကျွန်မလည်း အဲဒါကို စဉ်းစားနေပါတယ်၊ ကျွန်မ လည်း အဲဒီရွာကို မသွားရဲဘူးဖြစ် နေတယ်၊ တော်ကြာ ကျွန်မကိုပါ ပတ်သက်တယ်ဆိုပြီး ခေါ်ထား လိုက်မှာစိုးလို့ပါ"

စခန်းမှူး ရဲအုပ် နှင်းဦးက ဆရာမ ဒေါ်ခင်မေသော်၏ပြောပြ ချက်များကို စဉ်းစားနေစဉ်မှာပင် အမှုစစ် ဒုရဲအုပ် လှဝင်း (ရဲမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မူဆယ်)နှင့် နယ်ထိန်းတပ်ကြပ် ချစ်တီး(ငြိမ်း) တို့လည်းရောက်လာပြီး နားထောင် နေကြပါသည်။

"ဆရာမ,ပြောပုံအရ စဉ်းစား ကြည့်ရင် တစ်ခုခုတော့ ကျွန်တော် တို့ကို မြှုပ်ကွက်လုပ်ထားပုံရတယ်၊ ဆရာမအနေနဲ့ ကျွန်တော့်ကို မှန် မှန်ကန်ကန်တော့ ပြောပြစေချင် တယ်၊ ဒါမှ ကျွန်တော်တို့လည်း ဘယ်လိုလုပ်ရမယ်ဆိုတာ ဖြေ ထုတ်လို့ရမှာ"

www.burmeseclassic.com

ဒေါ်ခင်မေသော်၏ မျက်နှာ အမူအရာက ဘယ်လိုမှပြောင်းလဲခြင်းမရှိသဖြင့် စခန်းမှူး ရဲအုပ် နှင်းဦးအနေဖြင့် ဝေခွဲရခက်နေသည်။ နစ်နာသူက ကိုယ်တိုင်လာတိုင်ကြားနေမှတော့ ရဲတပ်ဖွဲ့အနေဖြင့် ဘယ်လိုမှမငြင်းသာဖြစ်နေပါသည်။ ဘိုင်းဒါးရွာက ကိုချိုဆိုတာကလည်း ကိုယ်နဲ့သိကျွမ်းပြီးသား။

ဘိုင်းဒါးရွာနှင့်ပတ်သက်၍ သတင်းအစအန သိလိုပါက ကိုချို့ကိုမေးလျှင် သဲလွန်စလေးများ ရနိုင် သူဖြစ်၏။ ဆရာမ ဒေါ်ခင်မေသော်ပြောသကဲ့သို့ ယခုလို ဥပဒေမဲ့ လုပ်မည်မထင်ပါ။



ထို့အပြင် ရဲတပ်ဖွဲ့၏သတင်းပေး တစ်ဦးလည်းဖြစ်တယ်ဆိုတာ ကိုယ်ကိုယ်တိုင် အသိဆုံး။ ကိုချို့ အနေနဲ့ ရွာနှင့်ပတ်သက်ပြီး ထူးခြားသတင်းရရှိလျှင် စခန်းမှူး ရဲအုပ် နှင်းဦးထံသို့လာရောက်၍ လျှို့ဝှက်သတင်းပေးလေ့ရှိသော်လည်း ယနေ့တိုင် ရောက်လာခြင်းမရှိသောကြောင့် ဒေါ်ခင်မေသော်ပြောပြချက်များနှင့်ပတ်သက်၍ စိတ်ထဲတွင် အမျိုးမျိုးစဉ်းစားနေမိပါသည်။

"ကဲ...ဒီလိုဆိုရင် ဒေါ်ခင်မေသော်အနေနဲ့ ဘယ်လိုလုပ်ပေးစေချင်သလဲ၊ ပြောပါ"

"ကျွန်မကတော့ အကျယ်အကျယ်လည်း မဖြစ်စေချင်ပါဘူး၊ ကျွန်မတူကို ပြန်လွှတ်ပေးရင် ပြီးတာပါပဲ"

စခန်းမှူး ရဲအုပ် နှင်းဦးလည်း ခေတ္တမျှ စဉ်းစားပြီးနောက်.....

"ကျွန်တော် ထပ်ပြီးသတိပေးပါရစေ၊ အခု ကျွန်တော့်ကို ဒေါ်ခင်မေသော် ပြောခဲ့တဲ့ ဖြစ်စဉ်တွေဟာ အမှန်ပဲနော်၊ တကယ်စစ်ဆေးလိုက်တော့မှ တစ်မျိုးဖြစ်နေရင် လုပ်ရခက်လို့ပါနော်"

"သေချာပါတယ် စခန်းမှူး ကျွန်မတူ ပြန်ရောက်လာရင် ရပါပြီ"

စခန်းမှူး ရဲအုပ် နှင်းဦးလည်း ရဲစခန်းတွင်ရှိနေသော ဒုရဲအုပ် လှဝင်းအား အချုပ်ခန်းရှေ့ဘက်သို့ ခေါ်သွားပြီး နှစ်ကိုယ်ကြား ညွှန်ကြားလိုက်ပါသည်။

"ကဲ.....ကိုလှဝင်းရေ၊ ဒီဆရာမဆိုတဲ့ အမျိုးသမီးပြောတာတွေ ခင်ဗျားလည်းကြားမှာပါ၊ ကျွန်တော်ကတော့ သိပ်မသင်္ကာဘူး၊ သူကတော့ သူ့ကိုယ်သူ ကျောင်းဆရာမလို့ အခိုင်အမာပြောနေတယ်၊ ကျွန်တော်တို့အနေနဲ့ မလုပ်ပေးပြန်ရင်လည်း မကောင်းဘူး၊ ဒီတော့ ခင်ဗျားနဲ့ နယ်ထိန်းဆရာချစ်တီးအဖွဲ့ခေါ်ပြီး ဘိုင်းဒါးရွာကို သွားကြဗျာ၊ ကိုချိုအိမ်မှာလို့ပြောတယ်၊ အကျိုးအကြောင်းမေးပြီး အဲဒီ ဆရာမတူဆိုတဲ့ ကောင်ဝင်းနွယ်



www.burmeseclassic.com

www.burmeseclassic.com

ကို ခေါ်သာခေါ်လာခဲ့ပေတော့ဗျာ”

“ဟုတ်တယ် စခန်းမှူး၊ ကျွန်တော်လည်း ဒီအမျိုးသမီးပြောတာကို သိပ်မယုံချင်ဘူး၊ ကျွန်တော်တို့ ရဲတပ်ဖွဲ့ကို အမှန်မပြောဘဲ တစ်ခုခု ကွယ်ဝှက်ထားတယ်လို့ထင်တယ်၊ အားလုံးလုပ်ချင်တဲ့သဘောပေါ့ ဆရာ”

“ပြောပါစေဗျာ၊ အဲဒီ သူ့တူကိုတွေ့ရင် အဖြေမှန်ပေါ်မှာပါ၊ အားနဲ့ဆင် လယ်ပြင်မှာတွေ့ကြတာပေါ့ဗျာ၊ ကဲ.....နယ်ထိန်းအဖွဲ့ခေါ်ပြီး အမြန်သွားပေတော့”

“ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် နယ်ထိန်းအဖွဲ့စုံတာနဲ့ အမြန်သွားလိုက်ပါ့မယ်”

စခန်းမှူး ရဲအုပ် နှင်းဦးက ရုံးခန်းဘက်သို့ ပြန်လာပြီးနောက် ဆရာမဆိုသူအား.....

“ကဲ..ဆရာမရေ၊ ကျွန်တော် အဖွဲ့ကို ဘိုင်းဒါးလွှတ်လိုက်ပြီ၊ ခဏလောက်စောင့်ပေါ့နော်”

“ဟုတ်ကဲ့၊ ကျွန်မ စောင့်နေပါ့မယ်”

စခန်းမှူး ရဲအုပ် နှင်းဦးလည်း စားပွဲပေါ်ရှိ လက်မှတ်ထိုးရန်တင်ထားသော မှတ်ပုံတင်စာအုပ်များအား စစ်ဆေးကြည့်ရှုပြီး စဉ်းစားနေလျက်ရှိသည်။ တစ်နေ့တစ်နေ့ ရောက်လာသည်နှင့် လူတို့၏အခက်အခဲ ပြဿနာ ဖြေရှင်းနေရသည်ကို တစ်ခါတစ်ခါတော့ ငြီးငွေ့မိပါ

**ရဲတပ်ဖွဲ့၏တာဝန်က လည်း ရည်မှန်းချက်တွင် ပါဝင်သည့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေးဆိုသည့် အချက်များက ပါဝင်နေသဖြင့် ပြည်သူများ အေးအေးချမ်းချမ်းနှင့် နေနိုင်ရေး၊ နှစ်နာဆုံးရှုံးမှုများကို တရားဥပဒေနှင့်အညီ အကူအညီပေးရေး....**

သည်။

“အသက်တစ်ရာမနေရပေမယ့် အမှုတစ်ရာပွေ့ရတတ်သည်” ဆိုသည့်စကားအတိုင်း လူတွေကလည်း ပြဿနာတွေ ဖြစ်ပဲဖြစ်နိုင်လွန်းကြသည်ဟု ထင်မိပါသည်။ သို့သော်လည်း ရဲတပ်ဖွဲ့၏တာဝန်ကလည်း ရည်မှန်းချက်တွင် ပါဝင်သည့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဆိုသည့် အချက်များက ပါဝင်နေသဖြင့် ပြည်သူများ အေးအေးချမ်းချမ်းနှင့် နေနိုင်ရေး၊ နစ်နာဆုံးရှုံးမှုများကို တရားဥပဒေနှင့်အညီ အကူအညီပေးရေး စသည့်တာဝန်များသည် ရဲတပ်ဖွဲ့ဝင်တို့၏ တာဝန်သာဖြစ်သည်ဟု သဘောပေါက်ထားပြီးသောကြောင့် ငြီးငွေ့သည်ဟူသော အသိစိတ်များကလည်း အလိုလိုပျောက်ကွယ်ပြီး ဖြစ်ခဲ့ရပါသည်။ ယခုလည်း ဒေါ်ခင်မေသော် ပြောချက်အရ မှန်ကန်နေပါကလည်း စိုးရိမ်မိမည်ကို ကိုယ်ချင်းစာနာမိပါသည်။ လူသားတိုင်းသည် မိမိ၏ သွေးချင်းသားချင်းများ ဒုက္ခရောက်မည်ကို စိုးရိမ်တတ်ကြသည်မှာလည်း သဘာဝတရားပင်ဖြစ်ပါသည်။

www.burmeseclassic.com

ညနေ ၅ နာရီခန့်တွင် ဒုရဲ အုပ် လှဝင်းနှင့်အဖွဲ့ ပြန်လည် ရောက်ရှိလာပါသည်။ ၎င်းအဖွဲ့နှင့် အတူ ဘိုင်းဒါးရွာနေ ကိုချိုပါ ရွာ သားလေးဦးခန့်လည်း မြင်းလှည်း နှင့် တစ်ပါတည်းလိုက်လာကြပါ သည်။ မြင်းလှည်းပေါ်တွင် ဖြူဖြူ သွယ်သွယ်၊ အရပ်မြင့်မြင့် မျက်နှာ စိမ်းလူငယ်တစ်ဦးလည်း လွယ်အိတ် တစ်လုံးလွယ်လျက် ပါလာသည်ကို သတိပြုမိပါသည်။ ရောက်သည်နှင့် တစ်ပြိုင်နက် ဒုရဲအုပ် လှဝင်းက....

"ကျွန်တော်တို့အဖွဲ့ တစ်ပတ် ရိုက်ခံရတာပဲ ဆရာ"

စခန်းမှူး ရဲအုပ် နှင်းဦးက ၎င်း ၏ ထူထဲသောမျက်ခုံးကို ပင့်ပြီး နောက်.....

"ပြောစမ်းပါဦး၊ ဘယ်လိုဖြစ် တာလဲ"

ဒုရဲအုပ် လှဝင်းက စခန်းမှူး ရဲအုပ် နှင်းဦးရှေ့ စားပွဲအနီးကုလား ထိုင်တစ်လုံးကို ဆွဲယူထိုင်လိုက်ပြီး နောက်.....

"ဒီလိုပါ ဆရာ၊ အခု ကျွန် တော်တို့နဲ့အတူပါလာတဲ့ ဝင်းနွယ် ဆိုတဲ့ကောင်လေးက ချဲထီရောင်း တဲ့ လက်ခွဲဒိုင်ပါ ဆရာ၊ သူ့ရဲ့ဒိုင် ချုပ်က အခုကျွန်တော်တို့ ရဲစခန်း ကို ရောက်နေတဲ့ ဆရာမဆိုတဲ့ ဒေါ်ခင်မေသော်ပါ၊ ကျွန်တော် တို့ကသာ သတင်းမရတာ၊ သူက ရန်ကုန်က ဆင်းလာပြီး ဒိုက်ဦး၊ ဘိုင်းဒါး၊ စံဒွန်းကုန်းတို့ ကျေးရွာ တွေမှာ သူ့လက်ခွဲဒိုင် ကိုလွှတ်ပြီး ချဲထီလိုက် ရောင်းနေတာ၊ သူက အော ကွက် ကြိုက် သလောက်ထိုး တာကို လက်ခံ တယ်၊ ဟိုတ လောက နယ်ထိန်းဆရာ ချစ်တီးက စခန်းမှူးကို



ပြောဘူးသေးတယ်မဟုတ်လား"

စခန်းမှူး ရဲအုပ် နှင်းဦးက ခေတ္တစဉ်းစားပြီးနောက်.....

"ဪ...ဟုတ်တယ်၊ ဟုတ် တယ်၊ ကျွန်တော်တို့နယ်ထဲမှာ ရန် ကုန်ဘက်က ဆရာမဆိုတဲ့ ချဲထီ ဒိုင်က လျှို့ဝှက်လိုက်ရောင်းနေတယ် လို့ ပြောဘူးတယ်"

"ဟုတ်တယ် ဆရာ၊ နယ် ထိန်းအဖွဲ့ သတင်းရထားတဲ့ ဆရာမ ဒိုင်ဆိုတာ ဒေါ်ခင်မေသော်ကိုပြော တာ၊ ကျွန်တော် စုံစမ်းကြည့်ခဲ့ တော့ပြီးခဲ့တဲ့ ချဲထီထွက်တဲ့ နှစ် ပတ်လောက်ကတည်းက အဲဒီလက် ခွဲဒိုင် ဝင်းနွယ်က ရောက်မလာ တော့တာတဲ့၊ ဘိုင်းဒါးရွာက ချဲထီ ပေါက်တဲ့သူတွေကို မလျော်ဘဲ တိမ်းရှောင်နေတာ၊ အဲဒါ ဝင်း နွယ်ကို ညောင်လေးပင်သွားတဲ့ ကားပေါ်မှာတွေ့လိုက်လို့ ရွာကလူ တွေက ဆွဲချထားလိုက်တာ၊ ရွာက လူတွေကစုပြီး ထိုးကြိတ်ရိုက်နှက် မယ်လုပ်လို့ ဝင်းနွယ်ကို ကိုချိုက ခေါ်ပြီး သူ့အိမ်မှာ ခဏထိန်းထား တာလို့ သိရပါတယ်"

ကိုချိုကလည်း ရဲစခန်းမှူး ရဲ အုပ်နှင်းဦးနားသို့ ရောက်လာပြီး...

"ဟုတ်တယ် စခန်းမှူး၊ ဒီ ဝင်းနွယ်ဆိုတဲ့ကောင် ရွာမှာ ချဲထီ လာရောင်းသွားပြီး ပေါက်တဲ့လူ တွေကိုမလျော်တာ နှစ်ပတ်လောက်

www.burmeseclassic.com



ပြီး၊ သူတို့က တစ်နေရာမှာရောင်း ဖို့လို့ ပေါက်တာများရင် မလာတော့ ဘူး၊ တခြားမှာသွားရောင်းပြီး ကိုယ် ဆောင်ဖျောက်နေကြတာ၊ အခု လည်း ချဲထီထိုးထားတဲ့ ရွာသား တစ်ယောက်က ညောင်လေးပင် သွားတဲ့ကားပေါ်မှာ ဝင်းနွယ်စီးလာ တာတွေ့လို့ ဆွဲချလိုက်တာ၊ ရွာက လူတွေလည်း တစ်ဆင့်စကားတစ် ဆင့်ကြားပြီး ဝင်းနွယ်ကိုဝိုင်းရိုက် ကြမလို့လုပ်နေတုန်း ကျွန်တော် လည်း ပြဿနာမဖြစ်ရအောင်ဆို ပြီး ဝင်းနွယ်ကို အိမ်မှာခေါ်ထား လိုက်တာပါ၊ နောက်မှ စခန်းမှူးဆီ ကိုလည်း အခြေအနေ လာပြော မလို့လုပ်နေတုန်း ဒုရဲအုပ် လှဝင်း နဲ့အဖွဲ့ ရောက်လာတာနဲ့ တစ်ခါ တည်း ထည့်ပေးလိုက်တာပါ ဆရာ''

ကိုချိုက ဖြစ်စဉ်ကို ရှည်လျား စွာပြောပြပြီးနောက် စခန်းမှူး ရဲ အုပ် နှင်းဦးက ၎င်း၏စားပွဲရှေ့တွင် ထိုင်နေသော ဒေါ်ခင်မေသော်အား ''ကဲ.....ဘယ့်နှယ်ရှိစ'' ဟူသော အဓိပ္ပာယ်ပြုံးနှင့်ကြည့်လိုက်ပြီး.....

''ကဲ.....ဘယ်လိုလဲ ဒေါ်ခင် မေသော်၊ ခင်ဗျားက ကျွန်တော့်ကို ပြောပြတဲ့ဖြစ်စဉ်နဲ့ တခြားစီပါလား။ အစကတည်းက ခင်ဗျားကို ကျွန် တော် မှန်မှန်ကန်ကန်ပြောပါလို့ ပြောခဲ့တယ်နော်''



''မဟုတ်ဘူး ဆရာ၊ ဝင်းနွယ်က ကျွန်မလက်ခွဲ ဒိုင် မဟုတ်ပါဘူး၊ ကျွန်မ လည်း ချဲထီရောင်းတဲ့ ဒိုင်ချုပ် မဟုတ်ပါဘူး''

ဒေါ်ခင်မေသော်က တော့ မိုးကြိုးပစ်၍ ထန်းလက်ကာနေသည့် သဘောဖြင့် ငြင်းကွယ် နေပါသေးသည်။ စခန်းမှူး ရဲအုပ် နှင်းဦးက ပြုံးစိစိ လုပ်ပြီး.....

''ကဲ..ဒီလိုဆိုရင် ဟော့ ကောင် ဝင်းနွယ်၊ မင်း အမှန်ကို ပြောနော်၊ လိမ်ပြောဖို့တော့ မကြိုးစားနဲ့တော့၊ မင်းလွယ် အိတ်ထဲမှာ ချဲထီဖြတ်ပိုင်း စာအုပ်တွေရော၊ ငွေတွေရော၊ ချဲ ထီအတိတ်စိမ်း(ချိုင်း)စာရွက်တွေ ရော တွေ့ပြီးပြီဆိုတော့ မင်းအမှန် ပြောရင် ကောင်းမယ်နော်''

ဝင်းနွယ်က ဒေါ်ခင်မေသော် ၏မျက်နှာကို မဝံ့မရဲကြည့်ပြီး ၎င်း ထံမှလည်း ချဲထီနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ တွေ့ရှိပြီးဖြစ် သောကြောင့် ငြင်းကွယ်နေပါက လည်း အကြောင်းမထူးတော့သဖြင့် ဝန်ခံခဲ့တော့သည်။

''ဟုတ်ပါတယ် ဆရာ၊ ကျွန် တော့်ရဲ့ ချဲထီအရောင်းဒိုင်ချုပ်က ဒေါ်ခင်မေသော်ပါ၊ ကျွန်တော်က နယ်တွေမှာလိုက်ရောင်းပြီး ငွေနဲ့ ပြေစာကို ဒေါ်ခင်မေသော်ကို စာ ရင်းလယ်ဂျာနဲ့ အပ်ရပါတယ်၊ ကျွန် တော့်အတွက် ရောင်းရငွေ ကျပ် ၁၀၀ကို ၂၀ ရာခိုင်နှုန်းရပါ တယ်၊ အခုလည်း ဘိုင်းဒါးရွာက ချဲပေါက် တဲ့သူတွေကို မလျော်မိလို့ ဒီလို ပြဿနာဖြစ်ရတာပါ၊ လျော်ဖို့ ကလည်း ဒေါ်ခင်မေသော်က ငွေပေးမှရမှာ၊ သူက မပေးဘဲနေ တာနဲ့ ကျွန်တော်လည်း ဟိုရှောင် ဒီရှောင်လုပ်နေတုန်း ရွာကလူ တွေက တွေ့သွားကြတာပါ''

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မေသော်က ဝင်းနွယ်အား စူးစူးဝါးဝါးကြည့်နေပြီး ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ချနေပါသည်။ စခန်းမှူး ရဲအုပ် နှင်းဦးက ဒုရဲအုပ် လှဝင်းအား ရုံးအပြင်သို့ ခေါ်ထုတ်ပြီး တီးတိုးညွှန်ကြားခဲ့သည်။ ဒုရဲအုပ် လှဝင်းကလည်း ခေါင်းတညိတ်ညိတ်နှင့်လုပ်ပြီး စက်ဘီးနှင့်ထွက်သွားခဲ့သည်။ မကြာမီ ဒုရဲအုပ် လှဝင်းနှင့်အတူ ရပ်ကွက်ဥက္ကဋ္ဌ(ယခု ရပ်ကွက်အုပ်ချုပ်ရေးမှူး)များဖြစ်ကြသော ဦးညွန့်သိန်း (ကွယ်လွန်)နှင့် ဦးထွန်းမြင့် (ငြိမ်း)တို့လည်း စက်ဘီးကိုယ်စီနှင့် ရောက်လာကြပါသည်။ စခန်းမှူး ရဲအုပ် နှင်းဦးက.....

"ကဲ...သက်သေလူကြီးတွေလည်း ရောက်လာပြီဆိုတော့ ကျွန်တော် အနည်းငယ်ရှင်းပြပါ့မယ်"

ထိုသို့ပြောပြီး ဒေါ်ခင်မေသော်ရဲစခန်းရောက်ရှိလာပြီး အကူအညီလာတောင်းခံသည့်အကြောင်း၊ ပြောပြချက်အရ ဘိုင်းဒါးရွာသို့ ဒုရဲအုပ် လှဝင်းနှင့်အဖွဲ့အား လွှတ်ပြီး စုံစမ်းခိုင်းခဲ့ရာ ၎င်း၏လက်ခွဲဒိုင်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ချက်အရ ဒေါ်ခင်မေသော်မှာလည်း ချဲထီရောင်းဒိုင်ချုပ်ဖြစ်သည်ဟု သိရကြောင်း၊ ဥပဒေအရ အရေးယူနိုင်ရန်အတွက် သက်သေအဖြစ် ခေါ်ယူရခြင်းဖြစ်ကြောင်း အကျဉ်းချုပ် ရှင်းပြလိုက်ပါသည်။ ရပ်ကွက်ဥက္ကဋ္ဌ(ယခု ရပ်ကွက်အုပ်ချုပ်ရေးမှူး)ဦးထွန်းမြင့်က.....

"ကျွန်တော်တို့လည်း ကြားနေတာကြာပြီ စခန်းမှူး၊ ရန်ကုန်ဘက်ကလာပြီး 'ဆရာမဒိုင်'ဆိုတာ နာမည်ကြီးနေတယ်၊ ကျွန်တော့် ရပ်ကွက်ဘက်တော့ မရောက်ဘူး၊ အခုမှပဲ တွေ့ဘူးတော့တယ်"

စခန်းမှူး ရဲအုပ် နှင်းဦးက ရဲစခန်းဝင်းထဲရှိ တပ်ဖွဲ့ဝင် အမျိုးသမီးရဲမေတစ်ဦးအား လှမ်းခေါ်ပြီးနောက် ဒေါ်ခင်မေသော်၏ကိုယ်ပေါ်နှင့် ၎င်း၏လက်ကိုင်အိတ်တို့အား သက်သေများရှေ့တွင် ရှာဖွေစေခဲ့သည်။

ဒေါ်ခင်မေသော်၏ကိုယ်ပေါ်တွင် ဘာမှမတွေ့ပါ။ သို့သော် ဒေါ်ခင်မေသော်၏ လက်ကိုင်အိတ်အတွင်းမှ ၎င်း၏မှတ်ပုံတင်၊ ဂဏန်းပေါင်းစက်တစ်လုံး၊ ချဲထီဖြတ်ပိုင်း စာအုပ် နှစ်အုပ်၊ အတိတ်စိမ်းချိုင်း စာရွက် နှစ်ရွက်၊ လက်ခွဲဒိုင်အမည် စာရင်းနှင့် အပ်ငွေစာရင်း၊ ငွေစက္ကူ ရောရာကျပ် ၅၀၀၀၀ခန့် တွေ့ရှိသောကြောင့် စခန်းမှူး ရဲအုပ်နှင်းဦးက ရှာဖွေပုံစံနှင့် သိမ်းဆည်းလိုက်သည်။ ထိုနည်းတူ ဝင်းနွယ်၏လွယ်အိတ်အတွင်း တွေ့ရှိသော ချဲထီဖြတ်ပိုင်းစာအုပ်နှင့် ဆက်စပ် စာရွက်စာတမ်းများကိုလည်း တစ်ဆက်တည်း သိမ်းဆည်းလိုက်ပါသည်။ စခန်းမှူး ရဲအုပ်နှင်းဦးက ဒေါ်ခင်မေသော်အား.....

"ကျွန်တော့်ကို မှန်မှန်ပြောပါလို့ ခင်ဗျားကို အကြိမ်ကြိမ်ပြောခဲ့တယ်နော်၊ အခုအဖြစ်မှန်အတိုင်းပေါ်လာမှတော့ ကျွန်တော်လည်း ဘာမှမတတ်နိုင်တော့ဘူး၊ ဥပဒေ

ဝင်းနွယ်၏
လွယ်အိတ် အတွင်း
တွေ့ရှိသော
ချဲထီဖြတ်ပိုင်း စာအုပ်နှင့်
ဆက်စပ် စာရွက်
စာတမ်းများကိုလည်း
တစ်ဆက် တည်း
သိမ်းဆည်းလိုက်ပါသည်။
စခန်းမှူး ရဲအုပ်နှင်းဦးက
ဒေါ်ခင် မေသော်အား.....



www.burmeseclassic.com

www.burmeseclassic.com

နဲ့အညီ အရေးယူရတော့မှာပဲ၊ ခင်ဗျားက ကျွန်တော့်ကို ရိုးရိုးသားသားပြောပြီး အကူအညီမတောင်းခဲ့တော့ ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပေါ့ဗျာ''

ဒေါ်ခင်မေသော်က မျက်လုံးတွင်ဝေ့လာသော မျက်ရည်စများကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်ရင်း.....

''ကျွန်မ မှားသွားပါတယ် စခန်းမှူးရယ်၊ ကျွန်မ မှန်မှန်ကန်ကန် အကူအညီ တောင်းခဲ့မိလို့ ဖြစ်ရတာပါ၊ ဆရာတို့ကိုလည်း အပြစ်မပြောပါဘူး၊ ကျွန်မထိုက်နဲ့ ကျွန်မခံရတယ်လို့ပဲ မှတ်ယူပါတယ်''

ဒေါ်ခင်မေသော်က သူ့အမှားကို သူသိပြီး သဘောပေါက်သွားခဲ့သည်။



မှန်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့လုံခြုံမှုအတွက် ပြည်သူကို အမြဲတစေ စောင့်ရှောက်ပေးရသော တပ်ဖွဲ့ဖြစ်ရာ ပြဋ္ဌာန်းထားသောကျင့်ထုံး ဥပဒေများအရ ကာကွယ်စောင့်ရှောက်ပေးမှုများ၊ ပြည်သူ့စိတ်ငြိုငြင်မှုများကို အရေးယူ ဆောင်ရွက်ပေးရန် အဓိက တာဝန်ရှိသူများဖြစ်ကြပါသည်။

ယခုဖြစ်စဉ်တွင်လည်း ဒေါ်ခင်မေသော်၏ တိုင်ကြားချက်အရ ကာကွယ်ပေးရမည့် တာဝန်ရှိသည့်အလျောက် စုံစမ်းစစ်ဆေးရာမှ အဖြစ်မှန် ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပါသည်။ ဒေါ်ခင်မေသော်အနေဖြင့် ၎င်းကျူးလွန်ထားသော ပြစ်မှုအား ဖုံးကွယ်ပြီး အပြေးအလွှား အကူအညီတောင်းခံခဲ့ပါသည်။ သို့သော်လည်း အဖြစ်မှန် အတိအကျပေါ်ပေါက်လာသည့်အခါ ပြေးနိုင်စွမ်း မရှိတော့ဘဲ ညွှတ်ကွင်းအတွင်းကျရောက်ခဲ့ရပါသည်။

ထိုအချိန်က နိုင်ငံတော်အစိုးရ၏ မူဝါဒအရ ဒေါ်ခင်မေသော်နှင့် မောင်ဝင်းနွယ်တို့အား မြို့နယ်တရားရုံး၌ စစ်ဆေးခြင်းမပြုဘဲ စစ်ခုံရုံး ဖြင့် စစ်ဆေးခဲ့သဖြင့် ထိရောက်သော ပြစ်ဒဏ်များ ရရှိခဲ့ကြသည်။

တစ်နည်းဆိုသော် ဒေါ်ခင်မေသော်သည် ''ပြေးလမ်းမှားသွားသော ကျားတစ်ကောင်''ဟုပင် သတ်မှတ်ရတော့မည်ဖြစ်ပါသည်။

♛♛♛♛

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တာဝန်ယူ စဉ်ကာလအတွင်း စာရေးသူ ပြွန်တန်ဆာရဲစခန်းမှူး အဖြစ် တာဝန်ထမ်းဆောင်စဉ် စစ်ခုံရုံးဖြင့် စစ်ဆေးခဲ့သော ဖြစ်ရပ်မှန်အား ပြန် လည်ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။)

**ဒုတိယရဲမှူးကြီးဝင်းဦး (ငြိမ်း)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





ဝိညာဉ်ဆိုး

မြနှင်းထန်

ကောင်းကင်မှ နေမင်းကြီး အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီ ဆိုးဝင်သွားတာကြည့်ရင်း ကိုဘအေး ထွန်ဖြုတ်ကာ နွားများကို စားကျက်လွှတ်လိုက်သည်။ ပြီးတော့ မယားအလိမ္မာ မယ်သော်နေ့ခင်းကလာပို့သော ထမင်း တောင်းကိုဆွဲပြီး ရွာအပြင်ဘက်ရှိတဲ့ အိမ်ကလေးသို့ ခေါင်းပေါင်းခဲ့သော ပုဆိုးပိုင်းကို ပခုံးပေါ်တင် လျက် ပြန်လာခဲ့သည်။



တဲအိမ်တံစက်မြိတ် အောက်မှ ကွပ်ပျစ်ပေါ်သို့ ထမင်းတောင်းကို တင်လိုက်၏။ ပြီးနောက် ခေါင်းပေါ်မှ ပုဆိုးပိုင်းနှင့် ခန္ဓာကိုယ်အနှံ့ ချွေးသုတ်ရင်း ခြေပစ်လက်ပစ် ကျောခင်း လဲလျောင်းလိုက်သည်။ ပြီးတော့ မယားဖြစ်သူကို တဲတစ်ဝိုက် ရှာရင်း ဟိုဟိုဒီဒီ ကြည့်လိုက်တော့ တဲအိမ်ကိုကျောခိုင်းကာ တဲခြေရင်းရှိ ရေချိုးသည့် စဉ့်အိုးကို မျက်နှာမူလျက် ထိုင်နေသည်ကို တွေ့ရသည်။

"မိန်းမ.....ဘာလုပ်နေတာတုန်းဟ၊ ငါလာတာတောင် မကြို တော့ဘူးလား"

မယ်သော်က လှည့်၍မျှပင် မကြည့်။ လှုပ်လှုပ်လှုပ်လှုပ်နှင့်ဘာလုပ်နေမှန်းမသိ။ ကိုဘအေးကတော့ မယားဖြစ်သူကို အမောပြေ တွေ့လည်းတွေ့ချင်၊ ကိုယ်ဝန်အရင့် အမာနှင့်လည်း ဖြစ်၍ ထပ်ပြီးမေး ပြန်သည်။

"မိန်းမ ဘာလုပ်နေတာတုန်းဟ၊ အဲဒီလိုကြီး မထိုင်နဲ့လေ"

ကိုဘအေးက မယားဖြစ်သူ မယ်သော်ရှိရာ ထသွားရင်း ပြောလိုက်ပြန်ရာ ကိုဘအေးအကြောကို

www.burmeseclassic.com

မယ်သော်က လှည့်မကြည့်ဘဲဖြေသည်။

"ရှင့်ကိုခုတ်မလို့ တော်ရေ့"

မယ်သော့်အဖြေကို ကိုဘအေးက သတိမထားမိဟန်ဖြင့်.....

"အာ.....မိန်းမကလည်း ဓားကြီးသွေးနေပါလား၊ ပေး....ပေး ငါသွေးစမ်းမယ်၊ ကိုယ်ဝန်ဆောင်ဆိုတာ အဲဒီလိုမထိုင်ရဘူးဟ"

ကိုဘအေးက ပြောလည်းပြော မယားလက်မှဓားကိုလည်း ယူဖို့ပြင်လိုက်သည်။ ကိုဘအေးလက်ကို မယ်သော်က ရုတ်တရက် ပုတ်ထုတ်လိုက်ပြီး ကိုဘအေးကိုလည်းလှည့်၍မျှပင်မကြည့်ပေ။

"နေစမ်းပါတော်၊ ဒီမှာ ပြီးပဲပြီးတော့မယ်"

"ခက်တော့တာပဲကွာ"


ပြောမရသည့်အဆုံး ကိုဘအေးက ကွပ်ပျစ်ပေါ်ပြန်၍ အမောပြေလှဲလျောင်းလိုက်သည်။ စောစောက ချွေးသုတ်ထားသော ပုဆိုးပိုင်းကို ခေါင်းခုလုပ်ပြီး မျက်လုံးများကို မှိတ်လိုက်ကာ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သေးသည်။ တစ်နေ့တစ်နေ့ သည်လိုနှင့်ပဲ ဆင်းဆင်းရဲရဲ လုပ်ကိုင်စားရခြင်းက လူပင်ပန်းလှသည်။ ထို့ထက် စိတ်ပင်ပန်းစရာက မယ်သော်မီးဖွားရေးပင်မဟုတ်လား။

ဟိုတွေးသည်တွေးနှင့် ကိုဘအေးတစ်ယောက် မှေးခနဲ အိပ်ပျော် သွားခဲ့သည်။

♛♛♛♛♛

ဓားသွေးနေသော်လည်း မယ် သော့်စိတ်က ဓားမှာမရှိပေ။ တစ် ချက်တစ်ချက် မိုက်ခနဲ မူးဝေချ သလိုလို ဖြစ်နေသည်။ ကိုဘအေး ဘာတွေပြောလို့ ကိုယ်က ဘာ ပြန်ပြောမိလဲ မရေရာ။ ဇဝေဇဝ အတွေးများနှင့် ယောင်နနဖြစ်နေ သည်။ အသိတစ်ချက်ဝင်လိုက် သတိတစ်ချက်လွတ်လိုက်နှင့် သွေး နေသောဓားကို အသွားထက် မထက် စမ်းလိုက်၊ ခဏငြိမ်ပြီးစဉ်း စားလိုက်နှင့် ဘာကိုတွေဝေနေမှန်း မသိ။ အခါတိုင်း လင်ဖြစ်သူ ကိုဘ အေး လယ်ထွန်ရာမှ ပြန်လာလျှင် ရေနွေးကြမ်းနှင့် လက်ဖက်က ဆီ ကြိုနေကျ။

ကိုဘအေးရေချိုးလျှင် နောက် ကျောကို ချေးတွန်းပေးနေကျ။ ထို့



www.burmeseclassic.com

**သွေးနေသောဓားကို ကိုင်လျက် မတ်တတ်ရပ်လိုက်မိသည်။ ပြီးတော့မယ်သော်က ကိုဘအေးအိပ်ပျော်နေသော ကွပ်ပျစ်သို့လှမ်းကြည့်ကာ ကိုဘအေးကို လှမ်းခေါ်လိုက်သည်။ ဒါပေမဲ့ အသံကထွက်မလာတော့။ မယ်သော့်တစ်ကိုယ်လုံး တောင့်တင်းအေးစက်လာခဲ့ပြီ.....**

းထဲမှရေဖြင့် တစ်ယောက်မျက် တစ်ယောက် ပက်ဖြန်း ကျီစယ် ကျ။ ယနေ့မှ မယ်သော်စိတ် တွေ လေးလံထိုင်းမှိုင်းနေသည်။ ယ်တော့မှ မောမောပန်းပန်းနှင့် င်ယောက်ျားပြန်လာလျှင် ချက် ျွေးရန် ရွာထဲမှာ ဝက်ပေါ်သည် ၍ သွားဝယ်ခဲ့သည်။ ဝက်သား ဟင်းချက်ရန် တုံး စ် သော အခါ ားခုတ်ဓားက လိုး သိပ်မကောင်း ကြောင့် အဝတ် သော အင်ကြင်း ာက်ပြားကြီးနှင့် သွေးနေခြင်းဖြစ် ည်။

ရုတ်တရက် သော့်နားထဲမှာ ည်းသံအသံတွေ ဝင်ရောက်လာ ည်။ အနီးအနား ည်း ဘာတဲမှမရှိ။ လယ် စောင့်တဲအချို့သာ ခပ်ဝေး ဝေးမှာရှိနေသည်။ မယ်သော် ကြက် သီးတဖြန်းဖြန်းထလာ သည်အထိ စိတ်လှုပ်ရှားသွားရ သည်။ အသံတွေတင်မက ခြေသံတွေပါ ကြားနေရသည်။ သွေးနေသော ဓားကို ကိုင်လျက် မတ်တတ်ရပ်လိုက်မိသည်။ ပြီး တော့ မယ်သော်က ကိုဘအေး အိပ်ပျော်နေသော ကွပ်ပျစ်သို့ လှမ်းကြည့်ကာ ကိုဘအေးကို လှမ်းခေါ်လိုက်သည်။ ဒါပေမဲ့ အသံကထွက်မလာတော့။ မယ် သော့်တစ်ကိုယ်လုံး တောင့်တင်း အေးစက်လာခဲ့ပြီ။ ကိုဘအေးရှိရာ သို့သာ ငေးစိုက်ကြည့်နေရင်းက အသားတွေ တဆတ် ဆတ်တုန်ယင် လာခဲ့ သည်။ မျက်ရည်တွေက တပေါက်ပေါက် စီးကျ လာသည်။ နားထဲက အသံတွေကလည်း ပိုပြီး ပီပြင် ကျယ်လောင် လာခဲ့သည်။



"ဘာလုပ်နေတာ လဲ၊ သွားခုတ်လေ၊ သွားခုတ်"

ဓားကိုင်ထားသော မယ်သော့် လက်တွေဲ လှုပ်ရှားကြွတက်လာ သည် ထင်ရသည်။

www.burmeseclassic.com



အသိတစ်ဝက်၊ သတိတစ်ဝက်မှာ လက်တွေက တင်လိုက်၊ချလိုက် ဖြစ်နေသည်။

"ဘအေးကိုခုတ်..ဘအေးကို ခုတ်"

"ခုတ်ဟေ့...ခုတ်ဟ၊ ဘာ လုပ်နေတာတုံး၊ ခုတ်တော့လေ"



♛♛♛♛♛

အရုဏ်အလင်း နံနက်ခင်းနှင့် မလိုက်ဖက်စွာ မယ်သော်တို့တဲအိမ်လေးက အကျည်းတန်ခဲ့သည်။

သွေးအိုင်ထဲမှာ သေဆုံးနေသော ကိုဘအေးအလောင်းမှာ ဓား ဒဏ်ရာတွေက ဗရပွ။ မယ်သော်ကတော့ ဓားကိုကိုင်လျက် ကိုဘအေး ဘေးမှာ ခွေခွေကလေး အိပ်ပျော်နေသည်။ ခေါင်းမှာထုံးဖွဲ့ထားသော ဆံပင်တွေ ပြေလျော့ပြန့်ကျဲနေသည်။ ထိုမြင်ကွင်းကို မနက်စောစောလယ်ထဲ အတူ ဆင်းရန်ကိုဘအေးကိုလာခေါ်သော ဘကြီးသောင်းက စတွေ့ခဲ့ခြင်းဖြစ်သည်။

ခဏနေတော့ ဘကြီးသောင်း၏ အကြောင်းကြားမှုဖြင့် ကျေးရွာလူကြီးများနှင့် ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူတွေ ရောက် လာကြသည်။ ရွာသားတွေလည်း အထူးအဆန်းသဖွယ် ဝိုင်းအုံလာကြ သည်။ တာဝန်ကျ ရဲအရာရှိတစ်ဦးက လှုပ်ခေါ်နှိုးမှ မယ်သော်က အိပ်ချင်မူးတူးနှင့် ထလာသည်။

သွေးအိုင်ထဲမှာ
သေဆုံးနေသော
ကိုဘအေးအလောင်းမှာ
ဓားဒဏ်ရာတွေက
ဗရပွ။
မယ်သော်ကတော့
ဓားကိုကိုင်လျက်
ကိုဘအေး ဘေးမှာ
ခွေခွေကလေး
အိပ်ပျော်နေသည်။
ခေါင်းမှာထုံး
ဖွဲ့ထားသော.....

သူ့မျက်လုံးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ပွတ်လိုက်ရင်း တဲအိမ်အတွင်းရောက်ရှိနေသော ကျေးရွာလူကြီးနှင့်ရဲတပ်ဖွဲ့ဝင်များကို အံ့ဩသလို ကြည့်နေသည်။ ပြီးတော့ တဲအပြင် ခပ်လှမ်းလှမ်းမှာ ဝိုင်းအုံနေသော ရွာသားများကိုကြည့်ကာ အံ့ဩတွေဝေလျက်။ ထို့နောက် ဖရိုဖရဲဖြစ်နေသော မိမိကိုယ်မိမိ သတိထားမိဟန်ဖြင့် ဆံပင်များကို သိမ်းစုချည်နှောင်ရန် ပြင်လိုက်စဉ် မှာပင် သွေးအိုင်ထဲ၌ လဲနေသော ကိုဘအေးအလောင်းကိုကြည့်ကာ အလန့်တကြား အော်ဟစ်လိုက်ပြန် သည်။

"ကိုဘအေး....."

အော်သံအဆုံးမှာ ဝါးကွပ်ပျစ် လေးပေါ်သို့ မယ်သော် ပြန်လဲကျ သွားလေသည်။

♛♛♛♛♛

သည်နေ့ မယ်သော် ထောင် ကလွတ်ခဲ့ပြီ။ လွတ်ငြိမ်းချမ်းသာခွင့် ဖြင့် ထွက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ထောင်ထဲမှာ နှစ်နှစ်ကျော် သုံးနှ နီးပါး နေခဲ့ရသည်။ ထောင်ကျ က ဝမ်းထဲမှာပါလာခဲ့သော သ



www.burmeseclassic.com

www.burmeseclassic.com

ကို ထောင်ထဲမှာပင် မွေးဖွား ခဲ့သည်။ အခုဆို ကလေးက လမ်းလျှောက်တတ်၊ စကားဗျာ ရွတ်တတ်၍ပင်နေသည်။

အပြင်လောကကြီးကို အထူးအဆန်းသဖွယ် တအံ့တဩ လိုက်ငေးမော ကြည့်ရှုနေသော သား လေးကိုကြည့်၍ မယ်သော် ဝမ်း နည်း မျက်ရည်ကျရပြန်သည်။

အမုန်း တဲ ခွဲခွာခဲ့ရသော ဘဝ၏ အဆိုးဆုံးအခြေအနေအတွက် ကံကိုပင် မယ်ဖွဲ့ရတော့မည်။ မြတ်နိုးခြင်း၊ နှောင်တွယ်တာခြင်းနှင့် ယောဇဉ် သမုဒယ သည်မှာ သည် သား လေးတစ်ဦးသာ မယ်သော့်အတွက် ညွှန်ပြစရာ ဖြစ်တော့သည်။ အဘယ်ကြောင့်ဆိုသော် မယ်သော့်ဘဝက တည်းကပင် အမိမဲ့၊ အဖမဲ့ ပြီး ဆွေမျိုးများစောင့်ရှောက်ကာက်မှာ ကြီးပြင်းခဲ့ရသူပင်ဖြစ်သည်။ မိမိဘဝကို နားလည်စာနာ အကြင်နာပို့ခဲ့သော ကိုဘ သောလျှင် မယ်သော့်ဘဝ၏ တစ်ဦးတည်းသော မှီခိုအားထားရာ ဖြစ်ခဲ့ရပါသည်။

သို့သော် ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်းမကြွယ်နှင့် ဆိုသောစကားက မယ်သော့်ဘဝတစ်ခုလုံးကိုရင်း၍ သတိပေးခဲ့လေ



သည်။ နေဝင်ချိန် မားမသွေးနဲ့၊ ညအချိန် လေမချွန်နဲ့၊ နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ၊ ကိုယ်ဝန်ဆောင် မားမသွေးရ၊ ဝစီဗေဒထိ တိုင်းရှု ဆိုတဲ့စကားတွေနဲ့ ဝိညာဉ်လောက၊ ပရလောက၊ နာနာဘာဝ တွေဆိုတာ သီလ၊ သမာဓိ နည်းသူတွေအပေါ် ခြယ်လှယ်တတ်တယ်ဆိုတာ ဘာသာရေး အသိတရား ခေါင်းပါးခဲ့ရသော မိမိအတွက် အသိနောက်ကျခဲ့ရသည်။

အခုတော့ မယ်သော်က ဘုရားစာအားလုံးနီးပါး ရွတ်ဖတ်တတ်နေပြီဖြစ်သည်။ ဒါကလည်း ထောင်ထဲမှာ မီးဖွားခါနီး မွေးဖွားရ လွယ်ကူစေရန် အဆောင်အတူနေသူ အမျိုးသမီးကြီး တစ်ဦးဆီမှ အင်္ဂုလိမာ လသုတ်ကို သင်ယူပြီး ရွတ်ဖတ်ခဲ့ခြင်းမှ စခဲ့ခြင်းဖြစ်သည်။ ထို့နောက် သားကိုချစ်တဲ့စိတ်ဖြင့် အန္တရာယ်ကင်းဂါထာ အတော်များများ နှုတ်တိုက် ရခဲ့သည်။ သားလေးလည်း ရွတ်တတ်နေပြီဖြစ်သည်။

မိသားစု စုံစုံညီညီဘဝကို ကံဆိုးမိုးမှောင်ထဲမှာ လွှင့်ပစ်ခဲ့ရသော်လည်း တရားရေအေးက မယ်သော့်နှလုံးသားကို ငြိမ်းအေးစေခဲ့သည်။ သားလေးအမည်ကိုပင် ပန်း လိုမွှေး၍ ရေလိုအေးစေသော် ဟူသော နိမိတ်ကောင်းယူ၍ မောင်အေးသော်ဟု.....။ ။

**မြနှင်းထင်**

www.burmeseclassic.com



ရှင်လွန်းပယ်

# ချစ်ဦးပုံပြင်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးပုံပြင်

ရှင်လွန်းမယ်

မခံနိုင်တော့ဘူးဆိုလျှင်တောင် တိုက်ဆိုင်မှုများ ရှိလာခဲ့လျှင် သတိ ရနေမှာ အသေအချာပါ။ သူမ ဘက်ကတော့ ဝတ်ကျေတမ်းကျေ စောင့်ခဲ့ရပြီဟုသာ သတ်မှတ်လိုက် တာလည်း မဟုတ်ပါ။ 'ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ၊ ငယ်က ပေါင်း အနှစ်တစ်သောင်း မမေ့ ကောင်း' ဆိုသကဲ့ သို့ သူမ သေ သည့် ထိတိုင် အောင် 'အောင် နိုင်ထွေး' ဆို သည့် လူတစ် ယောက် ကို နှလုံးသားထဲက ထုတ်နုတ်ပစ်မှာ မဟုတ်တာကို 'ခင်မှူးပိုင်' က လည်း သိပေလိမ့် မည်၊ ဖြစ်ချင် တာထက်ဖြစ် သင့်ဖြစ်ထိုက်တာကို ရွေးချယ်ခဲ့သော သူမ၏နှလုံးသား များသည်…

♛♛♛♛♛

အချစ်သည် သူမနှလုံးသား အား အမြဲတစေ ပူလောင်စေခဲ့၏။ သစ်ရွက်လှုပ်တိုင်း ရယ်တတ်သော ဆယ်ကျော်သက်အရွယ် မဟုတ် တော့ပေမယ့် ချစ်ခြင်းတရားနှင့် ပတ်သက်လျှင် သူမသည် အရူး အမူးပင်။ တကယ်တော့ သူမ၏ ချစ်ခြင်းတို့သည် ကောက်ယူသူမဲ့ လျက်။ ထိုသို့စဉ်းစားလိုက်သော အခါ ရင်သည် မခံမရပ်နိုင်စွာ နာ ကျင်လာကာ.....

"အောင်ရေ....နင်တော်တော် နေနိုင်ပါလား"

ဟု တမ်းတကာ ငိုကြွေးမိ သည်။ သူသည် ဘာကြောင့် သူမ အား ယနေ့တိုင် ဆက်သွယ်လာခြင်း မရှိရသနည်း။ သူ အရင်အတိုင်း တစ် ယောက်တည်းပဲလား။



လေနှင့်အတူ ယိမ်းယိုင်နေသော သစ်ပင်များသည် ညအခါဆိုလျှင် စိတ္တဇဆန်သော ပန်းချီကားတစ်

www.burmeseclassic.com

ချုပ်ပမာ။ လားရှိုးမြို့သည် သူမအတွက် ဇာတိချက်ကြွေမွေး ရပ်မြေမဟုတ်သော်လည်း ကိုယ်တိုင်က တောင်ပေါ်မြို့မှာ ကြီးပြင်းလာရသူမို့ ရာသီဥတုအကူး အပြောင်းကို သိပ်မခံစားရပါ။

ဝန်ထမ်းတွေကို ပေးထားသော အဆောင်မှ လှမ်းကြည့်လျှင် လားရှိုးပြည်သူ့ဆေးရုံကြီး၏ ရင်ခွဲရုံကို လှမ်းမြင်ရသည်။ တချို့က တော့ တစ်ခါတစ်ရံ ရင်ခွဲရုံရှေ့၌ ဖြူဖြူ အရိပ်တွေ တွေ့ရတတ်သည်ဟု ပြောကြသော်လည်း သူမတစ်ခါမှ မကြုံဖူးပါ။

အမှန်တော့ တာဝန်ချိန်ပြီးဆုံးလျှင် ပေးထားသော အဆောင်ထဲတွင်နေ၍ ပူဆွေးသောကနှင့်သာ နေထိုင်နေသော သူမသည် ပတ်ဝန်းကျင်ကို ဘယ်တော့မှ စိတ်ဝင်စားခဲ့ဘူးခြင်းမရှိသောကြောင့်ဖြစ်သည်။

ယခုလည်း 'သူ့'ကိုတမ်းတမိကာ ဝမ်းနည်းမိပြန်သည်။ သူဟာ ငယ်စဉ်ကတည်းက သူမအပေါ် လေးလေးနက်နက်မရှိခဲ့ချေ။ ယခုလို ဝေးကွာနေချိန်တွင် ပို၍တောင် မေ့သွားနိုင်သည်။

သူ့ဦးနှောက်၌ 'ငြိမ်းတာရာ' ဆိုသော သူမ၏နာမည်ကို သတိရ၊ မှတ်မိနေလျှင် ကံကောင်း။ မေ့သွား



လောက်ပြီဟု စဉ်းစားမိတော့လည်း ငိုချင်လျက် လက်တို့ဆိုသလို ဖြစ်နေလေသည်။

"မင်းပေးခဲ့တဲ့...စံပယ်ဖြူပွင့်တွေရယ်.....နွမ်းခြောက်သွားခဲ့ပေမယ့်.....ရင်မှာမွှေးနေဆဲ....."

ဖုန်းမြည်သံကြားသဖြင့် ဖုန်း လေးကို ဖွင့်ကြည့်လိုက်မိသည်။ စစ် မှူးပိုင်ဆီကမှန်းသိသဖြင့် ဖုန်းကို မကိုင်ဘဲ ငြိမ်သက်နေစဉ် ဖုန်းလေး ထဲမှ သီချင်းသံက ဆက်လက် ထွက်နေဆဲ။

"မင်းရေးခဲ့တဲ့...ကာရန်လေး တွေလည်း.....ငါဆိုညည်းနေ ဆဲ... မင်း....."

"ဟယ်လို....."

မတတ်သာလို့ ထူးလိုက်ပေမယ့် သူမ မျှော်လင့်နေတဲ့သူက စစ်မှူးပိုင် မ မဟုတ်ဘဲကွယ် လူဆိုသည်မှာ "ကိုယ် ထင် တင်ရွှေနန်း" ဆို သည့် အတိုင်း ကိုယ်သဘောကျ နှစ်မြို့က်သည့်သူဆီ မည်မျှအဆိုး လုပ်လု ကောင်းတယ်ဟု ထင် သလောက် ကိုယ်လက်မခံနိုင် သော သူဆိုလျှင် အသေးအမွှာ ကစ၍ အပြစ်မြင်တတ်သည်။ သူမသည်လည်း လူထဲက လူ တစ်ယောက်ပင် ဖြစ်သည်။

ဖုန်းလေးက မကိုင်မချင်းမြည် နေမည်ဆိုတာကလည်း အလိုလို



www.burmeseclassic.com

www.burmeseclassic.com

သိနေသည်လေ။

"ဖုန်းခေါ်နေတာ အကြာကြီး ပြီ၊ ဘာလုပ်နေတာလဲ ငြိမ်း၊ ဒီ နေ့ အော့ဖ်မဟုတ်လား"

စစ်မှူးပိုင်ကို သူမ အမုန်းဆုံး က ထိုသို့သော အမိန့်အာဏာ ကားများ ပြောတတ်မှု၊ ပိုင်စိုးပိုင် င်းဆန်မှုကြောင့်ပင်ဖြစ်သည်။ နဂို က စစ်မှူးပိုင်၏စရိုက်မှာ ထိုကဲ့သို့ ဟုတ်ပါ။ နှစ်ဖက်မိဘများက သဘောတူစေ့စပ်ပေးလိုက်ကာမှ ခုလိုစရိုက်ပေါ်လာခြင်းဖြစ်သည်။

သို့သော် လုံးဝခါးခါးသီးသီး ဆက်ဆံဖြစ်တာကလည်း စစ်မှူး ပိုင်နှင့်သူမသည် ငယ်ငယ်လေး ကတည်းက လည်ပင်းဖက်ပေါင်း ကြီးပြင်းလာခဲ့သော သူငယ်ချင်းမို့ ဖြစ်သည်။ အမှန်အားဖြင့် စစ်မှူး ပိုင်သည် အပြောအဆိုမတတ်တာ တစ်ခုကလွဲ၍ အစစအရာရာ သူမ သဘောအတိုင်း ရှိနေခဲ့ပေးသည်။ ထပ်ဖို့ရက်ကို ဟိုလရွှေ့လိုက်၊ ရွှေ့လိုက် လုပ်နေသူက သူမ ဖြစ်သည်။ တကယ်တော့ လက် ခင်အချိန်လေးမှာ 'အောင့်' တွေ့သွားခွင့်ရမလား မျှော်လင့် ချက်လေးကြောင့်ဖြစ်သည်။ ယ်မရှိမှန်းတော့သိ၏။ သို့ နှလုံးသားတစ်ခုလုံး 'အိမ် ထောင်'ထဲမှာ စတေးပစ်လိုက်ရမည့် တစ်ယောက်အနေနဲ့ ဒီ

**လုံးဝခါးခါးသီးသီး မဆက်ဆံဖြစ်တာကလည်း စစ်မှူးပိုင်နှင့်သူမသည် ငယ်ငယ်လေးကတည်းက လည်ပင်းဖက်ပေါင်း ကြီးပြင်းလာခဲ့သော သူငယ်ချင်းမို့ဖြစ်သည်။ အမှန်အားဖြင့် စစ်မှူးပိုင်သည် အပြောအဆိုမတတ်တာ တစ်ခုကလွဲ၍**

လောက်တော့ အယူခံဝင်ခွင့်ရှိသည်ဟု သူမ မှတ်ယူမိသည်။

စစ်မှူးပိုင်ကတော့ သူမကို မယုံမရဲဖြင့်.....

"သူနဲ့ တစ်ခါလောက်တွေ့ခွင့်စောင့်နေတာက ငါ့ကိုထားသွားမလို့လား"

ဟု မေးလေသည်။ ထိုစဉ်က သူမသည် အထင်သေးရကောင်းလားဟု ရန်တွေ့ခဲ့ပေမယ့် အကယ်၍ အောင်နဲ့ဆုံတွေ့ခွင့်ရခဲ့လျှင် တကယ်ပဲ ထိုကဲ့သို့ လုပ်မည်၊ မလုပ်မည်မှာ မသေချာပါ။

"အသံတိတ်လချည့်လား ငြိမ်း၊ ငါ့ကို စကားမပြောချင်လို့လား"

"မဟုတ်တာ၊ ငါက ဘာလို့ စကားမပြောချင်မှာလဲ၊ ဖုန်းနဲ့ဝေးနေလို့ပါ၊ စကားကို ကောင်းကောင်းပြောလို့မရဘူး"

မုသားသုံးလိုက်ခြင်းက 'ရှည်လည်းလျှော့ကာ၊ ပျားလည်းစွဲသာ' လုပ်လိုက်ခြင်းဖြစ်သည်။ သူ့မျက်နှာ မကောင်းပြန်တော့လည်း ကိုယ့်အပြစ်မကင်းသလို ခံစားရခြင်းကြောင့်ဖြစ်သည်။

"အခုငါပြောမယ့်စကားကို သေချာနားထောင်နော် ငြိမ်း"

အရေးကကြီးနိုင်လှသောလေသံကြောင့် ဘာလဲဟုမမေးဘဲ ငြိမ်ငြိမ်နားထောင်နေစဉ် မမျှော်လင့်သော စကားသံတစ်ခုက နားထဲမှာ ဗုံးတစ်လုံးပမာ။

"ငါ အောင်နိုင်ထွေးနဲ့ မနေ့ကတွေ့တယ်၊ အဲဒါ ငါ့အခု နင့်အဆောင်ကို လာခဲ့မယ်၊ နင်စောင့်နေနော်"

ဘုရားရေ..တကယ်ပဲ အောင်နှင့် သူမ တွေ့ခွင့်ရတော့မည်။ အောင်နှင့် မျက်နှာချင်းဆိုင်ဖို့ သူမမှာ အင်အားရှိရဲ့လား။

♛♛♛♛♛

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က ကွတ်ခိုင်မြို့လေးမှာ

www.burmeseclassic.com



အချစ်ဆုံးသူငယ်ချင်း သုံးယောက်ရှိခဲ့သည်။ သူတို့ကတော့ စစ်မှူးပိုင်၊ အောင်နိုင်ထွေးနှင့် ငြိမ်းတာရာတို့ပဲဖြစ်သည်။ သူမရဲ့အဖေနှင့် စစ်မှူးပိုင်၏အဖေတို့သည် စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများဖြစ်ကြပြီး အောင်နိုင်ထွေးရဲ့အဖေကတော့ ကုန်သည်ဖြစ်သည်။

သူမတို့အိမ်နှင့် စစ်မှူးအိမ်တို့က ဝန်ထမ်းတန်းလျားတွင် ကပ်လျက်ဖြစ်သည်။ အောင်ကတော့ နံနက်လင်းကတည်းက သူမတို့ စည်ပင်ဝန်းထဲက ပန်းခြံထဲကို ရောက်ရောက်လာတတ်သည်။ အတန်းတူ၊ အခန်းတူ သူငယ်ချင်းများမို့ ကစားဖော်၊ ကစားဖက်များဖြစ်သည်။

သူမတို့မိဘများက ဝန်ထမ်းများမို့ စားလောက်ရုံ၊ သောက်လောက်ရုံသာဖြစ်သော်လည်း အောင့်ရဲ့မိဘများကတော့ အရောင်းအဝယ်လုပ်သော ကုန်သည်မို့ ပြေလည်ရုံမကအဆင့်တွင်ရှိသည်။ သူမတို့နှင့်စာလျှင် ငွေရေးကြေးရေး အင်အားတောင့်တင်းသောအောင်သည် သူငယ်ချင်းတွေအပေါ် ခနိုင်ကျင့်မောက်မာသူတစ်ဦး မဟုတ်ပေ။ သွားအတူ၊ လာအတူ၊ အေးအတူ၊ ပူအမျှ ခင်မင်ခဲ့ကြသော သူငယ်ချင်းများဖြစ်သည်။

သို့သော် ထူးခြားချက်တစ်ခုရှိသည်။ အောင်သည် လူတကာနှင့် ဆန့်ကျင်ရမှ စားဝင်အိပ်ပျော်သော သူတစ်ယောက်ဖြစ်သည်။ သူမတို့သူငယ်ချင်းများကြားတွင် အောင်ကတစ်ဖက်၊ သူမနှင့် စစ်မှူးက တစ်ဖက်ဖြစ်နေတတ်တာကတော့ ထုံးစံလိုပင်။ အောင်သည် ကတ်တီးကတ်ဖဲ့နိုင်သလို သူများက တောင်ဆို သူကမြောက်။ ထိုမတူညီသော အတွေးတစ်ခုကို ပြေလည်အောင် ညှိမရသည့်နေ့ ကစားပွဲပျက်ပြီသာမှတ်တော့။ သူများတွေနှင့် ရန်ဖြစ်လျှင် ဘယ်လိုနည်းနှင့်နိုင်ရနိုင်ရ သူသာအနိုင်ရမှ ကျေနပ်သူဖြစ်သည်။



တကယ်တမ်း ရန်ဖြစ်ရလျှင် သူမသည် အောင့်ဘက်မှ အလိုလိုကာပြောပေးမိတတ်တာကလည်း အကျင့်တစ်ခုလို အရိုးစွဲနေခဲ့သည်။ အပျိုဖော်ဝင်စ စိတ်ကစားတတ်သည့်အရွယ်ကတည်းက အောင့်ကို စိတ်ထဲမှ လက်ခံနေခဲ့သည်။ အောင်ကတော့ သူမရဲ့သံယောဇဉ်များကို ရိပ်မိသိရှိခဲ့ရဲ့လားမသိချေ။

ဆယ်တန်းအောင်တော့လည်း အတူတူ။ ဒါပေမဲ့ သူမရဲ့ ရင်တွင်းချစ်ခြင်းမေတ္တာများကတော့ ထာဝရ မြေမြှုပ်ရမယ့်ဖြစ်လာခဲ့သည်။ အောင်တို့မိသားစု မူဆယ်သို့ အပြီးအပိုင် ပြောင်းရွှေ့သွားခြင်းကြောင့် ဖြစ်လေသည်။ ထိုနေ့က သူမသည် စစ်



www.burmeseclassic.com

www.burmeseclassic.com

မှုးရှေ့၌ ဟန်မဆောင်နိုင်လောက်အောင် ငိုကြွေးမိခဲ့သည်။ အောင့်ထံမှ.....

"လာချင်ရင် အနီးလေးပါ ငြိမ်းရာ၊ နင်ကလည်း အဖြစ်သည်းနေလိုက်တာ"

"မလာချင်ရင် ခရီးဝေးတယ်ဟဲ့ အောင်ရဲ့၊ နင်ဟာလေ ငယ်ငယ်လေးကတည်းက ခုထက်ထိဘာကိုမှ လေးလေးနက်နက်ကို မရှိဘာ"

"ဟာ.....နင်တော်ပွားပါလား ငြိမ်းရာ၊ ဟော့ကောင်...လုပ်ဦးကွ၊ ဘကယ်ပဲကွာ မိန်းမတွေများ မျက်ရည်ပေါချက်က"

ကိုယ်ကသာ ငိုရလွန်း၍ သေသွားနိုင်သည်။ သူ့ထံမှ မည်သူ့ယုယမှုကိုမှ လက်မခံရချေ။ ထိုအတည်းက အဆက်အသွယ်ပြတ်သွားခဲ့သည်။ ဒါပေမဲ့ သူမကတော့ အောင့်ကိုစိတ်ကစားမိတဲ့အဆင့်ထက် ကျော်လွန်၍ ကုစ၍မရနိုင်သော ရောဂါတစ်ခုလို ဖြစ်နေခဲ့သည်။

သူမ သူနာပြုသင်တန်းဆင်းပြီး လားရှိုးမြို့မှာ ပိုစတင်ဝင်ချိန်တုန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ဝင်ဖို့ စာပေးစာယူ ဆက်တက်ခဲ့ပြီး ဘွဲ့ရပြီး ဒုရဲအုပ်သင်တန်းအတွက် စာမေးပွဲဖြေခဲ့သော်လည်း အောင်ခဲ့ချေ။ လေးနှစ်ဆက်တိုက်

ကိုယ်ကသာ ငိုရလွန်း၍
သေသွားနိုင်သည်။
သူ့ထံမှ
မည်သူ့ယုယမှုကိုမှ
လက်မခံရချေ။
ထိုအတည်းက
အဆက်အသွယ်
ပြတ်သွားခဲ့သည်။
ဒါပေမဲ့ သူမကတော့.....

ဖြေပြီးမှ အောင်လေသည်။

သူငယ်ချင်းနှစ်ယောက် တစ်မြို့တစ်ရွာ၌ အတူတကွ တာဝန်ကျသောအခါ မိဘများဘက်မှ အစီအစဉ်တစ်ခု လုပ်လာခဲ့သည်။ ထိုအချိန် အောင်နှင့်ဝေးသွားခဲ့သည်မှာ ခုနစ်နှစ်နီးပါး၊ ရှစ်နှစ်တိုင်တိုင်ရှိခဲ့လေပြီ။ သူမရဲ့ မိဘများဟာ အသက် နှစ်ဆယ့်ရှစ်နှစ်သည် မိန်းကလေးတစ်ယောက်အတွက် အိမ်ထောင်ပြုသင့်ပြီဟု တိုက်တွန်းနားချနေခိုက် စစ်မှုးရဲ့မိဘများက သမီးတောင်း၊ သားပေး ဖြစ်လာခဲ့သောအခါ သူမနှင့်စစ်မှုး စေ့စပ်သလိုဖြစ်သွားခဲ့သည်။ ထိုကဲ့သို့ ဖြစ်သွားသည်ကိုပင် သူမသည် အောင့်အပေါ် သစ္စာဖောက်မိသလို ဖြစ်သွားပြီလားဟု အကြိမ်ကြိမ် ဆန်းစစ်မိခဲ့သည်။ သို့သော်လည်း သူမသည် မလွှဲမသွေ စစ်မှုးပိုင်ကို လက်ထပ်ရပေလိမ့်မည်။ ဒါပေမဲ့ ယခု အောင်နှင့်တွေ့ခဲ့သည်ဟု ဆိုလိုက်သောအခါ သူမသည်.....

♛♛♛♛♛

"အမိပ္ပာယ်မရှိလိုက်တာ၊ နင့်မှာ အဲဒီလိုတားပိုင်ခွင့်မရှိဘူး စစ်မှုး၊ နင်ငါ့ကို ဒီလိုပုံစံနဲ့ အကျပ်လာမကိုင်နဲ့"

"အမိပ္ပာယ်မရှိတာကို လုပ်နေတဲ့သူက နင်ပဲ ငြိမ်း၊ သူ့ဆီသွားတွေ့တော့ကော နင် သူ့အတွက်ဘာလုပ်ပေးနိုင်မှာလဲ၊ ပြီးတော့ သူဘယ်မှာရှိတယ်ဆိုတာ ပြောပြတာက နင့်ကို သွားတွေ့ဖို့ ပြောပြတာမဟုတ်ဘူး၊ သူဘယ်မှာရှိလဲ နင်သိပြီပဲ၊ မသေချာတာကို ဆက်ပြီး မမျှော်လင့်ဖို့အတွက် ငါပြောနေတာ"

www.burmeseclassic.com



"မျှော်လင့်ရမှာပဲ စစ်မှူး၊ အချစ်ရဲ့ရေသောက်မြစ်က မျှော်လင့်ခြင်းပါ၊ သူနဲ့ငါဟာ မဆုံနိုင်တော့ဘူးထားပါတော့၊ သူရှိနေသေးတယ်ဆိုတဲ့ မျှော်လင့်ချက်လေးတော့ ငါ့မှာရှိသင့်တယ်လို့ထင်တယ်"

"နင် ပြောရဲလိုက်တာ၊ ဒီမှာ ငါဟာ နင်စေ့စပ်ထားတဲ့လူတစ်ယောက်ဆိုတာလည်း မမေ့နဲ့ဦး ငြိမ်းတာရာ၊ ရတယ်လေ၊ နင်ဒီနေ့သွားတွေ့ရင် မနက်ဖြန် နင့်အမေကို ငါခေါ်လိုက်ရုံပဲ"

ဒေါသထွက်ခဲ့သော စစ်မှူးပိုင်တစ်ယောက် သူမကို ဒေါသထွက်ကာ ရှူးရှူးရှဲရှဲဖြစ်သွားပြီးမှ သူမရဲ့အဆောင်မှာပါလားဆိုသောအသိနှင့် သူမအနားသို့ တိုးကပ်၍.....

"ငါမလုပ်ဘူးထင်မနေနဲ့ ငြိမ်းတာရာ၊ အဲဒီလောက်ထိ ငါနွားမကျဘူး"

ဟု လေသံတိုးတိုးဖြင့်ပြော၍ လှည့်ထွက်သွားလေသည်။ ကြမ်းတမ်းသော ဆိုင်ကယ်လီဗာဆွဲသံက သူ့ရဲ့ဒေါသဒီဂရီကို ပြနေလေသည်။ ဆိုင်ကယ်သံသည် ဝေး၍ဝေး၍သွားသည်။

သူမကတော့ ဘယ်သူမှရှိမနေဘူးဆိုသောအသိနှင့် ငိုချပစ်လိုက်သည်။ ထို့ပြင် ဤကဲ့သို့ စစ်မှူး ဒေါသဖြစ်နေသည်မှာလည်း သူ့အလွန်တော့မဟုတ်။ အစွဲအလမ်းကြီးသော သူမရဲ့အပြစ်သာဖြစ်သည်ဟု တွေးပေးမိပြန်သည်။

**အောင်နိုင်ထွေးဆိုတာ
အရင်ကအောင်နိုင်ထွေး
မဟုတ်ဘူး၊
ငါ စိတ်အပျက်ဆုံးက
ငါတို့ပြည်သူ့ဝန်ထမ်းအပေါ်
အထင်သေးတာကိုပဲ၊
ငါ့ကိုလာပြီး
အပေးအယူလုပ်တယ်၊
သူ့အမှုအတွက်
သက်သာအောင်လို့တဲ့၊
ငယ်သူငယ်ချင်း....**

အောင်သည် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုနှင့်အဖမ်းခံထားရသည်တဲ့။ ထို့ပြင် ထောင်ဒဏ် ဆယ်နှစ်မှ ဆယ့်ငါးနှစ်ထိ ကျခံရဖွယ်ရှိကြောင်း စစ်မှူးက သုံးသပ်ပြခဲ့သည်။

ထိုသတင်းကိုကြားရတော့ မယုံနိုင်ခဲ့ပါ။ တကယ်ပဲ အောင်သည် ဝိသမလောဘသားတစ်ယောက်ပေလား။

"အောင်နိုင်ထွေးဆိုတာ အရင်ကအောင်နိုင်ထွေး မဟုတ်ဘူး၊ ငါ စိတ်အပျက်ဆုံးက ငါတို့ပြည်သူ့ဝန်ထမ်းအပေါ် အထင်သေးတာကိုပဲ၊ ငါ့ကိုလာပြီး အပေးအယူလုပ်တယ်၊ သူ့အမှုအတွက် သက်သာအောင်လို့တဲ့၊ ငယ်သူငယ်ချင်းမို့ ဒီ ကောင် သက်သာသွားတယ်မှတ်၊ မဟုတ်ရင် ငါ အဲဒီနေရာတင် ဆွဲထိုးပစ်ခဲ့တယ်"

စစ်မှူးပုံစံက အမှန်တကယ် ဒေါသထွက်နေသည့်ဟန်။ သူမကို လည်း အစပိုင်းက ချော့၍ပြောခဲ့ခြင်းသာ။

"နင့်ကို သွားမတွေ့စေချင်တာက နင်က မိန်းကလေး၊ ပြီးတော့ တရားရုံးတို့၊ ရဲစခန်းတို့ဆိုတာ ဘယ်သူကမှ မသွားချင်တဲ့နေရာပဲ၊ မတတ်သာလို့သာ သွားနေကြတာ၊ နင့်ကို အဲဒီလိုနေရာမှာ ခဏတစ်ဖြုတ်တောင် ငါမတွေ့ချင်ဘူး ငြိမ်း"

"ဒါပေမဲ့ ငါက သူ့ကို သူငယ်ချင်းတစ်ယောက်အနေနဲ့ သွားတွေ့မှာပါ စစ်မှူး"

"ထင်လား၊ နင့်ကိုယ်နင် အာမခံနိုင်လို့လား၊ ဟိုရောက်ရင် သူ တိုင်သာ ခြားမထားခဲ့ရင် နင်သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

ပြေးမဖက်ရင် ကံကောင်း ငြိမ်း၊ သူ များကို လိမ်ချင်လိမ်၊ နင့်ကိုယ်နင် လိမ်လို့မရဘူးဆိုတာ မြဲမြဲမှတ်ထား စမ်းပါ''

စစ်မှူးကတော့ သူမရင်ထဲဝင်ကြည့်ပြီး ဒက်ထိပြောနိုင်ခဲ့သည်။ သို့သော် သူမသည် မိုးကြိုးပစ်တာကို ထန်းလက်နှင့်ကာချင်သူပီပီ....

''ဘာပဲဖြစ်ဖြစ် အောင်က ငါတို့ရဲ့သူငယ်ချင်းအရင်းခေါက်ခေါက်ပါ စစ်မှူးရဲ့၊ သူ သနားစရာကောင်းလိုက်တာဟယ်''

''ဘာမှသနားစရာမရှိဘူး ငြိမ်း၊ လူသားမျိုးနွယ်စုတွေ ပျက်စီးအောင် ဝိသမလောဘနဲ့ ကိုယ်ကျိုးကိုပဲကြည့်ပြီး လုပ်နေတဲ့သူ၊ ဘာမှသနားစရာမရှိဘူး၊ လောကမှာ တရားဥပဒေသာမရှိခဲ့ရင် လူတွေ လုပ်ချင်တာလုပ်၊ ဖြစ်ချင်တာဖြစ်နဲ့ ဒီကမ္ဘာကြီးက မင်းမဲ့စရိုက်တွေ ဖုံးလွှမ်းနေတော့မှာပေါ့၊ နင်ပြောသလို အချုပ်ကျ၊ ထောင်ကျတိုင်းသာ သနားရမယ်ဆိုရင် ငါတို့ပြည်သူ့ဝန်ထမ်းတွေကပဲ မတရားလုပ်နေရာကျတော့မယ်၊ အပေးရှိရင် အယူရှိတယ်ဆိုတဲ့ စကားအတိုင်း မကောင်းတဲ့အလုပ်ကိုလုပ်တဲ့သူက သူနဲ့ထိုက်သင့်တဲ့ ပြစ်ဒဏ်ကို ခံယူရမှာ ဓမ္မတာပဲ ငြိမ်း''

စစ်မှူး ပြောခဲ့သော စကားများက သူမနားထဲမှ လုံးဝမထွက်ချေ။ သူမကပဲ အတွေးအခေါ်ချော်နေသူတစ်ယောက်လား၊ ဒါမှမဟုတ် အောင့်အပေါ် သက်ညှာနေမှုကိုပဲ မနာလိုဖြစ်နေသလား ဝေခွဲ၍မရပါ။

♛♛♛♛♛♛



လာခဲ့တုန်းကတော့ စစ်မှူးကို မကျေနပ်သဖြင့် သွားကိုသွားပြီးမယ်ဟူသော တစ်ဇွတ်ထိုးစိတ်ဖြင့် ရောက်လာခဲ့ခြင်းဖြစ်သည်။

တကယ်တမ်း အကျဉ်းဦးစီးရှေ့ မလှမ်းမကမ်းသို့ ရောက်သောအခါ ဆိုင်ကယ်က အလိုလိုတန့်သွားခဲ့သည်။ ဂိတ်ပေါက်ကိုလှမ်းကြည့်ရင်း မတော်လို့ စစ်မှူးများထွက်လာလျှင်ဟူသောအတွေးဖြင့် ထိတ်လန့်ရပြန်သည်။ မချစ်တာကသတ်သတ်၊ တစ်ဦးအပေါ် တစ်ဦးလေးစားမှုတော့ ရှိသင့်တယ်ထင်၍ပါ။

အကယ်၍ အောင့်ရဲ့ရှေ့သို့ရောက်သွားလျှင် သူမ ဘာစကားပြောရမည်နည်း။ သူမကသာ အောင့်အပေါ်တိတ်တခိုးရှိနေသလောက် အောင်ကတော့ သူငယ်ချင်းအဖြစ်သာ အသိအမှတ်ပြုခဲ့သည်။ သူ့ရှေ့ရောက်သွားလျှင် အနည်းဆုံး အောင့်ကို အချုပ်ခန်းထဲမှာမကြည့်ရက်၍ သူမ မျက်ရည်များကျမည်။ ဝမ်းနည်းမှုကို မည်သို့မှ ထိန်းချုပ်၍ရမည်မထင်။ ထိုအခါ ဘေးလူများအတွက် တစ်မျိုးတစ်မည် ထင်စရာဖြစ်မည်။ မတော်လို့ သူမနှင့်စစ်မှူးရဲ့ ပတ်သက်မှုကိုသိသော တစ်ဦးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က သူမ လာသွားသည့် အကြောင်း စစ်မှူး ကိုပြောလျှင် စကားများရဖွယ်ရှိသည်။ မိဘများပါ သိသွားနိုင်သည်။

"အောင်ရယ်....ကံကြမ္မာက ရက်စက်လိုက်တာ၊ ငါနင့်ကို တွေ့ချင် ဒီလိုပုံစံနဲ့ မဟုတ်ဘူးဟာ၊ အခုတော့ ကံကြမ္မာ ကျီစယ်ပုံက ရက် စက် လွန်းတယ်ဟာ"

ထို စဉ် အကျဉ်း ထောင် ပေါက်ဝမှ ထွက်လာသော ဆိုင်ကယ်တစ်စီးကို မြင်ရသဖြင့် ထိတ်လန့်သွားကာ တစ်ဖက်သို့ ကျောခိုင်းနေလိုက်သည်။



ယခုအချိန်မှ မတွေ့ရလျှင် နောက်နောင် အောင်နိုင်ထွေးနှင့် တွေ့ရဖို့ဆိုသည်မှာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ချေ။

"သမီး ယောကျ်ားတွေဆိုတာ သူတို့ကချစ်မှသာ သည်းခံဖို့၊ ခွင့်လွှတ်ဖို့လွယ်တာ၊ မဟုတ်ရင် နည်းနည်းလေးတောင် သေးသေးတင်ခံတာမဟုတ်ဘူး၊ သူတို့ကချစ်နေရင် ဘာပဲလုပ်လုပ် အချစ်ပဲမြင်ပြီး မချစ်မနှစ်သက်ရင် ကိုယ်ယူထားတဲ့မိန်းမ မျက်ရည်နဲ့မျက်ခွက်ဖြစ်ဖြစ် ဂရုစိုက်တာမဟုတ်ဘူး၊ အချစ်က အရေးမကြီးပါဘူးဘယ်လောက်ပြောပြော အချစ်ဓာတ်ခံမရှိတဲ့အိမ်ထောင်ရေးက ဘယ်မြဲလိမ့်မလဲကွယ်"

အမေ့ရဲ့ ဆုံးမစကားကိုလည်း ကြားယောင်မိသည်။ စစ်မှူးသည် သူမအပေါ် အစစအရာရာ အနွံတာခံသူ။ သူမဘက်က ဝတ်ကျေတမ်းကျေရှိသလောက် သူ့ဘက်က လိုက်လိုက်လဲ့လဲ့ဖြစ်သူ။

ဘာပဲဖြစ်ဖြစ် စစ်မှူးနှင့် သူမသည် တစ်ချိန်ချိန်မှာ လက်ထပ်ဖို့ သေချာနေပြီမို့ သူမကြိုက်သည့် ကိစ္စ သူမ မလုပ်ချင်ပေ။ လုပ်မိ၍လည်း လိပ်ပြာလုံမည်မထင်။ ဤကိစ္စတစ်ခုအတွက်နှင့် သူမနှင့်စစ်မှူးကြား အက်ရာထင်သွားမှာကိုလည်း မလိုလားချေ။

"အောင်...ငါ့ကိုခွင့်လွှတ်ပေးပါဟာ၊ ငါလေ ဘာနှောင်ဖွဲ့မှုမျိုးမှ ရှိမနေဘူးဆိုရင် နင့်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ လာတွေ့မှာပါ၊ ဒါပေမဲ့ မိန်းမတစ်ယောက်ဟာ အိမ်ထောင်ရေးမသာယာရင် ဘဝပျက်တာနဲ့ မခြားဘဲတဲ့၊ နှစ်ပေါင်းများစွာ ရှေ့ဆက်ရမယ့် ငါ့ရဲ့ဘဝကို ငါသာသာယာယာပဲ ဖြစ်ချင်တယ်၊ ဘာအဖုအထစ်နဲ့မှ ဘဝကိုမစချင်ဘူး၊ ဒါကြောင့် ငါ့ကိုခွင့်လွှတ်ပါနော်"

♛♛♛♛♛

အချစ်ဦး ရူးတောင် မမေ့ဘူး ဆိုတဲ့စကားလေး ရှိခဲ့သည်။ သူမဘဝ၌ ကြေကွဲဖွယ်ကောင်းသော တစ်ဖက်သတ် အချစ်ဇာတ်လမ်း တစ်ပုဒ်ရှိခဲ့ဖူးသည်။ အပိုင်းပိုင်းအစစ ကျိုးပျက်ခဲ့သော နှလုံးသားတစ်စုံနှင့် အိမ်ထောင်ရေးနယ်ပယ်သို့ ရောက်ခဲ့သည်။ ထိုနယ်ပယ်တွင် ကျိုးပျက်ခဲ့သော သူမနှလုံးသား အသစ်တစ်ဖန် မွေးဖွားလေမလား။ ဒါမှမဟုတ် ငယ်ချစ်ဦးပုံပြင်အကြောင်း သားမြေးမြစ်များကို ရယ်ရယ်မောမောနှင့် ပြန်ပြောဖြစ်မလား။ အနာဂတ်သည် သူမအတွက် မျှော်လင့်ချက်များဖြင့်...။

**မည်သူ့ကိုမှ မရည်ရွယ်ပါ။**

**ရှင်လွန်းမယ်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## မောဟရဲ့မာယာများ

အောင်ကျော်ပြုံး

နီနီကို ညီမောင်ယူလိုက်တော့ သူ့ညီမ စီစီလည်း ပါလာခဲ့တယ်။ နီနီ့မှာက အဖေနဲ့အမေ မရှိသလို ညီမောင့်မှာလည်းပဲ အဖေနဲ့အမေ မရှိတော့ပါဘူး။ တကယ်တမ်းတွေး ကြည့်ရင် ဘဝတူတွေပေါ့။ ညီမောင်ကလည်း သူ့မိသားစုထဲမှာ တစ်ယောက်တည်းသောသားဖြစ်တယ် ပေါ့လေ။

ပြီးတော့ ညီမောင့်အမေက သမီးဆိုလို့ တစ်ယောက်မှမမွေးခဲ့တာ။ လောကကြီးမှာ ညီမောင် အရမ်းအလိုချင်ဆုံးက ညီမလေး တစ်ယောက်ပါပဲ။

အခုဆိုရင် နီနီ့ကိုယူလိုက် ကတည်းကိုက ညီမောင့်ဆန္ဒတွေ ပြည့်ဝသွားပြီလို့ ဆိုရမယ်။ သူ့ညီမ စီစီဟာ ညီမောင့်ရဲ့ညီမလေးပဲ မဟုတ်လား။ ဘာပဲပြောပြောမိ သားစုလို နေခဲ့ရင် မိသားစုစိတ်ကို မွေးရမှာက ညီမောင်တို့အိမ် ထောင်သည်တွေရဲ့ တာဝန်ပါပဲ။

စီစီဆိုလို့ ပြောရဦးမယ်။ စီစီ့အသက်က အခုမှ ၁၅ နှစ်လောက်ရှိသေးတာ။ လူကလည်းငယ် အရွယ်ကလေးကလည်းရှိတော့ အညီရှိရင် ယင်အုံတတ်သည်ဆိုတဲ့ စကားအတိုင်း စီစီ့ကိုပိုးတဲ့ပန်းတဲ့ သူတွေကလည်း အများသားလား

ဒါတွေကို ညီမောင် မပြောလို ပါဘူး။ မိန်းကလေးပဲဖြစ်ဖြစ် ယောကျ်ားလေးပဲဖြစ်ဖြစ်၊ ဘယ်သူ ပဲဖြစ်ဖြစ်ပေါ့လေ။ သူ့ သဘာဝနဲ့သူ သီးချိန် တန်ရင် သီးမှာပါပဲ၊ ပွင့် ချိန်တန်ရင် ပွင့်မှာပါပဲ

သည်လိုသဘာဝ တွေကို ညီမောင့် အနေနဲ့ လူတတ်ကြီး လုပ်ပြီး သွားတားလို့မှ မရတာ။

ခက်တာက ဟုတ် ပါ့။ ခက်တာက စီစီ့ အသက်ကလည်း အခု မှ ၁၅ နှစ်လောက်ရှိ ဆိုတော့ သူ့ဘဝမှာ



www.burmeseclassic.com

အိမ်ထောင်ပြုဖို့ဆိုတာ ဝေးလှပါသေးတယ်။

မတော်လို့များ သူ့အကြိုက်ကိုလိုက်ပြီး ကာယကံရှင်ဖြစ်တဲ့ ညိုမောင်တို့ကသာ အိမ်ထောင်ရက်သား ချပေးကြည့်ပါတဲ့လား။

လာလိုက်မယ့် နောက်ဆက်တွဲ ပြဿနာတွေ၊ အရှုပ်ထုပ်တွေ။ စီစီ့ကို အသက်မပြည့်ဘဲနဲ့ အိမ်ထောင်ချပေးမိလို့ ညိုမောင်တို့တောင် ပြန်ပြီးတရားစွဲခံနေရဦးမယ်။

ဒါတွေကို စီစီ့အနေနဲ့ နားမလည်ပါဘူး။ တကယ်တော့ သည်လုပ်ရပ်တွေဟာ နီနီ့သံယောဇဉ်နဲ့ စီစီ့ရဲ့အပေါ်မှာ ညိုမောင်ထားခဲ့တဲ့ စေတနာ၊ မေတ္တာတွေပါ။

ဒါပေမဲ့လို့ စေတနာဟာ လူတိုင်းနဲ့မတန်ဘူးလို့ ဆိုရမယ်။ အဲသည်အထဲမှာ စီစီလည်းပါတယ်လို့ ညိုမောင်ထင်ပါတယ်။

ထင်တာတင်မဟုတ်ဘူး။ ညိုမောင်မြင်တာတွေကိုပါ ပြောရရင် အရှည်ကြီးကိုဖြစ်သွားဦးမယ်။

ဒါကြောင့် လူကြီးသူမတွေက ပြောတာ။ သမီးတစ်ကောင်၊ နွားတစ်ထောင်တဲ့။ ခုတော့ဖြင့် ညိုမောင့်မှာဖြင့်လေ။

ခယ်မတစ်ကောင် ကျားတစ်ဆောင်လို့ ဆိုရလေမလားပဲ။

တကယ်တော့ စီစီ့ကို လိမ္မာစေချင်တာဟာ ညိုမောင့်ရဲ့အရင်းခံဆန္ဒပါ။ လိမ္မာစေချင်တယ်၊ တော်စေချင်တယ်၊ တတ်စေချင်တယ်၊ မိန်းမကောင်းပန်းပန် တစ်ပွင့်တန်တဲ့ အမျိုးအစားထဲက ဖြစ်စေချင်တယ်။ ဒါတွေက ညိုမောင်ဖြစ်စေချင်တဲ့ အာသီသတွေ။

သည့်ထက်ပိုပြီး ပြောရရင် စီစီ့ကို ညိုမောင်ကိုယ်တိုင် စိုက်ပျိုးထားတဲ့ ပန်းကလေးလိုပဲထင်မိပါရဲ့။

ဆိုတော့ စီစီဆိုတဲ့ ညိုမောင့်ရဲ့ပန်းကလေး လောင်းရိပ်မမိအောင်၊ ပိုးမကိုက်အောင် အစွမ်းကုန် စောင့်ရှောက်ရမှာက ညိုမောင့်တာဝန်တွေပါ။ ပြီးတော့ သူတို့ညီအစ်မတွေကလည်း တစ်မအေတည်းကနေမွေးလို့ ညီအစ်မတွေဖြစ်လာခဲ့ပေမယ့် စိတ်ထားချင်းတွေက တစ်ယောက်နဲ့တစ်ယောက် တူကြတာမဟုတ်ဘူး။

နီနီကအေးသလောက် စီစီက ဘယ်ကိစ္စ၊ ဘယ်အမှုမျိုးမဆို ပူညံပူညံလုပ်ချင်တဲ့ အနေအထားမှာရှိတယ်။

နီနီက ညိုမောင့်စကားကို တစ်သဝေမတိမ်း နားထောင်တတ်ပေမယ့် စီစီကတော့ နားမထောင်တဲ့အပြင် သူမထင်ခဲ့ရင် ပြန်လှန်ပြီး ပြောတတ်တာမျိုး။ အဆိုးဆုံးကတော့ သူနဲ့မဆိုင်သလိုနေတတ်တာက စီစီ့ရဲ့အကျင့်ပါပဲ။

နီနီနဲ့ပတ်သက်ပြီး တော်စပ်ခဲ့ရတဲ့ ခယ်မဆိုတော့ နီနီ့အပေါ်မှာ ဆက်ဆံသလို စီစီ့ကိုလည်း သည်းခံစိတ်တွေမွေးပြီး ညိုမောင်ဆက်ဆံရမယ်လေ။

အရာရာတိုင်းမှာ သူတို့နဲ့ပြိုင်ပြီး ပခုံးချင်းယှဉ်လို့ ဘယ်ဖြစ်ပါ့မလဲ။ ညိုမောင်က လူကြီးပဲမဟုတ်လား။

နာယကဂုဏ်ခြောက်ပါးနဲ့အညီတော့ ဆက်ဆံရမှာပေါ့။

စီစီ့ရဲ့အပေါ်မှာ ကိုယ့်ညီမလေးလို သဘောထားပြီး ညိုမောင်ဆက်ဆံခဲ့ပါတယ်။ နီနီကတောင် အဲသည်လိုဆက်ဆံလွန်းအားကြီးလို့ ညိုမောင့်ကိုတောင်မှ ပြောသေးတယ်။

“အစ်ကိုရယ် ပြောလို့မရတဲ့သူကို ပြောမနေပါနဲ့၊ ဟိုစကားရှိတယ်မဟုတ်လား၊ သီလမရှိတဲ့သူကို သီလနဲ့ပတ်သက်တဲ့စကားတွေ သွားပြောခဲ့ရင် ကိုယ်ပြောတဲ့စကားတွေဟာ အလကားနေရင်း စကားဆိုး၊ စကားညစ်တွေ ဖြစ်သွားတယ်တဲ့၊ သူ့ထိုက်နဲ့သူ့ကံ ရှိပါစေတော့၊ အစ်ကို့ကိုကြည့်ရတာ ရင်မောလွန်းလို့ ညီမကပြောရတာပါ”

ကာယကံရှင် အစ်မတစ်ယောက်က သည်လိုပြောလာတော့လည်း တစ်ခါတစ်ရံမှာ စီစီ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com

မှာထားတဲ့ သံယောဇဉ်တွေကိုဖြတ်ပစ်ရကောင်းလိမ့်မလားလို့တောင် ညိုမောင့်ခမျာ တွေးမိပါသေးတယ်။

လူ့စိတ်ဆိုတာ သည်လိုပဲလေ။ မနိုင်ဝန်ကိုထမ်းခဲ့ရင်တော့ သည်လိုဖြစ်တတ်တာချည်းပါပဲ။

ဘယ်လိုပဲဖြစ်ပါစေလေ ညိုမောင်ကိုယ်တိုင်က လူသားတစ်ယောက်ဖြစ်လေတော့ လူစိတ်ကိုပဲ အရယူမွေးပြီး စီစီ့အပေါ်မှာ ဆက်ဆံရမှာပါပဲ။

တကယ်တမ်းစဉ်းစားကြည့်ရင် နီနီ့ရဲ့မျက်နှာကလည်း ရှိသေးတယ်လေ။ အစ်မကို အားကိုးပြီး လိုက်လာခဲ့တဲ့ ညီမဖြစ်လေတော့ ညိုမောင့်အနေနဲ့ ဘယ်မှာလာလို့ ရက်ရက်စက်စက်လုပ်နိုင်ပါ့မလဲတဲ့။

နီနီက သူ့ညီမစီစီနဲ့ ပတ်သက်လို့ ဘယ်လို ပင်ပြောပါစေ။ ညိုမောင်ကတော့ သူ့ရဲ့အရိုးခံစိတ်ထားတွေကို တစ်ပြားသားမှ အလျှော့မခံခဲ့ပါဘူး။

"နီနီကလည်းကွာ ဘာတွေလာပြောနေတာလဲ၊ မိသားစုအချင်းချင်း စိတ်ဝမ်းကွဲစေမယ့် စကားတွေကို မပြောကောင်းဘူးလေ၊ စီစီဆိုတာ မင်းရဲ့ညီမအရင်းပဲ မဟုတ်လား၊ မင်းနဲ့ပတ်သက်နေခဲ့ရင် သူလည်းငါ့ညီမပဲဥစ္စာ၊ မတော်တာရှိရင်တော့ ပြောရဦးမှာပေါ့၊ တကယ်လို့များ စီစီ့အနေနဲ့ မိုးမပြို ပြိုလာခဲ့သည်ရှိသော် ငါတို့မင်းတို့ပဲ အရှက်ကွဲရမှာပဲမဟုတ်လား"

သည်တော့လည်း ညိုမောင့်



ရဲ့နီနီက ညိုမောင့်စကားတွေကမှန်နေတဲ့အတွက် ဘာတစ်ခွန်းမှတောင် ပြန်မပြောရှာတော့ပါဘူး။ ပြန်မပြောတာဘဲ ကောင်းပါတယ်။

ပြန်ပြောခဲ့ရင်လည်း သူ့အမှားတွေပဲ ဖြစ်သွားမှာပေါ့၊ မဟုတ်ဘူးလား။

တကယ်ပါ။ နီနီ့ကို ညိုမောင့်အနေနဲ့ ကိုယ့်မိန်းမမို့လို့ပြောလို့ရပေမယ့် စီစီကျတော့ ဘယ်လိုပြောရမလဲ။ တစ်ခါတစ်ရံမှာ သင်းကလေးရဲ့ အပြုအမူ၊ အဆက်အဆံတွေကြောင့် ညိုမောင်ကိုယ်တိုင် စိတ်တွေတောင်မှ နောက်ချင်လာတယ်။

အေးလေ။ ညိုမောင်တို့ လင် မယားနှစ်ယောက်ကလည်း စီစီ့အပေါ်မှာ သံယောဇဉ်ရှိမိလေတော့ အစစအရာရာမှာ အလိုလိုက်မိတာတွေလည်း ပါကောင်းပါပါလိမ့်မယ်။

အလိုလိုက်လွန်းအားကြီးတော့ အမိုက်ဓော်ကားတာဟာ ဘာပြော လို့ရမှာတဲ့လဲ။ ထုံးစံကြီးတစ်ခုလို ဖြစ်နေတာ။

အခုလည်းပဲ သူ့အသက်အရွယ်ကလေးနဲ့ ရည်းစားတွေတွေတောင်မှ ရှိနေပြီဆိုပဲ။ သူ့ကောင်ကလည်း တခြေရပ်ကွက်

www.burmeseclassic.com



ထဲကကောင်ပါ။

အလုပ်လည်းမရှိ အသောက် အစားကလည်းမကောင်း။ သည်ကြား ထဲမှာ လောင်းကစားတောင်မှ ပါ လိုက်သေးတယ်။ မိန်းမဆိုရင် သူ နဲ့တင်းတဲ့သူ မရှိဘူးဆိုပဲ။

သည်သတင်း ကို ပေးလာသူက ညိုမောင်တို့ရပ် ကွက်ထဲက ညို မောင်နဲ့ ညီလို အစ်ကိုလိုနေတဲ့ ဖိုး အေးဖြစ်နေတော့ သင်းတို့နှစ်ယောက် ရဲ့ အခြေအနေကို ညို မောင့်အနေနဲ့ ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်ရမယ် လေ၊ ဒါပဲရှိတော့ တာပေါ့။

စောင့်ကြည့်ရ မယ်ဆိုတဲ့ အတိုင်း ပါပဲ၊ တစ်နေ့မှာ တော့ လူတစ် ယောက်ကို ညို မောင် ဆိုက်ကားနဲ့ သူတို့မြို့ရဲ့ ခြံတစ်ခုကို လိုက်ပို့ခဲ့ရတယ်။ တဲ့အတိုင်းပါပဲ။ စီစီတို့စုံတွဲက ညိုမောင်လာတာ ကိုတောင်မှ မမြင်နိုင်အားပါဘူး။

တစ်ယောက်နဲ့တစ်ယောက် ဖက်လားယက်လားလုပ်ပြီး ချစ်ဆိပ် ရည်တက်နေလိုက်ကြတာ။ လူမြင် လို့မတော်ပါဘူး။

ဒါကိုမြင်လိုက်တဲ့ ညိုမောင့် ခမျာ စိတ်ကိုတောင်မှ ထိန်းလို့မရ တော့ဘဲ ဆိုက်ကားစီးလာတဲ့သူဆီ က ဆိုက်ကားခတောင်မှ မတောင်း တော့ပါဘူး။ ဆိုက်ကားဖင်ထိုင်ခုံ အောက်မှာထည့်ထားတဲ့ ဝက်အူ လှည့်ကိုယူပြီး သင်းတို့စုံတွဲရှိရာကို အမြန်သွားလိုက်ရတယ်။

ဟိုရောက်တော့ စီစီ့ကိုလည်း သူနဲ့အတူ အိမ်ကိုပြန်လိုက်ခဲ့ဖို့ ညို မောင်က ပြောလိုက်တယ်။

သည်အချိန်မှာ စီစီကလည်း အချစ်ဆိပ်က တက်နေတော့ ခိုး စားတုန်းမှာ လူမိဆိုတာမျိုးလို ဘယ် ခံချင်ပါ့မလဲလေ။ အဲဒါကြောင့်မို့ လည်း.....



"လူကြီးက လူကြီးလို မနေ ဘူး၊ နေရာတကာ မှာ ကလေးတွေ ထဲ ဝင်ပါချင် တယ်၊ နိုင်ချင်းနိုင် ရင် ကျွန်မအစ်မ ရှင့်ရဲ့မိန်းမ နီနီ့ ကိုပဲ နိုင်လို့ရမယ်၊ ကျွန်မကိုတော့ နိုင် လိမ့်မယ်လို့ထင်ပြီး လာမစမ်းလေ နဲ့၊ စီစီတဲ့၊ တစ်စီ တည်းရှိတယ်"

ညိုမောင့်ရဲ့ စေတနာကိုပြောင် ပြောင်ကြီး စော် ကားလာတော့ လည်း ညိုမောင့်အနေနဲ့ ဘယ်ခံ နိုင်ပါ့မလဲ။

ချက်ချင်းဆို သလို ပါပဲ။ အသင့်ပါလာတဲ့ ဝက်အူလှည့်နဲ့ စီစီ ရဲ့ရင်အုံကို တစ်ချက်ဒေါင့် ထိုးပစ်လိုက်တယ်။ ပွဲချင်းပြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

အသံတောင်မှ မထွက်နိုင်ရှာပါဘူး။ ခွေခေါက်ပြီး လဲကျသွားလိုက်တာ။

စီစီပြီးတော့ သူ့ချစ်သူ အလှည့်ပေါ့လေ။

မထူးဓာတ်ကိုခင်းပြီး သင်းကို လည်း ဓာတ်သိမ်းခန်းရောက် အောင် ဝက်အူလှည့်နဲ့ပဲ ဓာတ် သိမ်းပေးလိုက်ရတယ်။

ဒါမှလည်း ပွဲကပြီးမှာ မဟုတ်လား။

ဘာပဲပြောပြော သည်အချိန် မှာ ညိုမောင့်ခေါင်းထဲမှာ ရှိတာက သင်းတို့နှစ် ယောက်ကို သည်လို လုပ် လိုက်ရမှ ကျေ နပ်နေတဲ့ စိတ်လေး တစ်ခုပါပဲ။


အကျိုးတွေ၊ အကြောင်းတွေကို လည်း လာမပြော လေနဲ့။

အင်မတန်မှ စိတ်ရှုပ်စရာ ကောင်းတယ်။ ဖြစ်ပြီးမှတော့ ဘာ လုပ်လို့ရမှာတဲ့လဲ။

တစ်ခုတော့ရှိပါရဲ့။ သင်းတို့ နှစ်ယောက်ကို သည်လိုလုပ်လိုက် ပြီးတဲ့နောက်ပိုင်းမှာပဲ အဖေပြောခဲ့ တဲ့ စကားလေးတစ်ခွန်းက ညို မောင့်နားထဲကို ဆောင့်ဆောင့်ပြီး တော့ ထိုးဝင်လာတယ်။

"ဒီမှာ ငါ့သား၊ ဘယ်ကိစ္စ မျိုးမဆို အကျိုးဆက်က ဘာလာ လာ မှန်ရာကိုသာ လုပ်ပါသား" တဲ့။

အခုလုပ်ခဲ့တဲ့ အမှုတွေက မမှန်ဘူးတဲ့လား။ ညိုမောင့်ရဲ့ စေတနာ၊ ညိုမောင့်ရဲ့ မေတ္တာတွေ



ကို စော်ကားမော်ကားလုပ်ခဲ့ရင် တော့ ညိုမောင့်အနေနဲ့ တစ်ဖက် လူကို ကိစ္စတုံး လုပ်ပစ်ချင်တာပါပဲ။

ဒါကိုက ညိုမောင့်ရဲ့ အား နည်းချက်တစ်ခုပဲလေ။ စိတ်ရောဂါ တစ်ခုလို့ ဆိုရမလားပဲ။ စီစီသေ သွားတော့ ညိုမောင်လည်း မထူး တော့တာနဲ့ လက်ထဲမှာရှိတဲ့ ဝက် အူလှည့်နဲ့ ကိုယ့်လည်ပင်းကိုယ်ထိုး ပြီး သတ်သေဖို့ ကြံလိုက်သေး တယ်။

တော်ပါသေးရဲ့။ အနီးအ
က ရောက်လာတဲ့သူတွေ
ညိုမောင့်ကိုဝင်ဆွဲလို့ ညိုမော
အထမမြောက်ခဲ့ပါဘူး။ ခဏ
တော့ ဆိုင်ရာက နေရော
ရှိလာပြီး စီစီနဲ့သူ့ အကောင်
သေမှုသေခင်း မှ
တမ်းတွေရေး၊ မျ
မြင် သက်သေ
ကို အတည်ပြု
သူတို့ စီးလာ
ကားပြာလေးနဲ့အ
ညိုမောင့်ကို ရဲစခ
ရှိရာ ခေါ်သွားတေ
တာပါပဲ။

ညိုမောင်
တော့ လုပ်ရဲရင်
တဲ့ အစားထဲက
ဒါပေမဲ့လို့ တစ်
ဝမ်းနည်းစရာ ကောင်းတာ
မဖြစ်သင့်၊ မဖြစ်ထိုက်တဲ့ ကိစ္စ
ရဲ့အပေါ်မှာ လက်လွတ်စပယ်ပြု
လုပ်လိုက်တဲ့ ညိုမောင့်ရဲ့အပြု
ကို နီနီတစ်ယောက်သာ သိသွား
ရင် ညိုမောင့်ကို ခွင့်လွှတ်နိုင်
မလားဆိုတာကိုပါပဲ။


**ဖြစ်ရပ်မှန်တစ်ခုကို ခံစား ပါသည်။**

**အောင်ကျော်ဖြ**


www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com





# မကုသတော့မျက်သားပြေး

ချမ်းငြိမ်း ([illegible])

ထွန်းနေနွယ်တစ်ယောက်
ားကိုမောင်းလာခဲ့သည်။ ရန်ကုန်
တွင်းထဲမှာတော့ တဖြည်းဖြည်း
င်းလာ၏။ ရန်ကုန်လွန်လာ
ည်တွင် စတီယာရင်ကို ခပ်ဖွဖွ
ခိုင်း လီဘာကို နင်းလိုက်သည်။
ေးနွန်းမီတာပြခွက်လေးရှိ မြား
တစ်စင်းက တရိပ်ရိပ် ပြေး
က်သွား၏။ ကားရှိန်မှာ တဖြည်း
ည်းမြင့်လာ၏။ သစ်ပင်သစ်ရိပ်
များ၊ အိမ်တန်းအသွယ်သွယ်များ
က ကားနောက်မှာ တရိပ်ရိပ်ပြေး
လွှားလျက် ဝေး၍ဝေး၍ ကျန်နေခဲ့
ကြသည်။

ရွာကလေးများ တစ်ရွာပြီးတစ်
ရွာ ကျော်လွန်လာသည်။ အမှောင်
ထုသည် တဖြည်းဖြည်း ကြီးစိုးလာ
သည်။ ရွာလေးတစ်ရွာအဆုံး သစ်
ပင်တောတန်းတစ်ခုသို့အဖြတ် ရိပ်
ခနဲအရာတစ်ခုက ဒယီးဒယိုင်နှင့်
ကားရှေ့သို့တိုးဝင်လာသည်။ ထွန်း
နေနွယ် သတိကြီးစွာဖြင့် ရှောင်
တိမ်းဖို့ ကြိုးစား၏။ သို့သော် ကား
လမ်းတစ်ဖက်တစ်ချက်တွင် သစ်
ပင်တန်းများက ခြံစည်းရိုးတစ်ခုကို
ကာရံထားသည်သို့ စီစီရီရီရှိနေ၍
ရှောင်တိမ်းချိန်မရ။ တိုက်ပစ်လိုက်
ရတော့သည်။

"ဒုန်း....."

"ဒုတ်...ဒုတ်...ဒုတ်...ဒုတ်"

"ဟာ....."

တိုက်လိုက်သောအရာမှာ လူ
တစ်ယောက်သာဖြစ်လေသည်။
လမ်းဘေးသို့ လွင့်စဉ်ကျ၍သွား
တော့၏။ လုံးဝမလှုပ်မယှက်လေ
တော့။ ကားကို မတိမ်းမှောက်စေ
ရန် မနည်းဘရိတ်အုပ်လိုက်ရ၏။
ချက်ချင်း အတွေးတစ်ခုဝင်သွား
သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို
အကဲခတ်ကြည့်လိုက်သည်။ ဘာသံမှ
မှုမကြားရ။ ထွန်းနေနွယ် ရှော့တ်
လိုက်၏။

www.burmeseclassic.com

"ဒုက္ခပဲ၊ ငါတော့ လူကိုတိုက်မိလိုက်ပြီ၊ လုပ်လည်းမလုပ်တော့ဘူး၊ ဘယ်သူမှမသိခင် ကားကို အမြန်ဆုံးမောင်းပြေးမှ"

အတွေးဆုံးလေသည်နှင့် ကားကို စက်ကုန်နှင်၍ မောင်းလာခဲ့တော့သည်။ အတွေးစိတ်ကူးတွေ ရွက်လွှင့်ရင်း မည်မျှမောင်းလာခဲ့လေသလဲမသိ။ အရုဏ်ဦးရောင်ခြည်များက ရှေ့မှဆီးကြိုနေကြလေပြီ။ တိမ်သလ္လာရောင်စုံများကပင် အရုဏ်ဦး နံနက်ခင်းသစ်ဆီမှာ နိုးထလို့ တရိပ်ရိပ်တက်လာနေကြ၏။

အမှောင်ထုသည် တစ်စတစ်စ ကွယ်ပျောက်နေ၏။ အမှောင်ရိပ်ကြောင့် သဲသဲကွဲကွဲ မမြင်ရဘဲရှိနေသော ပတ်ဝန်းကျင်အလှအပများက ရေချိုးရန် ထဘီရင်ရှားဝတ်ထားသော မိန်းကလေးတစ်ယောက်လို သူ့နေရာနဲ့သူ ထီးထီးမားမား ပေါ်လွင်လာလေသည်။



ညက ရွာတစ်ရွာမှ အထွက်တွင် တိုက်မိခဲ့သော လူတစ်ဦးအကြောင်းကို ထွန်းနေနွယ် စဉ်းစားနေမိသည်။ ဒီအချိန်ကြီးမှာ ဘယ်က
ဘယ်လိုများ ဒီလူက ပေါ်
တာလဲ။ ငါလူတစ်ယောက်
ကားနဲ့တိုက်မိခဲ့တယ် ဆိုတာ
တကယ်လား။ ငါပဲ အိပ်မက်
နေတာလား။ တွေးရင်းတွေး
ခေါင်းတွေက ကိုက်လာသ
မျက်စိများက ကျိန်းစပ်နေ၏။
စိရှေ့သို့ တိုးဝင်လာသော
ဘုတ်တစ်ခုကို ဖတ်လိုက်သ
မန္တလေးမြို့ဆီသို့ပင် ဝင်ရောက်
ပြီဖြစ်သည်။

♛♛♛♛♛

ထွန်းနေနွယ် မန္တလေး
ရောက်နေခဲ့သည်မှာ တစ်ပတ်
ရှိသွားပြီဖြစ်သည်။

ထို့ကြောင့် ယနေ့တွင်
ကုန်သို့ ပြန်ဆင်းရန် ပြင်လိုက်
ထိုစဉ်မှာပင် အလာခရီး၌ တွေ့
ခဲ့ရသော အဖြစ်ဆိုးကို ပြန်၍သ
ရလာ၏။ ခေါင်းထဲတွင် နောက်
လာလေသည်။ ယခုထိတော့ 
ပတ်တိတိရှိသွားပြီ။ ဘာမှထူး
ခြားခြားမရှိသေး။ မိမိအား တ
တစ်ယောက်မှလည်း လာရော
မစုံစမ်းသေး။ ထွန်းနေနွယ်အနေ
ငယ်တော့ စိတ်အေးသွား၏။

ကားလေးကိုမောင်း၍ ရန်
သို့ ပြန်ဆင်းလာခဲ့သည်။ နေ့လ

www.burmeseclassic.com

ဘက်မှ ပြန်ဆင်းလာခဲ့သည်ဖြစ်၍ မှောင်ရိပ်သန်းစပြုတော့ ရွာလေးများ တစ်ရွာပြီးတစ်ရွာ ဖြတ်လာသည်။ အလင်းတွေ လုံးလုံးလျားလျား ကွယ်စပြု၏။ အမှောင်ထုသည် မခေါ်မပင့်ဘဲ ရောက်လာချေပြီ။ မိမိရောက်နေသောနေရာသည်ပင် မည်သည့်နေရာဟူ၍ ထွန်းနေနွယ် မမှတ်မိ။ ရုတ်တရက် မောင်းနေသောကားက တဒေါက်ဒေါက်မြည်ရင်း မကြာမီ ထိုး၍ရပ်သွားတော့၏။

“ကဲ.....အဲဒါမှ ဒုက္ခပဲ၊ ညကြီးမိုးချုပ်ကြီး၊ ပြီးတော့ အနီးအနားမှာ အကူအညီတောင်းစရာဆိုလို့ ဘာတစ်ခုမှမရှိဘူး၊ ဘာကြောင့်များ ကားကထိုးပြီးရပ်သွားတာပါလိမ့်”

ထွန်းနေနွယ် ကားပေါ်မှဆင်းလိုက်ရင်း ကားခေါင်းကိုဖွင့်သည်။ ချွတ်ယွင်းမှုကို ရှာ၏။ မတွေ့။ နောက်ဆုံးတော့ လက်လျှော့လိုက်ရတော့၏။ ထိုမှ ဘေးဘီဝဲယာသို့ အကဲခတ်ကြည့်၏။ ထိုစဉ် တစ်ခေါ်သာသာလောက်၌ မီးလေးမှိတ်တုတ်မှိတ်တုတ်နှင့် တဲလေးတစ်ခုကို တွေ့ရ၏။ ထွန်းနေနွယ် အားတက်သွားသည်။ မိမိ၏ ဆုပ်ကိုင်အကူအညီတောင်းစရာ နွယ်လေးတစ်မျှင် တွေ့မြင်ရပြီဖြစ်၏။

ထိုတဲလေးဆီသို့ ထွန်းနေနွယ် သွား၍ အကူအညီတောင်းရန် စိတ်ကူးလိုက်၏။ ထို့ကြောင့် ကားပျက်သောနေရာမှ တဖြည်းဖြည်း အတန်ငယ်ဝေးသော ကွင်းလေးထဲရှိ မီးလင်းနေသော တဲလေးဆီသို့တရွေ့ရွေ့ လျှောက်လာခဲ့သည်။

တဲဆီသို့ ရောက်လာ၏။ လျှောက်လာသော ခြေလှမ်းတို့ကို ရပ်လိုက်ပြီး အသံပြုကြည့်လိုက်၏။

“ဗျို့.....အိမ်ရှင်တို့၊ အိမ်ရှင်တို့.....မရှိကြဘူးလားခင်ဗျား၊ အိမ်ရှင်တို့.....”

အိမ်ထဲမှ မိန်းမတစ်ဦးထွက်လာသည်။ အသက် ၅၀ ခန့်ရှိမည်။

“ဘယ်သူလဲရှင်၊ ညကြီးမိုးချုပ် ဘာကိစ္စရှိလို့လဲ”

“ဩော်...ကျွန်တော် ဒီနားမှာ ခရီးသွားလာရင်း ကားကရုတ်တရက် ပျက်သွားလို့ပါ၊ ဒါကြောင့် စားစရာသောက်စရာလေးများ တစ်ခုခု ရနိုင်မလားလို့ အကူအညီတောင်းချင်လို့ပါခင်ဗျာ”

“ဩော်.....ထမင်းမစားရသေးဘူးလား၊ ဒါဆိုလည်း ဝင်ခဲ့ပါရှင်၊ ရှိတာလေးနဲ့ ကျွန်မ စီစဉ်ပေးပါ့မယ်”

ခြံတံခါးလေးဖွင့်ကာ ထွန်းနေနွယ် ဝင်ခဲ့၏။ အိမ်မှာ သုံးပင်အိမ်လေးဖြစ်သည်။ ရွာစွန်ဘက်တွင်ကျ၍ တသီးတခြားရှိနေသည်။ အိမ်ပေါ်ရောက်တော့ အမျိုးသမီးမှာ

**ကားပေါ်မှဆင်းလိုက်ရင်း
ကားခေါင်းကိုဖွင့်သည်။
ချွတ်ယွင်းမှုကိုရှာ၏။
မတွေ့။ နောက်ဆုံးတော့
လက်လျှော့လိုက် ရတော့၏။
ထိုမှ ဘေးဘီဝဲယာသို့
အကဲခတ်ကြည့်၏။
ထိုစဉ် တစ်ခေါ်သာသာလောက်၌
မီးလေး
မှိတ်တုတ်မှိတ်တုတ်နှင့်.....**



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးသို့ဝင်သွားပြီး ထမင်းနှင့်ဟင်းအချို့ကို ယူလာပေး၏။ ဘေးဘီဝဲယာကို အကဲခတ်ကြည့်တော့ အိပ်ရာထဲတွင် ကလေးငယ်တစ်ယောက် အိပ်နေသည်မှအပ တစ်စုံတစ်ဦးမျှမတွေ့ရ။

ထို့ကြောင့် မေးကြည့်လိုက်သည်။

"ဩော်.....ဒါနဲ့ တစ်မျိုးတော့ မထင်ပါနဲ့ဗျာ၊ ဘယ်သူမှလည်းမရှိဘူးလား"

"အင်း...ဒီအိမ်မှာက ကျွန်မတို့မိသားစု သုံးဦးပဲနေကြတယ်၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတော့ ဟောဟိုရွာစွန်လေးမှာ ကျွန်မယောကျ်ား ကားတိုက်ခံရပြီး ဆုံးသွားပါတယ်၊ တိုက်တဲ့ကားကိုလည်း မမိပါဘူးရှင်၊ တိုက်ပြီးထွက်ပြေးသွားတဲ့ပုံပါပဲ၊ လူတွေဟာ တော်တော်ကို ကိုယ်ချင်းစာတရားမဲ့ကြတာပဲရှင်"

"ဩော်.....ဟုတ်လား၊ စိတ်မကောင်းစရာပဲဗျာ"

ထွန်းနေနွယ် မိန်းကလေးကို သေသေချာချာ ကြည့်နေမိသည်။ ထိုမှ အရာတစ်ခုကို ဖျတ်ခနဲလည်း သတိရလိုက်၏။ ထို့ကြောင့် ဒုတိယအကြိမ် ထပ်၍ကြည့်လိုက်၏။

"ဟင်...သူ...သူဟာ ကေသွယ်မိုးလား၊ ရုပ်ကတော့ တော်တော်ဆင်တာပဲ၊ ဩော်...ဒါပေမဲ့ လောကမှာ နာမည်တူမရှား၊ လူတူ မရှားဆိုတဲ့စကားရှိတာပဲ၊ တူလည်း တူနိုင်လွန်းတယ်"

ထိုမှ မိန်းကလေးပြောသလိုဆိုရင် လွန်ခဲ့တဲ့တစ်ပတ်လောက်က ညကြီးမင်းကြီးမှာ ငါ လူတစ်ယောက်ကို ကားနဲ့တိုက်ခဲ့တာ

> **မိန်းကလေး၏အမေးစကား တစ်ခွန်းရှိလာမှ အတွေးထဲက မနည်းပြေးထွက်လိုက်ရသည်။ မိန်းကလေးကို ထွန်းနေနွယ် သေချာကြည့်သည်။ ပြောဟန်ဆိုဟန်သည် ကေသွယ်မိုးမှ....**

အသေအချာပဲ။ အဲဒီလူဟာ ခုမိန်း ကလေးပြောပြနေတဲ့ သူ့ယောကျ်ား ဆိုတာ သေချာနေပြီ။ အဲဒီလူက သေသွားပြီတဲ့။ စိတ်မကောင်းပါဘူး ဒါပေမဲ့ တော်သေးရဲ့။ ခုထိ ငါ့ကို တစ်စုံတစ်ရာ ခြေရာမခံမိလို့။ ဘယ် ရမလဲ။ ကိုယ်ကလည်း ဒါတွေကို သိထားလို့ မန္တလေးကို ရောက် ရောက်ချင်း ကားမှာဖြစ်သွားတဲ့ သဲ လွန်စတွေကို ဖျောက်ထားလိုက် တာ။

"ဒါနဲ့ ရှင် ထမင်းထပ်ယူဦး မလား"

ဆိုသည့် မိန်းကလေး၏အမေး စကားတစ်ခွန်းရှိလာမှ အတွေးထဲ က မနည်းပြေးထွက်လိုက်ရသည် မိန်းကလေးကို ထွန်းနေနွယ် သေ ချာကြည့်သည်။ ပြောဟန်ဆိုဟန် သည် ကေသွယ်မိုးမှ ကေသွယ်မိုး အစစ်။ ရုပ်ရည် ဘာတစ်ခု မပြောင်း။ မိမိစားထားသော ပန်း ကန်များကိုယူရန် စားပွဲခုံနားလာ ငုံ့လိုက်သည်တွင် ဘယ်ဘက် ပြင်နှင့် လည်ပင်းစပ်အကြား မှဲ့ တစ်လုံးက အထင်းသားပေါ် သည်။

ဩော်...ကေသွယ်မိုးမှ ကေ သွယ်မိုးအစစ်၊ တိုက်တိုက်ဆိုင်ဆိုင် ရှိလိုက်တာ ကေသွယ်မိုးရဲ့ လောကကြီးက ဒီလောက်တော့ ပဲ ကျဉ်းမြောင်းရသလဲဘား၊



www.burmeseclassic.com

www.burmeseclassic.com



ယ်ပြေးရင်း၊ ဝေးမယ့်ဝေးလည်း တွေ့မဆုံနိုင်တဲ့ ကမ္ဘာတစ်နေရာကိုပဲပြေးပေါ့၊ အင်း....ခုတော့လည်း သံသရာလည့်တာက မြန်လိုက်တာနော်။

အတွေးစကိုဖြတ်ပြီးနောက် ကျေးဇူးတင်စကားပြောလိုက်၏။

ကဲ....ခုလို ကျုပ်ကို ထမင်းကျွေးလို့ ကျေးဇူးတင်မဆုံးပါဘူးဗျာ၊ ကျွန်တော်လည်း ကားဆီ ပြန်ပြီး ကားထဲမှာပဲ အိပ်ပါ့မယ်၊ မနက်ကျမှ ရန်ကုန်ကားဆင်းလာမယ့် ကားတစ်စီး စီးဆီမှာ အကူအညီ တောင်းပြီး ကားကို ပြင်ရမှာပဲ"

"ဩော်.....အခက်အခဲရှိရင် ဒီမှာပဲအိပ်ပါဟားရှင်၊ အားမနာပါနဲ့"

"ဩော်.....ရပါတယ်ခင်ဗျာ၊ မိန်းမသားတစ်ယောက်တည်းရှိနေတော့ မသင့်တော်ပါဘူး၊ ကျွန်တော် အဆင်ပြေပါတယ်"

စကားဆုံးတော့ ထွန်းနေနွယ် ဆ်လှမ်းလှမ်း လမ်းမဘေးတွင်ရှိနေသော မိမိကားလေးဆီသို့ ပြန်လာခဲ့၏။ ထွန်းနေလ အတွေးထဲတွင် ကေသွယ်မိုးနှင့်ပတ်သက်သော အတွေးများက ပါလာသည်။

"ဒါဆိုရင် ဟိုတလောက ငါ့ကားနဲ့ တိုက်မိခဲ့တဲ့သူဟာ ကေသွယ်မိုးရဲ့ယောကျ်ား မင်းထက်ကျော်လား၊ ဒါဆို မင်းထက်ကျော်ဟာ ငါ့ကားနဲ့ အတိုက်ခံရပြီး သေသွားပြီပေါ့၊ စိတ်မကောင်းပါဘူး မင်းထက်ကျော်ရယ်၊ မင်းလုပ်ခဲ့တဲ့



အပြစ်တွေ မင်းပြန်ခံစားခဲ့ရတာပေါ့"

အတွေးဆုံးတော့ ကားလေးနားသို့ ပြန်ရောက်လာ၏။ သော့ဖွင့်၍ ကားခေါင်းခန်းထဲဝင်၍ မှိန်းနေလိုက်သည်။ အတိတ်ဟူသော ပုံရိပ်တစ်ခုသည်ကတော့ အိပ်မက်တစ်ခုနှယ်သို့ လွင့်ပြေးရောက်ရှိသွားတော့၏။

♛♛♛♛♛

လွန်ခဲ့သော ၁၀ နှစ်ခန့် ကာလတစ်ခုကဖြစ်လေသည်။

ထွန်းနေနွယ်တစ်ယောက် ကေသွယ်မိုးနှင့် အိမ်ထောင်ကျ၏။ ထွန်းနေနွယ်သည် တက္ကသိုလ်ကျောင်းသားဘဝကတည်းက ကေသွယ်မိုး ဟူသောတက္ကသိုလ်မှ Queen ကို မင်းထက်ကျော်နှင့် သူငယ်ချင်းနှစ်ယောက် အပြိုင်ပိုးခဲ့ကြသည်။ ထွန်းနေနွယ် ကံကောင်းသည်ဟု ဆိုရလေမလား။ ကေ သွယ်မိုး၏အချစ်ကိုရ၏။ ထိုမှ ကျောင်းပြီးသည့်ကာလတွင် ထွန်းနေနွယ် ကေသွယ်မိုးကို လက်ထပ်ခဲ့သည်။ ရန်ကုန်၌ပင်နေခဲ့၏။

ထွန်းနေနွယ်၏မိဘများသည် မန္တလေးတွင်ရှိသည်။ ထွန်းနေနွယ်မှာ ရန်ကုန်ရှိ အဒေါ်များနေအိမ်တွင်နေရင်း ကျောင်းတက်သည်။ အိမ်ထောင်ကျတော့ မိဘများက ရန်ကုန်တွင် အိမ်တစ်လုံးဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ စီးပွားရေးလုပ်ငန်းတစ်ခုလည်း ထူထောင်ပေး၏။ ထွန်းနေနွယ်သည် သုံးလတစ်ခါ၊ လေးလတစ်ခါဆိုသလို အလုပ်ကိစ္စများဖြင့် မန္တလေးသို့ တက်တက်သွားတတ်သည်။



ထွန်းနေနွယ် အိမ်ထောင်ကျသွားသည်ဆိုသော်လည်း ရည်းစားလုဖက် မင်းထက်ကျော်ဟူသော သူငယ်ချင်းနှင့် စိတ်ဝမ်းမကွဲ တတွဲတွဲသာရှိလေသည်။ မင်းထက်ကျော်သည်လည်း ထွန်းနေနွယ်အိမ်သို့ ဝင်ထွက်သွားလာလျက်ရှိလေ၏။ မင်းထက်ကျော်မှာ ကားကိုကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်၏။ ထို့ကြောင့် ထွန်းနေနွယ် မန္တလေးသို့ တက်သည့်အခါများတွင် ကားမောင်းရန် ခေါ်သွားတတ်၏။ မင်းထက်ကျော်မှလည်း ထွန်းနေနွယ်ခေါ်ပါက ဘယ်သောအခါမှမငြင်း။ လိုက်ပါခဲ့သည်ချည်းသာဖြစ်လေသည်။

တစ်ခါတစ်ရံ ထွန်းနေနွယ်နှင့် မင်းထက်ကျော်တို့နှစ်ယောက်တည်း။ တစ်ခါတစ်ခါကျ ကေသွယ်မိုးပင် လိုက်ပါလျက်။ တက္ကသိုလ်က အဖြစ်အပျက်များသည် တစ်ခါက အိပ်မက်တစ်ခုသို့နှယ် အားလုံး ကိုယ်စီ မေ့ထားကြ၏။ သို့သော် မမေ့နိုင်သော လူတစ်ယောက်ရှိလေသည်။ မင်းထက်ကျော်သာဖြစ်၏။ မင်းထက်ကျော်သည် ကေသွယ်မိုးကို တကယ်ချစ်သည်။ သို့သော် သူ ကေသွယ်မိုးကို ချစ်ရေးဆိုမည်ကြံတိုင်း အဆင်မပြေသော ဘဝတစ်ခုကို အားငယ်စိတ်နှင့် မပြောဖြစ်ခဲ့။ ထိုမှ ထွန်းနေနွယ်က လက်ဦးမှုယူသွားရင်း ကေသွယ်မိုးကို ဖွင့်ဟသည်။

ကေသွယ်မိုး လက်ခံလိုက်၏။ ထိုမှ ဘဝတစ်ခု ထူထောင်ဖြစ်ခဲ့ကြသည်အထိ လေးနက်သွားကြသည်။ မသင့်တော်မှန်း၊ မဖြစ်နိုင်မှန်း သိပါသော်လည်း ကေသွယ်မိုးတို့အိမ်သို့ ဝင်ထွက်သွားလာနေသူမို့ ချုပ်တည်းမရသော အချစ်တရားတို့က ထိန်းသိမ်း၍မရချင်ပေ။ ထိုမှ ကေသွယ်မိုးသည် အိမ်ထောင်ကျပြီးမှ ပို၍လှလာသည်။ မင်းထက်ကျော်အဖို့လည်း လွတ်တဲ့ငါး ကြီးလာသည်။ ထို့ကြောင့် တွေ့တိုင်းဆုံတိုင်း၊ နီးစပ်သည့်အခါတိုင်း ကေသွယ်မိုးအချစ်ကို ရယူဖို့ စိတ်ကူးထား၏။

♛♛♛♛♛

ထွန်းနေနွယ်ကတော့ ရိုးရိုးတွေး၍ ရိုးရိုးသာနေလေသည်။ ချစ်ဇနီး ကေသွယ်မိုးနှင့် သူငယ်ချင်း မင်းထက်ကျော်တို့အပေါ် သံသယဟူသည် မြူတစ်မှုန်မျှပင်မရှိ။ အကြွင်းမဲ့ ယုံကြည်ထား၏။ 'ချဉ်သီးနဲ့ဆား အတူထား၊ ထားဖန်များတော့ အရည်ပျော်' ဆိုသော စကားအတိုင်း မင်းထက်ကျော်သည် အားအားရှိ ထွန်းနေနွယ်တို့အိမ်သို့ ရောက်လာ၏။ ကြာတော့ သူငယ်ချင်းပင် ဖြစ်လင့်ကစား မင်းထက်ကျော်သည် ထွန်းနေနွယ်၏ ကိုယ်ရေးအရာရှိလိုလို ဒရိုင်ဘာတစ်ယောက်လိုလို ဖြစ်လာ၏။ ဘယ်သွားသွား၊ ဘယ်လာလာ မင်းထက်ကျော်ကသာ ကားမောင်း၏



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ထွန်းနေနွယ်မရှိ ခိုက်တွင်.....

"မိုး....."

"____"

"ကိုယ်လေ မပြောသင့်မှန်းလည်း သိပါတယ်၊ မပြောအပ်တော့ဘူးဆိုတာလည်း သိပါတယ်၊ ဒါပေမဲ့ ကိုယ် မိုးကိုချစ်တဲ့စိတ်တွေက မပြောင်းလဲသေးဘူး၊ ပြီးတော့ မိုးကလည်း အိမ်ထောင်သာကျသွားပေမယ့် ပိုပိုလှလာတယ်မိုးရယ်"

ကိုယ်လေ မပြောသင့်မှန်းလည်း
သိပါတယ်၊
မပြောအပ်တော့ဘူးဆိုတာလည်း
သိပါတယ်၊
ဒါပေမဲ့ ကိုယ် မိုးကိုချစ်တဲ့စိတ်တွေက
မပြောင်းလဲသေးဘူး၊ ပြီးတော့ ....

"မင်းထက်ရယ် မဖြစ်နိုင်တဲ့ စကားတွေ မပြောပါနဲ့တော့၊ ပြီးတော့ မိုးလည်း အိမ်ထောင်သည်တစ်ယောက်ဖြစ်နေပြီ၊ ပြီးတော့ ဒီစကားတွေကိုသာ ကိုထွန်းသိရင် ခက်ကုန်လိမ့်မယ်"

မည်သို့ပင်ပြောပြော၊ မည်သို့ပင်ဆိုဆို မင်းထက်ကျော် နောက်မဆုတ်။ အခွင့်သာလေတိုင်း ချစ်ရေးချစ်ရာ အရိပ်အယောင်တွေပြသည်။ တစ်နေ့တွင်လည်း ထွန်းနေနွယ်မရှိခိုက်.....

"အို.....လွှတ်.....လွှတ်၊ ဒါရှင်.....ရှင် ဘာလုပ်တာလဲ မင်းထက်၊ ရှင့်ကို ကိုထွန်းနဲ့ ပြန်တိုင်မှာနော်"

"အို...မလွှတ်ဘူး...မလွှတ်ဘူး၊ ချစ်တယ်ပြောမှလွှတ်မယ်၊ ထွန်းနေနွယ်သိလို့ ကိုယ့်ကိုသတ်ရင်လည်း ခံမယ်၊ ကိုယ် မင်းကို မချစ်ရရင် မနေနိုင်တော့ဘူး"

"ကဲ.....လွှတ်ပါ မင်းထက်ရယ်"

"ချစ်တယ်ပြောမှလွှတ်မယ်"

"ဒါဆို လွှတ်၊ ပြောမယ်"

"ပြောလေ၊ ကိုယ်လွှတ်လိုက်ပြီ"

"ပြောပြီးပြီလေ"

"ဘယ်တုန်းကလဲ"

"မင်းထက်လွှတ်လိုက်ကတည်းက"

"ဒါဆို ချစ်တယ်ပေါ့"

"အင်း....."

♛♛♛♛♛

ထွန်းနေနွယ် ခရီးတစ်ခုကို ထွက်ရန်ကြုံလာ၏။ ထို့ကြောင့် ကားမောင်းရန် မင်းထက်ကျော်ကို ခေါ်၏။ သို့သော် မင်းထက်ကျော်မှာ အကြံရှိသည်ဖြစ်၍ မအား၍ မလိုက်နိုင်ကြောင်း ပြောဆိုလာသည်။ ထို့ကြောင့် ထွန်းနေနွယ်မှာ တခြားကားမောင်းတတ်သူ လူတစ်ယောက်ကိုခေါ်၍ ထွက်လာခဲ့သည်။

ထွန်းနေနွယ် ခရီးသွားပြီး နောက်တစ်နေ့မှာတော့ မင်းထက်ကျော်နှင့် ကေသွယ်မိုးတို့နှစ်ဦး ကြိုတင်ရေးဆွဲထားသော အစီအစဉ်ကို အကောင်အထည်ဖော်ကြတော့သည်။ အိမ်ရှိ ပစ္စည်းပစ္စယများ အဖိုးတန်ပစ္စည်းအားလုံးကိုယူ၍ည ဘက်တွင် အိမ်ကိုမီးရှို့ပြီး နှစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



သား ခြေရာဖျောက်ခဲ့ကြတော့သည်။

ရန်ကုန်တွင် မီးလောင်သည်ဆိုသောသတင်းကြောင့် ထွန်းနေနွယ် ပြန်လာသည်။ ပြန်ရောက်သည့်အခါ အိမ်မှာ ပြာကျလျက်တွေ့ရတော့သည်။

ကေသွယ်မိုးကိုလည်း မတွေ့ရ၊ မင်းထက်ကျော်ကိုလည်း မမြင်ရ။ အကြံပက်စက်စွာ အကွက်ရိုက်၍ လုပ်သွားသော ဓာတ်လမ်းတစ်ပုဒ်က ထွန်းနေနွယ်ဘဝတွင် ဘယ်သောအခါမှ မေ့မရ။ ဖြစ်စကသွေးရူးသွေးတန်းဖြင့် စုံစမ်းရင်း ရှာဖွေသေး၏။ ကြာတော့ အလွမ်းတရားတို့ကို ထွန်းနေနွယ် နာကြည်းစိတ်ဖြင့် ဖြေသိမ့်ခဲ့ရလေသည်။

"သြော်.....ရက်စက်လိုက်တာကေသွယ်ရယ်၊ တစ်ယောက်ကလည်း အချစ်ကိုနားမလည်၊ တစ်ယောက်ကလည်း သားရေပေါ်အိပ်၊ သားရေနားစား၊ အင်း....ဘဝကဒီလောက်နဲ့ အဆုံးသတ်တာပဲကျေးဇူးတင်ပါတယ်၊ ဒီလိုစိတ်ထားမျိုးရှိတဲ့ လူတွေနဲ့ ဘဝမှာလည်းအတူမနေချင်ဘူး၊ ခပ်စောစောသိပြီးလမ်းခွဲသွားကြတာကိုက ငါ့ရဲ့ကံကောင်းခြင်းတရားတစ်ခုပဲ"

ထိုမှ ကေသွယ်မိုးနှင့် မင်းထက်ကျော်တို့ ဓာတ်လမ်းများကတစ်ခန်းရပ်၍ သွားလေသည်မှာဆယ်နှစ်၊ဆယ်မိုးတိတိ။ သေသောသူ ကြာရင်မေ့ဆိုတဲ့စကားလို ကြာတော့လည်း မလှပခဲ့တဲ့ ဓာတ်လမ်းကို ထွန်းနေနွယ် မေ့နိုင်ခဲ့သည်ဖြစ်လေသည်။

ခုတော့လည်း ဘဝဟူသောသံသရာချားရဟတ်က အဘယ်သို့သော် လည်ပတ်မှုတရားတွေနဲ့ ဒီနေ့၊ ဒီအချိန်မှာ ပြန်ဆုံရပြန်တော့သည်။ လောကကြီးက အံ့ဩစရာကောင်းသလို ကံကြမ္မာတရားကလည်း ပဥ္စလက်ဆန်စွာ ဆော့ကစားနေချေပြန်ပါသည်။

မိုးလင်းသွား၏။

ရန်ကုန်ဘက်မှ ဆင်းလာလေသော ကားတစ်စီးအား ရပ်တန့်စေပြီး အကူအညီရယူကာ ကားကိုပြင်၏။ ကားမှာကောင်းသွား၏။ ရန်ကုန်သို့ပြန်မည်ဖြစ်၍ ကေသွယ်မိုးအား နှုတ်ဆက်ရန် ထွက်လာခဲ့သည်။

♛♛♛♛♛

ကေသွယ်မိုးအား အသင့်တွေ့ရ၏။

"မိန်းကလေးကို လာနှုတ်ဆက်တာပါ၊ ခု ရန်ကုန်ကိုပြန်

ကေသွယ်မိုးကိုလည်း
မတွေ့ရ၊
မင်းထက်ကျော်ကိုလည်း
မမြင်ရ။
အကြံပက်စက်စွာ
အကွက် ရိုက်၍
လုပ်သွားသော
ဓာတ်လမ်းတစ်ပုဒ်က
ထွန်းနေနွယ်ဘဝတွင်.....

တော့မယ်၊ ညက ထမင်းကျွေး
လည်း ကျေးဇူးစကားဆိုပါရစေ"

ထွန်းနေနွယ် နှုတ်ဆက်တော့
ကေသွယ်မိုးက.....

"ဒါနဲ့ နေပါဦးရှင်၊ ရှင်က
ကုန်ကိုပြန်မှာလားဟင်"

"ဟုတ်ပါတယ်"

"ဒါဆို ကျွန်မကလေး
မကောင်းဖြစ်နေတယ်၊ ဒါ
ဆေးခန်းပြဖို့ ရန်ကုန်ကိုလိုက်ခဲ့

www.burmeseclassic.com



ရမလား''

"ဪ.....ရပါတယ်ခင်ဗျာ၊ ညက ကျွန်တော့်ကို ကူညီခဲ့တဲ့ ကျေးဇူး ပြန်ဆပ်ရမှာပေါ့၊ တည်းနိုင်ဖို့ အခက်အခဲရှိရင်လည်း ကျွန်တော့်အိမ်မှာ တည်းလို့ရပါတယ်''

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မမှာ တည်းခိုဖို့ ဆွေမျိုးတွေ ရှိပါတယ်''

ထွန်းနေနွယ်ထွက်လာတော့ မကေသွယ်မိုးတို့သားအမိ လိုက်ပါလာသည်။ ထိုမှ ဟိုဟိုသည်သည် စကားများပြောလာကြရင်း ထွန်းနေနွယ် စကားတစ်ခွန်းဆိုလိုက်သည်။

"ဪ.....မကေသွယ်မိုးရဲ့ ယောကျာ်း ကိုမင်းထက်ကျော်ကို တိုက်သွားတဲ့လူကို တကယ်လို့များ တွေ့ရင် မကေသွယ် ဘာလုပ်မလဲ''

"ရှင်.....ဘာဖြစ်လို့မေးတာလဲ၊ ကျွန်မယောကျာ်းကို တိုက်သွားတဲ့ကားသမားကို ရှင်သိလို့လား၊ မှန်မှန်ပြော''



"ဪ.....သိလို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အဲဒီလူကိုသိရင် ခင်ဗျား ဘာလုပ်မလဲဆိုတာ သိချင်လို့ပါ''

"ဘာလုပ်ရမလဲရှင်၊ မေးနေစရာလိုလို့လား၊ တာဝန်မဲ့တဲ့လူတစ်ယောက်ကို သင်ခန်းစာကောင်းကောင်းပေးပြီး ထောင်ထဲအမြန်ပို့ပစ်လိုက်မှာပေါ့''

"ဒါဆို အဲဒီတရားခံဟာ မကေသွယ်နဲ့ ပတ်သက်နေတဲ့လူ တစ်ယောက်ယောက် ဖြစ်နေရင်ကော မကေသွယ် ဘာလုပ်မလဲ''

"အဲဒီ ပတ်သက်နေတဲ့လူဟာ ကိုယ့်အပေါ်ကောင်းတဲ့လူလား၊ ဆိုးတဲ့လူလား ခွဲခြားပြီး ကောင်းတဲ့သူဆိုရင်တော့လည်း သေတဲ့လူလည်း ပြန်ရှင်တော့မှာမဟုတ်လို့ ဘာမှ မလုပ်တော့ဘူး၊ အင်း.....ဒါပေမဲ့ ကျွန်မအပေါ် မကောင်းတဲ့သူဆိုရင်တော့ တရားဥပဒေအရပဲပေါ့ရှင်၊ ဒါနဲ့ နေပါဦး၊ ဒီမေးခွန်းတွေမေးနေတာက ဘာသဘောလဲ၊ တိုက်သွား တဲ့ ကားသမားကိုသိလို့လား''

"အင်း.....သိတယ်''

"ရှင်.....''

"ဘယ်သူလဲ ပြော...ပြော...ပြောစမ်းပါရှင်''

"အင်း.....ခင်ဗျားယောကျာ်းကို တိုက်တဲ့သူဟာ ကျုပ်ကိုယ်တိုင်ပါပဲ''

"ရှင်.....''

"ဟုတ်တယ်၊ ကျုပ်ပဲ၊ အဲဒီညက ဒီနားမှာ လူတစ်ယောက်ကို တိုက်ခဲ့တာ၊ ခင်ဗျားယောကျာ်းမှန်းတော့ မသိဘူး၊ တိုက်မိတော့ ကျုပ်လည်း ဘာလုပ်ရမှန်းမသိဘူး၊ ကြောက်ကြောက်နဲ့ မောင်းပြေးမိတယ်၊ ကျုပ် မန္တလေးမှာ နေနေတာ၊ ခုညမှ ပြန်ဆင်းလာရင်း



www.burmeseclassic.com

www.burmeseclassic.com

တိုက်တိုက် ဆိုင်ဆိုင် ဒီနားမှာ ကားကပျက်၊ ခင်ဗျားနဲ့လည်း ခုလိုကြုံရတာပဲ''

"ရှင်.....ဒါ.....ဒါဆိုရင်တော့ ဟိုရှေ့နားက မီးပွိုင့်လေးနားမှာရပ်၊ ရှင့်ကို ကျွန်မ ကားတိုက်မှုနဲ့အမှု ဖွင့်မယ်''

"နေဦးလေ၊ မလောပါနဲ့ဗျာ၊ ခုနကျုပ်စကားထဲမှာ ပလ္လင်ခံထားပါတယ်၊ ခင်ဗျားယောက်ျားကို ကားနဲ့ တိုက်ခဲ့တဲ့သူဟာ ခင်ဗျားနဲ့ ပတ်သက်တဲ့လူ တစ်ယောက်ဖြစ်နေရင် ခင်ဗျား ဘယ်လိုလုပ်မလဲ''

"ရှင်က ကျွန်မနဲ့ ပတ်သက် စရာမရှိဘူး''

"ပတ်သက်နေတယ် ဆိုရင်ရော ဘယ်လိုလဲ''

"ဘာရှင့်.....ရှင်က ကျွန်မနဲ့ ပတ်သက်နေရအောင် ရှင်က ဘယ် သူမို့လဲ''

"ခင်ဗျား တကယ်မမှတ်မိဘူးလား''

"မမှတ်မိဘူး၊ သိလည်းမသိဘူး''

"ကောင်းပြီလေ၊ မမှတ်မိဘူးဆိုတော့လည်း မှတ်မိသွားအောင် ပြောပြရမှာပေါ့၊ ကျုပ်က လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က အိမ်ကိုလည်း မီးရှို့၊ ဇနီးကိုလည်း သုတ်ပြေးခံခဲ့ရတဲ့ မင်းရဲ့ယောက်ျားစစ်စစ် ထွန်းနေနွယ်လေ''

"ရှင်.....ရှင်က ထွန်းနေနွယ် ဟုတ်လား''

"ဟုတ်တယ်၊ ထွန်းနေနွယ်မှ ထွန်းနေနွယ်အစစ်''



"အို...ကျွန်မ မသိဘူး၊ ကားကိုရပ်ပေး၊ ရှင့်ကို ကျွန်မယောက်ျားကို ကားတိုက်မှုနဲ့ အမှုဖွင့်မယ်''

"ဒီမှာ ကေသွယ်မိုး၊ မင်းက ငါ့ကို ကားတိုက်မှုနဲ့ အမှုဖွင့်မယ် ဆိုရင် အေး.....ငါလည်း မင်းကို ပြန်ပြီး အိမ်ကိုမီးနဲ့ရှို့မှုရယ်၊ မင်း ထက်ကျော်နဲ့ပေါင်းပြီး ပစ္စည်းတွေ ခိုးယူသွားမှုရယ်၊ ပြီးတော့ လူမှုရေး ဖောက်ပြန်မှုတွေနဲ့ တရားစွဲမယ်၊ မင်းစဉ်းစားပါ၊ ဘ၀မှာ မင်းနဲ့ငါ ရေ စက်မကုန်လို့ ခု ပြန်ဆုံ… ကြရပြီ၊ မင်းထက်ကျော်လည်… သူ့ပြုတဲ့ အကုသိုလ်တွေ… သူ့ကိုပြန်ဒဏ် ခတ်ခံရပြီး သေ… သွားပြီ၊ မုန်းစတွေ မရှည်ချင်… တော့ မိုးရယ်၊ ဖြစ်ပျက်ခဲ့သ… တွေကိုလည်း ကိုယ် အပြ… မယူပါဘူး၊ သင်ပုန်း… လိုက်ပါပြီ''

ကေသွယ်မိုးတ… ယောက် ဘာစကားမှ မ… လေတော့။ တစ်စုံတစ်… တစ်ခုခုကို လေးလေးန… နက် စဉ်းစားတွေး… နေလေသည်။ နောက်… စကားသံတစ်ခု ထွက်… သည်။

"ဒါဆိုရင် ရှင့်ကား… မောင်း''

"ဘယ်ကိုမောင်းရမ… မိုး''

"ရဲစခန်းကို''

"ဘာ.....ဘာပြောတယ်…

"အို...မဟုတ်ဘူး...မဟု… ဘူး၊ နောက်တာ၊ ကိုထွန်းနေ… အိမ်ကိုပဲ မောင်းတော့''

"ဩော်....ဟင်း.....ဟင်…

**ဆုမွန်ဦး (ဟ…**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## အပြာရောင်ကလစ်လေးရဲ့ရာဇဝင်

နှင်းဆီနက် (စစ်ကိုင်း)

မုန်းတယ်.....နှင်းဆီ

အနက်ရောင်နှင်းဆီကိုပိုမုန်းတယ်။

အချစ်ဆိုတာကိုလည်း မုန်းတယ်။ ဘယ်လိုအငြိုးတွေကြောင့်များ ကိုယ့်ဘဝတစ်ခုလုံး မွမွကြေသွားအောင် ဆော့ကစားရက်ခဲ့တာလဲ။

မေ.....ကိုယ်တကယ်မခံစားနိုင်ဘူး။ အချစ်ကြောင့် သေသွားတဲ့သူတွေကို မိုက်ရူးရဲဆန်တယ်လို့ ပြောကြမှာလား။

ကိုယ်ကတော့ သူတို့ကိုလေးစားတယ်။ လူဆိုတာ မျှော်လင့်ချက်တစ်ခုနဲ့ အသက်ရှင်နေတာမဟုတ်လား။

မေ့ဆီက အချစ်ကို တစ်နေ့ရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ငါ အသက်ဆက်ရှင်နေတာလေ။ အခုတော့ သွားကုန်ပြီ။ ငါ့ဘဝအားလုံး ဖောက်ထိုးမိုးမျှော် ဖြစ်ကုန်ပြီ။ ဒါတွေအားလုံး အနက်ရောင်နှင်းဆီကို စွဲစွဲလမ်းလမ်း ကြိုက်ပါတယ်ဆိုတဲ့ 'မေ'ဆိုတဲ့ မင်းကြောင့်။ ကိုယ့်အတွက် ဘဝလမ်းကြောင်းမှန်ပေါ်ကိုရောက်အောင် တည့်မတ်ပေးခဲ့တဲ့၊ မေတ္တာတော်မွတ်နေတဲ့ ငါလိုလူတစ်ယောက်ကို ဘာကြောင့်များ



နွေးထွေးတဲ့မေတ္တာတွေ ပေးခဲ့တာလဲ။

မေ မင်းကြောင့်လှုပခဲ့တဲ့ ငါ့ဘဝ၊ မင်းကြောင့်ပဲ မလှုပစွာ ပျက်စီးသွားခဲ့ရပါပြီ။ အဲဒီအတွက် မင်းကျေနပ်တယ်ဆိုရင် ဒီကောင်ကလှလှပပကြီး သေဆုံးပြီး နှုတ်ဆက်ခဲ့ပါတယ်။ ကျေနပ်ပါတော့ မေ။

မင်းလွယ်လွယ်လေး ဆုံးဖြတ်ပြီး ရွေးချယ်ခဲ့တဲ့ မင်းအတွက် ပန်းခင်းလမ်းဆိုတာ ထာဝရ သာယာဖြောင့်ဖြူးပါစေလို့ ဆုတောင်းပါတယ်။ နှင်းဆီရဲတိုက်ဆိုတဲ့လူငယ်လေးတစ်ယောက် သူချစ်တဲ့ မေ့ကြောင့် လူပေလူတေလေးတစ်ယောက်အဖြစ်ကနေ အချစ်ဆိုတဲ့ ညို့အားပြင်းတဲ့အရာနဲ့ တွေ့ပြီးတဲ့နောက် သူ့ရဲ့စရိုက်တွေ လုံးဝပြောင်းလဲသွားခဲ့တယ်။ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့မှုတွေလည်း ပျောက်ဆုံးပြီး အံ့သြတဲ့အသံတွေ၊ မိဘ

www.burmeseclassic.com

တွေရဲ့ ဝမ်းသာပီတိဖြစ်မှုတွေနဲ့ သူ့ရဲ့ဘဝလေးက သာယာစိုပြည်ခဲ့ပါတယ်။ အရင်က သူငယ်ချင်းတွေခေါ်ရင် ငေါက်ခနဲ လိုက်သွားတတ်တဲ့ ကောင်ကလေး။ အခုတော့.....

♛♛♛♛♛

"သူငယ်ချင်းရေ လမ်းထိပ်မှာ ဘီယာသွားတီးရအောင်၊ လိုက်ခဲ့ပါအုံးကွ"

"ငါမလိုက်တော့ဘူး သူငယ်ချင်းတို့ရာ၊ စာကျက်စရာရှိသေးလို့ဆောရီးကွာ"

စာကျက်မယ်ဆိုတဲ့အသံကို တစ်ခါမှ မကြားဖူးတဲ့ သူငယ်ချင်းတွေက ထူးဆန်းတဲ့ မျက်လုံးတွေနဲ့ သူ့ကိုကြည့်နေကြတယ်။

ဒါပေမဲ့ သူကတော့ ဂရုမစိုက်တော့ဘူး။ အချစ်ကြောင့်သူပြောင်းလဲသွားပြီ၊ မေ့ကြောင့် သူပြောင်းလဲသွားပြီဆိုတာ သူကိုယ်တိုင်လည်း ကောင်းကောင်းကြီး နားလည်ပါတယ်။

သူနဲ့သူမရဲ့ တွေ့ဆုံမှုလေးက ရိုးရိုးလေးပါပဲ။ ဒါပေမဲ့ ပြန်စဉ်းစားလိုက်တိုင်း ရင်ထဲမှာ တလှပ်လှပ်နဲ့ အခုထိ အမှတ်ရနေတုန်းပါ။ ဆောင်းတွင်းရဲ့ ညနေခင်းလေးတစ်ခုမှာ ဆေးရောင်စုံ အလှအပ ပြင်ဆင်မှုတွေမပါဘဲ သနပ်ခါးပါးပါးလေး လိမ်းခြယ်ပြီး မြန်မာဆန်ဆန် ကျော့ရှင်းလှပနေတဲ့ သူမရဲ့ ရှည်လျားတဲ့ ဆံကေသာထက်မှာတော့ အပြာရောင်ဖဲကြိုးပုံသဏ္ဌာန်ကလစ်လေးနဲ့ အရမ်းကို ကျက်သရေရှိတဲ့ မိုးပေါ်က နတ်သမီးလေးပါပဲ။

> သူသတိဝင်ပြီးအသက်ရှူဖို့သတိရပါတယ်။
> သူမကတော့ဘာကိုမှမသိလိုက်ဘဲ
> တဖြည်းဖြည်းနဲ့
> ကွယ်ပျောက်သွားပါတော့တယ်။
> ဘေးဘီကိုကြည့်တော့လည်းတစ်ယောက်မှမရှိ။
> သူလည်းခြေလှမ်းတွေက.....

သူလည်း ငေးကြည့်နေလိုက်တာ ဘယ်လောက်တောင်ကြာသွားသလဲမသိ။ လျှပ်တစ်ပြက် သူမရဲ့ ကေသာထက်က ပြုတ်ကျလာတဲ့ အပြာရောင်ကလစ်လေးကိုတွေ့မှ သူ သတိဝင်ပြီး အသက်ရှူဖို့ သတိရပါတယ်။ သူမကတော့ ဘာကိုမှ မသိလိုက်ဘဲ တဖြည်းဖြည်းနဲ့ ကွယ်ပျောက်သွားပါတော့တယ်။ ဘေးဘီကိုကြည့်တော့လည်း တစ်ယောက်မှမရှိ။ သူလည်း ခြေလှမ်းတွေက အလိုအလျောက်နဲ့ လက်တွေကလည်း ကလစ်ကလေးကိုကိုင်ပြီး သူမ ထွက်သွားတဲ့လမ်းကလေးအတိုင်း ရှာကြည့်လိုက်တယ်။ သူမရဲ့ အရိပ်အယောင်ကို မတွေ့ရပါဘူး။ ဒါကြောင့်သူလည်း ကလစ်ကလေးကို သိမ်းထားလိုက်တယ်။ အဲဒီနေ့ကစပြီး သူမရဲ့ပုံရိပ်၊ ဆံကေသာလေးတွေနဲ့ လှပတဲ့မျက်ဝန်းလေးတွေကို သူ့ရဲ့အာရုံထဲက ဖျောက်ဖျက်မရတော့ပါဘူး။ အပြာရောင် ကလစ်လေးကတော့ သူမရဲ့ ကိုယ်ပွားလေးသဖွယ် သူဘယ်သွားသွား ယူဆောင်သွားခဲ့တယ်။ တစ်နေ့ သူမနဲ့ပြန်ဆုံတွေ့နိုင်မလားဆိုတဲ့အတွေးတွေနဲ့ အရူးကြီးရူးနေတော့တာပေါ့။

♛♛♛♛♛

www.burmeseclassic.com



ကံကြမ္မာ ဆန်းကြယ်ပုံများ သူမနဲ့သူ ပြန်ဆုံတွေ့ခွင့်ရခဲ့တယ်။ အဲဒီနေ့က နှင်းတွေအရမ်းကျနေတဲ့ မနက်ခင်းတစ်ခုပေါ့။ ကျောင်းသွားဖို့ စက်ဘီးကလေးစီးပြီး ထွက်လာတဲ့သူနဲ့ မျက်နှာချင်းဆိုင်ကနေ မဟာဆန်တဲ့ ခြေလှမ်းတွေနဲ့ သူ့ရဲ့ မျက်ဝန်းထဲမှာ တစ်သက်လုံး အလွတ်ရနေမယ့် ပုံရိပ်ကလေး တဖြည်းဖြည်း သူနဲ့နီးကပ်လာတယ်။ သူဘာလုပ်ရမလဲ။ ဘယ်ကနေ ဘယ်လိုစ စကားပြောရမလဲ။ သူမ နာမည်လည်း သူမသိ။

နောက်ဆုံးတော့ အရဲစွန့်ပြီး သူမနောက်ကို သူလိုက်သွားလိုက်တယ်။ ပြီးတော့ ဆွံ့အနေတဲ့လူ တစ်ယောက်လို။

"ဟိုလေ....."

"ဟို....."

ဆွံ့အသွားပြီလားမသိ။

သူမနဲ့ကျမှ ဒီလိုဖြစ်မိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩမိတယ်။

"ဟုတ်ကဲ့၊ ဘာကိစ္စရှိလို့လဲမသိ"

အရမ်းကို ဆွဲဆောင်မှုရှိပြီး တည်ငြိမ်အေးချမ်းတဲ့ အသံလေးပါ။ သူလည်း အိတ်ကပ်လေးထဲက အပြာရောင်ကလစ်လေးကိုထုတ်ပြလိုက်တယ်။

"ဟောတော့...အဲဒါ ကျွန်မ ပျောက်သွားတဲ့ ကလစ်လေးပဲ"

"ဟုတ်ကဲ့၊ ကျွန်တော်ကောက်ရထားတာ ပြန်ပေးချင်လို့ပါ"

"ဟင်း.....ကလစ်ကလေးက ပျောက်သွားတာ ကြာပြီနော်၊ ယူကကော တို့ကို ဘယ်လိုလုပ်ပြီး သိနေတာလဲ"

"ဩော်...ဒီလိုပါပဲ၊ တစ်နေ့ ပြန်တွေ့ရင် ပိုင်ရှင်ကိုပြန်ပေးမယ်ဆိုပြီး သွားလေရာယူသွားဖြစ်တာပါ"



ထို့နောက် သူ့ရဲ့အချစ်မျက်ဝန်းတွေနဲ့ သူမကို ကြည့်လိုက်ပါတယ်။ အရမ်းကိုလှပတဲ့ မျက်ဝန်းတစ်စုံပါပဲ။ ကြာကြာတော့ သူမကြည့်နိုင်ဘူး။ ဘာကြောင့်ဆို သူမရဲ့ တန်ပြန်အကြည့်တွေရဲ့အောက်မှာ သူ မခံစားနိုင်လို့ပါ။

အဲဒီနောက်မှာတော့ ပျူငှာဖော်ရွေတတ်တဲ့ သူမရဲ့ဆက်ဆံရေးကြောင့် သူမနဲ့သူ ခင်မင်မှုတစ်ခု ရရှိခဲ့ပါတယ်။

သူမရဲ့နာမည်ကလေးက 'မေဝင်း'တဲ့။ သူ့အတွက်တော့ သူမနဲ့ပတ်သက်သမျှ အရာအားလုံးက ကဗျာဆန်ပြီး လှပနေတာပါပဲ။ အပြာရောင် ကလစ်လေးကတော့ သူ့ရဲ့ပိုင်ရှင်ထံ ပြန်ရောက်သွားပါပြီ။ တစ်နေ့နေ့ပေါ့။ အခွင့်ရှိလာတဲ့အချိန်ကျ အပြာရောင်ကလစ်လေးကို သူ တစ်သက်လုံး အမှတ်တရ သိမ်းဆည်းသွားနိုင်ဖို့ သူတောင်းဆိုမှာပါ။ သူမနဲ့ ခင်မင်ခဲ့တဲ့အချိန်တွေမှာ သူမရဲ့ အရာရာကို လေးလေးနက်နက် တွေးခေါ်နိုင်မှု၊ လူကြီးဆန်ပြီး မိန်းမပီသတဲ့ သူမကို သူ အရမ်းမြတ်နိုးခဲ့ပါတယ်။

သူချစ်နေတယ်ဆိုတာကိုတော့ သူမ သိပေမယ့် မသိဟန်ဆောင်နေခဲ့တယ်။ သူမ ပြောတဲ့စကားက

www.burmeseclassic.com

www.burmeseclassic.com

သူ့အတွက်တော့ လိုက်နာဖို့အသင့်ပါ။ သူမ မကြိုက်တဲ့ အပေါင်းအသင်းတွေ၊ အရင်က ဆိုးခဲ့မိတဲ့ အပြုအမူတွေ အားလုံးပြောင်းလဲပစ်လိုက်တယ်။ ဒါ သူမကိုချစ်လို့ပေါ့။ တစ်နေ့ သူ အရဲစွန့်ပြီး သူမကို ချစ်ခွင့်ပန်ခဲ့တယ်။ သူမ ပြန်ပြောတဲ့စကားက စာကိုသာကြိုးစားစမ်းပါတဲ့။ စာမေးပွဲနောက်ဆုံးဖြေတဲ့နေ့ရောက်ရင် အဖြေပေးမယ်တဲ့။ သူ အရမ်းကိုပျော်သွားတယ်။ ဒါကြောင့်လည်း သူ အပြင်းအထန်ကြိုးစားပြီး စာမေးပွဲအတွက် ပြင်ဆင်ခဲ့တယ်။

သူမ မကြိုက်တဲ့ အပေါင်းအသင်းတွေ၊ အရင်က ဆိုးခဲ့မိတဲ့ အပြုအမူတွေ အားလုံးပြောင်းလဲ ပစ်လိုက်တယ်။ ဒါ သူမကိုချစ်လို့ ပေါ့။ တစ်နေ့ သူ အရဲစွန့်ပြီး သူမကို ချစ်ခွင့်ပန်ခဲ့တယ်။ သူမ ပြန် ပြောတဲ့ စကားက....

အဲဒီရက်ပိုင်းအတွင်းမှာတော့ သူမ ဘယ်တွေသွားနေလဲဆိုတာ သူလည်း သတိမထားမိပါဘူး။ ဘာပဲဖြစ်ဖြစ် စာမေးပွဲနောက်ဆုံးရက်ရောက်ရင် သူမနဲ့ တွေ့ရမှာဆိုပြီး မေ့မေ့ပျောက်ပျောက်နဲ့ စာကိုပဲ ကြိုးစားခဲ့တယ်။ စာမေးပွဲဖြေဆိုပြီးတဲ့နောက် သူ စက်ဘီးလေးစီးပြီး သူမနဲ့ချိန်းဆိုတဲ့နေရာကို ရောက်သွားခဲ့တယ်။ အဲဒီနေ့က ဖေဖော်ဝါရီ ၁၄ ရက်နေ့။

နှင်းတွေလည်း အရမ်းဝေနေတယ်။ သူရောက်သွားတော့ သူမက နှင်းတောထဲမှာ အပြာရောင်ကာလစ်ကလေးကိုင်ရင်း ရပ်စောင့်နေတယ်။ သူမရဲ့ကေသာထက်မှာတော့ အနက်ရောင် နှင်းဆီတစ်ပွင့်က နေရာယူထားတယ်။ သူမရဲ့ မျက်နှာပေါ်မှာတော့ ထူးဆန်းတဲ့ အရိပ်အယောင်တွေ သူတွေ့မြင်နေရတယ်။ သူရောက်သွားတော့ နှင်းထဲမှာ မတ်တတ်ရပ်နေမိတယ်။ နှစ်ဦးစလုံး ရင်ခုန်နေမှာပဲဆိုပြီး သူ ပျော်နေတယ်။ ဘယ်သူက စကားအရင် စပြောမလဲဆိုတာကို ပြိုင်တူစောင့်မျှော်နေကြတယ်။ တိတ်ဆိတ်နေတဲ့ ဝန်းကျင်ကို အရင်ဆုံးဖြိုခွဲလိုက်တာကတော့ သူမပါ။

သူမ ပထမဆုံးပြောတဲ့စကားက ရှင့်အတွက် ကျွန်မမှာ အဖြေမရှိဘူးတဲ့။ မိုးသံတွေနဲ့မို့ သူ နားကြားများလွဲသလား။ နောက်တစ်ခေါက် သူမ ထပ်ပြောပါတယ်။

"ရှင့်အတွက် ကျွန်မမှာ ပေးစရာအဖြေမရှိပါဘူး"

"မေ ဘာကြောင့် ကျွန်တော့်ကို နားလည်မပေးနိုင်တာလဲ"

"ရှင့်ကို ကျွန်မ ပြောပြီးပြီပဲ"

"ဒါက တို့တွေအတွက်အဓိကကျလို့လား မေ"

"ရှင့်အတွက်တော့ မသိဘူး၊ ကျွန်မအတွက်တော့ အဆင့်အတန်းဆိုတဲ့စကားက အဓိက"

"------"

"ကျွန်မ ဘယ်တော့မှနှလုံးသားနဲ့ ဆုံးဖြတ်မှာမဟုတ်ဘူး၊ ဦးနှောက်ဆိုတာ လူတွေအတွက် အလကားထည့်ပေးထားတာမှမဟုတ်တာ၊ ဒါကြောင့် ဘယ်လိုအခြေအနေ၊ ဘယ်လိုအချိန်မျိုးမှာပဲဖြစ်ဖြစ် ကျွန်မ ဦးနှောက်နဲ့ပဲဆုံးဖြတ်မယ်"

"ဒါဆို ကိုယ်မင်းကို ချစ်မိတာ အပြစ်တစ်ခုလား မေ၊ ပြောစမ်းပါ"

"ဒါလည်း ကျွန်မ မသိဘူး၊ သိဖို့လည်း မကြိုးစားဘူး။ ကျွန်မ

www.burmeseclassic.com



တို့တွေ့ဆုံတာ ဒါနောက်ဆုံးအကြိမ် ပါပဲ၊ ရော့.....ဒါ ရှင်နဲ့ပတ်သက်ခဲ့ ဖူးတဲ့အရာလေးတစ်ခု၊ ကျွန်မ အတွက် အသုံးမဝင်တော့ဘူး"

♛♛♛♛♛

မေ.....
ပြာလဲ့လဲ့ကောင်းကင်တွေကို
မော့ကြည့်ပြီး
ဖူးခဲ့တဲ့ကောင်တစ်ယောက်
ဒဏ်ရာတွေကို ငုံ့မကြည့်ရဲဘူး။ ။
ရွှေနိုက်စွာ ရွှေဆက်တိုးမိတယ်
နှလုံးအိမ်ရဲ့ လမ်းပြကြယ်ပေါ့
အထင်နဲ့အမြင် မှားနေခဲ့နှုန်း
အဆင့်အတန်းတာ ခွဲလာမှသိလိုက်ရတယ်။ ။
ငိုတော့လေ...တေးဆန်းတဲ့ပြဇာတ်လို
လူတွေပါးစပ်ဖျားမှာ ဘယ်လိုရှုတ်ချဆိုပါစေ
ငါငိုနေတာ ငါပဲသိတယ်။

သူမ ပြောပြီး သူ့ကိုကမ်းတဲ့ အရာလေးကတော့ အပြာရောင် ကလစ်ကလေးတစ်ခု။ သူ့မှာပြန် ပြောဖို့ စွမ်းအားတွေ မရှိတော့ပါ ဘူး။

သူမ သူ့ကို အရမ်းရက်စက် တယ်။ ကလစ်ကလေးပေးပြီးတာနဲ့ သူမ သူ့နားကနေ ပျောက်ကွယ် သွားပါတယ်။

သူမ ငိုနေသလား၊ မဲ့ပြုံး ပြုံး နေသလား သူ မသိတော့ပါဘူး။



သူ အပြာရောင်ကလစ်ကလေးကိုင် ပြီး နှင်းဝေဝေထဲမှာ အကြာကြီး ရပ်နေမိတယ်။

သူ ဘာဆက်လုပ်ရမလဲ။ သူ့ ဘဝရဲ့ လမ်းပြကြယ် သူမက သူ့ ဘဝထဲက အပြီးတိုင် ပျောက်ကွယ် သွားပြီ။ အခု သူ့မှာ အားအင်တွေ ကုန်ခမ်း၊ မျှော်လင့်ချက်တွေလည်း ပျောက်ဆုံးသွားပြီ။

ထို့နောက် သူ့ရဲ့စက်ဘီးလေး ကို တွန်း။ လက်ထဲမှာတော့ အပြာ ရောင်ကလစ်ကလေးကို တင်းတင်း ဆုပ်ကိုင်ပြီး ယိုင်နဲ့နေတဲ့ ခြေလှမ်း တွေနဲ့ လမ်းဖြတ်ကူးတဲ့အခိုက်.....

"ဒိန်း....."

ဆိုတဲ့ အရှိန်ပြင်းပြင်းကား တစ်စီး ဝင်တိုက်သွားတဲ့အသံနဲ့ အတူ သူ့တစ်ကိုယ်လုံး ကြောက်ကြ သွားခဲ့တယ်။ သူ့ရဲ့စက်ဘီးလေး လည်း တစ်စစီ...။

ဒါပေမဲ့ လက်ထဲမှာ တင်းတင်း ဆုပ်ထားဆဲ အပြာရောင်ကလစ် ကလေးကတော့ သူ လောကကြီး ထဲက ထွက်ခွာသွားပြီဖြစ်ပေမယ့် သူ့ရဲ့ဝိညာဉ်တွေကတော့ တင်း တင်းဆုပ်ကိုင်ထားဆဲပါပဲ။ သူက တော့ ဖေဖော်ဝါရီ (၁၄)ရက်။

နှင်းဝေဝေ မနက်ခင်းတစ်ခု မှာ လူ့လောက,ကနေ ထွက်ခွာ သွားခဲ့ရပါပြီ။

အနက်ရောင်တွေဖန်ဆင်း
ဘူးအသိပ်ခင်းတဲ့လမ်းမှာ ပန်းပွင့်တယ်
အဲဒါ....နှင်းဆီနက်
ဒါပေမဲ့.....
သိမ်ငယ်သေနတ်တဲ့ တန်ဖိုးမဲ့
အနက်ရောင်ကို...
မျှော်ကိုး ကိုယ်ကျိုးတစ်ခု ခွန့်ရင်းနဲ့သာ
မျက်ရည်ကို အချစ်ထင်
ဘူးတွေကို အနမ်းလို့မြင်လျက်
မှောင်မိုက်မိုက်ည
နှင်းဆီနက်..မတူရာအလှမာယာတွေအနှ
မင်းရဲ့ဘူးတွေ....
ငါ့နှလုံးသားကို အဆိပ်သင့်ခဲ့စေသလား။


**နှင်းဆီနက် (စစ်ကိုင်း)**



www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com



မွတ်မိကျောင်း



www.burmeseclassic.com

www.burmeseclassic.com



# ဖွတ်မိကျောင်း

မောင်မောင်လွင် (ညောင်လေးပင်)

မိုးတစ်ပြိုက်၊ လေတစ်ပြိုက်ကြားမှ တောပစ်ရန် ကျွန်တော်၊ ကိုမြင့်ကြည်နှင့် ကိုကျော်ကျော်တို့ ရန်ကုန်မှ ထွက်ခဲ့ကြသည်။ ဥက္ကံမြို့အရောက်၌ ခဏနားပြီး ကျောက်ချောင်းသာရွာဆီသို့ ခြေကျင်ခရီးဆက်ထွက်ခဲ့သည်။

မြို့အလွန်တွင် အနောက်ဆောင်ဘက်ဆီမှ တရိပ်ရိပ်တက်လာသော မည်းမှောင်သည့် တိမ်တိုက်များနှင့်အတူ ပြိုလာသည့်မိုးမှာ သဲကြီးမဲကြီး ရွာတော့၏။ ကျွန်တော်တို့သုံးဦးသား Forest ဂျာကင်ကိုယ်စီဝတ်ထားသဖြင့် အအေးသက်သာသော်လည်း ကျောပိုးအိတ်၊ သေနတ်ကိုယ်စီထမ်းပြီး ဂဝံခဲပေါ် လျှောက်ရခြင်းကြောင့် ခရီးကြမ်း၍ ပင်ပန်းသည်။

ကျွန်တော်က ဝန်ထမ်းဘဝ တောတောင်ထဲတွင် အနေများခဲ့သူမို့ အလေ့အကျင့်ရ၍ ပင်ပန်းဆင်းရဲခံနိုင်သဖြင့် အကြောင်းမဟုတ်။ ကိုမြင့်ကြည်မှာ ရန်ကုန်၊ ရွှေဘုံသာလမ်းက စိန်ရွှေရတနာကုန်သည်ကြီး ဒေါ်ကြည်၏ တစ်ဦးတည်းသောသား၊ ကိုကျော်ကျော် (သေနတ်ပစ်လက်ရွေးစင်)က အင်ဂျင်နီယာ။ လူနုမုဆိုးနှစ်ယောက်တို့ မိုးထဲလေထဲ ခရီးကြမ်းကို အားခဲလျက် မုဆိုးပီပီ မညည်းမညူဘဲ လျှောက်ကြသည်ကို စိတ်ထဲက ချီးကျူးမိသည်။



ညနေအချိန်တွင် မအူခုံသို့ ရောက်သည်။ မိုးလည်းစဲပြီ၊ လေငြိမ်သွား၏။ အထက်၌ မိုးရွာသည်နှင့် ဥက္ကံချောင်းမကြီးမှာ ရိုးမပေါ်မှ အရှိန်ပြင်းပြင်း ထိုးဆင်းလာသော ရေများကြောင့် ချောင်းများရေလျှံကာ စုတ်ဝဲ၊ မှုတ်ဝဲကြီးများ ဝဲကတော့ထိုးလျက်ရှိသည်။ တဝေါဝေါ ထိုးကျလာသည့် ရေလုံးကြီးများ ပွတ်တိုက်၍ ချောင်းကမ်းပါးတဝုန်းဝုန်းပြိုသံ၊ တဟဲဟဲ ရေလှိုင်းပုတ်ခတ်သံ၊ ချောင်းထဲတွင် မျောလာသည့် ဖရိုဖရဲသစ်တုံးများနှင့် ဒိုက်အမှိုက်သရိုက်များကို ချောင်းဘေးရှိ မုဆိုးကိုကြီးမြင့်တဲ့ကြား

www.burmeseclassic.com

နေ၊ မြင်နေရ၏။ မြေပြန့်ချောင်းက ငြိမ့်ငြိမ့်လေးစီးတတ်သည်။ ဥက္ကံချောင်းက ကျယ်သော်လည်း တောင်ကျချောင်းဖြစ်၍ မိုးရွာလျှင် ရေစီးက ရထားစက်ခေါင်းကြီးနှယ် တစ်ဟုန်ထိုး ဆင်းလာသည်။

"ဆရာကြီး"

"ဗျာ"

"ချောင်းက ရေတအားကျနေတယ်၊ ဟိုဘက်ကိုဖြတ်လို့ ဖြစ်မှဖြစ်ပါ့မလား၊ သစ်လုံးတွေနဲ့တိုက်မိရင် အခက်ပဲ"

မုဆိုးကိုကြီးမြင့်က ဘောက်တူ လှေနှင့် တက်ကိုပြင်ရင်းပြောသည်။ ချောင်းကမ်းနားနေသဖြင့် ချောင်း အနေအထားကိုသိ၍ စိုးရိမ်ပြီးပြောခြင်းဖြစ်သည်။ ကျွန်တော်တို့မှာက ပစ္စည်းနှင့် သေနတ်တွေပါသည်။ တစ်ခုခုဖြစ်လျှင် မလွယ်။

"ဟာဗျာ.....ကိုကြီးမြင့်က လည်း စိုးရိမ်ရန်ကော၊ လာမှတော့ မထူးဘူး၊ ရောက်အောင်သွားမယ်၊ ဘာဖြစ်ဖြစ်ဗျာ"

ကိုကျော်ကျော်က စိတ်မြန်လက်မြန်သမားမို့ ဟောဟောဒိုင်းဒိုင်း ပြောလိုက်ရာ.....

"ကဲပါ...ကိုကြီးမြင့်ရေ သတိထားပြီး သွားကြတာပေါ့"

ကျွန်တော့်စကားအဆုံး၌ ပစ္စည်းများကို အလယ်လှေကတ်ကြမ်းပေါ် တင်ပြီးနောက် အားလုံး လှေပေါ်တက်ထိုင်ကြသည်တွင် ကိုကြီးမြင့်က လှေကို ကမ်းမှခွာ၍ လှော်တော့သည်။ ကျွန်တော်က လှေဦးမှ တက်တစ်ချောင်းဖြင့် ကူလှော်ပေးသည်။ ရေစီးကြမ်းသဖြင့် ချောင်းကိုဖြတ်ကျော်ရသည်မှာ အန္တရာယ်ကြီးသည်။ လှေက ဘောက်တူလှေ၊ လူကများများ၊ ဝန်ပါနေခြင်းကြောင့် အားစိုက်သော်လည်း လှေကမပြေး။ ထိုးဆင်းလာသော သစ်တုံးတစ်တုံးကို မနည်း

**တစ်ဖက်ကမ်းရောက်မှ ကိုကျော်ကျော် ချောင်းရေပြင်ကိုကြည့်၍ သက်ပြင်းချရင်း ပြောရာ အားလုံး ရယ်မောနိုင်ကြတော့သည်။ ကမ်းခြေနှင့်နီးရာတဲ၌ လှေကိုထားပြီး ကျွန်တော်တို့လေးဦးသားကို လှသိန်းရှိသည့် သစ်ပုတ်ပင်စခန်းသို့......**

ရှောင်လိုက်ရ၏။ ကိုမြင့်ကြည်က မျက်နှာငယ်ငယ်။ ကိုကျော်ကျော်မှာ စကားမပြောနိုင်။ ကံသီကာ သစ်တုံးနှင့် မတိုက်ခြင်းဖြစ်သည်။

"ဟူး..ကိုကြီးမြင့်ပြောလည်း ပြောစရာပဲဗျာ၊ ဒီလိုခရီးမျိုး မကြုံဖူးဘူးဗျ၊ ကြောက်စရာပဲဗျို့"

တစ်ဖက်ကမ်းရောက်မှ ကိုကျော်ကျော် ချောင်းရေပြင်ကိုကြည့်၍ သက်ပြင်းချရင်းပြောရာ အားလုံးရယ်မောနိုင်ကြတော့သည်။ ကမ်းခြေနှင့် နီးရာတဲ၌ လှေကိုထားပြီး ကျွန်တော်တို့လေးဦးသား ကို လှသိန်းရှိသည့် သစ်ပုတ်ပင်စခန်း သို့ ခရီးဆက်ခဲ့ကြ၏။ လမ်းက တောင်ကြောပေါ်သို့ တက်သည့် လမ်း၊ မိုးအဆက်မပြတ်ရွာထား မာသည့်နေရာကမာ၊ ပျော့သည့် မြေကပျော့နှင့် ခရီးလမ်းမကောင်း သဖြင့် ခရီးမတွင်။ ဖြတ်ကကိုက် အဝါရောင်မှက်များက လိုက် သွေးစုပ်သည်။ အဆိုးဆုံးမှာ ကျွ ဖြစ်၏။ တစ်ကောင်ပေါ် တ ကောင်ကပ်တွယ်သဖြင့် ကျွတ် ကြီးဖြစ်နေ၍ ဓားနှင့်သပ်ချရသည်။

ကျောက်ပျဉ်သာကွင်းမှာ မိ နှင့် တောတောင်ဆက်ခြင်းကြော ဂျီ(ချေ)၊ ဒရယ်၊ တောဝက်၊ ယု တောကြောင်၊ ဆတ် သားကော မျိုးစုံပေါသည်။ နွေရာသီ၌ ကျွ တော် မကြာခဏရောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆစ်ခဲ့သည်။ မုဆိုးငရုတ်သီးဆား ဆောင်းစားပြန်ရသော နယ်မြေ ဟောတ်။ သွားတိုင်း ရခဲ့သည်ချည်း ဖြစ်၏။ မနှစ်က နွေဦးရာသီတွင်မူ ရှန်းချုပ်စပ် စပါးခင်းမှာ တောဝက် က အုပ်လိုက်ကျနေသည်။ တစ်ညှ ကည်းနှင့် ထောင်းလမောင်းကြေ အောင် စားကြတော့သည်။ အစား ဆက် အဖျက်အားကောင်းသဖြင့် ကြခင်းဆိုလျှင် ခဏနှင့်ပျက်ပြီ။

တောဆင်များကလည်းဖွေ၏။ အသခံများက တောဝက်နှင့်ဆင် များကို နည်းအမျိုးမျိုးနှင့် ခြောက် လှန့်သည့်အသံများ နေရာအနှံ့ကြား ရသည်။ ယင်းအသံများကြောင့် သားကောင်များကြောက်လန့်ပြီး ထွက်တော့၍ မုဆိုးအဖို့ သား ကောင်ရှာရမလွယ်သဖြင့် တောင် ညိုကွင်းသို့ပြောင်းကာ တောပစ်ခဲ့ ရသည်ကို သွားရင်းတွေးနေမိ၏။

ယခုလည်း ကိုမြင့်ကြည်နှင့် ကိုကျော်ကျော် တောပစ်ချင်သည့် ဆန္ဒကြောင့် ကျွန်တော် လိုက်ပါခဲ့ ခြင်းဖြစ်သည်။ မိုးတွင်းတောပစ်ရ သည်မှာ မလွယ်။ အချိန်အခါမရွေး ရွာသည့်မိုး။ တောကထူထူ၊ လမ်း က မသာ။ သားကောင်ရှာရမလွယ် သည့် ဤရာသီတွင် မုဆိုးများနား ကြသည်။

မုဆိုးအလုပ်က တွေ့ချင်လျှင် တွက်ပျော်သီးအခွံနွှာစားသကဲ့သို့ လွယ်၏။ စခန်းရောက်ရောက်ချင်း သားကောင်စွဲတတ်သည်။ မုတ်ဆိတ်ပျားစွဲဆိုရမည်။ တစ်ခါတစ်ရံ၌ လိုက်လေခက်လေနှင့် ရက်ကြာသော် ပင်ပန်းဆင်းရဲဒဏ်ကြောင့် မုဆိုးအလုပ်ကို စိတ်ပျက်သည်အထိ ခံစားခဲ့ရဖူးသည်။

♛♛♛♛♛



ကိုလုသိန်းတဲသို့ ကျွန်တော်တို့ မုဆိုးအဖွဲ့ရောက်သည်မှာ တစ်ပတ်ကြာခဲ့ပြီ။

ကျွန်တော်က ၃၀ ဒသမ ၀၆ စပရင်ဖီးလ် အမဲပစ် ရိုင်ဖယ်၊ ကိုမြင့်ကြည်က နှစ်လုံးပြူး သေနတ်၊ ကိုကျော်ကျော်က တစ်လုံးထိုးပြောင်းချော(ဘယ်လ်ဂျီယံ)သေနတ်တို့ဖြင့် ကိုလုသိန်း၊ ကိုကြီးမြင့်၊ ကိုမြင့်သောင်းတို့ဖြင့် နေ့နေ့ညည တောလည်ခဲ့သည်။ မိုးကရွာလိုက်၊ လေကလာလိုက်နှင့် နေရာအနှံ့ လှည့်ပတ်ပစ်သော်လည်း သားကောင်တစ်ကောင်မှ မစွဲ။ ရိက္ခာလည်း ပြတ်ခါနီးဖြစ်နေသည်။

"ကိုမောင်"

"ဗျာ.....ကိုကျော်"

"ဒီတစ်ခါ တောပစ်တာတော့ မှားပြီထင်တယ်"

"ဘာဖြစ်လို့လဲဗျ"

ကျွန်တော်က မေးလိုက်၏။

"ဘာဖြစ်ရမလဲ ကိုမောင်ရာ၊ တို့တစ်တွေ တောပစ်လာတာ အတွေ့အကြုံများနေပါပြီ၊ ဒီတောကျမှ ကြက်တစ်ကောင်တောင်မပစ်ရဘူး။ ကေ့ တောပိုင်တောင်ပိုင်များ မကြိုက်လို့များလားကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်မယ်မထင်ပါဘူးဗျာ"

ကိုမြင့်ကြည်က သေနတ်တိုက်ရင်း နားထောင်လျက်ရှိသည်။ ကိုကြီးမြင့်နှင့် ကိုလှသိန်းက ထုံးစံအတိုင်း ငရုတ်သီးဆားထောင်းနှင့် ကင်းပုံညွှန့်၊ ဖလံတောင်ဝှေး၊ ဇရစ်ရိုး၊ ဂုံမင်းတို့ ရောချက်သည့် ဟင်း



အချိုချက်တစ်ခွက်ကို ပြင်ဆင်ချက်ပြုတ်နေကြသည်။

ညနေ ၃ နာရီထိုးလျှင်.....

"ကဲ.....ကျွန်တော် သဖန်းမြောင်ဘက် တန်းလျှောက်လိုက်ဦးမယ်"

"အေး...အေး မောင်မောင်"

ပြောက်ကျားအကျီဝတ်ကာ တောဆောင်းဦးထုပ်ဆောင်း၍ အမဲလိုက်ဓားနှင့် သေနတ်ယူပြီး အားလုံးကိုနှုတ်ဆက်ရင်းမှ စခန်းတဲက ထွက်ခဲ့၏။ တဲမှအထွက် မလှမ်းမကမ်း၌ သေနတ်ကို မောင်းတစ်ဝက် ကျည်ထိုးသည်။

သဖန်းမြောင်နှင့် ကျွန်တော်တို့စခန်းမှာ တောင်ကုန်းတစ်ကုန်းခြားသည်။ တောင်ပေါ်လမ်းကြော အတိုင်းလာခဲ့၏။ ပတ်ဝန်းကျင်၌ လျှိုမြောင်များမှာ အုံ့အုံ့ဆိုင်းဆိုင်းနှင့် မိုးကအုံ့ကာ မှိုင်းနေသည်။ တောကြက် တွန်သံမကြားရ။ ဝါတွင်းဝါဆို၍ တောကြက်ဖမတွန်ဟုဆိုကြသည်။ ဟုတ်သည်၊ မဟုတ်သည်တော့မသိ။ အနီရောင်ငှက်မြီးရှည်လေး တစ်ကောင်က ပင်ယံထက်၌ အသံသာသာနှင့် တေး သီလျက်ရှိသည်။

ကျွန်တော်က ဘေးဘယ်ညာ လျှိုမြောင်များဆီကို မျက်စိကစား၍ သတိထားကြည့်သည်။ သေနတ်ကို ယာပခုံးထက် ထမ်းထား၏။ ခြေလှမ်းတိုင်း အသံမကြားအောင် နင်းသည်။ တောပစ်လာသည့် အတွေ့အကြုံ များကြောင့် ကျွန်တော့်လှုပ် ရှားမှုမှာ ညင်သာသည်။

နေဝင်ရန် စောသေးသော် လည်း မိုးတွင်းကာလ မီးခိုးရောင် တိမ်မျှင်၊ တိမ်စိုင်၊ တိမ်ခဲ၊ တိမ် လှိုင်း၊ တိမ်တံတိုင်းများ ဖြန့်ကြက် ထား၍ ပတ်ဝန်းကျင်တစ်ခွင်လုံးကို မှိုင်းပြာပြာအအေးဓာတ်က လွှမ်းခြုံ ထား၏။ တောမှာ တိတ်ဆိတ်ငြိမ်သက် လျက်ရှိသည်။

"ကွပ်....."

"ကွပ်.....ကွပ်"

လျှိုထဲမှ ဖား တစ်ကောင်၏ အဖော်မဲ့ အော်သံကို ကြားရသည်။ တောင် ကြောလမ်းအတိုင်း လာရာမှ ရှေ့ လျှိုကတုံးအရောက်တွင် အောက် သို့ဆင်းပြီး တစ်ဖက်တောင် ကြော ပေါ်သို့ တက်ခဲ့၏။ အမြင့်နေရာ ရပ်လျက် ပတ်ဝန်းကျင်မှလှုပ် ရှားမှုအသံများကို အကဲခတ်ကြည့် သော်လည်း တောမှာ ငြိမ်သက်ငြိမ် ငြိမ်သက်နေသည်။

ကျွန်တော် သေနတ်ကိုလွယ် ၍ နီးစပ်ရာ လျှိုစောင်းရှိ ပျဉ်း ပင်ပေါ်သို့တက်ကာ ...ဆုံ၌ ထိုင်



www.burmeseclassic.com

www.burmeseclassic.com

ထိုက်သည်။ ညနေ ၆နာရီထိုးသဖြင့် အချိန်ကောင်းမို့ တိုက်ဆိုင်လျှင် ဖြတ်သွားဖြတ်လာ သားကောင်ကို ပစ်ရနိုင်၏။ ကျွန်တော့်ရှေ့ လျှိုတစ်ဖက်တွင် ရေညှိတက်နေသော ကျောက်တုံးကြီးများ၊ ကျောက်ကလိုဏ်များ၊ ကျောက်ထိုဏ်ဂူများ အစီအရီရှိသည်။ သေနတ်ကို ပေါင်ပေါ်၌ ကန့်လန့်ဖြတ်တင်၍ လက်ဖြင့်ဖိကိုင်ထားသည်။ သက်သာသည့်အနေအထားနှင့် ထိုင်ရာမှ သတိထားနေခိုက် အတန်ကြာလျှင်.....

"ဗျော...ဘရော...ဗျော.....ဗျော"

"ရှဲ..ရှဲ..ရှဲ..ဘရော..ဗျော"

လျှိုထဲမှ ကျွန်တော့်ဆီသို့ တောတိုးလာသောအသံကို ကြားရ၏။ ရုတ်တရက် စိတ်လှုပ်ရှားသွားသော်လည်း သားကောင်ပစ်နေကျဖြစ်၍ ခဏအတွင်း စိတ်ကို တည်ငြိမ်စွာထားလျက် ပြောင်းရင်းကွည့်ထိုးပြီး သေနတ်မောင်းတင်ထိုက်သည်။ အသင့်ကိုင်ထား၏။ သားကောင်အသံ ရပ်သွားသည်။ တော်ဝန်းကျင်အခြေအနေကို သတိထားဟန်ရှိသည်။ ကျွန်တော်က ရွေ့မပြောင်းဘဲ ကျစ်ကျစ်လျစ်လျစ်ထိုင်၍ အချိန်ကောင်းကို စိတ်ရှည်စွာဖြင့် စောင့်နေခဲ့ရာ.....

"ရှဲ.....ရှဲ.....ရှဲ.....ဗျော"

"ဝေါ...ဘရော..ဗျော..ဗျော"

ကျွန်တော်ထင်သည့်အတိုင်း သားကောင်က သတိထားရာမှ ရပ်လိုက်၊ အကဲခတ်နားထောင်လိုက်ဖြင့် စိတ်ချသည့်အနေအထားတွင် တဖြည်းဖြည်း တောင်ကြောပေါ်သို့ တက်လာသည်။သေနတ်ပြောင်းကို သစ်ပင်အောက်ဘက်လျှိုထဲသို့ အသင့်ချိန်သည်။

"ဗျော...ဗျော...ဘရော....ဗျော"

ကျွန်တော်လင့်ထိုင်သည့် သစ်ပင်နှင့် ကိုက်အစိတ်ခန့်အကွာ နေရာကွက်သာမှာ အသံရပ်သွားသဖြင့် ကြည့်လိုက်သည်။

"ဟာ....."

ကျွန်တော့်စိတ်ထဲမှာ အံ့ဩတုန်လှုပ်သွားသည်။ တောင်ကြောပေါ် မျက်နှာမူပြီး ရှေ့လက်နှစ်ဖက်ကို ခပ်ခွင်ခွင်အနေအထားနှင့် ခေါင်းမော့လျက် ရှည်လျားသောလျှာကို ထုတ်လိုက်၊ သွင်းလိုက်လုပ်နေသော သတ္တဝါမှာ မိကျောင်းကြီးတစ်ကောင်အလား ကြီးမားသည့်ကိုယ်၊ ရှည်လျားသည့်အမြီးရှိသော ဖွတ်ကြီးတစ်ကောင်ဖြစ်သည်။ အသည်းယားဖွယ်မြင်ကွင်းပင်။ ဖွတ်ကြီးလျှင် မိကျောင်းဖြစ်သည်ဟု ပြောကြ၏။ ဖွတ်နှင့်မိကျောင်း ဆင်ဆင်တူ၍ ပြောခြင်းဖြစ်မည်။ သို့သော် အရေခွံနှင့် ဦးခေါင်း၊ လက်၊

**ကျွန်တော့်စိတ်ထဲမှာ အံ့ဩ တုန်လှုပ်သွားသည်။ တောင်ကြော ပေါ် မျက်နှာမူပြီး ရှေ့လက်နှစ်ဖက် ကို ခပ်ခွင်ခွင်အနေအထားနှင့် ခေါင်းမော့လျက် ရှည်လျားသောလျှာကို ထုတ်လိုက်၊ သွင်းလိုက် လုပ်နေ သော သတ္တဝါမှာ....**



www.burmeseclassic.com

www.burmeseclassic.com



ခြေက မတူ။ မဖြစ်နိုင်ဟု ယူဆသော်လည်း ယခုတွေ့ရသည့်ဖွတ်ကြီးမှာ မိကျောင်းတမျှအကောင်ကြီးလှသည်။ လှုပ်ရှားသည့်စိတ်ကို ထိန်းပြီးနောက် သေနတ်၏လုံခြုံမှုခလုတ်ကိုဖွင့်သည်။ သေနတ်ပြောင်းအား ဖွတ်ကြီး၏ ရင်အုံတည့်တည့်သို့ ထိုးချိန်သည်။ ရှေ့ချိန်သီး၊ နောက်ချိန်ခွက်၊ ရှေ့ပစ်မှတ် တစ်ထပ်တည်းကျချိန်၌ အပေါ်အမြင့်က ပစ်ရခြင်းကြောင့် ပစ်မှတ်ကို အနည်းငယ်ဖော်ကာ မောင်းကို ဖြုတ်လိုက်တော့သည်။

"ဒိုင်း....."

ပြင်းထန်သော ကျည်ပေါက်ကွဲသံထွက်လာ၏။ ယမ်းအားပြင်းသဖြင့် တောတောင်နှင့်ရိုက်ခတ်သည့် ပဲ့တင်သံများနှင့်အတူ.....

"ဖြုန်း.....ဘုန်း"

"ဖျော....ဝေါ...ဖျော"

"ဘုန်း....."

"ဖျော.....ဖျော"

ဖွတ်ကြီးမှာကျည်ထိမှန်သဖြင့် တောင်အောက်သို့ နောက်ပြန်ထိုးကျခိုက် လမ်းတစ်လျှောက် သစ်ကိုင်း၊ သစ်ခက်များ၊ ချုံနွယ်တောနှင့် ရိုက်ခတ်သံများ ဆူညံသွားသည်။

သစ်ပင်အောက်သို့မဆင်းဘဲ အခြေအနေကိုကြည့်၍ ဖွတ်ကြီး၏ လှုပ်ရှားသံကို နားစွင့်လျက်ရှိရာ ခဏမျှ ခြေလက်လှုပ်ရှားပြီး ငြိမ်သက်သွားသည်။ သေနတ်ဒဏ်ရာကြောင့် ဖွတ်ကြီးသေသွားပြီဖြစ်သည်။

ကိုကြီးမြင့်နှင့် ကိုလှသိန်း
လျှိုအောက်သို့ခဲရာခဲဆစ်
တောတိုးသင်းသွား၏။
မလွတ်သောကိုင်းနှင့်နွယ်များကို
ရှေ့က ကိုလှသိန်းမှဓားနှင့်ရှင်းသည်။
ကိုကြီးမြင့်က
သစ်ကိုင်း၊ သစ်ခက်များကိုင်ကာ
နောက်မှလိုက်၏။ ဝါးသုံးပြန်ခန့်
နေရာသို့ရောက်လျှင်.....

အမဲပစ်ရိုင်ဖယ်ကို ကျောမှာ ဘယ်ညာသိုင်းလွယ်လိုက်ကာ ပျဉ်းမပင်အောက်သို့ ကျွန်တော် ဆင်းခဲ့၏။ အပေါ်မှ လျှိုထဲကြည့်သော်လည်း တောကန်စွန်း ယောက္ခမရှုပ်ထွေးချုံများနှင့် ဝါးနွယ်တောများ ထူနေခြင်းကြောင့် အောက်ခြေကို ရှင်းရှင်းလင်းလင်း မမြင်ရပေ။ သေနတ်ကို ညာပခုံးထက် ထမ်းလိုက်၏။

"ဟေး.....ဝေး"

"ဝူး....."

တစ်ဖက်တောင်ကြော တောသံပေးပြီးခေါ်သဖြင့် ကျွန်တော်က ရှိသည့်နေရာကိုသိရ အချက်ပေးဝူးပြန်ထူးသည်။ မကြာမီ ကိုကျော်ကျော်၊ ကိုမြင့်ကြည်၊ ကိုကြီးမြင့်၊ ကိုလှသိန်းနှင့် အခြားတမှ ကိုမြင့်သောင်းတို့ပါ တောတိုးလာကြသည်။

"ဟေး..ကိုကျော်၊ ကျွန်တော် ဒီမှာဗျ"

ကျွန်တော်ခေါ်လိုက်မှ ကျွန်တော့်ဆီကိုလာရင်း.....

"ဟော့...မောင်မောင် ဘာပစ်တာလဲကွ"

တစ်ပတ်အတွင်း တစ်ခုမှမပစ်ရ၍ ကိုကျော်ကျော်က လူဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ခရောက်မီ သိလိုသဖြင့် အလျင်စလို မေးသည်။

"ဖွတ်ကိုပစ်တာလေဗျာ"

ကျွန်တော်က ပြောလိုက်သည်။

"ဟာ..ဘာပြောတယ် မောင်မောင်၊ ဖွတ်ပစ်တယ်ဟုတ်လား"

"ဟုတ်တယ်လေဗျာ၊ မှန်သွားတယ်၊ ဘာဖြစ်လို့လဲဗျ"

ကျွန်တော့်နားသို့ အရောက် မေးလိုက်သော ကိုကျော်အား ကျွန်တော်က ဖြေလိုက်သည်။

"မောင်မောင်ရာ မုဆိုးက ဖွတ်ကိုမှ ပစ်ရတယ်လို့၊ သားကောင်မရလည်း နေပါစေ၊ မပစ်ပါနဲ့ကွာ"

ကျွန်တော့်ကိုကြည့်၍ အားလိုအားမရဖြင့်ပြောသည်။ အခြားသူများက ဘာမှမပြောဘဲ ကျွန်တော်တို့နှစ်ဦးအား ကြည့်နေကြသည်။

"ကဲ.....ကိုကြီးမြင့်နဲ့ ကိုလှသိန်း၊ ကျွန်တော်ပစ်လိုက်တဲ့ဖွတ် ရှေ့ကွက်သာကမှန်ပြီး ထိုးကျသွားတယ်၊ အကောင်သေးတော့ မတွေ့ဘဲဖြစ်နေမယ်၊ လျှိုထဲသေသေချာချာ ရှာကြဗျာ"

"ဟုတ်ကဲ့ ဆရာကြီး"

ကိုကြီးမြင့်နှင့် ကိုလှသိန်း လျှိုအောက်သို့ ခဲရာခဲဆစ် တောတိုးဆင်းသွား၏။ မလွတ်သော ကိုင်းနှင့်နွယ်များကို ရှေ့က ကိုလှသိန်းမှ ဓားနှင့်ရှင်းသည်။ ကိုကြီးမြင့်က သစ်ကိုင်း၊ သစ်ခက်များကိုင်ကာ နောက်မှလိုက်၏။ ဝါးသုံးပြန်ခန့် နေရာသို့ရောက်လျှင်.....

"ဟာ.....လုပ်ကြပါဦး"

ကိုလှသိန်း၏ အလန့်တကြား အော်သံကို ကြားရသည်။ ဤတွင် ကိုကျော်ကျော်က.....

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ ကိုလှသိန်း၊ ကျုပ်လာခဲ့မယ်"

ကိုကျော်ကျော်က ပြောပြောဆိုဆို တစ်လုံးဆိုး ပြောင်းချောသေနတ်ကိုကိုင်လျက် အပြေးတစ်ပိုင်း တောတိုးဆင်းသွားသည်။

"ကိုလှသိန်း ဘာတွေ့လို့လဲဗျ"

ကိုလှသိန်းဆီသို့အရောက် ကို ကျော်ကျော် အလောတကြီး မေးသည့်အခါ.....

"ဒီမှာလေဗျာ ဖွတ်"

သစ်ကိုင်း၊ သစ်ခက်၊ ဝါးနွယ်ကြားက ဖွတ်ကြီးကို ကိုလှသိန်းက ပြလိုက်၏။

"အိုး.....ဟာ၊ ကိုမြင့်ရေ....လာဦးဗျို့"

ကိုကျော်ကျော်က ကိုမြင့်ကြည်ကို လှမ်းခေါ်သည်။ ကိုမြင့်ကြည်နှင့် ကိုမြင့်သောင်းတို့ လျှိုထဲဆင်းလိုက်သွား၏။ လျှိုထဲ၌ ကိုကျော်ကျော်တို့အဖွဲ့ ဆူဆူညံညံ စကားပြောသံများနှင့်အတူ ဖွတ်

www.burmeseclassic.com

သေကိုသယ်ရန် မျှောခုတ်သူခုတ်၊ နွယ် ရှာသူရှာဖြင့် အလုပ်ရှုပ်နေခိုက် ကျွန်တော်က ဟင်းစားရပြီဖြစ်၍ ပျဉ်းမပင်ကြီး၏အခြေ၌ ထိုင်ရင်း သေနတ်ကို မြေမှာဒင်ထောက်ပြီး ညာပခုံးတွင် ပြောင်းကိုမှေးတင်ကာ ညာလက်မှ ပြောင်းကာအား ဖေးထားလျက် ကျွန်တော်ကြုံခဲ့ရသည့်ဖွတ်အကြောင်းကို စဉ်းစားနေမိသည်။

ဖွတ်သတ္တဝါမှာ ဖွတ်ကျား၊ ရှုံးဖွတ်၊ ဖွတ်ညှင်းခံ၊ ဖွတ်ကျည်၊ ခတ်ချိုဖွတ် ဟူ၍ ရှိသည့်အနက် ကျွန်တော်ရသည့် ဖွတ်ကြီးမှာ ဖွတ်ညှင်းခံအမျိုးအစား ဖွတ်ထီး ကြီးဖြစ်၏။ ဝမ်းဗိုက်က တစ်တောင်ခန့်နှင့် ခေါင်းမှအမြီးထိ (၁၀)ပေနီးပါးရှိပြီး ကိုယ်အရေ ပြားပေါ်တွင် အဖြူအဝါ "ဝ" လုံးကွင်းများကြောင့်လုပ၏။ ဤဖွတ်မျိုးမှာ အမဲလိုက်ခွေး နှစ်ကောင်၊ သုံးကောင်ကိုပင် မမှုပေ။ ကျောက်တုံး၊ ကျောက်ဆိုင်၊ ကျောက်ကလိုဏ်များထဲတွင် အိမ်ဖွဲ့၍ နေတတ်သည်။

ထို့ကြောင့်ပင် ဖိုးသူတော် ဦးမင်းက–

**တောင်အလုံး**
**စားကုံးလို့ ကုန်ခဲ့ပြီ။**
**တစ်ခုသာကြွင်းတော့**
**ဖွတ်မင်းပျော်ခံတဲ့**
**မြေနက်သန်သည် တောင်ပို့သီက**
**မှိုင်းညို့ညို့ရည်။**
**ရှန်တည်တည် မဆီဘူးဘယ်သို့။**



**လိုက်စမုတ်ကယ်နှင့်**
**ကတုတ်မြေခံလို့ရှယ်**
**ဖွတ်ခံတဲ့မြို့။**

ဟု စာဆိုခဲ့၏။

လျှိုသီမှ အသံများကြောင့် အတွေးစများ ခဏပြတ်သွားပြီးနောက် ဆက်တွေးမိပြန်သည်။ မိုးရာသီစသည်နှင့် နွေတစ်လျှောက် နန်းထိုင်နေကြသော ဖွတ်များ သ... ပင်ပေါ်မှ ဆင်းသည့်ဖွတ်ကဆင်... တောင်ပို့နှင့် သစ်ခေါင်းမှ ထွက်... သည့်ဖွတ်က ထွက်တော့သည်... ဤအချိန် ဖွတ်မုဆိုးမျ... ဖွတ်လိုက်၍ အကောင်းဆုံးဖြ... သည်။ ဖွတ်လိုက်ရန် အမဲလိုက်... ခွေးလို၏။ ဖွတ်... အပြေး၊ ခွေး... အလိုက်တွင် ဖွတ်... ကင်းမြီးကော... 'သဖွယ် အမြီးထော... ပြေးသည်။ တော်ရုံ... လိုက်မမီ အော... မြန်သည်။ ကျင်း... အဝင် အမြီးကို လ... မိခဲ့လျှင် လက်သည်... ကုတ်အား ကောင်... သဖြင့် ဖွတ်၏အ... အား ကိုင်ထားရ... ရှတ်တရက် ရွေ... ဆောင့်တွန်းနို... ခြေလက်မမြဲမီ အ... ကိုလှန်မ,ကာ ဆွဲယူမှရ၏။ ဖွတ်... ကိုက်တတ်ခြင်းကြောင့် ရှည်လျာ... သောဖွတ်မြီးနှင့် ဖွတ်ကိုတုပ်... တဲသို့အပြန် ကျောပိုးထမ်း... သည့်တွင် ဖွတ်မကိုက်စေ... ပက်လက်လှန်ထားရသည်။

ဝါဆို၊ ဝါခေါင်လ၌ ... သည့် ဖွတ်မများမှာ အချို့ဖွတ်...



www.burmeseclassic.com

www.burmeseclassic.com

မှာ အတွဲလိုက်၊ အတန်းလိုက်ဖြင့် ဖွတ်ဥ (၂၄)လုံးအထိ ရခဲ့ဖူးသည်။ ဖွတ်ဥ၊ လိပ်သည်း၊ ကျွဲနို့ခဲဟု ဆိုနိုင်ရာ အီဆိမ့်ကာ စားကောင်းသဖြင့် ရှေးလူကြီးများ အမှတ်သညာပြုခဲ့ဟန်တူ၏။ အမှန်လည်း ဖွတ်ဥမှာ စား၍အလွန်ကောင်းသည်။ တစ်ခါက ကျွန်တော် ဖွတ်နေသည်တွင် ဖွတ်ဥများနှင့်ဆားရော ထွေးထားမိ၏။ ဖွတ်ဥများ အငန် ဓာတ်ဝင်ပြီး စားမရဖြစ်ရသည်ကို ကြုံခဲ့ဖူးသည်။ ဖွတ်သားက ရွှေဖရုံသီး နှယ်ချက်လေ၊ အစေးပေါက်လေဖြင့် အသားထဲမှာ ရှားရှားပါးပါး စားကောင်းသည့် အသားဟု ဆိုရမည်။

"မြင့်သောင်း"

"ဗျာ.....ကိုလှသိန်း"

"လည်ပင်းတစ်ချက်၊ ရှေ့ဘက်နဲ့ အောက်ခြေနားက တစ်ချက်စီ နွှယ်နဲ့သေသေချာချာတုပ်ထား၊ အကောင်ကြီးတော့ လမ်းမှာ တစ်ခုခုဖြစ်ရင် ခက်နေမယ်"

"ဟုတ်ကဲ့ ကိုလှသိန်း"

ကိုလှသိန်းအပြောကို ကိုမြင့်သောင်း ပြန်ဖြေခိုက်.....

"အမြီးကို ခေါင်းဘက်လှည့်ချပြီး နွှယ်နဲ့ပြန်ထိန်းထားဟေ့"

ကိုကြီးမြင့်က ထပ်သတိပေးလိုက်သည်။

"စိတ်ချပါဗျာ"

**မိုးဦးကျသည် နှင့် ဖွတ်မုဆိုး နိုင်ဝင်းက တောလိုက်ခွေးတစ်ကောင်ဖြင့် အလုပ် ရှုပ်တော့သည်။ မြေကိုဆင်းပြီးဖြစ် သည့် ဖွတ်ကို ခွေးနှင့်လိုက်သည် တွင် မကြာခဏ ဖွတ်များရသည်။ ဖွတ်အား ခါးမှကြိုးချည်၍ မြရာပင် ပေါ်၌**

လှိုင်ထဲမှ မုဆိုးအဖွဲ့ စကားပြောသံများ ကြားရသော်လည်း ကျွန်တော့်အတွေးများ ဆက်နေသည်။ ပျဉ်ပုံကြီးဘက်ကို အမဲသွားပစ်နေခိုက် အင်းဂဠုံစခန်းမှာ ဖွတ်မုဆိုး နိုင်ဝင်းနှင့် ကြုံခဲ့ဖူးသည်။ မိုးမကျခင် ကျွန်တော်နှင့် တောလည်ရာသို့လိုက်၏။ မိုးဦးကျသည်နှင့် ဖွတ်မုဆိုး နိုင်ဝင်းက တောလိုက်ခွေးတစ်ကောင်ဖြင့် အလုပ်ရှုပ်တော့သည်။ မြေကိုဆင်းပြီးဖြစ်သည့်ဖွတ်ကို ခွေးနှင့်လိုက်သည်တွင် မကြာခဏ ဖွတ်များရသည်။ ဖွတ်အား ခါးမှကြိုးချည်၍ မြရာပင်ပေါ်၌ တစ်ကောင်ပြီးတစ်ကောင် တင်ထား၏။ ဖွတ်များက အပင်ကိုင်းပေါ်မှာ ဖက်တွယ်ကာ စင်းစင်းကြီးနေကြသည်။

တစ်နေ့တွင် ဖွတ်လိုက်ရင်း ဖွတ်က သစ်ပင်ကြီးပေါ်ပြေးအတက် မုဆိုးခွေးက သစ်ပင်ခြေရင်းက ဆောင့်ကြောင့်ထိုင်လျက် အပေါ်မော့၍ ဖွတ်ကိုကြည့်ပြီး ဟောင်ခိုက် မုဆိုးနိုင်ဝင်းက လက်တစ်ဖက်သာသာသစ်ပင်ကို ခြေနှင့်လက်အားပြုလျက် ဖက်တက်တော့သည်။ နိုင်ဝင်းက အတွေ့အကြုံများသည့် မုဆိုးမို့ ဖွတ်နှင့် ထက်ကြပ်မကွာ လိုက်ရာ အတောင် (၂၀)ခန့်အမြင့်ရှိ သစ်ခေါင်းထဲသို့ ဖွတ်ဝင်ခိုက် ဖွတ်မြီးကို ဆွဲထားသည်တွင် သစ်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းထဲက ငန်းမြွေထွက် ကိုက်မည့် လုပ်သည်။

ဖွတ်မုဆိုးနိုင်ဝင်းမှာ ကြောက်ကြောက်လန့်လန့်နှင့် ဖွတ်မြီးကို လွှတ်ကာ သစ်ပင်ထက်မှ လျှောဆင်းရာ သစ်မန်ကျည်းခေါက်မှာ အပွေးရှိခြင်းကြောင့် ဖွတ်မုဆိုးနိုင်ဝင်းရင်ဘတ်တစ်ခုလုံး စုတ်ပြဲပြတ်သတ်လျက် သွေး ချင်းချင်းရဲသွားသော အဖြစ်ကို သတိရပြီး ကျွန်တော်ရယ်မိသည်။





ရှေ့က လမ်းထွင် သူထွင်၊ ဖွတ်ကြီးကို ထမ်းသူကထမ်း၍ တောင်ပေါ်သို့ တက်လာကြသည့် ကိုကျော်ကျော်တို့အဖွဲ့ ကျွန်တော့် အနားသို့ ရောက် လာသည်ကို သတိမထားမိသဖြင့်.....

"ဟော့..... မောင်မောင်၊ ဘာတွေ့ သဘောကျနေတာလဲကွ"

ကိုကျော်ကျော်က လှမ်းမေးသည်။

"ဘာမှမဟုတ် ပါဘူးဗျာ"

ကျွန်တော်က ရယ်ကြဲကြဲဖြင့် ပြန်ဖြေသည်။

"မောင်မောင် ရေ....."

"ဗျာ.....ကိုကျော်"

"ကိုယ်စကားမှားသွားတယ်ကွာ၊ ဆောရီး သူငယ် ချင်း"

ကိုကျော်ကပြောသည်။

"ဘာမှားလို့လဲဗျ"

"မင်းပစ်တာ ဖွတ်မှ မဟုတ်ဘဲကွ"

"ဖွတ်မဟုတ်ရင် ဘာ လဲကို ကျော်ရဲ ခင်ဗျားက လည်းဗျာ

ကိုမြင့် ကြည့်ကမေး သည်

"မိ ကျောင်းကို မြင့်

ဖွတ် မိကျောင်းကြီးကွ"

"ဟား.. ဟား...ဟား"

ကျွန်တော်တို့ မုဆိုးအ

ဟင်းစားရသဖြင့် ဝမ်းသ

အားရဖြင့် ဖွတ်ကြီးကို ထမ်း

ပြန်လာချိန် ထ

ဖက်တောင်ကြေ

ပေါ်ရှိ ချုံနွ

တောပေါ

မျောက်စပ်မ

ဆူဆူညံညံအေ

ဟစ်ခုန်ပေါ

ပြေးလွှားသော

ကစား လျက်

သည်။ မိုးဖေ

ကင်း၍ မျ

မချုပ်ခင် အနောက်ဘက် မိုးသ

ကောင်းကင်ဝယ် ဝင်လုဆဲ

ရောင်မှာ တိမ်ရောင်စုံတော

နေသည့်မြင်ကွင်းက လှပသေ

သဘာဝပန်းချီကားတစ်ချပ်

ချေတော့သည်။



မောင်မောင်

(ညောင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ချစ်ခြင်း၊ မုန်းခြင်း သံသရာ တစ်ကွေ့ဝယ်

ခင်ဦး (ပုတီးကုန်း)

ညိုနွဲ့တို့မိသားစုအတွင်း သတင်းကမွှေးနေသည်။ ကာယ ဗလဖွံ့ဖြိုး၍ ရုပ်ရည်တင့်တယ်လှသော 'ငမျိုး'ခေါ် 'လှမျိုးနှင့် ညိုနွဲ့တို့ လာမည့်တပို့တွဲတွင် အောင်ဇေယျတု သဗ္ဗမင်္ဂလာ သတင်းကြောင့် တစ်ရွာလုံး ပျော်နေကြသည်။

"လယ်ရှင်သူဌေးရဲ့ သမီး ညိုနွဲ့ကိုရဖို့ ငမျိုးက သုံးနှစ်သုံးမိုးကြိုး စားနေခဲ့ရတာလေ၊ ငမျိုးကအလုပ်ကြိုးစားတယ်၊ သွက်လက်ဖျတ်လတ်တယ်၊ အသောက်အစားကင်းတော့ ဦးဖြူသီးက သူ့သမီးနဲ့ ကြည် ဖြူလိုက်တာလေ"



အတင်းစုံ၊ သတင်းစုံ ရပ်ကွက်မှ နာမည်ရ ဒေါ်သူဇာက မိန်းမ တစ်သိုက်ကို ဖောက်သည်ချရင်း စပါးလှေ့နေကြသည်။

"ရှစ်ခွင်ကိုမြူဆင်းလို့၊ ငွေနှင်းတဲ့ နုစို၊ ဂမုန်းသဇင်တို့၊ စုံခွင်မှာ လေချိုညင်းက၊ သုတ်သွင်းဘယ်ညာနှံ့၊ သင်းပျံ့ပျံ့ချို"

တလင်းနယ်ရင်း သီချင်းအော်ဆိုနေသော ဖိုးတာကို ဒေါ်သူဇာ လှမ်း၍ဆူလိုက်သည်။

"အရေးကောင်း ဒိန်းဒေါ် ဖျက်ဆိုတာမျိုးပေါ့၊ သူများတွေ သတင်းကောင်းပြောနေချိန် သ က လူပျိုသိုးကြီးလုပ်ပြီး အာကြီး နေတာလောက်ပဲ သိတဲ့ကောင်"

"အမယ်လေး ကြီးတော် ရယ် သူများတွေလိုမစွံလို့ ခုလိုဆောင်းမှာ တွေးမယ့်ချွေ မယ့်သူ ရှိလေ မလားလို့ သီချင်းသံပေးမိတာပါ ဗျာ"

"နင့်လို မင်းကုသ အတွက် မယ်ပပဆိုတာ ရာ ဝင်ထဲမှာပဲတွေ့ နိုင်မယ် ဒီလက်ပံကုန်းရွာမှာတော့ လုံး မရှိဘဲဟော့"

"အယ်.....ဟဲ့နွား...ပေက ကပ်နဲ့၊ ဟဲ့နွား..... ငါ့ဖေ .....စိတ်ပျက်လာပြီ"

"ဖြန်း.....ဖြန်း"

ဖိုးတာမှာ ဒေါ်သူဇာ



www.burmeseclassic.com

www.burmeseclassic.com



မမဲရဲ၍ နွားကိုသာမဲ၍ မောင်းလေတော့သည်။

တပို့တွဲလသို့ရောက်သည်နှင့် စပါးများ ရောင်းသင့်သည်ကိုရောင်း၍ မင်္ဂလာစရိတ်လုပ်ကာ မင်္ဂလာပွဲကို ဆင်နွှဲခဲ့ကြလေသည်။



"တူနှစ်ဖြာ.....ဂဟေဆက်လို့ သွေမပျက်တဲ့.....မေတ္တာ....."

စပီကာကြီးမှ သီချင်းသံသည် တစ်ရွာလုံးဆူညံကာ အသစ်အသစ်သော အဝတ်အစားများနှင့် အပြုံးကိုယ်စီ ဆင်မြန်းကာ မင်္ဂလာခန်းမသို့ သွားခဲ့ကြလေသည်။

ယင်းနောက် သုံးလေးရက်အကြာ မင်္ဂလာမောင်နှံတို့မှာ ရွာဦးစေတီဆီသို့ အတူလက်တွဲကာ ထွက်လာခဲ့ပေသည်။

"ကဲ...စေတီလေးကို ရောက်ခါနီးပြီ"

"ဟုတ်တယ်နော်၊ ပတ်ဝန်းကျင်က လှလိုက်တာ၊ စေတီလေးနဲ့ ပန်းရလိုက်တာ အစ်ကိုရယ်"

တပို့တွဲသည် ဟေမန္တ၏ နောက်ဆုံးဆောင်းနှောင်းကာလဖြစ်၍ နှင်းကြွင်းနှင်းကျန်လေးများက တောရိပ်တစ်ခို တွဲခိုနေကြသည်။ ပါးလွှာသော မြူဝတ်မှုန်လေးများလည်း နှင်းကြွင်းနှင်းကျန်များပေါ်သို့ ဖြည်းညင်းသာယာစွာ ကျရောက်နေကြသည်။

'နှင်းယွန်းတော့မည် ဖျော့ဖျော့လေး၊ မြူဝတ်မှေးလည်း နှေးနှေးသက်ဆင်း'ဟူသကဲ့သို့ ဝန်းကျင်တစ်ခွင် မြူနှင့်နှင်းများ ဖြည်းဖြည်းချင်း ကျဆင်းနေသည်။ ပေါက်လဲပန်းများကား လယ်ကန်သင်းတစ်လျှောက် ကွေ့ကာကောက်ကာ တဝါဝါနှင့် ဖူးပွင့်နေသည်။ ရွာ၏နောက်ဘက်မှ ပေါက်ပင်တို့ကလည်း ဖူးပွင့်နေပြန်သည်။ သရက်ရွက်နုလေးများကား တစ်ပင်လုံး ထိပ်ဖျား၌ ရဲရဲနီအောင် နုနေပြန်သည်။

"ပေါက်လဲပွင့်နှံ့၊ သရက်ထုံ၍၊ အစုံရောဖက်၊ နီသစ်ရွက်တို့ နီလျှက်နီကာ မြန်းလေပြီ"

ရွာခြံစည်းရိုးရှိ ကသစ်ပင်တို့ကလည်း တဖျတ်ဖျတ်လှုပ်ရှားကာ လေအဝှေ့ဝယ် လူးလွန့်နေကြသည်။

"ညီနွဲ့၊ ဘာတွေငေးနေတာလဲ"

"တပို့တွဲအလှကိုငေးပြီး ကြည်နူးမိတာပါ အစ်ကို၊ အထူးသဖြင့် ဒီလိုလှတဲ့ရာသီမှာ ချစ်သူနဲ့ ဘုရားအတူဖူးရတဲ့ ပါရမီဟာ ထူးကဲလှတယ် အစ်ကို"

"ဟုတ်တယ်၊ အစ်ကို့လို လူဆင်းရဲ၊ တစ်ကောင်ကြွက်၊ မျက်နှာဘဝက အခုလို သူဌေးသမီးအချော်အလှကို ရလာလို့ ကြည်နူးမဆုံးပါဘူးဗျာ"

"အစ်ကို"

"ဟင်"

"ညီမကို တကယ်ချစ်ခဲ့သလား"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ပါတယ် ညိုနွဲ့ရယ်"

"ညိုနွဲ့ကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားမှာလားဟင်"

"အိုဗျာ....ခဲရာခဲဆစ် ယူလာရတဲ့ ချစ်သူလေးကို ထာဝရပျော်ရွှင်စေရမှာပါ"

"ဒါဆို ဘုရားမှာ သစ္စာဆိုကြရမယ်နော်"

"ဆိုပါ့မယ်ဗျာ၊ နောက်ပြီး အရေးကြီးတဲ့ဆုလည်း ပန်ခွဲခိုင်းရဦးမယ်"

"ဘာဆုလဲဟင်"

"သားဆုပေါ့ဗျ၊ အခုလို ရင့်ကျက်တည်ငြိမ်လှပတဲ့ ယောကျ်ားကောင်း မျိုးရိုးဖြောင့်သူမျိုး သားလေးရပါစေလို့"

"အို....အစ်ကိုကလည်း စောပါသေးတယ်"

"မစောတော့ပါဘူးကွာ၊ မြန်မြန်ယူချင်လှပါပြီ"

♛♛♛♛♛

သားဆုပန်၍ သစ္စာတွေခွဲအပြီး မကြာမီ ညိုနွဲ့မှာ ကိုယ်ဝန်ရှိလာတော့သည်။

"အစ်ကိုရယ်"

"ဘာလဲ ညိုနွဲ့ရဲ့၊ စားလေ၊ မင်းကြိုက်တဲ့ဟင်းတွေ ချက်ထားတာ၊ အခုအချိန် အားရှိမှ ကလေးကျန်းမာမှာ၊ လှလှပပ၊ ဝဝကစ်ကစ်လေးမွေးအောင် စားစမ်းပါကွာ"

"ဩော်....အစ်ကို့မှာအလုပ်ကတစ်ဖက်၊ ညိုနွဲ့ကို ပြုစုရတာကတစ်ဖက်နဲ့ မောနေရှာမှာပဲနော်"

"မမောပါဘူးကွာ၊ ပျော်တောင်နေသေး"

သားမယားကိုပြုစုရ၊ ဂယ်လုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်းပါ အဆင်ပြေသလို ရှန်းကန်ရှာဖွေနေရ၍ မျိုးမှာ အချိန်နှင့်အမျှ အားရသည်မရှိလှ။ သို့သော် ကလေးကိုယ်ဝန်ရှိကတည်းက အလုပ်အကိုင် အဆင်ပြေလာကာ ပို၍စုမိဆောင်းမိလာသည်။ ကိုယ်ပိုင်ခြံနှင့်အိမ်နှင့်ဝယ်နိုင်သည့်အပြင် အိမ်ဆိုင်ကြီးပါ ဖွင့်လာနိုင်သည်။ အကူကောင်မလေး နှစ်ဦးပင်ထား၍ ရောင်းချရသည်။ မကြာမီပင် သားဦးလေးရလာကာ ချစ်လွန်းအားကြီး၍ အမျှားပင် အမြင်ကတ်စရာဖြစ်လာသည်။

"သားသမီးမချစ်တဲ့ဖအေရှိလို့လားဗျာ"

"ချစ်တော့ချစ်တာပေါ့၊ မင်းက ပိုလွန်းတယ်"

"ဟဲ.....ဟဲ"

မိဘများ အထူးပင် ကျေနပ်ဝမ်းသာကြသည်။ သူတို့ဇနီးမောင်နှံကို တစ်ရွာလုံးက စံထားကြသည်။ လေးစားဂုဏ်ယူကြသည်။ သို့သော် သူတို့ဇနီးမောင်နှံအား မကြည်ဖြူ မနှစ်မြို့၍ ဆင်ကြံနေသူမှာ သိန်းဇင်ဆိုသော ရွာမှ လူငယ်တစ်ဦးဖြစ်လေသည်။

ရည်းစားလူလု၊ အူနကျွဲ ဆိုသည့်စကားအတိုင်း မျိုးရွာ ရောက်မလာခင် ညိုနွဲ့မှာ သိန်းဇင်ကို စိတ်ဝင်စားခဲ့သူဖြစ်သည်။

ကလေးကိုယ်ဝန်ရှိကတည်းက
အလုပ်အကိုင် အဆင်ပြေလာကာ
ပို၍စုမိဆောင်းမိလာသည်။
ကိုယ်ပိုင်ခြံနှင့်အိမ်နှင့်ဝယ်နိုင်သည့် အပြင်
အိမ်ဆိုင်ကြီးပါ ဖွင့်လာနိုင် သည်။
အကူကောင်မလေး နှစ်ဦး ပင်ထား၍ ရောင်းချရသည်။
မကြာမီပင်......



www.burmeseclassic.com

www.burmeseclassic.com



သော် ငမျိုးရောက်လာပြီး ငမျိုး စိတ်ဓာတ်နှင့် သိန်းဖင်စိတ်ဓာတ်မှာ ကွာခြားသကဲ့သို့ ရုပ်ရည်မှာလည်း ငမျိုးကသာသည်။ ထို့ကြောင့် သိန်းဖင်အပေါ် ယိမ်းယိုင်ချင်သောစိတ်သည် ငမျိုးဘက်သို့ ယိမ်းယိုင်လာပြီး ထာဝရလက်တွဲရန် သင့်လျော်သူအဖြစ် ညိုနွဲ့က သတ်မှတ်ခဲ့လေသည်။

ယခင်ကပင် မိမိထက်ပစ္စည်း ဥစ္စာ နိမ့်ကျသော်လည်း စိတ်ရင်းကောင်း၍ ရုပ်ရည်သန့်ပြန့်သော ငမျိုးမှာ မိမိထက်သာနေရာ မိန်းမရပြီး စီးပွားရေးပါ အစစတိုးတက်လာ၍ ငမျိုးမှာ ရှေ့တန်းရောက်နေသည်ကို မနာလိုဝန်တိုဖြစ်နေ၏။

"ဒီကောင် ငါချစ်ရတဲ့ မိန်းကလေးကိုလည်း အရယူနိုင်တယ်၊ ရွာမှာလည်း ပေါ်ပေါ်လွင်လွင်ဖြစ်နေတာ ငါကြည့်မရဘူး၊ ဒီကောင့်ကို ပညာရှိနည်းနဲ့ အမှည့်ခြွေခြွေရမယ်"

မိမိထက်သာလျှင် မနာလိုတတ်သော လူ့အကျင့်အတိုင်း စရိုက်မကောင်းသော သိန်းဖင်မှာ ငမျိုးနှင့်ညိုနွဲ့တို့ ပျက်စီးရာ ပျက်စီးကြောင်းကို ကြံစည်နေတော့သည်။ ဘုရားသခင်သော်မှ အဖျက်အဆီးများရှိခဲ့ရာ ပုထုဇဉ်လူသားတစ်ဦးအတွက် အဖျက်အဆီး၊ မနာလိုဝန်တိုမှုတို့ တည်ရှိနေမည်မှာ ဓမ္မတာပင်ဖြစ်သည်။ သိန်းဖင်မှာ မနာလိုဖြစ်ခြင်းအပြင် အချစ်အတွက် လက်စားချေလိုသောစိတ်က အစဉ်ကိန်းအောင်းနေသည်။

♛♛♛♛♛



တစ်နေ့သောအချိန် မြို့၌ မျိုးစပါးဝယ်ရင်း ငမျိုးနှင့်သိန်းဖင်တို့ လက်ဖက်ရည်ဆိုင်၌ ဆုံတွေ့မိကြသည်။

"ဟော.....ငမျိုးပါလား၊ မျိုးစပါးရပြီလား"

"ဩော်.....ကိုသိန်းဖင်ရော ဘာလာလုပ်သလဲဗျ"

"ကျွန်တော်က မတ်ပဲလာပို့တာပါ၊ ကျွန်တော့်ကုန်သည်က ဈေးကောင်းပေးတော့ ရွာကလူတွေ ကျွန်တော့်ဆီမှာပဲ ရောင်းကြတယ်၊ ခင်ဗျားတို့ ဈေးကောင်းရချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ပြောလေဗျာ''

''ဟာ.....ဟုတ်လား၊ ကျွန်တော့်ယောက္ခမကတောင် မရောင်းဘဲ လှောင်ထားတာ၊ ဈေးကောင်းရရင် ရောင်းမှာပါ''

ထိုသို့သိန်းဇင်က ငမျိုးနှင့် စပ်မိစပ်ရာစကားပြောရင်း လက်ဖက်ရည်ဖိုး ရှင်းသွားသည်။ ငမျိုးက လက်မခံသော်လည်း အတင်းပင် ရက်ရက်ရောရော ရှင်းသွားသည်။ မကြာမီ မိမိယောက္ခမ၏ မတ်ပဲကို ရောင်းရာ ဈေးကောင်းရ၍ ငမျိုးမှာ သိန်းဇင်ကို ကျေးဇူးတင်နေရှာသည်။ တစ်နေ့တွင် ရွာလယ်ရှိ လူကြီးတစ်ဦးအိမ်၌ သိန်းဇင်နှင့်တွေ့ဆုံရာ ငမျိုးက မြေသြဇာတစ်အိတ် မှာလိုက်သည်။ သိန်းဇင်က ငွေစိုက်ဝယ်လာပြီး အိမ်တိုင်ရာရောက် လာပို့သည်။

''ငမျိုးရေ ဈေးတောင်ကျနေတာ၊ မင်း နှစ်အိတ်လောက်မှာရင် ကောင်းမှာ''

''ဟာ.....ဟုတ်လား ကိုသိန်းဇင်ရာ၊ ကျွန်တော်ကလည်း ငွေပိုမပေးလိုက်ရဘူး၊ ဈေးကျမှန်းသိရင် မှာပါတယ်ဗျာ''

''ဝယ်တော့ဝယ်မလို့ပဲဗျ၊ တော်ကြာ ခင်ဗျားမှာပိုနေရင် အခက်ပဲဆိုပြီး မဝယ်ခဲ့တာ''

''ကျေးဇူးပဲဗျာ၊ အိမ်ပေါ်တက်နားပါဦး၊ ရေနွေးသောက်ရအောင်

ထိုသို့သိန်းဇင်က ငမျိုးနှင့်စပ်မိစပ်ရာ စကားပြောရင်း လက်ဖက်ရည်ဖိုး ရှင်းသွားသည်။ ငမျိုးက လက်မခံသော်လည်း အတင်းပင် ရက်ရက်ရောရော ရှင်းသွားသည်။ မကြာမီ မိမိယောက္ခမ၏ မတ်ပဲကို ရောင်းရာ....

ဗျာ''

ငမျိုးမှာ သိန်းဇင်ကို ကျေးဇူးရှင်ကြီးအဖြစ် ထင်မှတ်ကာ ဧည့်ခံပြုစုရှာသည်။ သိန်းဇင်မှာ ငမျိုးနှင့် ရင်းနှီးနိုင်သမျှ ရင်းနှီးမှုရစေရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

''ညီမရေ.....ရေနွေးကြမ်းနဲ့ အမြည်းပါယူခဲ့ဟေ့''

အိမ်ထဲသို့လှမ်းမှာရာ ငါးခြောက်ဖုတ်ဆီဆမ်း၍ ရေနွေးကြမ်း လာပို့သော ညိုနွဲ့မှာ ဧည့်သည်ကို မြင်လိုက်ရရာ အထိတ်တလန့်ဖြ သွားရှာသည်။

''ညီမ လာလေ၊ ဘာဖြစ် တာလဲ၊ ကိုသိန်းဇင်ကို မသိတာ နေတာပဲ''

''ဩော်....ဟို...ဟို မဟုတ် ဘူး၊ သောက်ပါ''

ညိုနွဲ့မှာ လက်ဖက်ရည်ကြ ဗန်းကို ကပျာကယာချ၍ အိမ် သို့ အမြန်ဝင်ပြေးလေသည်။ ဧည့် သည်ပြန်သွားပြီးမှ ညိုနွဲ့မှာ မိမိ လင်ကို အပြစ်တင်ပါတော့သည်

''ရှင်ဟာလေ အိမ်ပေါ်ခေ တင်သင့်တဲ့လူမှ ခေါ်တင်၊ တံခါ ထားသင့်တဲ့သူ တံခါးဝထားပေ ဒီလိုလူကို ဘာလို့အပေါ်ခေါ်လာ တာလဲ''

ညိုနွဲ့မှာ မဲ့ကာရွဲ့ကာဖြ မကျေနပ်ကြောင်း ချစ်လင်အ ပြောပြလေသည်။

''မိန်းမရာ အစ်ကို့ကို ကူ နေတဲ့ လူကောင်းပါကွာ၊ မင်း တစ်ရွာတည်းသားချင်းကို၊ သူ လည်လည်ပတ်ပတ်ရှိတာပဲရှိတ လူကောင်းပါကွ၊ သူလည်းလို့ အဝယ်တော်ဖြစ်နေတာ၊ မကောင်းတာရှိလို့လဲ''

''အို.....မကောင်းဘူးမ ပါဘူး၊ နောက် အပြင်မှာပဲ ချင်ပေါင်း၊ ပေါင်းတဲ့နေ့ သတိထားနော်၊ လူ ကို အ

www.burmeseclassic.com

www.burmeseclassic.com



ယုံနဲ့ သိလား၊ ဘယ်လူမှ ချိုမရှိဘူး”

“စိတ်ချပါ ညီမရာ၊ ငမျိုးကို အထင်နေလို့လား”

“တော်ပါ”

♛♛♛♛♛

ရက်မှလ၊ လမှနှစ်သို့ ကူးပြောင်းလာပြီဖြစ်သည်။ သားလေးသည်း အခါလည် ကျော်လာပြီဖြစ်၍ ဖေဖေ၊ မေမေဟူသော စကားလေးများပင် မပီကလာ ပြောတတ်လာချေပြီ။

“သားလေး ဖေဖေကြီးကိုချစ်ရင် ခေါင်းညိတ်ပြ စမ်း”

ကလေးမှာ ခေါင်းကိုတဆတ်ဆတ်ညိတ်ပြရာ ငမျိုးမှာ သားလေး၏ပါးလေးကို တရွှတ်ရွှတ်နမ်းရှာသည်။

“သားက အရမ်းတတ်လာပြီ၊ ချစ်ဖို့လည်းအရမ်းကောင်းတာပဲ၊ အစ်ကို ဆုတောင်းပြည့်ခဲ့ပြီလေ”

“ဝဝကစ်ကစ်၊ ဖြူဖြူချောချောလေးမို့ ကလေးပြိုင်ပွဲမှာ ပထမရတာပေါ့”

“မင်းသားက ကျန်းမာရေးလည်းကောင်းတာ၊ စားတာလည်း အရမ်းပဲ၊ မင်းရောအစ်ကိုပါ ဂရုစိုက် ပြုစုတော့ အကောင်ကြီးလာတယ်၊ ဉာဏ်လည်းအရမ်းကောင်းမယ့်ပုံပဲကွ”

“အစ်ကို သားကိုခင်သလို မကိုလည်း ခင်ရမယ်နော်၊ မြို့ကို သိန်းဇင်နဲ့ ခဏခဏသွားနေတာ ညီနွဲ့က စိတ်မချဘူးရှင့်၊ မြို့သူချောချောတွေနဲ့တွေ့ရင် ညီနွဲ့တို့ သားအမိ ဒုက္ခရောက်မှာ”

“အောင်မယ်လေးဗျာ သားကို ဒီလောက်ချစ်မှတော့ အမိလည်း ချစ်တာပေါ့ဗျာ၊ စီးပွားရေးပဲ အာရုံစိုက်နေရတာ၊ အခြားအာရုံမရှိဘူးခင်ဗျ၊ ယုံပါဗျာ”

ထိုသို့ ကတိတည်ခဲ့သော်လည်း သိန်းဇင်၏ ဆွဲဆောင်မှုကြောင့် အရက်သေစာလေးများ သောက်တတ်လာသည်။

“မသောက်မစား လူ့ငနွားတဲ့ဗျ၊ ယောကျ်ားမှန်ရင် မလုပ်ဘူးတာမရှိအောင် နည်းနည်းပါးပါး တော့ လုပ်ဗျာ”

သို့ဖြင့် ငမျိုး မှာ မြို့ပြန်တိုင်း အရက်ဆိုင်ထိုင် တတ်လာသည်။ သိန်းဇင်က အကင်းပါးသည်။ ငမျိုးအလိုကို ဖြည့်သည်။ မကြာမီ အရက်တွဲ သောက်လာကြသည်။

“ဟား…ဟား.. ဟား၊ ငမျိုး.. ငမျိုး၊ ငါ့ရဲ့ပိုက်ကွန်ထဲ တော့ တဖြည်းဖြည်းတိုးဝင်လာပြီ”

အားရကျေနပ်နေသူမှာ သိန်းဇင်ပင်ဖြစ်သည်။ အိမ်သို့လည်း အဝင်အထွက်များလာသည်။

♛♛♛♛♛

“ဒီမှာ သိန်းဇင်”

“ဘာလဲဟ”

“ရှင်က ကျွန်မယောကျ်ားကို ဖျက်ဆီးနေတာလား”

တစ်နေ့နေ့လယ်တွင် ဆိုင်သို့ ဈေးလာဝယ်သော သိန်းဇင်ကို ညီနွဲ့က နာကြည်းစွာ ပြောမိသည်။

“နင့်ယောကျ်ားက ငါ့ကိုဖျက်

သိုင်းကွက်နှင်းကာ
အိမ်ဝင်းထဲသို့
ဝင်လာသော
ငမျိုးကို ညီနွဲ့မှာ
စိတ်မကောင်းစွာ
ကြည့်နေမိသည်။
မျက်ရည်ပေါက်ကြီးများ
အလိုလို
လိမ့်ဆင်းလာသည်။
နေ့စဉ်ရိုး သားစွာ
ကြိုးစားလုပ်ကိုင်ခဲ့သော
ငမျိုးသည် ညနေတိုင်း....



www.burmeseclassic.com

www.burmeseclassic.com



ဆီးတာ၊ သူက ငွေရှိတဲ့သူ၊ တိုက်တော့ သူက ငါ့ကို မူးအောင်တိုက်တာ၊ ငါက မတိုက်ရပါဘူးဟယ်၊ နင်က နင့်လင်ကို အရမ်းချစ်တာပဲလား"

"အေး.....ငါ့လင်ငါချစ်တာ နင်နဲ့ဆိုင်လို့လား"

"ဆိုင်တာပေါ့ဟာ၊ နင့်လင်ကို ချစ်လေ ငါ့ရင်တွေနာလေပဲ"

"တော်ပါ၊ သွားစမ်းပါ မြန်မြန်"

"သွားပါ့မယ် ငယ်ကျွမ်းဆွေရယ်"

သိန်းဇင်မှာ မူးမူးရူးရူးဖြင့် ပြောဆိုကာ ထွက်သွားသည်ကို ညိုနွဲ့မှာ ဘေးလူများရှိ၊ မရှိကြည့်ရင်း ဆတ်ဆတ်ခါနာနေမိသည်။ မိမိတို့ငယ်စဉ်က တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ထားခဲ့ပုံကို မျိုးသာ သိလျှင်ဟူသော စိုးရိမ်စိတ်ဖြင့် သိန်းဇင်ကို မုန်းတီးနေသည်။

သိန်းဇင်၏ မသမာသောစိတ်ကို ညိုနွဲ့ကသိသည်။ မိမိလင်ယောကျ်ားကို သိန်းဇင်နှင့် မပေါင်းစေချင်ပေ။ နောင်တစ်ချိန် ပဋိပက္ခဖြစ်လာနိုင်သည်ကို ညိုနွဲ့တွေး၍ စိုးရိမ်မိသည်။

"အေ့..... ညိုနွဲ့၊ အစ်ကို့ချစ်လေး၊ သားသား ..... အေ့.....ဖေ့ အချစ်လေး၊ ဘယ်သူမှ မရှိဘူးလားကွ"

သိုင်းကွက်နင်းကာ အိမ်ဝင်းထဲသို့ ဝင်လာသော မျိုးကို ညိုနွဲ့မှာ စိတ်မကောင်းစွာ ကြည့်နေမိသည်။ မျက်ရည်ပေါက်ကြီးများ အလိုလို လိမ့်ဆင်းလာသည်။ နေ့စဉ် ရိုးသားစွာ ကြိုးစားလုပ်ကိုင်ခဲ့သော မျိုးသည် ညနေတိုင်း အရက်ဆိုင်မှာ အချိန်ကုန်သည်။ ကြာသော် စီးပွားရေးထက် အရက်ကို ပိုစွဲလာသည်။ အပေါင်းအသင်းကိုပင် ပို၍ခင်မင်လာသည်။

"ညိုနွဲ့.....ညီမရေ"

မူး၍ဝင်လာသူ မျိုးလက် အမဲသားတွဲက တန်းလန်းပါလ သည်။

"ရော့..ချက်စမ်းကွာ၊ ကြေ လည်းကြော်ထား"



"ရှင်....."

ညိုနွဲ့မှာ ... လေး နေမကောင ၍ ဗျာများနေ မျိုးကေ့ ဟင်းချ ခိုင်းသည်။

"ဘြော်.... ကလေးနေမကော လို့ မချက်နိုင်ဘ ရှင့်"

"ဘာ... သောက်ကလေ ကလည်း အလ ရှုပ်ရတဲ့အထဲ ... တွေစားလို့ နေမကောင်းရပြန်ထ

ဘယ်သောအခါမျှပင် ကြ ကြမ်းတမ်းတမ်း မပြောဘူးသ သားလေးကို 'သောက်'ဟုတိုင် ညိုနွဲ့မှာ ရင်ကွဲပက်လက်ဖြစ်ရ ပုခက်အတွင်း ဝေဒနာကြောင့် နေသော သားလေးမှာ ည လည်း မအိပ်နိုင်ရှာ။ သနားလ မိခင် အပူသောကရော ဖခင်ဖြစ်သူက မညှာတာ



www.burmeseclassic.com

www.burmeseclassic.com

နေ၍ ညိုနွဲ့မှာ ငိုရပြန်သည်။

"ချက်စမ်းလို့ပြောနေတာ မကြားဘူးလား"

"မချက်နိုင် ဘူးလို့ပြော နေတာ ရှင်မကြားဘူးလား၊ ကလေးနေမကောင်း ပါဘူးဆို"

"မှန်းစမ်း... နေမကောင်းတဲ့ ကလေး"

ပုခက်ထဲမှ ကလေးလေးအား ငုံ့ကြည့်ပြီး ပုခက် ကို ခြေထောက်နှင့်ပြေးကန်ရာ ပုခက်တွင်းမှ ကလေးမှာ ပျံ့ဝဲပြီး ရှေ့မှအိမ်တိုင်နှင့် ပြေးဆောင့်လေတော့သည်။

"အမယ်လေး.....သားလေး သေပါပြီ"

ကလေးမှာ အော်ပင်မအော်နိုင်ရှာပါ။ ဆန့်ငင်ဆန့်ငင် တစ်ချက်နှစ်ချက်ဖြစ်ပြီး ငြိမ်ကျသွားတော့သည်။

"သား....သားလေး၊ အမယ်လေး...ကယ်ကြပါဦး၊ သားလေး သေပါပြီတော့"

ညိုနွဲ့မှာ ကလေးကိုပိုက်၍ အော်ပေါက်အော်ဟစ်နေလေရာ ဈေးရောင်းနေသော ကလေးမလေးများ၊ အိမ်မှလူများ ပြေးလာပြီး ကလေးကိုဝိုင်းကြည့်ရာ ကလေးမှာ အမှန်ပင် အသက်မရှိရှာတော့ပေ။

"ဟင်..ငမျိုး၊ ရှင်သိပ်ချစ်တဲ့ သား သေပြီ၊ ရှင်သတ်လို့သေပြီ၊ ကြည့်စမ်း"

ညိုနွဲ့မှာ ငမျိုးရှေ့သို့ ကလေးကိုပြရာ ငမျိုးမှာ ကြောင်တောင်တောင်နှင့် ကလေးကိုကြည့်သည်။ ဟိုစမ်းသည်စမ်းနှင့်လုပ်ပြီး ဟီးချ ငိုပါတော့သည်။

"အမယ်လေးဗျာ..ကျုပ်သားလေး တကယ်သေပြီဗျ"

သို့ဖြင့် ရပ်ကွက်လူကြီးများ၊ ရဲတပ်ဖွဲ့ဝင်များ ရောက်လာပြီး ငမျိုးအား ဖမ်းသွားလေတော့သည်။

"အလွန်ချစ်တဲ့ဖခင်က သား



အရင်းကို သတ်သတဲ့"

"ဒီသတင်းကို နားရှိလို့သာ ကြားရတယ်၊ ဒီလူက သူ့သားလေးကို အရမ်းချစ်ခဲ့တာဗျ"

"အဲဒါ အရက်က တရားခံပေါ့ဗျာ"

"ရှေးရာဇဝင်မှာ ဘုရင်ကြီးတစ်ပါးဟာ ပွဲတော်တည်ရာမှာ အမဲသားမပါလို့ သူ့သားငယ်လေးကို ပေါင်ဖြဲသတ်ပြီး ဟင်းလျာအဖြစ် အချက်ခိုင်းသတဲ့၊ ဒီလိုပဲ ငမျိုးလည်း အရက်ကြောင့် အမဲသားချက်ခိုင်းရာက သားငယ်ကို သတ်မိတဲ့အဖြစ်မျိုး ဖြစ်ရတာ အတူတူလိုပါပဲကွာ၊ အရက်ကြောင့်ပေါ့ကွာ"

ထိုသို့သော ဝေဖန်သံများနှင့် ငမျိုး ထောင်ဆယ်နှစ်ကျသွားအပြီး သိန်းဇင်မှာ ရွာသို့ပြန်ရောက်လာသည်။

"သိန်းဇင် မင်းရွာကထွက်သွားပြီး မကြာခင် ငမျိုးလည်း ဒီအဖြစ်ဆိုးတွေ ကြုံခဲ့ရတာပဲကွ"

သိန်းဇင်နှင့်ငမျိုးတို့တွဲဖက် စန်းမောင်က ပြောပြရာ သိန်းဇင်မှာ အလွန်ပင် စိတ်မချမ်းမြေ့နိုင်အောင် ခံစားနေရသည်။

နောက်တစ်ရက်တွင် ညိုနွဲ့တို့အိမ်သို့ တုံ့နှေးတုံ့နှေးဖြင့် ခေါင်းငိုက်စိုက်ချကာ ဝင်ခဲ့သည်။

"မြန်း....."

ဆီးကြိုလိုက်ပုံက ထိုဘာလန့်



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ပင်။ ညိုနွဲ့ကား သိန်းဇင်၏ပါး တစ်ဖက်ကို ဖြန်းခနဲရိုက်ပြီး ကြုံဆို လိုက်သည်။

"နင်ငါ့ကိုရိုက်ဖို့ ပါးတစ်ဖက် ကျန်ပါသေးတယ်၊ ငါပြောတာကို နားထောင်ပြီး နင်ရိုက်ပါဦး၊ ငါနင့် အရိုက်ကိုခံဖို့ လာတာပါ"

"ဟုတ်တယ်၊ နင့်ကိုသတ်ပစ် ချင်တယ်၊ နင်က ငါ့ဘဝ၊ ငါ့မျှော် လင့်ချက်တွေပျက်ဖို့ ငါ့ချစ်တဲ့လင် ယောကျ်ားကို ဖျက်ဆီးတဲ့လူ"

ညိုနွဲ့မှာ နာကြည်းစွာပြော ရင်း မျက်ရည်များ ဖြိုင်ဖြိုင်ကျလာ သည်။

"မငြင်းပါဘူး ညိုနွဲ့ရယ်၊ အစကတော့ ဟုတ်မှာပါ၊ ငါ့ရဲ့ငယ် စိတ်နဲ့ နင့်ကိုလုသွားသူအဖြစ် ငါ နာကြည်းပြီး ကလဲ့စားချေချင်ခဲ့ တယ်၊ သူ့ကို အရက်စွဲပြီး ဘဝ ပျက်အောင် လုပ်ချင်ခဲ့တယ်"

"ဟုတ်တယ်၊ မှန်တယ်၊ နင် သာအဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဆို တဲ့ မကောင်းတဲ့ ဒုစရိုက်တွေကို ကိုယ်ကိုယ်တိုင်လည်းလုပ်တယ်၊ သူ တစ်ပါးကိုလည်း မြှောက်ပေး တယ်၊ မဲဆွယ်တယ်၊ သူတစ်ပါး လုပ်နေတာကိုလည်း ဝမ်းသာပီတိ ဖြစ်ပြီး ဖျက်လိုဖျက်ဆီးအမြင်နဲ့ ပျော်ခဲ့တယ် မဟုတ်လား"

"ငါလည်း အဲဒီလိုလုပ်တာ

**ရှေးအခါတုန်းမှာ**
**ဘုရင်ကြီးတစ်ပါးဟာ**
**ပွဲတော်တည်ရာမှာ**
**အမဲသားမပါလို့**
**ကုလားငယ်လေးကို**
**ပေါင်ဖြုတ်ပြီး**
**ဟင်းလျာအဖြစ်**
**အချက်ခိုင်းသတဲ့၊**
**ဒီပုံမျိုးလည်း**
**အရက်ကြောင့်**
**အမဲသားချက်ခိုင်းတာက...**

အပါယ်ကျမယ်ဆိုတာ သိခဲ့ပါ တယ်၊ နင့်ရဲ့မျိုးဟာ ပေါင်းကြည့် မှ လူကောင်းဆိုတာသိပြီး နင့် အပေါ်ထားတဲ့ မေတ္တာစိတ်နဲ့ သူ့အပေါ် မှားခဲ့တဲ့အမှားကိုပါ မြင်ခဲ့တယ်၊ သူ့ကို အရက်ဘယ် တော့မှ မတိုက်တော့သလို ငါလည်း တွဲမသောက်တော့ဘဲ သောက်တိုင်း ငါဆုံးမခဲ့တယ်၊

သူဟာ တကယ်တော့ ငွေမရှိ[...] ဘဝကနေပြီး ငွေတွေကိုင်သုံ[...] တတ်လာရာက ဖြုန်းတတ်လ[...] တယ်၊ အပျော်အပါးမက်လာတယ်[...] အရက်ကို ကြိုက်လာတယ်[...] သူ့သား နဲ့မယားကို အရမ်းချစ်[...] တဲ့လူဟာ အရက်စွဲလာချိန် အရ[...] ကိုပဲ တသသဖြစ်လာခဲ့ တယ်[...] ငါက မသောက်တော့ဘဲ စိတ်[...] မကောင်းလို့ သူ့ကိုပြုပြင်ခဲ့[...] မယ့် မြို့ရောက်တိုင်း အရ[...] ဆိုင်က မထခဲ့ဘူး"

"အေး.....တကယ်တော့ [...] လင်ဟာ အရုပ်ကြိုးဆွဲခံခဲ့ရတာ[...]

"ဖြစ်နိုင်ပါတယ်၊ တက[...] တော့ လူတွေဟာ မိမိကိုယ်[...] ထိန်းနိုင်ရင် ဘယ်သူဖျက်ဖျ[...] မပျက်ပါဘူး၊ ငါဖျက်လည်း [...] ယောကျ်ား ပျက်ချင်မှပျက်မယ်[...] လူက စိတ်ပျော့တယ်၊ နှလုံးသ[...] နူးညံ့တယ်၊ မယားကိုချစ်စိတ်နဲ့ [...] အပေါ်တောင် သံသယဝင်[...] တယ်၊ သူ့ကို အရက်အလက[...] သောက်ရတဲ့လူတွေက နင်နဲ့[...] ငယ်ဘဝအကြောင်း သွေးထိုးတ[...] ဒီတော့ အရက်သမားဉာဉ်အတိုင်[...] သံသယတွေ ပိုပွားလာပြီး နင်[...] သားအမိကို ရန်ရှာတော့တာ[...]"

"ဒါ.....ဒါဆို သူ့သား[...] ကိုရော အငြိုးနဲ့များ လုပ်[...]



www.burmeseclassic.com

ဟင်''

''ဖြစ်နိုင်တယ်၊ ငါ့ကို တစ်ခါက ရှိဘူးတယ်၊ အချစ်ဦးမဖြစ်ရတာတို့၊ သူ့ရင်သွေးမှ ဟုတ်ပါလေစတို့၊ သူအရမ်းချစ်တဲ့ သူ့သားကို သံသယဝင်လာတော့ ငါလည်း သူ့ရဲ့သံသယအဝင်မခံနိုင်လို့ ရွာက ထွက်လာခဲ့တာပေါ့''

''ဟင်.....ဒါ.....ဒါဆို သူ.... သူ့သားလေးအပေါ် သံသယစိတ်နဲ့ သားကို လုပ်ခဲ့တာများလား''

''မပြောတတ်ပါဘူး၊ ပြောလည်း မပြောရဲဘူး၊ ငါနားလည်လာပြီး နင့်ဘဝကို သနားလို့ ဖျောင်းဖျပေမယ့် မရဘဲ ငါ့ကိုရန်မူတာမှာစိုးလို့ အဝေးကို ရှောင်ခဲ့တာ၊ နင့်ယောကျ်ားက သိကယ်တော့ သူ့ဘာသာသူ ဖျက်ဆီးပစ်တာ၊ ငါက သူတစ်ပါးကို မကောင်းကြံခဲ့ပေမယ့် အမုန်ကိုမြင်လာချိန် ငါ့စိတ်နဲ့ ငါ့ဘဝကို ပြုပြင်ထိန်းကျောင်းနိုင်ခဲ့တယ်လေ''

''နားလည်ပါပြီ သိန်းဖင်ရယ်၊ ငါ့ရင်မှာ အနာဆုံးက သူချစ်တဲ့သူ့ သားအရင်းလေး အပေါ် သံသယဝင် နေပြီလားဆို တာပဲ ခံစားရပါတယ်''

''နင် ကြိုးစားဖျောင်းဖျပေ့ါ ဟာ၊ ငါ့ကိုခွင့်လွှတ်ပါလို့ မပြော ချင်ပါဘူး၊ နင်ရိုက်ချင်သေးရင် ဒီ ပါးတစ်ဖက်ကို ရိုက်လိုက်ပါ''

''ငါ ဘာမှမပြောချင်ဘူး



သိန်းဖင်၊ ငါ့ဘဝကိုပဲ ငါအပြစ် တင်ရ တော့မှာပေါ့၊ သားလည်း ဆုံး၊ လင်လည်းထောင်ကျ၊ အဖေကလည်း မမာနေချိန် ငါ ရူးမတတ် ခံစားရပါတယ်''

''နားလည်ပါတယ် ညိုနွဲ့ရယ်၊ ငါနင့်ဘဝကို အရမ်းပဲ သနားမိတယ်၊ ငါလည်း ပြန်ဝင့် လည်မှာပါ၊ မကောင်းစိတ်ထားခဲ့တဲ့ ကံတရားက ငါ့ကိုတော့ ခံစားခိုင်းဦးမှာပါ၊ နင့်ရဲ့ ငါ့အပေါ် အမုန်းတရားတွေ ပြေလျော့ပါစေလို့ပဲ ဆုတောင်းနေရပါ တယ်၊ ငါသွားပြီနော်''

သိန်းဖင်မှာ နောင်တများစွာဖြင့် နောက်ကြောင်းပြန်လှည့် သွားလေသည်။ သူ့ကျောပြင်ကို ငေးကြည့်ရင်း ညိုနွဲ့မှာ မိမိရင်ထဲမှ အမုန်းတရားများကို ဖြေလျော့ရန် ကြိုးစားနေမည့်ကား အမုန်ပင်ဖြစ် ပါတော့သည်။ ထိုပြင် ညိုနွဲ့ကား မိမိဘဝအတွက် အကောင်းဆုံး ဖြစ်ရန် ပြင်ဆင်နေချိန် ငမျိုးမှာ ထောင်တွင်း၌ အသည်းဝေဒနာဖြင့် ကွယ်လွန်သွားခဲ့ပေတော့သည်။

သူချစ်သော သူ့သားလေးကို ခွဲခွာခဲ့ရသလို ညိုနွဲ့ကိုပါ ခွဲခွာသွားခဲ့၍ ညိုနွဲ့မှာ မျက်ရည်ပင်လယ်ပြင်၌ ကူးခတ်လျက်။ ။

**ခင်ဦး (ပုတီးကုန်း)**

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## အို့ကာလေ တဖွဲဖွဲ

နှင်းစက် (လားရှိုး)

"စမ်း.....စမ်း....ကြည်ကြည်
ဆင်...တောကြိုထဲ.....တောကြား
က.....စီးကျပါတဲ့ ရေသွင်သွင်....
သနားစရာ့ တစ်နေဝင်.....ရေသွင်
သွင်....."

သေချာပါတယ်လေ။ မနေ့က
ကြားရတဲ့ တေးသံရှင်ပါပဲ။ မနေ့က
တော့ ဖေယျာကမ်းအလုပန်းချီကို
သမြောက်အောင် သီဆိုခဲ့သေး
တာလေ။ ဒီနေ့တော့.....

ကျွန်တော့်နားကို သီချင်းဆို
သံနှင့် နီးနိုင်သမျှ
နီးအောင် နားစွင့်
လိုက်မိပါသည်။ ခပ်
တိုးတိုးလေး ညည်းပြီး
ဆိုနေတာပေမယ့်
ညည်း နားဝင်ပီယံဖြစ်
အောင်ဆိုတာမျိုးလား။ အသံကြား
ရုံ သနားကြပါစေဆိုတဲ့ ဆု
တောင်းနှင့် ပြည့်စုံလေသလား။


ခေါင်းအုံးအောက်မှ နာရီကို ယူ
ကြည့်လိုက်တော့ နံနက် ၅ နာရီ
ကျော်သာရှိသေးသည်။ မိုးမလင်း
သေးသော ရှမ်းပြည်နယ်၏
ဆောင်းရာသီ။ ဗမာစော ရှမ်းတော
ပြန်တဲ့။

"သိန္နီနယ်...လားရှိုးက
ရွာဖြိုး အုံ့ဆင် ခါမိုးဟုတ်မထင်
ရွာဖြိုးအုံ့ ဆင်ကမ္ဘောဇ ဂုတ်
မြတ်မဟီ ဒုဠ္ဌဝတီရေသီတာ
ရေယဉ်"

ကျွန်တော်ဆက်လက်အိပ်စက်
နိုင်တော့မှာမဟုတ်ပါ။ နန်းတော်
ရှေ့ဆရာတင်က လေဘာတီ
မမြရင်အတွက် ရေးပေးခဲ့တဲ့
သီချင်းမှန်းတော့ ကျွန်တော်
သိပါသည်။ နှစ်သက်ရသော
သီချင်းတွေထဲမှာ ထိုကမ္ဘောဇ
သီချင်းလည်းပါဝင်ပါသည်။

"စီမံထူးခြား..တောသူပီပီ...
တောသူပီပီ.....တောခြေတွင်.....
တောစခန်း.....တောလမ်း...တော
လမ်း.....တောပန်း"

ကျွန်တော့်စိတ်ထဲ
မှာ မရိုးမရွနှင့်။ ပြတင်း
ပေါက်တံခါးချက်ကို ဘယ်
သူမှ မကြားအောင် အသာ
အယာ ဆွဲဖွင့်
လိုက်မိပါ
သည်။ ကျွန်
တော်က





www.burmeseclassic.com

www.burmeseclassic.com

ညှို့သည့်မဟုတ် လား။ တစ်ဖက်အခန်းမှ အစ်ကိုကြီးတို့မိ သားစုကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေလိုပါ။

ကမ္ဘောဇသီချင်းသံလေးကို ခပ်တိုးတိုးကြားနေရဆဲ။ ဒါဆိုလျှင်ဖြင့် ကမ္ဘောဇသီချင်းတစ်ပုဒ်လုံး ပြီးဆုံးအောင် သီဆိုမည့်အနေအထားမျိုး။ ဒီလိုသီချင်းကြီး၊ သီချင်းခန့်မျိုးကို အစ၊ အဆုံး စကားလုံးမမှားရအောင် သေချာစွာ သီဆိုနိုင်ဖို့ဆိုတာ သိပ်မလွယ်။ အခုတော့ ညာဝါးဖြီးဖြန်းတာ မပါဘဲ အမှန်အကန် စည်းဝါးပိုင်နိုင်စွာ သီဆိုနေပုံက ပါရမီရှင်လိုမျိုး။

“သိန္နီနယ်..လားရှိုးက ရွာဖြိုး အုံ့ဆင်.....ခါမိုးဟုတ်မထင်”

♛♛♛♛♛

“သူ့ရဲ့အစ်ကို၊ အစ်မတွေက မန္တလေးပန်တျာ၊ ရန်ကုန်ပန်တျာ ယဉ်ကျေးမှုကျောင်းဆင်းတွေတဲ့၊ ဝမ်းကွဲမောင်နှမတွေတောင်မှ ယဉ်ကျေးမှုဝန်ကြီးဌာနမှာ အကနည်းပြဖြစ်နေသူတွေနဲ့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးထဲမှာ ရှိနေကြသူတွေနဲ့လေ”

“ကိုကြီးက တော်တော့်ကို စပ်စုထားတာပဲ”



“ဘာစပ်စုတာလဲ၊ အိမ်ရှင်ကွ အိမ်ရှင်၊ ကိုယ့်အိမ်မှာငှားနေသူတွေရဲ့ ကိုယ်ရေးရာဇဝင်ကို သိမထားလို့ ဖြစ်မလား၊ ပြီးတော့ မင်းပဲ မေးတာလေ”

အစ်ကိုကြီး၏ စကားမဆုံးခင်မှာပဲ မရီးဖြစ်သူ ဝင်လာကာ ထိုင်ခုံတစ်ခုမှာ ဝင်ထိုင်ပါ

“ဒီလို ငါ့မောင်ရေ.....ဟိုတလောက လောက်ကိုင်မြို့က နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့တစ်ဖွဲ့ ဖျော်ဖြေရေးခရီးစဉ်ရောက်လာသေးတယ်၊ အဲဒီဖုန်းဝင်လာတဲ့အခါတုန်းကဆိုရင်လေ အစ်မလက်တွေ တုန်ပြီး ရင်တွေခုန်နေတာ တကျိမ်းကျိမ်းပဲ၊ အိမ်ခန်းငှားတွေကို အရေးကိစ္စရှိရင် ဆက်သွယ်လို့ရအောင် ဒီအိမ်ရဲ့ဖုန်းနံပါတ် ပေးထားတယ်လေ၊ ဖုန်းလာရင် ခေါ်ပေးလိုက်တယ်”

မရီးဖြစ်သူ မသင်းသင်းအေး၏စကားကို စိတ်ဝင်စားစွာဖြင့် ကျွန်တော် နားစွင့်နေမိပါသည်။

“အဲဒီအဖွဲ့ လားရှိုးက တပ်ရင်းတစ်ခုမှာ နားနေပြီးတော့ လောက်ကိုင်မတက်ခင် နောက်ပါလာတဲ့ ဆိုင်းအဖွဲ့ကားကို စောင့်နေရင်း ခေါင်းဆောင်မင်းသမီး ဒီအိမ်ကို ဖုန်းဆက်ခဲ့တာ၊ လမ်းလို့ မေသဇ္ဇာမောင်ကို ခဏတွေ့ချင်လို့ပါတဲ့၊ ဒါနဲ့ မင့်တူမ လင်းလင်းက အဲဒီတပ်ရင်းထဲကို ဆိုင်ကယ်နဲ့ လိုက်ပို့ပေးခဲ့တာ၊ သူ့အကြောင်းတွေကို လင်းလင်း အကုန်လုံးနီးပါး သိခဲ့ရတော့ လိုက်တာ၊ ငိုလိုက်တာ၊ သိမ်းပြီ၊ မှားပြီ၊ မသဇ္ဇာပေါ် ပြ



www.burmeseclassic.com

www.burmeseclassic.com



သမျှ ကံကြီးထိုက်တော့မယ်ဆိုပြီးတော့လေ”

မသင်းသင်းအေးမှာ မျက်ရည်ကျလာရအောင်ထိန်းပြီး ရေနွေးအိုးဆူနေတာ အကြောင်းပြု၍ မီးဖိုချောင်သို့ ထသွားပါတော့သည်။ ကျွန်တော်သည်လည်း အဖြေထွက်သော ပုစ္ဆာတစ်ပုဒ်ကိုတွက်နေရသည့်နှယ်။

လင်းလင်းက တစ်ဦးတည်းသောသမီးမို့ အလိုလိုက်ခံထားရတာ မဆန်းပါ။ ဆိုးတတ်၊ နွဲ့တတ်သော လင်းလင်းမှာ ဒုတိယနှစ်တက္ကသိုလ်ကျောင်းသူသာရှိသေးတာမို့ လေယူသိမ်းတိုင်း ယိမ်းနွဲ့နိုင်ပါသည်။

“သမီးမှာ အဲလိုစိတ်ရိုင်းတွေဝင်ရတာ မြောက်ဘက်အခန်းမှာ ငှားနေတဲ့ မခင်ဝင်း၊ မရီဝင်းတို့ တစ်ခုလပ်ညီအစ်မတွေကြောင့်ပဲပေါ့ဖေ၊ သူတို့ကို ဘယ်သူကတန်ဖိုးထားချင်မှာလဲ၊ ပြောတဲ့စကားတိုင်းက အပြစ်တင်စကား”

ကျွန်တော် လန့်သွားမိပါသည်။ ကျွန်တော့်နောက်ကျောဘက်ဆီသို့ မည်သည့်အချိန်ကတည်းက လင်းလင်းရောက်နေမှန်း မသိလိုက်ပါချေ။

“တိုးတိုးပြောပါ သမီးရယ်၊ ကြားသွားရင်.....”

“ကြားပါစေ ဖေဖေ၊ အဲဒီဟာတွေ မရှိလေကောင်းလေပဲ၊ သူတို့ညီအစ်မ သမီးကိုမြှောက်ပေးလို့ မသဇ္ဇာအပေါ် အထင်မှားမိတာ”

“စကားပြောမကြမ်းတမ်းရဘူးနော် သမီး၊ ကိုယ်အမူအရာ ကြမ်းတမ်းရင် အဖယုတ်လို့တဲ့၊ နှုတ်အမူအရာ ကြမ်းတမ်းရင် အမိယုတ်လို့တဲ့၊ အစကတော့ မခင်ဝင်းတို့နဲ့ပေါင်းမိပြီး ဖြူဖြူ၊ ဖြူဖြူနဲ့၊ ခုတော့ ညှိုသွားပြီပေါ့”

လင်းလင်းမှာ အံလေးတကြိတ်ကြိတ်။ အရင်တုန်းက မြောက်ဘက်အခန်းမှာနေကြသော မခင်ဝင်းတို့ညီအစ်မနှင့် ပူးပေါင်း၍ သဇ္ဇာ့ကို တိုက်ခိုက်ခဲ့ကြဟန်တူပါသည်။ ခုတော့ စိတ်ရိုင်းများကို လင်းလင်း ဖယ်ထုတ်နိုင်ခဲ့ပြီ။ အချိန်မီ ပြုပြင်နိုင်ခဲ့ပြီမို့ ဝမ်းသာရပါသည်။

“အဲဒီတပ်ရင်းထဲကို လိုက်ပို့ပေးလိုက်မိတာကလေ အဲဒီမိန်းမ မေသဇ္ဇာမောင် ဘာလုပ်သလဲဆိုတာ အပြစ်ရှာချင်လို့၊ သက်သေတစ်ခုလိုချင်လို့ မကောင်းတဲ့စိတ်နဲ့ လိုက်ပို့ပေးခဲ့တာပါ”

လင်းလင်း၏မျက်ဝန်းအစုံမှာ အရည်ကြည်တို့ လဲ့နေပါသည်။

“တပ်ထဲက နားနေဆောင်မှာလေ သမီးတို့ကို ဂရုတစိုက်ဧည့်ခံတာများ ဦးငယ်ရယ်၊ အဲဒီနယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်

**လင်းလင်းမှာ**
**အံလေးတကြိတ်ကြိတ်။**
**အရင်တုန်းက**
**မြောက်ဘက်အခန်းမှာနေကြသော**
**မခင်ဝင်းတို့ညီအစ်မနှင့်**
**ပူးပေါင်း၍**
**သဇ္ဇာ့ကို**
**တိုက်ခိုက်ခဲ့ကြဟန်တူပါသည်။**
**ခုတော့.....**

က ခေါင်းဆောင်မင်းသမီးကလေ မသဇ္ဇာကို လားရှိုးမှာ တစ်ယောက်တည်းနေတာ စိတ်မချဘူးနဲ့တူပါတယ်၊ မသဇ္ဇာက ပြန်ပြောပြတယ်၊ လူကုန်ကူးခံရတာကလည်း ကိုယ့်စိတ်ကိုယ်မနိုင်လို့ ဖြစ်ကြရတာပါတဲ့၊ နောက် သူများပြောစကားကို ယုံလွယ်ကြတာရယ်၊ ငွေရချင်တဲ့လောဘရယ်၊ စာမဖတ်ကြတာတွေကြောင့်ရယ်ပါတဲ့”

“ဘယ်လို.....”

“ဟုတ်တယ် ဦးငယ်၊ မသဇ္ဇာဆီမှာ အဲဒီလိုအသိတွေ ရှိနေလို့လည်း မသဇ္ဇာကို တစ်ရပ်တစ်ရွာမှာ နေထိုင်တာတောင်မှ သဇ္ဇာရဲ့

www.burmeseclassic.com

www.burmeseclassic.com

မိဘတွေက စိတ်ချတာပေါ့။ သူတို့ ဘယ်လောက် သွေးဆောင်အယုံသွင်းကြပါစေ၊ အဲဒီပွဲစားတွေနောက် ကိုယ်ကိုယ်တိုင် လိုက်မှရတာပါတဲ့၊ သက်ဆိုင်ရာဌာနတွေက ထုတ်ပြန်တဲ့သတင်းတွေကို နားထောင်ကြ၊ ဖတ်ကြသင့်တယ်တဲ့၊ ထုတ်ပြန်ထားသမျှကို လေးလေးစားစား မလိုက်နာကြဘဲ တကယ့်တကယ် လူကုန်ကူးခံရတော့ကော ဘယ်သူနစ်နာရသလဲ၊ လူ့တာကာအလယ် ပွဲမတိုးနိုင်တော့တဲ့ အမည်းစက်နဲ့ လူသားအရင်းအမြစ်တွေ ပျက်စီးဆုံးရှုံးရတာပေါ့တဲ့''

ကျွန်တော့်မှာ နံနက်အဆာပြေ လက်ဖက်ရည်နှင့်မုန့်ကိုပင် သတိမရနိုင်တော့ပါ။ ဘယ်လိုအကြောင်းတွေကြောင့် သဇ္ဇာတစ်ယောက် လားရှိုးမှာ မထင်မရှား နေထိုင်ရပါသလဲ။

''မသဇ္ဇာရဲ့ မွေးချင်းအစ်မအကြီးဆုံးကလေ ၁၉၉၂ ခုနှစ်က မြန်မာ–ဂျပန် ချစ်ကြည်ရေးဖျော်ဖြေပွဲခရီးစဉ် တစ်လကြာ သွားခဲ့ဖူးတယ်တဲ့၊ အဲဒီအစ်မကြီး ယဉ်ကျေးမှုကဇာတ်ဌာနခွဲကနေထွက်ပြီး မိသားစုတာဝန် ပခုံးပြောင်းလွှဲယူပြီးတဲ့အခါ တစ်နိုင်လုံးရွှေ အေးအေးမြင့်နဲ့ ချီကောက်ပွဲတွေ လိုက်ခဲ့တာတဲ့၊ ဆို၊ က၊ ရေး၊ တီး ပညာ
ရှင်အဆင့်တွေမှာလည်း ဝင်ပြိုင်
တာတဲ့လေ''



နိုင်ငံ့ဂုဏ်ဆောင်ပေးနေသူ
ဆိုတာ လူသေသော်လည်း နာမ
မသေခဲ့ကြပါ။ ကမ္ဘာမှာ မြန်မာ
လို့ အထင်အရှားရှိနေသေး
မြန်မာ့သဘင်ကို မျိုးဆက်မွေခံ
ဆက်လက်ထိန်းသိမ်းစောင့်ရှော
နေကြတာကို တစ်နိုင်ငံလုံး မ
မြင်ကိုယ်တွေ့။ သဘင့်ဥသျှ
ဂရိတ်ဦးဖိုးစိန်၊ အလင်္ကာကျော်
ရွှေမန်းဦးတင်မောင်၊ ဦးစိန်မာ
ဘယ်သောအခါမှ နာမည်မသေ
တော့မည့် ပေးဆပ်သူတွေ။ ကျ
တော် အားကျစွာဖြင့် လင်းလ
စကားနောက် မျောပါနေရပါ
သည်။

''မခင်ဝင်းတို့ ဘယ်
စောင်းမြောင်းရန်စပါစေ၊ မသ
က မတုန်လှုပ်ခဲ့တာကလေ
ဝင်းတို့နဲ့ တစ်တန်းတစ်စားတ
ဖြစ်သွားမှာစိုးလို့နေမှာပါ၊ .မ
သင့်တဲ့သူကို ပေါင်းခဲ့မိတာ
ပါပဲ ဦးငယ်ရယ်၊ မခင်ဝင်းတို့
သမီးရဲ့ဘဝကို မြင့်မားလာအေ
ဘာမှစွမ်းဆောင်မပေးနိုင်ပါ
ဒေဝဒတ်နဲ့ မပေါင်းမိခဲ့ရင်
တသတ်က သူ့အဖေကို
မှာမဟုတ်ပါဘူးလေ''

အသက်နှစ်ဆယ်အရွယ်

www.burmeseclassic.com

www.burmeseclassic.com



ဘဏ်မီသရွေ့ ပြောဆိုရှင်းပြနေသော လင်းလင်းကို အပြစ်မမြင်ရက်ပါ။ လင်းလင်းပြောတာတွေကို သည်း အမှားမပါနိုင်ဘူးလို့ ကျွန်တော် ထင်မိသည်။ လင်းလင်းနည်းတူ အမြင်ကျယ်နိုင်ဖို့အတွက် ဘဝမှာ ကြက်ခြေခတ်တွေနည်းနိုင်သမျှ နည်းအောင် ကျွန်တော်ကိုယ်တိုင် ကြိုးစားရပါဦးမည်။

♛♛♛♛♛

မိုးမိုး(အင်းလျား)၏ 'မှတစ်ပါး အခြားမရှိပြီ' နှင့်ဆရာကြီးရွှေဥဒေါင်း၏ အတ္တုပ္ပတ္တိအတွေးအခေါ်များ စာအုပ်ထူထူကြီးက ကျွန်တော့်လက်ထဲ ရောက်လာခဲ့ပါသည်။ ရန်ကုန်မှာ နေထိုင်ကြီးပြင်းခဲ့ရသူနှင့် ပခုက္ကူမှာ လူဖြစ်ခဲ့ရသော ကျွန်တော်၏ စာဖတ်နိုင်မှု၊ ဝေါဟာရကြွယ်ဝမှုက ကွာခြားနိုင်ပါသည်။

"ဆရာမကြီး ခင်နှင်းယုရဲ့ 'မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်' ဝတ္ထု သဉ္ဇာဆီမှာရှိတယ်၊ ငှားဖတ်ကြည့်ဦးလေ"

ဆိုသော လင်းလင်း၏စကားကြောင့် သဉ္ဇာ့ဆီမှ စာအုပ်တွေကို ကျွန်တော် ငှားဖတ်ကြည့်ဖြစ်ခဲ့ပါသည်။

ဆရာဝန်စာရေးဆရာမ ဂျူး၏ 'သစ်တောလမ်း' ဝတ္ထုတိုလေး

> ဖတ်ပြီးသမျှစာတွေအကြောင်း
> ပြန်လည်ဆွေးနွေးတဲ့အခါ နှစ်ခါနှစ်ထပ်
> မှတ်မိသွားတာပေါ့တဲ့။ သဉ္ဇာ စကားပြောတိုင်း
> နားထောင်ကောင်းတာတော့ အမှန်ပင်။
> ကမ္ဘောဇသီချင်းသံကို ကြားရကတည်းက လူကိုပြေး၍
> ကြည့်လိုက်ချင်သောစိတ်တွေ.....

အကြောင်း သဉ္ဇာပြောပြတာများ ကျွန်တော်ကိုယ်တိုင်ပဲ စာပို့လုလင်ဖြစ်သွားရသလိုမျိုး ရသမြောက်အောင် ပြောပြနိုင်စွမ်းရှိပါသည်။

ဖတ်ပြီးသမျှစာတွေအကြောင်း ပြန်လည်ဆွေးနွေးတဲ့အခါ နှစ်ခါနှစ်ထပ် မှတ်မိသွားတာပေါ့တဲ့။ သဉ္ဇာ စကားပြောတိုင်း နားထောင်ကောင်းတာတော့ အမှန်ပင်။ ကမ္ဘောဇသီချင်းသံကို ကြားရကတည်းက လူကိုပြေး၍ ကြည့်လိုက်ချင်သောစိတ်တွေ တဖွားဖွားပေါ်ခဲ့ရတာလေ။ ကရုဏာသံ ပိုင်ဆိုင်နေရသည့်တိုင် စကားပြောဟန်က ချစ်စဖွယ်အမူအရာမျက်နှာထားနှင့်မို့ သဉ္ဇာ့ကို မခင်ဝင်းတို့ ညီအစ်မတွေ မလိုလားတာလည်း မထူးဆန်းပါချေ။

"ဒီနေ့ တနင်္ဂနွေနေ့ သင်တန်းပိတ်မှာပေါ့၊ ဈေးရောင်းစရာ ကောရှိလား"

ကျွန်တော့်အမေးကြောင့် အခန်းတံခါးပိတ် သော့ခတ်နေသော သဉ္ဇာမှာ ကြောင်တောင်တောင်ဖြင့် ကျွန်တော့်ကိုကြည့်သည်။ သဉ္ဇာက ပိုးထည်၊ ချည်ထည်များကို လပေးစနစ်ဖြင့်လိုက်လံရောင်းချပြီး သင်တန်းကြေးများနှင့် နေ့စဉ်စားဝတ်နေရေး၊ အိမ်ငှားခတွေကို ဖြေရှင်းနေရတာမှန်း လင်းလင်းပြောပြထားသဖြင့် ကျွန်တော် သိထားရပါသည်။

"မခင်ဝင်းတို့က ကွမ်းယာရောင်းတာ အများကြီးမြတ်တယ် ဦးငယ်ရဲ့၊ အဲဒါ ဘာမဆိုင်ညာမဆိုင် မသဉ္ဇာရှေ့မှာ ရွှေတွေချလွင်ချလွင် မြည်အောင် ဝတ်ပြကြတာ၊ သူတို့ညီအစ်မတွေကို မသဉ္ဇာက အရောမဝင်တော့ မခင်ဝင်းတို့မှာ ဒေါသတွေဖြစ်ပြီး သီချင်းစောင်းမြောင်းဆို၊ ရေတွေနဲ့ပက်၊ အယုတ်အနတ္တ



www.burmeseclassic.com

တွေပြောနဲ့၊ မသဉ္ဇာက ယဉ်ညို ချောလုံးကြီးပေါက်လှ ဆိုတော့.....''

ကျွန်တော် လင်းလင်းပြောစကားတွေကို ပြန်ကြားယောင်ရင်း တံတွေးတစ်ချက် မျိုချလိုက်မိပါသည်။ သဉ္ဇာကလည်း တကယ်လှတာကိုးလေ။

''ဘာကိစ္စရှိလို့လဲ ဆရာ''

''ဪ..ဟိုလေ ဒီနေ့ သဉ္ဇာ အားမလားလို့ပါ၊ စာအုပ်တွေငှားငှားပေးတဲ့ သဉ္ဇာ့ကို လက်ဖက်ရည်တိုက်ချင်လို့ပါ''

''စာအုပ်ငှားပေးတဲ့အတွက်နဲ့တော့ လက်ဖက်ရည်တိုက်စရာမလိုပါဘူး ဆရာရယ်၊ ကျွန်မက ငှားပေးပေမယ့် ဆရာကိုယ်တိုင်က.လိုလိုချင်ချင်နဲ့ ငှားဖတ်ချင်စိတ်ရှိတာကိုတောင်မှ ကျွန်မက ကျေးဇူးတင်ရပါသေးတယ်၊ စာတွေထဲကနေ အသိပညာဗဟုသုတတိုးလာတော့ အကျိုးများတာပေါ့လေ''

သဉ္ဇာ့ကို ကျွန်တော် မည်သို့ ပြန်ပြောရမှန်း မသိတော့ပါ။ သဉ္ဇာ စကားပြောတိုင်း ပါးချိုင့်နှစ်ခွက်က ထင်းခနဲ။ သေ့ာတံကို ဆလင်းဘတ်ခ်ထဲထည့်လိုက်သော သဉ္ဇာ့ကို ကျွန်တော် ရင်ခုန်စွာဖြင့် ပြန်ကြည့်လိုက်ပါသည်။

''တစ်ရက်လောက် အချိန်ရရင် ဆရာနဲ့ စာဖတ်ဖူးထားသမျှတွေအကြောင်း ဆွေးနွေးကြဦးမယ်နော်၊ ဆွေးနွေးရတာ၊ ငြင်းခုံရတာ ကိုယ်ရည်ကိုယ်သွေး မြင့်မားလာစေတယ်တဲ့ ဆရာ၊ ကိုယ်ကဆွေးနွေးချင်ပေမယ့် တစ်ဖက်လူကလည်း ဘာမှမသိတဲ့သူ၊ စာလည်းမဖတ်တဲ့သူဖြစ်နေခဲ့ရင်လေ ကိုယ်ကတော့ ပြောနေပါရဲ့၊ သူက မျက်လုံးလေး ကလယ်ကလယ်၊ ခေါင်းလေးတညိတ်ညိတ်နဲ့ပဲ နားထောင်နေတော့ တစ်ဖက်သတ်ဆန်နေရရောပေါ့၊ ကဲ.....ဆရာ ကျွန်မကို သွားခွင့်ပြုပါဦးနော်''

ကျွန်တော့်နံဘေး ပခုံးချင်းယှဉ်ထွက်သွားသော သဉ္ဇာ၏ဆံပင်ရှည်ကြီးမှာ ဝဲခနဲ၊ မွှေးခနဲ။ အသားအရေအမွှေးနံ့က သင်းခနဲ။

''ခဏလေးပါ သဉ္ဇာ''

သဉ္ဇာ၏လက်ကောက်ဝတ်ကို ကျွန်တော် ဆတ်ခနဲ လှမ်းဆွဲလိုက်မိပါတော့သည်။ ထိုအခါ ကျွန်တော့်ကို သဉ္ဇာက မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကြည့်လာခဲ့ပါသည်။ မျှော်လင့်မထားတာကြောင့်လား၊ ရှက်စိတ်ကြောင့်လား မသိ။ သဉ္ဇာ၏မျက်နှာမှာ အရောင်တစ်မျိုး ပြောင်းသွားခဲ့ပါပြီ။

''လွှတ်ပါ ဆရာ၊ ဆရာ့ကို ကျူရှင်ဆရာ၊ အင်ဂျင်နီယာတစ်ယောက်ဆိုပြီး ကျွန်မ နေရာတစ်ခု ပေးခဲ့တာကို သွေးတိုးစမ်းတာလား၊ ဆရာ ဒီခြံထဲရောက်လာတာ ရက်ပိုင်းလေးပဲ ရှိသေးတာတော် မှ ကျွန်မကို ဒီလိုပြုမူဆက်ဆံတ ဟာ ကျွန်မ နေထိုင်သွားလာမှု ဟာ သိပ်အပေါ်စီးဆန်သွားပြီထ ပါရဲ့''

''ဟာ..မဟုတ်ဘူး...မဟုတ် ဘူး သဉ္ဇာ''

ကျွန်တော့်မှာ အထိတ်တလ ဖြင့် သဉ္ဇာ၏လက်ကို လွှတ် လိုက်ပါတော့သည်။ ကျွန်တေ အမှားကြီးမှားလေပြီ။ မည်သို့သေ မကောင်းတဲ့မာရ်နတ်က သဉ္ဇာ လက်ကိုဆွဲကိုင်ဖို့ ကျွန်တော့်ကို ဆော်ခဲ့ပါသလဲ။

''ဒီမှာ ဆရာ၊ ကျွန်မ သဘင်သည်မျိုးမို့ အထင်အ သေးတာလားဟင်၊ စစ်ကြီးမ ခင်က ဆင်ကြီးဂဠုန်ချီသီချင် လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့ ပျော်တော်ဆက် မတင်အောင် လေ သူ့ရဲ့မိန်းမသားသိက္ခာ၊ ကို ကျင့်တရားကို ဘယ်လောက်တော တန်ဖိုးထားသလဲဆိုတာ သိ ဆရာ''

ကျွန်တော့်ရင်မှာ တလှပ် သဉ္ဇာ့ကို တောင်းပန်ရပါတော့

''ပျော်တော်ဆက်မတင်အေ ကို လူပျိုစကားလာပြောတဲ့ လေ စကားနဲ့တင်မဟုတ်ဘူး အခု ဆရာက ကျွန်မကို ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ရမ်းလား ရမ်းကားသလိုမျိုး ပြုမူလာတဲ့အခါ မားနဲ့ထိုးပြီး ဥပဒေရဲ့ စည်းမျဉ်းအတိုင်း အရေးယူခံခဲ့သူပါ ဆရာ၊ ကျွန်မက ပျော်တော်ဆက် မတင်အောင် မဟုတ်ပေမယ့် အရှက်နဲ့ ကိုယ်ကျင့်တရားကို တန်ဖိုးထားတဲ့မိန်းမချင်းတူပါတယ် ဆရာ''

ဘဝတစ်ခုကို အရှက်သိက္ခာတစ်ခုနဲ့ လဲရဲသတဲ့လား သဥ္ဇာရယ်။ ကျွန်တော် ဝမ်းနည်းစွာဖြင့် ယောက်ျားတန်မဲ့ မျက်ရည်ဝဲလာခဲ့ရပါပြီ။ သဥ္ဇာတစ်ယောက်ကတော့ဖြင့် အခန်းတံခါးသော့ဖွင့်၍ အခန်းတွင်းသို့ ပြန်ဝင်သွားခဲ့ပါလေပြီ။ အတွင်းဘက်ကနေ တံခါးချက်ချလိုက်ခြင်းကြောင့် ကျွန်တော့်ခေါင်းမှာ မိုက်ခနဲ။ ကျွန်တော့်ကို သဥ္ဇာ အထင်လွဲလေပြီ။ စိတ်နာသွားပြီလားမသိနိုင်ပါတော့။ ထို့ထက်မက နာကြည်းသွားပြီလား။ ကျွန်တော့်ရင်ထဲမှ ခံစားချက်တွေကို သဥ္ဇာသိအောင်လည်း ပြောပြချင်ပါသေးသည်လေ။ သဥ္ဇာ ကျွန်တော့်ကို မည်သို့ကောက်ချက်ဆွဲလိုက်ပါပြီလဲ။

''မဟုတ်ရပါဘူး သဥ္ဇာရယ်၊ သဥ္ဇာ့ကို ကျွန်တော် အထင်သေးမိလို့ မဟုတ်ပါဘူး၊ ကျွန်တော်လေ သဥ္ဇာ့ကို.....သဥ္ဇာ့ကို.....''

♛♛♛♛♛

''ဦးငယ်လေ လျှာလေးအာလေး ဗလုံးဗထွေးနဲ့ ဘာတွေပြောနေခဲ့မှန်း မသိပါဘူး၊ ဆရာဝန်ပင့်ခေါ်ပြီး ဆေးထိုးပေးထားတာ၊ အပေါ်သွေးက တစ်ရာ့ခုနစ်ဆယ်ကျော်နေပြီ၊ နှလုံးခုန်နှုန်းတွေလည်း အရမ်းမြန်နေတယ်၊ ဦးငယ် ဘာဖြစ်သွားတာလဲ''

ကျွန်တော် ဘာဖြစ်သွားခဲ့တာတဲ့လဲ။ လင်းလင်းကိုအားကိုးတကြီး ကြည့်မိလိုက်ပါသည်။ ကျွန်တော့်ရင်တွေ တဒိန်းဒိန်းမြည်ဟည်းနေသည်။ မူးဝေလိုက်တာမှ အော့ချင်အန်ချင်သလိုမျိုး။

ကျွန်တော် အာလေးလျှာလေးခဲ့သလား။ စကားတွေ ဗလုံးဗထွေးပြောခဲ့တာကကော ဘာစကားတွေကိုပါလိမ့်။ အပြေးအလွှား စဉ်းစားကြည့်လိုက်မိ၏။

''ဦးငယ် ခွေပြီးလဲကျနေချိန်မှာပဲ မသဥ္ဇာက လှမ်းအော်ခေါ်လို့ သမီးတို့ ပြေးဆင်းလာခဲ့တာ၊ မေမေက ဦးငယ်ကို တွေးငေ့ထားချိန်မှာ မသဥ္ဇာက သူ့အခန်းထဲ ပြေးဝင်ပြီး အပ်နဲ့မီးခြစ် ယူလာခဲ့ရော၊ အပ်ကို ပိုးသေအောင်လို့ မီးခြစ်,ခြစ်အပူပေးပြီးတော့ ဦးငယ်ရဲ့ ခြေချောင်းထိပ်၊ လက်ချောင်းထိပ်တွေ ဖောက်ပစ်ပြီး သွေးတွေညှစ်ထုတ်ပစ်တယ်၊ နားနှစ်ဖက်လုံးက နားကပ်ဝတ်လေ့ရှိတဲ့ အသားစနေရာကို နှစ်ချက်စီဖောက်ပြီး သွေးတွေညှစ်ထုတ်ပစ်တယ်၊ အင်း..မသဥ္ဇာသာ ဆေးဝါးကျွမ်းကျင် သူနာပြုအကူသင်တန်း တက်မထားခဲ့ရင် ခုချိန်ခါမှာ ဦးငယ်တစ်ယောက် လေဖြတ်ဝေဒနာသည် ဒုက္ခိတဘဝရောက်နေပြီပေါ့''

ကျွန်တော့် နားနှစ်ဖက်ကို အသာစမ်းမိတော့မှ နာရပါတော့သည်။ ခြေချောင်းထိပ်၊ လက်ချောင်းထိပ်များကို တစိမ့်စိမ့်ကြည့်မိပြန်တော့ ကျွန်တော် လေမဖြတ်ရအောင် ကူညီပေးခဲ့သော သဥ္ဇာကို ကျေးဇူးတင်ရပါသည်။

''မသဥ္ဇာက သွေးလှူခဲ့တာကိုးကြိမ်ရှိပြီတဲ့ ဦးငယ်၊ အရေးပေါ်သွေးလှူသူတွေရဲ့စိတ်က မုန်းတီးရမယ့် ရန်သူက သွေးလိုအပ်ခဲ့မယ်ဆိုရင်တောင်မှ ခန္ဓာကိုယ်ကသွေးကို ဖောက်လှူပေးရမှာ ဝန်မလေးကြဘူးလို့ မသဥ္ဇာ ပြောပြတဲ့စကားကတော့ မှတ်သားလောက်ပါတယ် ဦးငယ်ရယ်၊ သမီးတို့လို လူငယ်မိန်းကလေးတွေ အကုန်လုံးကိုလေ မသဥ္ဇာနဲ့ ကြုံစေချင်လိုက်တာ ဦးငယ်ရယ်၊ အင်း.....ဒါပေမဲ့လည်း သူက ကိုယ်မှမဟုတ်တာ၊ မသဥ္ဇာ ပြောပြဖူးသလိုပေါ့၊ အမေ့တာယ် လောက်သိပ်သိပ် ကိုယ်အိပ်မှပျော်



www.burmeseclassic.com

www.burmeseclassic.com



တာပါတဲ့၊ လူပွဲစားတွေ ဘယ်လို မက်လုံးပေးပြီးခေါ်ခေါ် ကိုယ်လိုက်လာမှ ရတာပါပဲလေ''

ရင့်ကျက်စွာ စကားပြောလာနိုင်သော လင်းလင်းကိုပင် ကျွန်တော် စံထားရမလို ဖြစ်နေရပါပြီ။ လင်းလင်း တကယ်ပင် သဘောထားကြီးနိုင်ခဲ့ပြီထင်ပါသည်။ သဇ္ဇာ့ကို ကျွန်တော် တွေ့ချင်၊ တောင်းပန်ချင်လှပါပြီ။

''ဦးငယ်နဲ့ လားရှိုးဆောင်းရာသီ တွေ့ပြီပေါ့၊ လားရှိုးမှာက လေ ဆောင်းရာသီထဲ နေကြာပုပ်မိုး အချိန်အခါမဟုတ် ရွာချလိုက်ရင်လေ အမယ်လေး တဟီးဟီး၊ တဂတ်ဂတ်နဲ့၊ ဦးငယ်က ညှော်သည် နော်၊ သတိထား''

လားရှိုးမှာ အချိန်အခါမဟုတ် မိုးရွာတတ်သတဲ့။ သိန္နီနယ် လားရှိုးက ရွာဖြိုးအုံ့ဆင်၊ ခါမိုးဟုတ် မထင်ဆိုလေသော သဇ္ဇာ၏အသံကို ကျွန်တော့်နားထဲ ပြန်လည်ကြားယောင်မိပါသည်။

♛♛♛♛♛

''ကျွန်တော့်အပြုအမူအမှားတွေအတွက် တောင်းပန်ပါတယ် သဇ္ဇာ''

''ဆရာ့ကို အဖိတ်အစဉ်မဖြစ်ခဲ့ရအောင် ကျွန်မ တတ်သရွေ့

ကျွန်မတစ်ယောက်တည်း
အိမ်ခန်းငှားနေတာက
အထင်သေးစရာပဲလေ၊
ကွန်ပျူတာသင်တန်း
သွားတာတောင်မှ ဘယ်ဟိုတယ်၊
ဘယ်တည်းခိုခန်းမှာ
ဘာသွားလုပ် နေတယ်ဆိုတာမျိုးပေါ့၊
သင်တန်းသွားတာမှန်း
သိကြပြန်တော့လည်း
သင်တန်းဆရာနဲ့ ကြိုက်နေတာ၊
ချိုင်နေတာ....

အားအင်လေးတွေနဲ့ ကူညီပေးခဲ့တာက တောင်းပန်ခံချင်လို့မဟုတ်ပါဘူး''

''ကျွန်တော် သဇ္ဇာ့ကို နားလည်ပေးထားပြီးသားပါ၊ အသိအမှတ်လည်းပြုပါတယ်၊ ဒါပေမဲ့ သဇ္ဇာပြောင်းသွားမှာကိုတော့ စိုးရိမ်မိပါတယ်''

ကျွန်တော့်ကို သဇ္ဇာ စူးစူးစိုက်စိုက် ကြည့်လာပါသည်။

''ကျွန်မတစ်ယောက်တည်း အိမ်ခန်းငှားနေတာက အထင်သေးစရာပဲလေ၊ ကွန်ပျူတာသင်တန်းသွားတာတောင်မှ ဘယ်ဟိုတယ်၊ ဘယ်တည်းခိုခန်းမှာ ဘာသွားလုပ်နေတယ်ဆိုတာမျိုးပေါ့၊ သင်တန်းသွားတာမှန်း သိကြပြန်တော့လည်း သင်တန်းဆရာနဲ့ ကြိုက်နေတာ၊ ချိုင်နေတာ စသဖြင့် အဆင့်မရှိတဲ့ ပရမ်းပတာစကားတွေကြားမှာ ကျွန်မက ပန်းပန်လျက်ပါပဲ၊ ကျွန်မ အရင်ဘဝက ကာမေသုမိစ္ဆာစာရ ကံကို ကျူးလွန်ခဲ့မိလို့ ဒီဘဝမှာ ရန်သူတွေ များရတာနဲ့တူပါတယ် ဆရာရယ်၊ ဒီခြံထဲက ရွှေ့သွားရလို့ နောက်တစ်နေရာကို ရောက်ရင် လည်း ခုလိုပဲ အပြောခံ၊ အစောင်းမြောင်းခံရမှာပဲမို့ ဒီခြံထဲကနေ ကျွန်မ ဘယ်နေရာကိုမှ မပြောင်းပါဘူး၊ လင်းလင်းတို့မိသားစုကို မခွဲချင်ပါဘူး''

အစ်ကိုကြီးတို့လင်မယားက ခေါင်းတညိတ်ညိတ်။ သဇ္ဇာ့ကိုကျော ဖူးတင်ကြောင်း ခေါ်ပြောရင်း အိုးမြီးရှည် ချက်စားဖြစ်ကြပါသည်။ သဇ္ဇာ့ကိုပိုင်ဆိုင်ခွင့်ရမည့်ယောကျ်ား သားကတော့ ကံကောင်းပါလိမ့်မည်။

အစ်ကိုကြီးက လားရှိုးမြို့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆရာအဖြစ် တာဝန်ကျရာ
မှ လားရှိုးသူ မသင်းသင်းအေးနှင့်
အကြောင်းပါခဲ့ခြင်းဖြစ်ပါသည်။

"ကျွန်မရဲ့ အစ်မကြီး၊ အစ်
ကိုကြီးတွေကလေ ကျွန်မကို ပညာ
တတ်ကြီး ဖြစ်စေချင်ခဲ့တာပါ၊ က
ပြ ဖျော်ဖြေရတာ အများအမြင်မှာ
တော့ လှနေပါရဲ့၊ ကာယကံရှင်
တွေမှာတော့ တစ်ကိုယ်လုံးကိုက်
ခဲပြီး သွေးရော၊ ချွေးပါ ပွက်ပွက်
ဆူနေရတာ"

နှုတ်ခမ်းလေးလှုပ်တိုင်း ပါး
ချိုင့်လေးတွေ ထင်းခနဲပေါ်လွင်နေ
သည့် သဇ္ဈာကို ကျွန်တော် ငေးမဝ
နိုင်ပါ။ ကျွန်တော် လားရှိုးကို လာ
ခဲ့ရတာက သဇ္ဈာနှင့်ဆုံတွေ့ဖို့ မြစ်
ဖျားခံခဲ့တာလား။ ပြီးခဲ့သောနှစ်တွေ
က ဖေဖေနှင့်မေမေ ရှေ့ဆင့်၊
နောက်ဆင့် တစ်နှစ်ခြားပြီး
ဆုံးပါးသွားခဲ့ကြပါသည်။

ကျွန်တော်က ဘီအီးဘွဲ့ရ
ထားပေမယ့် ပခုက္ကူမြို့ပေါ်မှာပဲ
သူငယ်ချင်း ဘီအီးဘွဲ့ရတစ်ယောက်
နှင့် ကိုယ်ပိုင်ကျူရှင်တစ်ခု ဖွင့်ထား
ပြီး ကျွန်တော်ကိုယ်တိုင်လည်း
အင်္ဂလိပ်စာ ကျူရှင်ပြပါသည်။ ယခု
အစ်ကိုကြီးက သူ့ခြံထဲမှာ ပိုနေ
သော မြေနေရာများကို ကျူရှင်၊
ဒါမှမဟုတ် အဆောင်ဖွင့်နိုင်အောင်
သို့ လာရောက်စူးစမ်းစေခြင်းဖြစ်



ပါသည်။ သဇ္ဈာနှင့် ကြုံရမည်မှန်း
သိခဲ့ပါလျှင် အစောပိုင်းကတည်းက
လားရှိုးမြို့သို့ လာဖြစ်မည်လား
မပြောတတ်ပါချေ။

"အစ်ကို၊ အစ်မတွေက ယဉ်
ကျေးမှုပန်တျာကျောင်းဆင်းတွေဆို
တော့ ကျွန်မလည်း ပိုးဝင်ပြီး က
ခုန်ခဲ့တော့တာ၊ ကျောင်းကပွဲ၊
သကြန်ပွဲတော်နဲ့ တန်ဆောင်တိုင်
တေးသရုပ်ပွဲတွေလည်း မလွတ်
ဘူး၊ ဘာရယ်မဟုတ်ပါဘူး၊ ကရ
တာကို ပျော်နေတာ၊ နွေရာသီ
ကျောင်းပိတ်ရက်နဲ့ အစ်ကို၊ အစ်မ
တွေရဲ့ နွေကျောင်းပိတ်ရက် ဆုံလို့
ကတော့လေ ကျွန်မတို့မောင်နှမ
တွေက ရပ်ကျော်ရွာကျော်ပဲ၊ အစ်
ကိုကြီးတစ်ယောက်က ဆိုင်းပညာ
ရှင်ဆိုတော့ ပွဲပြတ်ရော"

ပြောရင်း သဇ္ဈာ တဟင်းဟင်း
ရယ်ပါတော့သည်။ သဇ္ဈာ့စကားကို
နားထောင်နေရင်းနှင့်ပင် ကျွန်တော့်
နားထဲ ရေကင်းသံ၊ အိုးစည်ဗုံးပတ်
သံများကို ကြားလာရသလိုပင်။
စွမ်းလိုက်တဲ့ သဘင်မော်ပါလား။

"အစ်မကြီးတွေ ပန်တျာ
ကျောင်းဆင်းပြီးတဲ့အခါ အနုပညာ
ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊
ကဇာတ်ဌာနခွဲကနေ အစမ်းခန့်ဝန်
ထမ်းတွေ ခေါ်တာနဲ့ ကြုံပါရော၊
အင်တာဗျူးဖြေရတဲ့အခါ အကပိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆယ့်ငါးမိနစ်ကို ဆိုင်းတီးလုံးနဲ့ ငါးယောက်တစ်တွဲ ကပြရတယ်၊ အဲဒါပြီးတော့ ရှေးရိုးသမားစဉ်ပေါ့၊ အဆို၊ အငို၊ အပြောကို ကိုယ့်မူပိုင်၊ ကိုယ့်ပိုင်ချင်းတွေနဲ့ အစွမ်းပြရတာ''

ရှေးရိုးသမားစဉ် ဆိုတော့ လင်းလင်း မျက်လုံးပြူးသွားပါ၏။

''သမားစဉ်ပြီးရင် ကိုယ်အပို တတ်ထားတဲ့ ပညာတစ်ခု ထပ်ပြိုင်ခွင့်ရှိတယ်၊ အစ်မကြီးက စောင်း တီးတတ်တော့ စောင်းတီးအတတ်ပညာ ဖျော်ဖြေထုတ်ဖော် ပြသခွင့်ရတယ်၊ ကျွန်မက အငယ်ဆုံးဆိုတော့ အစ်ကို၊ အစ်မတွေနောက်ကို ဖေဖေ၊ မေမေတို့နဲ့ အတူ လိုက် ပါနေခဲ့ရတော့ အဆို၊ အကတွေက တောက်လျှပြီ၊ ဟိုတုန်းက ရွှေပြည်သာ၊ လှိုင်သာယာနဲ့ ဒဂုံမြို့သစ် တောင်ပိုင်း၊ မြောက်ပိုင်းတွေကို တိုးချဲ့တူးဖော်နေချိန်ဆိုတော့ သွားလာရေး ခက်ခဲသေးတယ်လေ၊ ဟော.. နောက်တော့ယဉ်ကျေးမှုတက္ကသိုလ် ဖွင့်နိုင်ခဲ့ရော''

ကျွန်တော် ရန်ကုန်အိပ်မက်တွေ အခါခါ အလီလီ မက်ခဲ့ဖူးပါသည်။ အထက်တန်းကျောင်းသား ဘဝ ကျောင်းလေ့လာရေးခရီးစဉ်မှာ ရွှေတိဂုံဘုရား ဖူးမြော်ခွင့်ရခဲ့



တာ ယနေ့ထိတိုင် မမေ့နိုင်ပါသေး။

''ဘဝလက်တွဲဖော်အဖြစ် ရည်ရွယ်ခဲ့ရတဲ့ ကျောင်းသွားဖော်နဲ့ပတ် သက်မိကာမှ လောကဓံတရားဆိုတာ ဒါပါလားလို့ သိခဲ့ရတာပါပဲ၊ ဟိုတုန်းက ဒဂုံမြို့သစ်မှာနေတာဆို တော့လေ ယဉ်ကျေး မှုတက္ကသိုလ် ကြီးကိုကြည့်ပြီး စိတ်ကူးယဉ်လို့ ကောင်းခဲ့တာပေါ့ သူတို့အသိုင်းအဝိုင်းက ကျွန်မကို မကြည်ဖြူနိုင်ကြဘူးလေ၊ ကျွန်မတို့မိသားစုကို ဖက် ခွက်စားတွေ၊ ဈေး သည်အစ၊ ဖာတ သမအလယ်၊ --- အဆုံးဆိုပြီး ပြော ဆိုနှိမ့်ချခဲ့ကြတယ် ဆရာ''

သဏ္ဌာ ခေါင်းငုံ့ သွားခဲ့ပါသည်။ သဏ္ဌာ သိပ်ရှက်ခဲ့ရ မှာပေါ့။ ကျောင်းသွားဖော်ရဲ့အမည်ကို ကျွန်တော် မမေး ရက်ပါ။ အလိုက်သိစွာဖြင့် လင်းလင်းက တစ်ရှူး အနုစားလေး တစ် ထပ်ကို သဏ္ဌာ၏ လက်ထဲသို့ ထည့်ပေးလိုက်ပါသည်။ ငုံး၌၊ အသား တို့ဖြင့် ချက်ထားသော မြေအိုး ရှည်မှာ အရသာမရှိပါ လေတော့

''ဟိုတုန်းအခါက ကြ အကောင်းဆုံးမင်းသမီး ယူ ရွှေနှင်းဆီနဲ့ ဆောင်းမင်းသမီး ဝင်း



www.burmeseclassic.com

www.burmeseclassic.com



အေးတို့ထက်တောင်မှ ကျွန်မ
ကို ကြာကောင်းတယ်၊ ကြာစွမ်း
တယ်၊ ဒါကြောင့် သူတို့သားကို
ဆွယ်နိုင်ခဲ့တာလို့ ကိုယ်ကျင့်
ရားကို ထိပါးလာတော့ အစ်ကို
တွေက တုတ်ဆွဲ၊ ဓားဆွဲ ဖြစ်ကုန်
ရော၊ ဒါနဲ့ပဲ ကျွန်မတို့မိသားစု
တောင်ကနေ ရွှေပြည်သာဘက်
ကို ပြောင်းခဲ့ကြတယ်''

ကျွန်တော့်ရင်တွေ မွန်းကျပ်နေရပါတော့သည်။

''လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်
သောက်က အဖြစ်အပျက်ဆိုပေ
ယ့် မနေ့တစ်နေ့ကလိုပဲ ကျွန်မ
ဖြူစင်ခြင်းကို မှတ်ကျောက်တင်
ခဲ့ပါတယ်၊ အဲဒီတုန်းက ကျွန်မ
ဆယ်တန်းဆက်မဖြေဖြစ်တော့ဘဲ
စက်ချုပ်သင်ပြီး ဆိုင်လေးတစ်ဆိုင်
ဖွင့်ခဲ့တယ်၊ အစ်ကို၊ အစ်မတွေက
အိမ်ထောင်ကျကုန်ပြီး နောက်ပိုင်း
မေ၊ မေမေတို့နဲ့ နေထိုင်ရတဲ့
ဘဝမှာ ရွှေရောင်နေ့ရက်တွေလို့ပဲ
ထင်ခဲ့မိတာပေါ့၊ ဒါပေမဲ့.....''

ဘဝဆိုတာ အမြဲတမ်းမသာ
ယာနိုင်သလို အမြဲတမ်း မုန်တိုင်း
ထန်နေလိမ့်မယ်လို့ ဘယ်ရှိပါ့မလဲ
။

''ကားဝယ်ရောင်းလုပ်နေရင်း
အမှတ်မထင် ကျွန်မတို့လမ်း
ထိပ်ကို သူရောက်လာခဲ့တယ်

ဆယ့်ခြောက်နှစ် သောက်က
အဖြစ်အပျက်ဆိုပေမယ့်
မနေ့တစ်နေ့ကလိုပဲ ကျွန်မ
ရင်ဖြူစင်ခြင်းကို
မှတ်ကျောက်တင် ခဲ့ပါတယ်၊
အဲဒီတုန်းက
ကျွန်မ
ဆယ်တန်းဆက်မဖြေဖြစ်တော့ဘဲ
စက်ချုပ်သင်ပြီး
ဆိုင်လေးတစ်ဆိုင်....

ဆရာ၊ ဈေးကနေပြန်လာတဲ့ ကျွန်မ ကို သူပြန်မှတ်မိသွားတယ်၊ အသက်ပဲ သုံးဆယ်ကျော်ပြီ ဆရာရယ်၊ အခု သူ့မှာ သားသမီးတွေနဲ့၊ တရားဝင်ရှိနေသေးတဲ့ ဇနီးသည်နဲ့၊ အဲဒီလိုလူစားမျိုးကို ငယ်ငယ်က ကျောင်းသွားဖော်အဖြစ် ကျွန်မ ဘယ်လက်ခံရပါ့မလဲ၊ သူက ကျွန်မအိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ထွက်လာနေတော့ ကျွန်မ နောက်ထပ်တစ်ခါ အစော်ကားမခံချင်တော့ပါဘူး၊ ဒါကြောင့် ခုလိုလားရှိုးမှာ ကိုယ်သာလျှင် အရှင်ပဲဆိုတဲ့စိတ်နဲ့ မိဘတွေဆီက ခွင့်ပြုချက်ရယူပြီး တိတ်တဆိတ်လာနေရတာပါပဲ''

အချိန်အခါမဟုတ်ဘဲ မိုးသားမည်းမည်းကြီးတွေ တလိမ့်လိမ့်တက်လာတာများ ကျွန်တော့်အပြန်ခရီးကို လိုက်ပါပို့ဆောင်ပေးနေကြသည့်နှယ်။ မကြာခင် မိုးကောင်းကင်ကြီး ငိုပွဲဆင်တော့မည်ထင်ပါသည်။ ပြီးသွားလျှင်တော့ နောက်တစ်ခါ ပြန်လည်ကြည်လင် ပြုံးရွှင်လာပါလိမ့်ဦးမည်။

မြန်မာပြည်ရဲ့လေထုက သန့်ရှင်းစင်ကြယ်လို့သာ အပြာရောင်ကောင်းကင်ကြီးကို ပိုင်ဆိုင်ခွင့်ရတာမဟုတ်လားလေ။ အဲဒီကောင်းကင်ပြာပြာကြီးရဲ့အောက်ကလေကိုပဲ ပညာတတ်သူကော၊ မတတ်သူကော၊ ချမ်းသာသူကော၊ ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



သွားပါမကျန် ရာထူးစည်းစိမ် မရှိသူဖြစ်ဖြစ်၊ ရှိသူဖြစ်ဖြစ်။ နောက်ကျွန်တော်ကော၊ သဇ္ဈာကော အတူဘူ ရှူရှိုက်နေရတာ ဒီလေထုကိုပဲ မဟုတ်လား။

ဟော.....တွေးရင်းနှင့်ပင် မိုးနုနုလေးတွေ တဖွဲဖွဲကျလာလိုက်၊ လေထုထဲမှာပဲ ပျောက်သွားလိုက်။

"တီ.....တီ"

ကားဟွန်းသံကို ကြားလိုက်ရတော့ ကျွန်တော့်မှာ စိတ်မချမ်းသာ။

"ကဲ.....ဦးကိုကို ငယ်ရေ ကားဟွန်းသံ ပေးနေပါပြီ၊ တက်ပါတော့ရှင်၊ ပခုက္ကူပြန်ရောက်ရင် လူပျို ကြီးဖာ တာ ပါ၊ မပါ စစ်ကြည့်ပါဦး"

လင်းလင်းကို ကျွန်တော် လက်သီးဆုပ်ပြလိုက်ပြီး လားရှိုးကိုပြန် လာတော့မှ စာရင်းရှင်းမယ်ဆိုတော့ လင်းလင်းထွက်ပြေးပါတော့သည်။

"ဆရာ့အတွက် လက်ဆောင်ပါ"

သဇ္ဈာပေးသော Mp3 လေးကို မြတ်နိုးစွာဖြင့် ကျွန်တော် ချက်ချင်းနားကြပ်တပ်၍နားထောင်ရင်း ကား ပေါ်သို့ တက်လိုက်ပါသည်။ Mp3 မှ ထွက်ပေါ်လာသော သီချင်းသံလေးကြောင့် ကျွန်တော့်မှာ ဝမ်း



သာမျက်ရည်များနှင့်အတူ သဇ္ဈာ့ကို ကျေးဇူးတင်ကြောင်းပြောဖို့ လှည့်ကြည့်လိုက်ပါသည်။ သွားပြီလေ။ ကျွန်တော်နှင့် သဇ္ဈာ့ကြားမှာ ကား မှန်တစ်ချပ် ခြားခဲ့ပြီ။ ကျွန်တော့်ရင်ထဲ ဟာခနဲ။ ကားတံခါးပိတ်ပြီး ကားစက်လည်းနှိုးပြီမို့ ကျွန်တော် ဆင်းလို့မရတော့။

ပါးချိုင့်လေးခွက်အောင် ပြုံးပြရင်း လက်ပြနှုတ်ဆက် ကျန်ရစ်ခဲ့လေသော သဇ္ဈာ့ကို ကျွန်တော်ပြောချင်တဲ့စကားတွေမှအများကြီး။ သဇ္ဈာကရော ကျွန်တော့်ကိုပြောချင်တဲ့စကားတွေ ရှိမနေဘူးလား။ ကမ္ဘောဇသီချင်းကို သဇ္ဈာကိုယ်တိုင်ကကော မြတ်နိုးတာလား။ ကျွန်တော် ကမ္ဘောဇသီချင်းကို နှစ်သက်မှန်း လင်းလင်းကနေတစ်ဆင့် သဇ္ဈာသိသွားခဲ့ဟန်တူပါသည်။

လားရှိုးမြို့ကြီးကို ကျွန်တော် လွမ်းရပါဦးမည်။ မန်ဆူကားဝင်းကြီးထဲ လက်ပြနှုတ်ဆက်နေသော သဇ္ဈာနှင့် ကျွန်တော် ဝေး၍.....ဝေး၍.....ဝေး၍.....ပြန်ဆုံပါရစေဒုဌ ဝတီရယ်။

"သိန္နီနယ်.....လားရှိုးက ရွှေဖြိုး အုံ့ဆင်.....ခါမိုးဟုတ်မထင်.....ရွှာဖြိုးအုံ့ဆင်...ကမ္ဘောဇ ဂုဏ်မြတ်မဟီ..ဒုဌဝတီ..ရေသီတာ ...ယဉ်"

**နှင်းစက်** (လား...)



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# မျက်ကန်းမိုက်သွေး

အောင်ကျော်ဇော

"ဟော့...မင်းအိတ်ထဲမှာ ဘာပါလာသလဲ"

တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးဝင်းအတွင်း တပ်ဖွဲ့ဝင်များတပျော်တပါးဖြင့် အလုပ်လုပ်နေကြသည်။

မိုးတွင်းကာလဖြစ်၍ ချုံနွယ်များ ပေါက်နေသည်။

အလုပ်ကိုယ်စီရှိကြ၍ ရုံးတွင်းသန့်ရှင်းရေးကိုသာ လုပ်နိုင်ပြီး ရုံးဝင်းသန့်ရှင်းရေးကို မလုပ်နိုင်ကြပေ။ တနင်္ဂနွေနေ့ ရုံးပိတ်ရက်တွင် ရုံးဦးစီးအရာရှိက ဦးစီး၍ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းကြရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

မြက်တောများ၊ ချုံနွယ်များကြောင့် မြွေ၊ ကင်းများခိုအောင်းကြသည်။ ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်ရုံးဝင်းသန့်ရှင်းရေးကို ကိုယ်တိုင်လုပ်ကြခြင်းဖြစ်သည်။

နံနက် ၆ နာရီမှစ၍ အားလုံးစုပေါင်းလုပ်အားပေးကြသည်။

ရဲအုပ် ကြည်ခိုင်မှာ မြောက်ဒဂုံတွင် နေထိုင်သူဖြစ်သည်။ သူက လူပျိုကြီးဖြစ်၏။ မိဘနှစ်ပါးနှင့်အတူနေရသည်။ ညီနှင့်ညီမများက ပညာသင်ဆဲဖြစ်သည်။

လူပျိုဖြစ်ပါလျက် မိဘနှစ်ပါးကို လုပ်ကျွေးစောင့်ရှောက်နေရသူဖြစ်၍ ရုံးလုပ်ငန်းတွင် ချို့ယွင်းအား နည်းချက်များရှိတတ်သည်။ ရုံးသို့ လာရသည့်ခရီးမှာ အလွန်ဝေးကွာသည်။ ယာဉ်ကြောပိတ်ဆို့မှုကြောင့် ချိန်းဆိုသည့်အချိန်တွင်ရောက်ရန် မနည်းကြိုးစားရသည်။

ယနေ့ လုပ်အားပေးပွဲက နံနက် (၆)နာရီတွင် စတင်သည်။

ရဲအုပ် ကြည်ခိုင် ရောက်ရှိလာချိန်မှာ နာရီဝက်ကျော် နောက်ကျချိန်ဖြစ်နေသည်။ ရုံးဦးစီးက အပြေးအလွှားရောက်လာသော ရဲအုပ် ကြည်ခိုင်ကို အိတ်ထဲတွင်ဘာပါသလဲဟု လှမ်းမေးသည်။

ရဲအုပ် ကြည်ခိုင်၏အိတ်ထဲတွင် စာရွက်စာတမ်းမှလွဲ၍ ဘာမှမပါရှိ။ ရုံးဦးစီးအရာရှိ၏အမေးကြောင့် ရဲအုပ် ကြည်ခိုင်မှာ စာအံ့တသြဖြင့် ဇဝေဇဝါဖြစ်သွားသည်။

"အိတ်ထဲမှာ ဘာမှမပါဘူး ရဲမှူး"

ရုံးဦးစီးအရာရှိက ပြုံးလိုက်သည်။ သန့်ရှင်းရေးလုပ်နေသူအားလုံးကလည်း ပြုံးစိစိဖြင့် သူ့ကိုဝိုင်းကြည့်နေကြသည်။

"မင်း တကယ်ဘာမှမပါဘူးလား"

"ဟုတ်ပါတယ်"

"နှမ်းထုပ်ပါလာတယ်မဟုတ်လား"

ရဲအုပ် ကြည်ခိုင်အဖို့ ဒုတိယအကြိမ် အံ့အားသင့်ရပြန်သည်။

သူက မလှမ်းမကမ်းရှိ ကုံကော်ပင်အောက်သို့ လှမ်းကြည့်လိုက်၏။ ကုံကော်ပင်အောက်တွင်



www.burmeseclassic.com

www.burmeseclassic.com

ပလတ်စတစ်ဇလုံနှင့်ထည့်ထားသော ကောက်ညှင်းပေါင်းများကို တွေ့လိုက်ရသည်။ ရဲမေနှစ်ဦးက ရေနွေးကြမ်းအိုးများနှင့် လက်ဖက်ရည်ခွက်များကို နေသားတကျဖြစ်စေရန် ပြင်ဆင်နေသည်ကို တွေ့လိုက်ရ၏။

ကောက်ညှင်းပေါင်းအတွက် ဆားထောင်းနှမ်း လိုအပ်နေသည်ဟု ထင်သွားသည်။ သို့ဖြစ်၍ ရုံးဦးစီးအရာရှိက နှမ်းထောင်းရှာပေးရန် ဥပါယ်တံမျဉ်ဖြင့် ပြောနေခြင်းဟု အဓိပ္ပာယ်ဖော်လိုက်၏။

"ကျွန်တော် နှမ်းထောင်းလုပ်ပေးရမှာလား ရဲမှူး၊ ကျွန်တော့် စားပွဲအံဆွဲထဲမှာ အကြော်စုံနဲ့နှမ်းထုပ်ရှိတယ်၊ ဆားလည်းရှိတယ်၊ ကျွန်တော် နှမ်းထောင်းလုပ်ပေးရမလား"

"မင်းရဲ့နှမ်းထောင်းက ဘာလုပ်ရမှာလဲ"

"ကောက်ညှင်းပေါင်းနဲ့ စားလို့ရပါတယ် ရဲမှူး"

ရုံးဦးစီးအရာရှိနှင့် ရဲအုပ် ကြည်ခိုင်တို့၏ အပြန်အလှန်အမေးအဖြေကို ကျန်တပ်ဖွဲ့ဝင်အားလုံးက လှမ်းကြည့်နေကြ၏။

"ငါပြောတဲ့နှမ်းက အားလုံး အလုပ်ပြီးရင် မင်းအနေနဲ့ နှမ်းဖြူးပေးဖို့ ယူလာတာလားလို့ မေးတာ"

ရဲအုပ် ကြည်ခိုင်မှာ အံ့သြတကြီးဖြစ်ရင်း ရှက်သွားခဲ့ရ၏။

သူများတကာတွေ အလုပ်လုပ်ပြီးမှ နှမ်းဖြူးပြီး နာမည်ကောင်းယူတတ်သည့် အချောင်သမား၊ လက်ကြောမတင်းဘဲ နာမည်ကောင်းယူတတ်သူဟု ရည်ညွှန်းမှန်း သဘောပေါက်သွားသည်။

ရုံးဦးစီးအရာရှိမှာ ပြည်နယ်တစ်ခုမှ ပြောင်းလာသည်မှာ တစ်လပင် မပြည့်သေးပေ။ တပ်ဖွဲ့ဝင်အားလုံးနှင့် တရင်းတနှီးမရှိသေးပေ။ တပ်ဖွဲ့ဝင် တစ်ဦးချင်း၏ အခက်အခဲကိုလည်း သိသောသူမဟုတ်။

ကျန်တပ်ဖွဲ့ဝင်များက ရဲအုပ် ကြည်ခိုင်အကြောင်းကို ကောင်းကောင်းသိသည်။ ရုံးဦးစီးအရာရှိက ရဲအုပ် ကြည်ခိုင်သည် အချိန်ကို မလေးစားသူ၊ အလုပ်တာဝန်ပေါ့လျော့သူဟု ယူဆထားသည်။

ထိုသို့သော တစ်ဖက်သတ်အမြင်ဖြင့် ရဲအုပ် ကြည်ခိုင်အား ယဉ်ယဉ်ကျေးကျေးဖြင့် လူအများကြားတွင် နှိမ့်ချပြောဆိုခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းများဖြစ်စေ၊ တပ်မတော်သားဖြစ်စေ အားလုံးသည် လူသားများဖြစ်သည်။ လူသားတစ်ဦးချင်းစီ၏ မတူညီသော စိတ်နေသဘောထားများက ကိုယ်စီရှိကြသည်။

ခေါင်းဆောင်ကောင်းတိုင်း မိ
လက်အောက်ခံများ၏ ကိုယ်ရေ
အကျဉ်းကို သိထားရန် ကြိုးစား
သည်။ ထိုသို့သိရှိမှသာလျှင် တ
ဦးချင်း၏ စိတ်နေသဘောထား
အမူအကျင့်နှင့် အခက်အခဲရှိမှု
သိနိုင်သည်။

အခက်အခဲရှိမှုကို သိမှသာ
လျှင် ကိုယ်ချင်းစာစိတ်ဖြင့် စာ
နားလည်စွာ ခွင့်လွှတ်နိုင်သည်
သင့်တော်ရာတာဝန်ကို ပေးအ
ခြင်းဖြင့် လုပ်ငန်းတာဝန်ကို
မြောက်စေရန် စီစဉ်ပေးနိုင်သည်

ကျောက်တုံးတစ်တုံးကို
အများက ဝိုင်းဝန်းသယ်ယူ
ပြောင်းရာတွင် တစ်ဦးချင်း၏
ညီသော ခွန်အားများကို စုပေါ
အသုံးပြုရသည်။ အများ၏စုပေါ
အားသည် လုပ်ငန်းအောင်မြင်
အတွက် ခွန်အားဖြစ်သည်။ ထို
သော အင်အားများကို သူ့နေ
နှင့်သူ အသုံးတည့်စေရန် ခေါ
ဆောင်ဖြစ်သူက စဉ်းစားဆင်
ပြီး နေရာသတ်မှတ်ပေးရသ
သင့်လျော်သည့်တာဝန်ဖြင့်
မှန်းချက်ကို အကောင်အထည်
စေရသည်။

ရဲအုပ် ကြည်ခိုင်သည် မိ
စုအခက်အခဲကြောင့်
အလုအယက် အနိုင်

www.burmeseclassic.com



သည်။ မိသားစုကြောင့် ယနေ့တိုင် အိမ်ထောင်ပြုရန် စိတ်မဝင်စားနိုင်သူဖြစ်၏။

သို့သော် အလုပ်တာဝန်ကိုတော့ မဖြစ်မနေ တာဝန်ထမ်းဆောင်ရင်း ပြီးမြောက်စေသူဖြစ်သည်။ အပင်ပန်းခံနိုင်သည်၊ သတ္တိကောင်းသည်၊ အလုပ်တွင် ဖွဲ့ကြိုးသည်။ လုပ်ငန်းကျွမ်းကျင်မှုလည်း ရှိသည်။

ရဲအုပ် ကြည်ခိုင်နှင့် တရင်းတနှီးမရှိ၍ မိသားစု၏အခက်အခဲကို မသိရှိသည့် ရုံးဦးစီးက အမြင်စောင်းနေသည့်အတွက် ရဲအုပ်ကြည်ခိုင်မှာ စိတ်မကောင်းဖြစ်ရသည်။

ရဲအုပ် ကြည်ခိုင်က ဘာမှထပ်မပြောတော့။

လုပ်အားပေးခေတ္တနားပြီး ကောက်ညှင်းပေါင်းနှင့် လက်ဖက်ညည်တိုက်ချိန်တွင် သူက လုံးဝမစားမသောက်ခဲ့။ သူ၏နောက်ကျပျက်ကွက်ချိန်အတွက် အနားမယူဘဲ တစ်ဦးတည်း အလုပ်ဆက်လုပ်နေခဲ့သည်။

ခုတ်ထွင်ရှင်းလင်းပြီးသား မြက်ပင်၊ သစ်ကိုင်း၊ သစ်ရွက်များကို အမှိုက်စုပုံရာနေရာသို့ သယ်ပို့ရှင်းလင်းနေခဲ့သည်။

ရဲအုပ်ကြည်ခိုင် စိတ်မကောင်းဖြစ်သွားသည်ကို သတိထားမိသူများက ကောက်ညှင်းပေါင်းယူလာပြီးကျွေးသည်။

ရဲအုပ်ကြည်ခိုင်က လုံးဝမစားမသောက်ဘဲ အလုပ်ဆက်လုပ်နေခဲ့သည်။ ရုံးဦးစီးအရာရှိက ရဲအုပ်ကြည်ခိုင်ကို လှမ်းကြည့်ရင်း အကဲခတ်နေခဲ့သည်။ သူ့ကိုအရွဲ့တိုက်ပြီး အလုပ်လုပ်ပြနေသည်ဟု ထင်သွားခဲ့သည်။ ရဲအုပ်ကြည်ခိုင်ကို မျက်ထောင့်နီဖြင့် လှမ်းကြည့်နေခဲ့၏။

"ဒုရဲမှူးကျော်မင်းထွန်း ဘယ်မှာလဲ"

ဒုရဲမှူး ကျော်မင်းထွန်းသည် ဌာနစုမှူးဖြစ်သည်။ ရုံးဦးစီးသည် ဌာနခွဲမှူးဖြစ်၍ ဌာနစုမှူးထက် ရာထူးကြီးသူဖြစ်သည်။

ဒုရဲမှူး ကျော်မင်းထွန်းက ရုံးဦးစီးထံ အပြေးအလွှား သွားရောက်သတင်းပို့သည်။

"တို့ မနက် ၉ နာရီမှာ လုပ်အားပေးသိမ်းမယ်၊ အပြီးသတ်သန့်ရှင်းရေးလုပ်ပြီးမှ တန်းဖြုတ်ပါ"

"ဟုတ်ကဲ့ပါ ရဲမှူး"

"ဒီနေ့ည စီမံချက်ရှိတာ သိတယ်နော်"

"သိပါတယ် ရဲမှူး"

"စီမံချက်အတိုင်း ချက်ပွိုင့်စစ်ဆေးမှုနေရာတွေရှိမယ်၊ လှည့်ကင်းအဖွဲ့က ဝိုင်းပတ်ရှင်းလင်းမှုလုပ်ဖို့ရှိတယ်"

"ဟုတ်ကဲ့ပါ ရဲမှူး"

"ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း နယ်မြေရဲလှည့်ကင်းအဖွဲ့မှာ ရဲအုပ် ကြည်ခိုင်ကို အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးပါ"

"ရဲမှူး သူက နေ့ညအသင့်စောင့်တာဝန်ယူခဲ့ပြီးသူပါ၊ သူ့အလှည့်မဟုတ်ဘူး"

"ကျုပ်ကို ထပ်မမေးနဲ့၊ ဒီနေ့လုပ်အားပေးပွဲမှာ နာရီဝက်နောက်ကျပြီးမှ ရောက်လာတယ်၊ အဲဒီအတွက် ပြစ်ဒဏ်ပဲ၊ သူ့ကိုပဲတာဝန်ပေးပါ"

"သူက ဒဂုံမြောက်က လာရသူဖြစ်လို့ပါ"

"ခင်ဗျား ရှေ့နေမလုပ်နဲ့၊ လမ်းခရီးကို အချိန်ကြန့်ကြာမှာကို တွက်ပြီး အိမ်ကစောစောကြိုထွက်ရင် ဒီကိုအချိန်မီရောက်လာနိုင်တယ်၊ ဒါဟာ နောက်ကို နောက်မကျရဲအောင် အပြစ်နဲ့သတိပေးဆုံးမတာပဲ"

စောဒကတက်ခွင့်မရှိတော့။ လက်နက်ကိုင်တပ်ဖွဲ့တိုင်းတွင် တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဆိုသည်က ရှိပြီးဖြစ်သည်။ စောဒကတက်ခွင့်ပြုလျှင် အလုပ်တာဝန် လုံးဝပျက်ကွက်နိုင်သည်။ ထို့ကြောင့် အမိန့်နှင့် တာဝန်ပေးအပ်မှုကို ငြင်းခွင့်ပြုမထားပေ။

ဒုရဲမှူး ကျော်မင်းထွန်းက ရဲအုပ် ကြည်ခိုင်ကိုခေါ်ပြီး ညပိုင်း



www.burmeseclassic.com

www.burmeseclassic.com



လုညွှ်ကင်းတာဝန်ကျကြောင်း အသိပေးလိုက်သည်။

"တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်၊ ဗိုလ်ကြီးက ကျွန်တော့်ကို တစ်ခုကူညီပါ"

"ဘာများလဲ"

"ကျွန်တော့်အဖေက ကျန်းမာရေးမကောင်းလို့ အိပ်ရာထဲလဲနေတယ်၊ ဆရာဝန်ညွှန်ကြားတဲ့ဆေး တွေဝယ်ပြီး ညပိုင်းမှာတိုက်ရမှာ၊ ဒီတော့ အဲဒီဆေးတွေကို ကျွန်တော့်အဖေဆီ ပို့ပေးပါလား"

ဒုရဲမှူး ကျော်မင်းထွန်းမှာ စာနာစိတ်ဖြင့် စိတ်မကောင်းဖြစ်သွား ခဲ့ရသည်။

ဒဂုံ(တောင်)၊ ဒဂုံ(မြောက်)နှင့် သဃ်န်းကျွန်းဘက်သို့ လုညွှ်ကင်းထွက်မည့် လုညွှ်ကင်းကားနှင့်ထည့် ပေးလိုက်ရန်စဉ်းစားရင်း ပို့ပေးမည်ဟု ကတိပြုလိုက်၏။

"စိတ်ချ၊ ရောက်အောင်ပို့ပေးမယ်"

"ဗိုလ်ကြီး ညနေထမင်းစားပြီးချိန်မှာ သောက်ရမယ့်ဆေးနဲ့ လိမ်းဆေးတွေပါတယ်"

ဒုရဲမှူး ကျော်မင်းထွန်းက ချက်ချင်းစဉ်းစားသည်။

"မပူနဲ့ဗျာ၊ ဒီနေ့ ဒုရဲအုပ်ကျော်လင်းဦး နားတဲ့နေ့ပဲ၊ ခင်ဗျားဆေးဝယ်ပြီး ကျွန်တော့်ဆီလာပို့၊ ဒုရဲအုပ်ကျော်လင်းဦးကို ပို့ခိုင်းမယ်၊ နောက်ပိုင်းကို စိတ်မချမဖြစ်နဲ့"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး၊ ညပိုင်း အဖေအမေတို့အတွက် အရေးပေါ်လိုအပ်ချက်ရှိလာရင် ဗိုလ်ကြီးပဲ စီစဉ်တာဝန်ယူပေးပါ"

"ကောင်းပြီ၊ ဒဂုံ(မြောက်)မြို့



နယ်မှူးဆီ ကျွန်တော် ကြိုတင်ဖုန်းဆက်ပြီး အကူအညီတောင်းပေးမယ်၊ ခင်ဗျားသာ တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်ပါ"

"စိတ်ချပါ ဗိုလ်ကြီး"

♛♛♛♛

ည

(၁၀)နာရီကျော်အချိန်.....

ရဲအုပ် ကြည်ခိုင်တို့ စီးနင်းလိုက်ပါလာသော ရဲလုညွှ်ကာ
ကားသည် ကမာရွတ်မြို့နယ်
ဘုရင့်နောင်လမ်းအတိုင်း ဦးတည်
၍ လှိုင်မြို့နယ်ဘက်သို့ မော
နှင်လျက်ရှိသည်။

ရန်ကုန်မြို့၏ ည (၁၀)နာ
ကျော်အချိန်မှာ အသွားအလာ စ
ကားမှုမရှိသော်လည်း သွားလာ
ကြဆဲဖြစ်သည်။ လက်ဖ
ရည်ဆိုင်များ၊ စားသောက်ဆိုင်
ဖွင့်ထားဆဲ၊ ရောင်းကောင်းနေ

လူငယ်လူရွယ်အများစု
လမ်းမပေါ်၌ ရှိနေတတ်ကြသ
သောက်စားမူးယစ် ရမ်းကားသူ
ရှိတတ်သည်။ မဖြစ်မနေ အ
ဖြင့် သွားလာနေကြသူများ သ
လာမြဲအချိန်ဖြစ်၏။

ချစ်သူစုံတွဲတို့ အိမ်ပြန်
မိဘမျက်ကွယ်၌ ချိန်းဆိုတွေ့ဆုံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ လမ်း၌ အသွားအလာ ရှိနေသော်လည်း လူသူပြတ်လပ်သည့်နေရာများလည်းရှိသည်။

ရဲလှည့်ကင်းအဖွဲ့က နယ်မြေစိုးမိုးရေးတာဝန်ကို အထူးသတိထားပြီး တရားဥပဒေစိုးမိုးရေးအတွက် ဂရုတစိုက် ဆောင်ရွက်ခဲ့သည်။

ရဲအုပ် ကြည်နိုင်က ယာဉ်မောင်းအား ခပ်မှန်မှန်မောင်းခိုင်းသည်။ ညအချိန်တွင် ပိုက်ဆံရှိသားသမီးများ၊ ဂုဏ်သရေရှိ သားသမီးများက ကားကိုယ်စီဖြင့် အုပ်စုဖွဲ့၍ ထွက်လည်ကြသည်၊ စားသောက်ပျော်ပါးကြသည်။

ညဉ့်ငှက်များကလည်းအမှောင်ကိုအားကိုး၍ ညမွှေးပန်းအဖြစ် ဈေးကွက်ရှာကြသည်။ ညမွှေးပန်းကိုမှ ရူးရိုက်ပြီး ဘဝအပျော်ရှာလိုသူတွေကလည်း အခြေအနေစောင့်ကြည့်ပြီး လှုပ်ရှားနေကြသည်။

ထို့အပြင် အမှောင်ကိုအားကိုးပြီး လှုပ်ရှားကြမည့် ဒုစရိုက်သမားတို့ကို ရဲလှည့်ကင်းအဖွဲ့က စောင့်ကြည့်အကဲခတ်ပြီး မှုခင်းကြိုတင်ကာကွယ်ရေးအတွက် တားဆီးဖယ်ရှားပေးနေရသည်။

ပြိုင်ကားများ၏ ရမ်းကားမှုများကလည်း ရှိသေးသည်။ ငွေရှိလျှင် ဘာမဆိုလုပ်၍ရသည်ဟူသော လူတန်းစားများကို ရဲတပ်ဖွဲ့က သတိထားကိုင်တွယ်ရ၏။ ပြည်သူကို အနှောင့်အယှက်မဖြစ်စေရန် အကာအကွယ်ပေးနေရသည်။

"ဆရာ ဟိုရှေ့မှာ လူတစ်စုက မိန်းကလေးနောက်ကို ပြေးလိုက်နေတယ်"

ယာဉ်မောင်းက ကားမီးရောင်အောက်မှ ထူးခြားမြင်ကွင်းကိုကြည့်၍ သတင်းပို့လိုက်သည်။

ရဲအုပ် ကြည်နိုင်က လှမ်းကြည့်သည်။

ရှေ့မှ အားကုန်ထွက်ပြေးနေသူမှာ မိန်းကလေးဖြစ်သည်။

**ပြေးနေသော မိန်းကလေးက အပြေးမရပ်။ ရဲတပ်ဖွဲ့ဝင်များကို ကျော်ပတ်ရှောင်ပြီး ပြေးသည်။ ရဲတပ် ဖွဲ့ဝင်သုံးဦးက နောက်မှဝိုင်းလိုက် ရင်း.....**

အဝေးမှလှမ်းမြင်ရသည့်တိုင် အရွယ်ကောင်းသည့် မိန်းကလေးမှန်း သိသာလှသည်။ နောက်မှပြေးလိုက်လာသူ အမျိုးသားများမှာ ဆယ်ယောက်ခန့်ရှိ၏။

မိန်းကလေးက အပြေးမြန်သည်။

လက်ထဲတွင် အထုပ်တစ်ထုပ်နှင့် ဒေါက်မြင့်ဖိနပ်ကို ကိုင်ဆွဲထားသည်။

ယောကျ်ားသားများပင်လိုက်မမီအောင် အပြေးမြန်လှ၏။

"ဟေ့.....ရပ်လိုက်"

ရဲလှည့်ကင်းကားက မိန်းကလေး၏ရှေ့၊ ပလက်ဖောင်းအနီးကပ်၍ရပ်လိုက်သည်။ ရဲတပ်ဖွဲ့ဝင်များက ကားပေါ်မှပြေးဆင်းပြီး တားဆီးသည်။

ပြေးနေသောမိန်းကလေးက အပြေးမရပ်။ ရဲတပ်ဖွဲ့ဝင်များကို ကျော်ပတ်ရှောင်ပြီးပြေးသည်။ ရဲတပ်ဖွဲ့ဝင်သုံးဦးက နောက်မှဝိုင်းလိုက်ရင်း ပိတ်ဆို့ဖမ်းဆီးလိုက်သည်။

မိန်းကလေးမို့ မထိရဲမကိုင်ရဲ၍ မဖြစ်တော့။

ပြဿနာကို ဖြေရှင်းပေးရန် အရေးကြီးသည်။ ရဲတပ်ဖွဲ့ဝင်သုံးဦးက မိန်းမလှကလေးကို လက်ဆွဲဆက်ချိတ်၍ ဝိုင်းကာထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူဆူညံညံအသံများကြောင့် အနီးအနားရှိအိမ်များမှ ယောကျ်ား၊ မိန်းမတို့ ထွက်ကြည့်ကြသည်။ ရဲ တပ်ကြပ်ကြီးတစ်ဦးက အနီးရှိ အမျိုးသမီးကြီးနှစ်ဦးကို အကူအညီ တောင်းခံပြီး ထွက်ပြေးလာသူမိန်း ကလေးကို ဆုပ်ကိုင်ဖမ်းဆီးထား စေခဲ့သည်။

ထိုအချိန်၌ပင် ရဲအုပ် ကြည် နိုင်က မိန်းကလေးနောက်သို့ပြေး လိုက်လာသော အမျိုးသားအုပ်စု ကိုရှေ့မှကြိုတား၍ ရပ်တန့်စေ လိုက်၏။

"ခင်ဗျားတို့ ဘာဖြစ်လာကြ တာလဲ၊ ဘာအကူအညီပေး ရမလဲ"

လူအုပ်ကြီးက ပြေးလာနေ သော ခြေလှမ်းများကို ရပ်တန့် လိုက်ကြသည်။

ရှေ့ဆုံးမှ ဦးဆောင်ပြေးလိုက် လာသူက အဖြေပေးခဲ့၏။

"ဆိုင်ထဲက ဆလင်းဘက်ခ် အိတ် ဝင်ဆွဲသွားလို့"

"ခင်ဗျားတို့က ဘာရောင်းတဲ့ ဆိုင်လဲ"

"အသုပ်စုံရောင်းတဲ့ဆိုင်ပါ"

"ဆလင်းဘက်ခ်အိတ်က ဘယ်မှာထားလို့လဲ"

"ဆိုင်ပေါ်မှာတင်ထားတာပါ"

"အထဲမှာ ဘာတွေပါသလဲ"

"ဈေးရောင်းချိန်မှာ မိန်းမက ချိတ်ပြီး ဆလင်းဘက်ခ်အိတ်ထဲမှာ ထည့်ထားတဲ့ လက်ကောက်ခြောက် ကွင်း၊ လက်စွပ်သုံးကွင်း၊ ဟန်း ချိန်းတစ်ခုပါတယ်၊ နောက် အသင့် ဆောင်ထားတဲ့ ကျပ် ငါးရာတန် နှစ်အုပ်နဲ့ ကျပ်တစ်ထောင်တန် တစ်အုပ်ပါတယ်"

"ဒါဖြင့် စုစုပေါင်း ငွေကျပ် နှစ်သိန်းပေါ့"

"ဟုတ်လိမ့်မယ်ထင်တယ်"

"အသေအချာမသိဘူးလား"

"ကျွန်တော့်မိန်းမပဲ သိလိမ့် မယ်"

"ကောင်းပြီ၊ ခင်ဗျားတို့ ဘာ မှ စိတ်လိုက်မာန်ပါမလုပ်ဘဲ ကျွန် တော်နဲ့အတူ လိုက်ခဲ့ပါ"

ရဲအုပ် ကြည်နိုင်က ဖမ်းဆီး ထားသော အမျိုးသမီးရှိရာသို့ လိုက်ဖမ်းနေသည့် အမျိုးသားတစ် စုကို တစ်ပါတည်းခေါ်သွားသည်။

ဖမ်းဆီးထားသူမိန်းကလေးကို ရပ်ကွက်လူထုအကူအညီဖြင့် ရပ် ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ် သွားခဲ့ကြသည်။ ရပ်ကွက်နေ အမျိုးသမီးနှစ်ဦးက ဖမ်းဆီးထား သူ အမျိုးသမီးကို လက်တွဲ၍ ကူ ညီခေါ်ဆောင်ခဲ့ကြသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထဲ တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက အသင့်ရှိနေကြသည်။ ရဲအုပ် ကြည် နိုင်က ပြေးလိုက်လာသူတစ်စုကို ရပ်ကွက်ရုံးအပြင်၌ပင် စောင့်နိုင်း ထားပြီး ဦးစွာပထမမေးသည်။

"ခိုးသွားတဲ့ ဆလင်းဘက်ခ် အိတ်က ဘာအရောင်လဲ"

"အညိုရောင်ပါ"

"အထဲမှာ ဘာတွေပါသလဲ ဆိုတာ အနီးအနားမှာရှိတဲ့လူတွေ ကြားသိအောင် ထပ်ပြောပါ"

"လက်ကောက်ခြောက်ကွင်း လက်စွပ်သုံးကွင်း၊ ဟန်းချိန်းနဲ့ ကျပ် ငါးရာတန်နှစ်အုပ်၊ ကျပ်တစ်ထောင် တန် တစ်အုပ်ပါတယ်"

"တခြားဘာများပါသေးလဲ"

"မိန်းမမှတ်ထားတဲ့ အကြွေး စာရင်းစာအုပ် ရှိပါသေးတယ်"

ထိုအချိန်၌ ရာအိမ်မှူးတစ်ဦး အနားရောက်လာသည်။ ရဲအုပ် ကြည်နိုင်က ပစ္စည်းစာရင်းကို ထပ် ပြောခိုင်းပြီး စာရွက်တစ်ရွက်ဖြင့် မှတ်သားခိုင်းသည်။

"ကောင်းပြီ၊ ပစ္စည်းပိုင်ရှင်နဲ့ အဖော်နှစ်ယောက်ပဲ ရပ်ကွက်ရုံးထဲ လိုက်ခဲ့ပါ၊ ကျန်တဲ့လူတွေကအပြင် မှာပဲ စောင့်နေပါ"

ရဲအုပ် ကြည်နိုင်က ပစ္စည်း ပိုင်ရှင်ကို အထဲသို့ခေါ်သွားသည်။

လမ်း၌တွေ့ရှိ၍ ဖမ်းမိထားသူ မိန်းကလေးမှာ ရပ်ကွက်အုပ်ချုပ် ရေးမှူးစားပွဲရှေ့ရှိ ထိုင်ခုံတွင်ထိုင် နေသည်။ အားလုံးက မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com

ကို စိတ်ဝင်တစား ဝိုင်းကြည့်နေကြသည်။

ရဲအုပ် ကြည်ခိုင်က ရဲတပ်ဖွဲ့ဝင်များကို မသက်ဆိုင်သူများအထဲသို့ မဝင်လာစေရန် အပေါက်ဝ၌ တာဝန်ချထားသည်။

ရဲအုပ် ကြည်ခိုင်က မိန်းကလေးကို ကြည့်လိုက်သည်။

အသက် (၂၅)နှစ်ဝန်းကျင်သာရှိနိုင်မည်။ အသားက ဖြူဖွေးနေသည်။ ဆံပင်က ခေတ်မီပုံစံကုပ်ဝဲ အဖျားကောက်ဖြစ်သည်။ ဆံပင်ကို ဆေးဆိုးထားခြင်းမရှိ။ နှာတံစင်းသည်။ နှုတ်ခမ်းပါးသည်။ မျက်ခုံးက ထူနက်သည်။ အကျီက ခိုစိမ်းရောင်။ မည်သို့ကြည့်ကြည့် မိန်းမလှဟု သတ်မှတ်နိုင်သည်။

မိန်းကလေးလက်ထဲမှဆလင်းဘက်ခ်အိတ်ကို ကြည့်လိုက်၏။

စွပ်စွဲသူများပြောသလို အညိုရောင်ဖြစ်သည်။

ဆလင်းဘက်ခ်အိတ်၏အမျိုးအစားမှာ YSS ဖြစ်သည်။ ကာလတန်ကြေး ကျပ်တစ်သိန်းခွဲနှင့် အထက်ရှိသည်။

"ငါ့ညီမ နာမည်ပြောပါဦး"

"နန်းချိုအေးပါ"

"ရှမ်းတိုင်းရင်းသားလား"

"မဟုတ်ပါဘူး၊ ကျွန်မကိုမွေးတော့ အသားက ဖွေးနေလို့ဆိုပြီး အဖေနဲ့အမေက နန်းချိုအေးလို့ အမည်ပေးထားတာ"

"နယ်နဲ့နန်းလား၊ မသတ်နဲ့ နမ်းလား"

"နန်းဆန်အောင် နယ်နဲ့ပဲ နန်းတာပါ"



"ကောင်းပါပြီ၊ ညီမလေးက ဘယ်မှာနေတာလဲ"

ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကြားဝင်၍ နေရပ်ကိုမေးခဲ့၏။

"ရွှေမြေနင်းမြီး ရွှေရည်သောက်ကာ ရွှေမြေပေါ်မှာပေါက်တဲ့ အသီးအနှံတွေစားရတဲ့ မြို့နယ်က ရွာကလေးတစ်ရွာကပါ"

မိန်းကလေးက ပဟေဠိတွေ လုပ်နေပြန်၍ ကြားရသူတိုင်း စိတ်ဝင်စားသွားကြသည်။ ရဲအုပ် ကြည်ခိုင်က ချက်ချင်းသဘောပေါက်သွား၏။

"ငါ့ညီမက ရွှေကျင်သူပေါ့"

နန်းချိုအေးက အံ့အားသင့်စွာမော့ကြည့်ရင်း ခေါင်းညိတ်ပြသည်။

"အစ်ကိုက ရွှေကျင်မြို့ကိုသိလို့လား"

"အစ်ကိုက ရွှေကျင်မြို့သားလေ"

"ရွှေကျင်မြို့သားဖြစ်တဲ့ အစ်ကိုက ဘာကြောင့် အသားညိုတာလဲ"

"ညိုချောစာရင်းဝင်ဖြစ်လို့ပေါ့"

ရဲအုပ် ကြည်ခိုင်က အရွှန်းဖောက်ပြီး မိန်းကလေး၏ကြောက် စိတ်ကို ပြေအောင်လုပ်လိုက်၏။ ရဲအုပ် ကြည်ခိုင်ကိုကြည့်ရင်း အားလုံးက ပြုံးမိကြသည်။ လူတိုင်း၏ ဒေါသများ၊ သံသယမျက်လုံးများသည် အရောင်ပြောင်းကုန်တော့သည်။

"ဒီဆလင်းဘက်ခ်အိတ်က ညီမအပိုင်လား"

"ဟုတ်ပါတယ်"

"အထဲမှာ ဘာပါသလဲ"

"ငွေကျပ်ငါးသောင်းရယ်၊ ဆယ်တန်းအောင်မှတ်စာရင်း ဘွဲ့ရလက်မှတ်မိတ္တူရယ် မှတ်စု

www.burmeseclassic.com



စာအုပ်နဲ့ ဘောလ်ပင်ပဲပါတယ်"

ရဲအုပ် ကြည်ခိုင်က ရပ်ကွက်အုပ်ချုပ်ရေးမှူးအား နန်းချိုအေး ပြောပြသည့် စာရင်းများကို မှတ်သားစေခဲ့သည်။

"စောစောက ပစ္စည်းပိုင်ရှင်ပါလို့ပြောတဲ့သူ ရှေ့တိုးပါ"

ရဲအုပ် ကြည်ခိုင်က ပစ္စည်းပိုင်ရှင်ဆိုသူကို ရှေ့သို့တိုးခိုင်းလိုက်သည်။

"ရာအိမ်မှူးကြီး စောစောက ခင်ဗျားမှတ်ထားတဲ့ ပစ္စည်းပိုင်ရှင်ဆိုသူပြောပြတဲ့ စာရင်းစာရွက်ကို အုပ်ချုပ်ရေးမှူးဆီ အပ်လိုက်ပါ"

အုပ်ချုပ်ရေးမှူးက အပ်နှံသော စာရင်းစာရွက်ကိုယူ၍ မှတ်သားရင်း သူ့ရှေ့တွင် စာအုပ်တစ်အုပ်အောက်၌ ထားလိုက်၏။

"ကဲ.....ရပ်ကွက်အုပ်ချုပ်ရေးမှူးကိုယ်တိုင် နန်းချိုအေးဆီက ဆလင်းဘက်ခ်အိတ်ကိုယူပြီး ဖွင့်ကြည့်စစ်ဆေးပေးပါ"



ရပ်ကွက်အုပ်ချုပ်ရေးမှူးက မိန်းကလေးကို ကိုယ်တိုင် ဆလင်းဘက်ခ်အိတ်ဖွင့်ခိုင်းသည်။

အမျိုးသမီးသက်သေတစ်ဦးကိုဆလင်းဘက်ခ်အိတ်ထဲမှပစ္စည်းများကို ထုတ်ယူစစ်ဆေးစေခဲ့၏။

နန်းချိုအေး ပြောပြသည့်အတိုင်း ငွေစက္ကူရောရာ ကျပ်ငါး သောင်း၊ ဆယ်တန်းအမှတ်စာရင်းစာရွက် တစ်ရွက်၊ ဘွဲ့လက်မှတ် မိတ္တူ တစ်စောင်၊ မှတ်စုစာအုပ်နှင့် ဘောလ်ပင်တစ်ချောင်းသာ ရှာဖွေတွေ့ရှိသည်။

ရဲအုပ် ကြည်ခိုင်က ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ပစ္စည်းလုယက်ကြောင်း စွပ်စွဲပြီး လိုက်ဖမ်းသူအမျိုးသားနှင့် အဖော်ကို ထိန်းထားခိုင်းလိုက်၏။

"မနန်းချိုအေး ဘာဖြစ်လာသလဲဆိုတာ ရှင်းပြပါ"

"ကျွန်မ ဘုရင့်နောင်ဈေးက လာတာပါ၊ လာရတဲ့အကြောင်းအရင်းက ကျွန်မတို့မြို့က ရှောက်သီးဒိုင်ပိုင်ရှင်ဆီကိုပါ၊ သူ့အဆက်အသွယ်နဲ့ ကုမ္ပဏီမှာ အလုပ်လျှောက်ထားတဲ့ကိစ္စ လာပြောတာပါ"

"ဟုတ်ပြီ၊ ဘာဖြစ်လို့မိုးချုပ်နေရတာလဲ"

"ကျွန်မက ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားလမ်းမှာရှိတဲ့ ရွှေကျိုက် ဓမ္မာရုံမှာ တည်းတာပါ၊ ဒိုင်ပိုင်ရှင်က ထမင်းဆိုင်မှာ ထမင်းကျွေးပြီး ဧည့်ခံနေတာနဲ့ အချိန်နောက်ကျသွားရတာပါ"

"ဟုတ်ပြီ၊ အခု လူတွေလိုက်ဖမ်းတော့ ဘာကြောင့်ပြေးရတာလဲ"

"ကျွန်မက တက္ကစီနဲ့ပြန်ဖို့ ကားထွက်စောင့်ရင်း လိုက်လာတယ်၊ တက္ကစီသမားက ပြဿနာဖြစ်တဲ့နေရာက



www.burmeseclassic.com

www.burmeseclassic.com



ဘေး စားသောက်ဆိုင်ထဲ ခဏဝင်မယ်ဆိုပြီး ကားကိုရပ်လိုက်တယ်"

"ဟုတ်ပြီ၊ နောက်ဘာဖြစ်သလဲ"

"ကားထဲထိုင်စောင့်နေတုန်း အမျိုးသားနှစ်ယောက် ရောက်လာတယ်၊ တည်းခိုခန်းလိုက်ခဲ့ပါ၊ ဘယ် ဈေးလဲလို့မေးလို့ ကျွန်မက ပါး လှမ်းရိုက်တယ်၊ ကျွန်မကို အတင်းဆွဲလို့ ထွက်ပြေးခဲ့တာပါ၊ သူတို့က သူခိုးလို့အော်ပြီးနောက်ကနေ လိုက်လာကြတာပါ"

ရဲအုပ် ကြည်ခိုင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြသည်။အဓိပ္ပာယ်ကို ကောင်းစွာနားလည်လိုက်၍ ဖြစ်သည်။

ချက်ချင်းပင် ပစ္စည်းပိုင်ရှင်ဟု ပြောခဲ့သူနှင့် အဖော်များကို ရပ်ကွက်ရုံးထဲသို့ ခေါ်လိုက်သည်။

ရဲအုပ် ကြည်ခိုင်က ၎င်းတို့၏ ခန္ဓာကိုယ်အား သက်သေများနှင့် စစ်ဆေးရှာဖွေစေသည်။

ပစ္စည်းပိုင်ရှင်ဟု ပြောသူထံမှ ယာဉ်မောင်းလိုင်စင်နှင့် ငွေကျပ်သုံးသောင်းကို ရှာဖွေတွေ့ရှိသည်။

နောက်နှစ်ဦးအား မစစ်ဆေးရသေးမီ ရပ်ကွက်ထဲမှလူအချို့က မခံမရပ်နိုင်ဖြစ်ပြီး ရပ်ကွက်ရုံးကို ဝိုင်းထားသည်။

"အဲဒီကောင်တွေက ခေါင်းတွေပါ၊ မြန်မာလူမျိုးအချင်းချင်း မိုက်ရိုင်းလွန်းတယ်၊ ဒီကောင်တွေကို မှတ်ကောက်သားလောက်အောင် လုပ်ပြမယ်တယ်"

ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲအုပ် ကြည်ခိုင်တို့အဖွဲ့က ရပ်ကွက်လူထုကို ကျေနပ်အောင်တောင်းပန်ရသည်။ ဥပဒေအရ အရေးယူပေးပါမည်ဟုပြောဆိုပြီး ချက်ချင်းအဖမ်းပြုရသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဘုရင့်နောင်နယ်မြေရဲစခန်း စခန်းမှူးထံ ဆက်သွယ်သည်။ ချက်ချင်းပင် ရောက်ရှိလာသည်။ မတရားအမှုဆင်ပြီး မိန်းကလေးအား မစားရသည့်အမဲ သဲဖြင့်ပက်ခဲ့ကြသူများကို ဖမ်းလိုက်ကြ၏။

ရဲအုပ် ကြည်ခိုင်က ကွပ်ကဲမှုတိုင်းတာဝန်မှူးကြီးထံ စက်ဖြင့်ဆက်သွယ်ပြီး သတင်းပို့လိုက်၏။ ညွှန်ကြားချက်အရ ရဲအုပ် ကြည်ခိုင်တို့၏ ရဲလှည့်ကင်းကားဖြင့် နန်းချိုအေးကို ရွှေကျင်ဓမ္မာရုံသို့လိုက်ပို့ပေးခဲ့ကြသည်။

ရွှေကျင်ဓာတ်ချင်းဖြစ်၍ နန်းချိုအေးနှင့် ရဲအုပ် ကြည်ခိုင်တို့မှာ အချိန်တိုအတွင်း ရင်းနှီးသွားခဲ့ကြသည်။

♛♛♛♛♛

"ကျွန်မ ဆရာဦးဘကောင်းနဲ့ တွေ့ချင်လို့ပါ"

ကုမ္ပဏီရုံးခန်းအစောင့်ကို ကုမ္ပဏီပိုင်ရှင်နှင့် တွေ့ခွင့်တောင်းသည်။ ကုမ္ပဏီရုံးခန်းအစောင့်က တွေ့ခွင့်တောင်းသူ မိန်းကလေးကို ခြေမှခေါင်းအထိ အကဲခတ်သည်။

"ဘာကိစ္စရှိလို့လဲ"

"တွေ့စရာရှိလို့ပါ"

"ခင်ဗျားလို တွေ့ခွင့်တောင်းသူတွေ အများကြီးပဲ၊ ခင်ဗျားနဲ့ ဘာပတ်သက်သလဲ"

"အဲဒါက ကျွန်မကိစ္စပါ"

"မှန်တယ်၊ ကျွန်တော်က ကုမ္ပဏီပိုင်ရှင်ရဲ့ လုံခြုံရေးကို တာဝန်ယူရတဲ့သူမို့ မေးတာပါ"

"ကျွန်မက မိန်းမသားပါ၊ ကျွန်မမှာ ဘာလက်နက်မှမပါဘူး"

"ဒါတော့ဒါပေါ့ဗျာ၊ လူမှုရေးကိစ္စဖြစ်နေရင် ဆရာက တွေ့ချင်မှန်းမသိ၊ မတွေ့ချင်မှန်းမသိလို့ပါ"

မိန်းကလေးမှာ မျက်နှာပေါ်တွင် ရဲခနဲဖြစ်သွားခဲ့၏။ မျက်လုံးများလည်း အရောင်တောက်လာခဲ့သည်။

"ရှင်က ကျွန်မကို ဘယ်လိုထင်လို့လဲ"

"ရန်ကုန်မှာ အဲဒီလိုမေးတဲ့ မိန်းကလေးတွေ အများကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်စကားချက်ချင်းရပ်လိုက်စမ်း"

မိန်းကလေးက ဒေါသတကြီးဖြင့် လှမ်းအော်လိုက်၏။

ထိုအချိန် အမျိုးသမီးကြီးတစ်ဦး အနီးသို့ရောက်လာသည်။ လက်ထဲတွင် ဖိုင်တွဲများလည်းပါလာသည်။

"မမက ဒီကုမ္ပဏီရဲ့အထွေထွေမန်နေဂျာပါ၊ ညီမက ဘယ်သူလဲ၊ ဘယ်သူနဲ့တွေ့ချင်တာလဲ"

"ညီမနာမည် ကျော့ရှင်းမေပါ၊ ဖေဖေက စာပေးခိုင်းလိုက်လို့လာပေးတာပါ"

"ညီမက ဘယ်ကလာရတာလဲ"

"ပြင်ဦးလွင်မြို့၊ နန်းမြိုင်ရပ်ကွက်ကပါ"

"ဟုတ်လား၊ နန်းမြိုင်မှာ မမတို့ ဟိုတယ်လုပ်ငန်း လုပ်ကိုင်ခဲ့ဖူးတယ်၊ ဘယ်သူ့သမီးလဲ"

"ဆရာဦးအောင်တင်ရဲ့သမီးပါ"

"ဩော်.....ကျောင်းအုပ်ဆရာကြီး ဦးအောင်တင်ရဲ့သမီးကိုး"

"ဟုတ်ပါတယ်ရှင့်"

"ဟုတ်ပြီ၊ မမနဲ့ အထဲကိုလိုက်ခဲ့၊ ဦးဘကောင်းဆိုတာ မမရဲ့အစ်ကိုပါ"

အထွေထွေမန်နေဂျာ ဒေါ်တင်တင်မြင့်က မိန်းကလေးကို ကုမ္ပဏီပိုင်ရှင်ရုံးခန်းထဲသို့ တစ်ပါတည်း ခေါ်သွားခဲ့သည်။

ကုမ္ပဏီပိုင်ရှင် ဦးဘကောင်းမှာ နဖူးပြောင်ပြောင်၊ မျက်ခုံးထူထူ၊ အသားဖြူသည့် လူခံ့တစ်ဦးဖြစ်သည်။

ညီမဖြစ်သူနှင့် အတူဝင်လာသူ မိန်းကလေးကို လှမ်းကြည့်ရင်း လုပ်လက်စအလုပ်ကို ရပ်ထားလိုက်၏။

"ကိုကို သူ့နာမည်က ကျော့ရှင်းမေတဲ့"

"ဟုတ်ပြီ၊ ညီမလေးနဲ့ပတ်သက်နေသူလား"

"မဟုတ်ဘူး၊ ကိုကိုနဲ့ပတ်သက်သူပါ"

"ဟေ.....ဘာကိစ္စတဲ့လဲ"

ဦးဘကောင်းက သူ့ညီမကို မေးရင်း ကျော့ရှင်းမေဆီလှမ်းကြည့်လိုက်၏။

"ကျွန်မက ပြင်ဦးလွင်မြို့က ကျောင်းအုပ်ဆရာကြီး ဦးအောင်တင်ရဲ့သမီးပါ ဘဘ"

"ဟုတ်လား၊ ဒီကောင်ကြီး နေကောင်းရဲ့လား"

"ဖေဖေဆုံးပြီရှင့်"

ဦးဘကောင်းမှာ အံ့အားသင့်ရင်း စိတ်မကောင်းသည့်မျက်နှာဖြင့် ကျော့ရှင်းမေကို လှမ်းကြည့်လိုက်သည်။

"ဖေဖေက မသေမီ စာတစ် စောင်ပေးထားခဲ့ပါတယ်"

"ဟုတ်လား၊ သူက ဘာရော ဂါနဲ့ ဆုံးတာလဲ"

"သွေးတိုးရောဂါကြောင့် ရုတ် တရက်ဆုံးတာပါ"

"အေး..ဘဘတို့က အသက် ကြီးလာပြီဆိုတော့ သေခြင်းတရား က ကြုံချင်တဲ့အချိန် ကြုံမှာပဲ၊ သူ နဲ့ဘဘက မန္တလေးတက္ကသိုလ်မှာ အတူတူတက်ခဲ့တဲ့ သူငယ်ချင်းတွေ ကွဲ့"

"ဟုတ်ကဲ့ပါရှင်"

"အခု သမီးက ဘယ်သူနဲ့နေ တာလဲ"

"မေမေက ဖေဖေ့ထက်တ နှစ်စောပြီး ဆုံးသွားပါတယ်၊ သ က အခုတော့ ခိုကိုးရာမဲ့ပေါ့ရှင်"

"ဟုတ်လား"

ဦးဘကောင်းက သက်ပြင်း ကို မှုတ်ထုတ်ရင်း ကျော့ရှင်းမေ လှမ်းကြည့်ပြန်သည်။

"ဘဘလည်း ဇနီးဖြစ်သူ တာ ငါးနှစ်လောက်ရှိပြီ၊ အခုည လေးနဲ့အတူ အလုပ်လုပ်နေတာ

ကျော့ရှင်းမေကို စူးစိုက်ကြ ပြီး ဦးဘကောင်းက အထီးကျ ဘဝဆိုသည်ကို ကြေညာလိုက်

ဦးဘကောင်း၏ညီမ ဒေါ် တင်မြင့်က သူမ၏အစ်ကိုဖြစ်သူ မျက်စောင်းခဲ၍ ကြည့်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

“သမီးက ဦးအောင်တင်ရဲ့ သမီးဆိုတော့ ဘာအထောက်အထားပါသလဲ”

“ပါပါတယ်ရှင့်”

ကျော့ရှင်းမေက မိသားစုတွဲရိုက်ထားသော ဓာတ်ပုံ၊ သန်းခေါင်စာရင်းနှင့် သူမ၏ဖခင်က ရေးပေး ထားသောစာကို ထုတ်ပြလိုက်သည်။

ဦးဘကောင်းက စာကိုယူဖတ်သည်။

စာက အင်္ဂလိပ်လိုရေးထားသည်။ သူတို့သူငယ်ချင်းအချင်းချင်း ဆက်သွယ်သည့်အခါတိုင်း သင်္ကေတအဖြစ် အင်္ဂလိပ်လိုပဲရေးလေ့ရှိသည်။

စာကိုဖတ်ပြီးသည်နှင့် ဦးဘ ကောင်းက သူ၏ညီမဆီသို့ လှမ်းပေးလိုက်သည်။ ညီမဖြစ်သူက ဖတ်ကြည့်ပြီး ကျော့ရှင်းမေဘက်လှည့် ကြည့်လိုက်၏။

“သမီးက ဘယ်နတန်းအထိ ပညာသင်ဖူးသလဲ”

“သမီး ဆယ်တန်းအောင်ခဲ့ပါတယ်”

“ကဲ.....ကိုကို့သဘောပြောလေ”


ဒေါ်တင်တင်မြင့်က သူမ၏ အစ်ကိုကို မေးလိုက်၏။

ကျော့ရှင်းမေကို မြင်ကတည်းက အနားခေါ်ထားချင်သော ဦးဘကောင်းက စကားကို လှပအောင် ပြောလိုက်၏။

“အချစ်ဆုံးသူငယ်ချင်းရဲ့ သမီးပဲ၊ စောင့်ရှောက်ရမှာပေါ့”

“ဘယ်လိုတာဝန်ပေးမလဲ”

“ငါ့ရုံးခန်းမှာပဲ ခေါ်ထားမယ်လေ”



“ကိုကို့ရုံးခန်းက ခိုင်းစရာ ယောကျ်ားလေးတွေအများကြီးပဲ၊ ညီမလေးနဲ့အတူခေါ်ထားမယ်”

“ဖြစ်ပါ့မလား”

“ကျွန်မအနားမှာထားတာက သူ့အတွက် ပိုပြီးလုံခြုံတယ်”

ဦးဘကောင်းမှာ ညီမဖြစ်သူကို ဘာမှပြန်မပြောဝံ့တော့။

“အေးလေ၊ညီမလေးသဘောပဲ”

“သူ့ကို ဘယ်လိုရာထူးနဲ့ခန့်မလဲ”

“ကိုကို့ရဲ့ အတွင်းရေးမှူးအနေနဲ့ ခန့်ပေါ့”

“မခန့်နိုင်ဘူး၊ ညီမရဲ့ရုံးမှာ စာရင်းထိန်းအနေနဲ့ခန့်မယ်”

“သူနေဖို့ကော”

“ညီမလေးဆီမှာ ခေါ်ထားမယ်”

ဦးဘကောင်းမှာ သူလိုလားသလို ဖြစ်မလာ၍ ကျော့ရှင်းမေဘက် လှမ်းကြည့်ရင်း သက်ပြင်းပူကို မှုတ်ထုတ်လိုက်၏။

ဒေါ်တင်တင်မြင့်က ကျော့ရှင်းမေကို ဦးဘကောင်း အခန်းထဲတွင် မထားခဲ့ဘဲ သူမနှင့် တစ်ပါတည်း ခေါ်သွားခဲ့၏။

ညီမနှင့်အတူထွက်သွားသော ကျော့ရှင်းမေကို နောက်ကျောဘက်မှ အာသာငမ်းငမ်းဖြင့် လှမ်းကြည့်နေခဲ့သည့် ဦးဘကောင်းမှာ အကြောင်းသိသော ညီမဖြစ်သူ၏ ဆတ်ခနဲ သမင်လည်ပြန်လှည့်ကြည့်မှုကြောင့် ရှက်ရှက်ဖြင့် မျက်နှာကို အောက်သို့ငုံ့လိုက်ရတော့သည်။

**ရှေ့လဆက်ဖတ်ပါ။**

**စာပေသစ္စာမြိုင်**

**အောင်ကျော်ဇော**

www.burmeseclassic.com



# ငွေချေးပြီး မင်္ဂလာဆောင်မယ့်အမျိုးသား ကံစမ်းမဲ ရွှေတစ်ကီလိုဂရမ်ပေါက်လို့ အပျော်ဆုံးအချိန်ဖြစ်ခဲ့ရမှု

ဒူဘိုင်းနိုင်ငံရှိ စျေးရောင်းပွဲတော်တစ်ခုတွင် ဒူဘိုင်းစိန်ရွှေရတနာအဖွဲ့အစည်း (DGJG) မှ မဲဖောက်ပေးသော ကံစမ်းမဲဖောက်ပွဲတွင် ဒူဘိုင်းငွေကြေး (၁၄၅၀၀၀) တန်ဖိုးရှိ ရွှေတစ်ကီလိုဂရမ်ကို အိန္ဒိယအမျိုးသားတစ်ဦးက ဆွတ်ခူးရရှိခဲ့သည်။

ထိုအမျိုးသားသည် ကံစမ်းမဲပေါက်ကာ ရရှိခဲ့သည့် ရွှေကို ရောင်းချ၍ မကြာမီကျင်းပမည့်၎င်း၏ မင်္ဂလာပွဲအတွက် ချေးယူထားသော ငွေများကို ပြန်ဆပ်ကာ မိသားစုကိုလည်း ငွေကြေးအချို့ ထောက်ပံ့မည်ဖြစ်ကြောင်း၊ ငယ်စဉ်က ငွေကြေးချို့တဲ့၍ အတန်းပညာမသင်ကြားနိုင်ခဲ့သောကြောင့် ယခုအခါ ရွှေရောင်းချငွေဖြင့် ပညာသင်ယူလိုသော ကလေးငယ်များကို ထောက်ပံ့သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းသည် သတို့သမီးအတွက် ဒူဘိုင်းစိန်ရွှေရတနာအဖွဲ့အစည်းမှ လက်ဝတ်ရတနာအချို့ကို ဝယ်ယူခဲ့ရာမှ အဆိုပါကံစမ်းမဲကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

**ဆောင်းဟေမန်**

Ref:International News

17-1-2014



www.burmeseclassic.com

www.burmeseclassic.com



# အိမ်အကူကို နှိပ်စက်သည့် အမျိုးသမီးအား ဟောင်ကောင်ရဲတပ်ဖွဲ့မှ ဖမ်းဆီး

အင်ဒိုနီးရှားမှ လာရောက်အလုပ်လုပ်ကိုင်သော အိမ်အကူကို ညှဉ်းပန်းနှိပ်စက်သည့် အသက် (၄၄)နှစ်အရွယ် 'လော်ဝင်တွန်'အား ညှဉ်းပန်းနှိပ်စက်မှု၊ ရာဇဝတ်မှုများဖြင့် ဟောင်ကောင်ရဲတပ်ဖွဲ့က ဖမ်းဆီးကာ စွဲချက်တင်ခဲ့သည်။



လော်ဝင်တွန်သည် အင်ဒိုနီးရှားမှ အိမ်အကူကို ရိုက်နှက်နှိပ်စက်ခဲ့သကဲ့သို့ ယခင်က ဟောင်ကောင်မှ အိမ်အကူနှစ်ဦးကိုလည်း ညှဉ်းပန်းနှိပ်စက်ခဲ့ဖူးကြောင်း ရဲများက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားအိမ်အကူမှာ ဟောင်ကောင်တွင် အလုပ်လာလုပ်သည်မှာ ရှစ်လမျှသာ ရှိသေးကြောင်း၊ ယခုအခါ အင်ဒိုနီးရှားသို့ ပြန်သွားကြောင်း၊ သူမ၏ မျက်နှာတွင် ဒဏ်ရာအများအပြားကို တွေ့ရပြီး ခြေလက်တို့တွင် အညိုအမည်းစွဲနေသော အကွက်များကို တွေ့မြင်ရသည်ဟု ရဲတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

**ဆောင်းဟေမန်**

Ref: International News

25-1-2014



www.burmeseclassic.com

www.burmeseclassic.com



# သရဲခြောက်သောအိမ်

အမေရိကန်ပြည်ထောင်စု၊ အင်ဒီယားနားပြည်နယ်၊ Gary မြို့မှ အိမ်တစ်အိမ်တွင် ကလေးများဖြစ်သော အသက် ၈ နှစ်၊ ၉ နှစ်နှင့် ၁၂နှစ်အရွယ် ကလေးသုံးဦးနှင့် မိခင်ဖြစ်သူတို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ညအခါတွင် မြေအောက်ခန်းမှ အသံမျိုးစုံကြားရကာ အမြဲလိုလို သရဲအခြောက်ခံနေရသည်။

ထိုအိမ်ကို စုန်းတစ္ဆေပေါင်း အကောင် ၂၀၀ နှင့် ပြုစားထားသည်ဟုသိရပြီး ညတိုင်းအခြောက်ခံရသည့်အတွက် ဖျားနာသွားသော ကလေးများကိုပြုစုရန် သူနာပြုတစ်ယောက်ကို ခေါ်ထားခဲ့ရသည်။

သူနာပြုသည် မိမိကိုယ်တိုင်ပြုစုသည့်ကလေးမှာ နံရံပေါ်တွင် နောက်ပြန်လျှောက်နေသည်ကို မြင်ခဲ့ရပြီး ထိတ်လန့်သွားခဲ့သည်။ ရဲများကလည်း နေ့ဘက်တွင်သာလာရဲကြသည်။ ညဘက်အိမ်ထဲသို့ မဝင်ရဲကြပေ။ ယခုအခါ ထိုအိမ်သည် အမေရိကန်တွင် သရဲခြောက်သောအိမ်အဖြစ် နာမည်ကြီးလျက်ရှိသည်။ ကလေးမိခင်က လည်း ကက်သလစ်ဘုန်းကြီးတ ပါးကိုယ်တိုင် ကုသမှုပြုလုပ် သည်။


မည်သူမျှမဝင်ရဲသည့်အိမ် အပြင်မှ ဓာတ်ပုံရိုက်ခဲ့ရာ ယခု တွေ့ရသည့်ပုံအတိုင်း ထွက်လ ခဲ့သည်။

**ဆောင်းဟေ**

Ref: Internet Ne

10-1-20







www.burmeseclassic.com

www.burmeseclassic.com



# ရင်သားကြီးချင်သောအမျိုးသမီးတစ်ဦး၏ဖြစ်ရပ်

အယ်လီဇဘက်ဆိုသူ အမျိုးသမီးကြီးတစ်ဦးသည် သူမ၏ မူလ ရင်သားဆိုဒ်မှာ ၃၂လက်မ ရှိသော်လည်း မကျေနပ်နိုင်သေးဘဲ ပိုလီ ဖရိုမီလင်းစထရင်းဆိုသောနည်းဖြင့် ရင်သားကြီးထွားအောင်လုပ်ရာမှ သူမ၏ရင်သားမှာ တစ်နေ့ တခြား ကြီးထွားလာကာ မရှုနိုင်မကယ်နိုင်ဘဝသို့ ရောက်ခဲ့ရ၏။



လွန်ခဲ့သော ၁၅နှစ်က ပေါင် ၃၀၀၀ အကုန်အကျခံကာ ရင်သားထဲသို့ Synthetic String ကို ထည့်ခဲ့သည်။ ရက်အနည်းငယ်အကြာတွင် နေထိုင်ရအဆင်မပြေသဖြင့် ပြန်ထုတ်ခဲ့ရသည်။ သို့သော် ယာဘက်ရင်သားထဲမှ Stringကိုသာ ပြန်ထုတ်၍ရကာ ဝဲဘက်ရင်သားမှ String ကို ပြန်ထုတ်၍မရခဲ့ပေ။ ဝဲဘက်ရင်သားမှ String က သူမရင်သားနှစ်ဖက်စလုံးဆီသို့ အရည်များကို ထုတ်ပေးနေသောကြောင့် သူမ၏ရင်သားမှာ ကြီးထွားလာကာ မည်သည့်အချိန်တွင် ပေါက်ကွဲထွက်မည်နည်းဟု စိုးရိမ်နေရသည်။

ခွဲစိတ်ကုသမှုပေါင်း ၆၃ ကြိမ်ခန့် လုပ်ဆောင်ခဲ့ပြီး ယခုအခါ ခွဲစိတ်ကုသမှုဒဏ်ကို မခံနိုင်တော့ဟု ပြောကြားခဲ့သည်။

**ဆောင်းဟေမန်**

Ref:International News

-3-2-2014



www.burmeseclassic.com

www.burmeseclassic.com





# မြစ်အတွင်း ကားထိုးကျခဲ့သော်လည်း အသက်ဘေးမှလွတ်မြောက်ခဲ့သူ လူငယ်နှစ်ဦး

အော်ရီဂွန်မြို့ရှိ ရေစီးသန်သော မိုလာလာမြစ်အတွင်းသို့ အသက် (၂၂)နှစ်အရွယ် ဂိုလင်နီနှင့် အသက် (၂၃)နှစ်အရွယ် ဒန်နေတို့ မောင်းနှင်လာသောကားသည် ရေကာတာအစွန်းမှ ပေ (၃၀)အနက်သို့ ထိုးကျသွားခဲ့ပြီးနောက်ထပ် (၁၅)ပေအနက်သို့ ထပ်မံထိုးကျခဲ့သော်လည်း ကံကောင်းထောက်မစွာ အသက်မသေဆုံးခဲ့ပေ။

မြစ်ထဲသို့ ကားထိုးကျပြီးနောက် ၎င်းတို့၏ကားနောက်တွင်ပါလာသော အခြားကားပေါ်မှ လူများသည် အကူအညီပေးရန် အခြားကားများကိုလည်း အကူအညီ တောင်းခံခဲ့ကြသည်။ ကယ်ဆယ်ရေးအဖွဲ့ ၆ ဖွဲ့မှ လူ ၃၅ ယောက်သည် ထိုလူငယ်နှစ်ဦး... ကယ်ဆယ်နိုင်ခဲ့ကြသည်။ ... မှောက်မှုမှာ အရက်သေ... သောက်သုံး၍ မောင်းနှင်မှုကြော... ဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြော... ခဲ့သည်။

**ဆောင်းဇော...**

Ref: Internation...

2-2-...



www.burmeseclassic.com

www.burmeseclassic.com



# ပြုတ်ကျပြီး သတိမေ့နေတဲ့ကလေးငယ်ကို မျောက်ဝံမက ကယ်တင်ပေးခဲ့မှု


အမေရိကန်ပြည်ထောင်စု၊ ချီကာဂိုပြည်နယ်ရှိ တိရစ္ဆာန်ရုံတစ်ခုတွင် မျောက်ဝံများထားရှိရာ လှောင်အိမ်ထဲသို့ ၃နှစ်သား ကလေးငယ်တစ်ဦး ပြုတ်ကျပြီး သတိလစ်သွားခဲ့သည်။ ထိုအချိန် Binti Juaဟု အမည်ပေးထားသော မျောက်ဝံမတစ်ကောင်ရောက်လာပြီး ကယ်ဆယ်ရေးသမားများ အလွယ်တကူ သယ်ယူနိုင်ရန် ကလေးငယ်ကို လှောင်အိမ်အပေါက်ဝသို့ ရွှေ့ထားပေးခဲ့သည်။

မျောက်ဝံမကြီးက လှောင်အိမ်အတွင်းကျသွားသော ကလေးငယ်ကို ရန်လို ရန်ပြုမည်ဟု လူအများက ထိတ်လန့်စွာ ကြည့်ရှု အော်ဟစ်နေသော်လည်း မျောက်ဝံမကြီးက ကလေးငယ်ကို သူ၏ ကလေးကဲ့သို့ ကြင်နာစွာပွေ့၍ ကယ်ဆယ်နိုင်ခဲ့သည်။

**ဆောင်းဟေမန်**

Ref: International News

12-2-2014





www.burmeseclassic.com

www.burmeseclassic.com



# အလှပြင်ဆိုင်အမည်ခံ အနှိပ်ခန်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်တွင် အလှပြင်ဆိုင်အမည်ခံ၍ အနှိပ်ခန်းပြုလုပ်နေ ကြောင်း သတင်းရရှိ၍ ပူးပေါင်းအဖွဲ့မှ ဝင်ရောက်ရှာဖွေခဲ့ရာ ဆိုင်မန်နေဂျာနှင့် အနှိပ်သမ ငါးဦးတို့အား သက်သေခံပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ ၉-၂-၂၀၁၄ ရက်နေ့၊ မွန်းလွဲ ၂ နာရီ ၃မိနစ်အချိန်က စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ မ/စ ၇ ရှိ အလှပြင်ဆိုင်တွင် အလှပြင်ဆိုင်အမည်ခံ၍ အနှိပ်ခန်းပြုလုပ်နေကြောင်း သတင်းရရှိခဲ့သဖြင့် စမ်းချောင်းမြို့နယ် ယာယီမြို့နယ်မှူး ဒုရဲမှူးသိန်းအေး၊ ရဲအုပ်သိန်းစိုး၊ နယ်ထိန်းအရာရှိတို့ပါဝင်သော ပူးပေါင်းအဖွဲ့မှ သက်သေများနှင့်အတူ ရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေခဲ့ရာ ဆိုင်မန်နေဂျာ မိုးကျော် (၂၁နှစ်)၊ မ/၄၅၀၊ ဦးအောင်ဇေယျ (၁)လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်နေသူနှင့် အနှိပ်သမ ငါးဦးတို့အား အနှိပ်ခန်း၌အလုပ်လုပ်နေစဉ် တွေ့ရှိရပြီး အနှိပ်ခန်းပြုလုပ်ရာတွင် အသုံးပြုသော မွေ့ရာ ငါးခု၊ ခေါင်းအုံး ငါးလုံး၊ တိုင်ကပ်နာရီ တစ်လုံး၊ အနှိပ်ခန်းပြုလုပ်ရာမှ ရရှိငွေကျပ် (၂၂၀၀၀)တို့အား သိမ်းဆည်းရရှိခဲ့သည်ဆို၏။

ဖြစ်စဉ်မှ အနှိပ်ခန်းဖမ်းဆီးရ မိမှုအား ပြစ်မှုပုဒ်မ ၁၈၈ဖြင့် အရေးယူဆောင်ရွက်နိုင်ရေးအတွက် စမ်းချောင်းမြို့နယ်၊ အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနသို့တင်ပြ၍ တရားရုံးသို့ ဦးတိုက်လျှောက်ထားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



# ဒုက္ခိတဘဝနဲ့ အရက်သောက်နေသူ ရုတ်တရက် အရက်ဖြတ်လိုက်ချိန်မှာ ဓာတ်လိုက်သေဆုံးသွားတဲ့ ဖြစ်ရပ်ဆန်းတစ်ခု

ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့နယ်တွင် လွန်ခဲ့သော နှစ်နှစ်ခန့်က မိုင်းထိပြီး ယာမျက်လုံးမမြင်၍ ဆေးခွင့်ဖြင့် ဖခင်ဖြစ်သူ၏နေအိမ်၌ ရောက်ရှိနေသူမှာ အရက်သေစာ သောက်စားရာမှ ရုတ်တရက် ဖြတ်လိုက်သဖြင့် စိတ်ကယောင်ချောက်ချားဖြစ်ကာ ထရန်စဖော်မာအား ကာရံထားသည့် ခြံအတွင်း ဝင်ရောက်ခဲ့မှုကြောင့် ဓာတ်လိုက်သေဆုံးမှုဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

BURMESE CLASSIC .com

ဖြစ်စဉ်မှာ ၁၃-၂-၂၀၁၄ ရက်နေ့၊ နံနက် ၆ နာရီခွဲအချိန်ခန့်က မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ နွယ်ခွေကျေးရွာ၊ ဗိုလ်ဗထူးလမ်းဘေးရှိ ကျေးရွာသို့ လျှပ်စစ်မီးပေးသော နွယ်ခွေထရန်စဖော်မာအိုးသစ်ဟုခေါ်သည့် KVA-315 ပို့အားရှိ ထရန်စဖော်မာအား ကာရံထားသည့် ခြံအတွင်း လူတစ်ဦး ဓာတ်လိုက်၍သေဆုံးနေကြောင်း ထောက်ကြန့်နယ်မြေရဲစခန်းမှ သတင်းရရှိခဲ့သည် ဆို၏။

သတင်းအရ ထောက်ကြန့်နယ်မြေရဲစခန်းမှ ရဲအုပ် ဋ္ဌေးဝင်းက နွယ်ခွေကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထွန်း၊ ရာအိမ်မှူး ဦးစိုးအောင်၊ မင်္ဂလာဒုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဒုလက်ထောက်အင်ဂျင်နီယာ ဦးစန်းမင်းထွန်းတို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ တပ်ကြပ်ကြီး အောင်ရဲထွန်း၊ (၃၃နှစ်)၊ အမှတ် --စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း၊ မင်္ဂလာဒုံမြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။

၎င်း၏ ဝဲ/ယာ လက်နှစ်ဖက်တွင် ဓာတ်လိုက်မီးလောင်ကျွမ်းရာများ၊ ယာမျက်ခုံး ပွန်းပဲ့ဒဏ်ရာများဖြင့် ထရန်စဖော်မာအိုးဘေးတွင် ပက်လက်လန်လဲကျ၍ ဓာတ်လိုက်မှုကြောင့် သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရသည်။

၎င်းမှာ လွန်ခဲ့သော နှစ်နှစ်ခန့်က မိုင်းထိပြီး ယာမျက်လုံးမမြင်၍ ဆေးခွင့်ဖြင့် ဖခင်ဖြစ်သူ၏နေအိမ်တွင် ရောက်ရှိနေထိုင်စဉ် အရက်အလွန်အကျွံသောက်ကာ ရုတ်တရက် အရက်ဖြတ်လိုက်မှုကြောင့် စိတ်ကယောင်ချောက်ချားဖြစ်ပြီး ၁၃-၂-၂၀၁၄ ရက်နေ့၊ နံနက် ၄ နာရီအချိန် နေအိမ်မှထွက်ခွာသွားပြီးနောက် ယခုကဲ့သို့ သေဆုံးနေခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

ထရန်စဖော်မာအိုး ကာရံထားသည့် အုတ်နံရံနှင့် သံဆန်ခါတို့မှာ ငါးပေကျော်ခန့်သာရှိပြီး ကျော်တက် ဝင်ရောက်နိုင်သည့် အနေအထားဖြစ်သဖြင့် ဝင်ရောက်ခဲ့ရာမှ သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ အလောင်းအား မင်္ဂလာဒုံမြို့နယ်၊ တပ်မတော် ခုတင် (၁၀၀) ဆေးရုံသို့ ပို့အပ်ခဲ့သည်။

ရဲအုပ်ဋ္ဌေးဝင်းက တရားလိုပြုလုပ်တိုင်တန်းခဲ့၍ ထောက်ကြန့်နယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၅/၂၀၁၄ ဖြင့် အမှုဖွင့်ပြီး အမှုစစ်/တရားလိုက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



# တာဝန်ထမ်းဆောင်နေသူကို ဆိုင်ကယ်က ပွတ်တိုက်ပြီး ထွက်ပြေးသွားခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်တွင် ၁၃-၂-၂၀၁၄ရက်နေ့ ည ၁၁ နာရီ ၄၅ မိနစ်အချိန်ခန့်က ဒေါပုံမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးမြင့်လွင်နှင့်အဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးလှထွန်းအဖွဲ့နှင့် ဝါဆိုရပ်ကွက်မှ အုပ်ချုပ်ရေးအဖွဲ့ဝင်ငါးဦးတို့သည် ဒေါပုံမြို့ နယ်၊ သာကေတ တံတားအဆင်း၊ ဝါဆိုမှတ်တိုင်အနီး၌ ယာဉ်စစ်ဆေးရေးတာဝန် ဆောင်ရွက်ခဲ့ကြစဉ် ဆိုင်ကယ်တစ်စီးက ရပ်မပေးဘဲ တိုက်ပြေးခဲ့၍ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပူးပေါင်းအဖွဲ့တို့ ယာဉ်စစ်ဆေးရေးဆောင်ရွက်နေစဉ် ဒေါပုံမြို့နယ်၊ ယမုံနာလမ်းမကြီးအတိုင်း အနောက်မှအရှေ့သို့ ယာဉ်မောင်းလှဌေး (၄၂နှစ်)၊ လုံခြုံရေးဝန်ထမ်း၊ အဆောင်(၄၀)၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေသူ မောင်းနှင်လာသော ဆိုင်ကယ်အား စစ်ဆေးရေးအဖွဲ့မှ ရပ် တန့်ပေးရန်တားစဉ် မရပ်ဘဲမောင်းနှင်ထွက်ပြေးသွားခဲ့သည်ဆို၏။

၎င်းမောင်းနှင်သော ဆိုင်ကယ်မှာ နံပါတ်မရှိ၊ DAYANG-110 အမျိုးအစား အနက်ရောင် ဆိုင်ကယ်ဖြစ်ပြီး ဆိုင်ကယ်၏နောက်တွင် မနော်ဆွေအောင် (၂၅နှစ်)၊ တိုက် ၃၈၊ နတ်မောက်တိုက်၊ လမ်း ၃၀အပေါ်၊ ပန်းဘဲတန်းမြို့နယ်နေသူအား တင်ဆောင်၍ မောင်းနှင်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

BURMESE CLASSIC

၎င်းမောင်းနှင်ထွက်ပြေးစဉ် ရဲဒုတပ်ကြပ် စိုင်းမောင်မောင်၏အင်္ကျီနှင့်ငြိကာ ဆိုင်ကယ်မှာ တိမ်းမှောက်၍ လဲကျသွားသဖြင့် ဒုတပ်ကြပ် စိုင်းမောင်မောင်မှာ ယာတံတောင် ပွန်း၊ ယာ ခါးဆစ်ပွန်း၊ ယာလက် ဖနောင့်ပေါက်ပြဲ၊ ဝဲလက်ဖနောင့် ပေါက်ပြဲ၊ ဝဲဒူး၊ ပေါင်၊ ဝဲခြေခုံပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ပြီး ဆိုင်ကယ် မောင်းနှင်သူ လှဌေးတွင် ဝဲမျက်ခုံး ပေါက်ပြဲဒဏ်ရာတစ်ချက်တို့ ရရှိခဲ့သဖြင့် ရဲဆေးစာနှင့်အတူ ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ခဲ့သည်။

အဆိုပါဖြစ်ရပ်အား ဒုရဲမှူးလှထွန်းက တရားလိုပြုလုပ်တိုင်ကြားသဖြင့် ဒေါပုံမြို့မရဲစခန်းက ယာဉ် (ပ)၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၇၉/ ၃၃၂/၃၃၇ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် ရဲအုပ်ရဲမျိုးသန့်က ပြစ်မှုကျူးလွန်သူအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com

# အသက်မပြည့်သူကို ခိုးယူပေါင်းသင်းလို့ အရေးယူခံရမှု

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်တွင် မိဘအုပ်ထိန်းမှုအောက်ရှိ အရွယ်မရောက်သေးသူ မိန်းမပျိုတစ်ဦးအား ဖြားယောင်းသွေးဆောင်၍ ခိုးယူပေါင်းသင်းခဲ့သည့် အမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၅-၂-၂၀၁၄ ရက်နေ့၊ ည ၈နာရီအချိန်ခန့်တွင် ဒေါ်---(၆၁နှစ်)၊ သီရိမြိုင် (--)လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ် နေသူ၏ မြေးဖြစ်သူ မ--(၁၅နှစ်)မှာ ဖိနပ်သွားဝယ်မည်ဟု ပြောဆိုထွက်သွားရာမှည ၁၀ နာရီအချိန်ထိ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်းမရှိခဲ့ကြောင်း သိရှိခဲ့ရသည်။

အဘိုးအဘွားများက မြေးဖြစ်သူအား လိုက်လံစုံစမ်းခဲ့ရာ ၎င်း၏ရည်းစားဖြစ်သူ အောင်လွင် (ခ) စိုးလင်းဖြိုး (၁၉ နှစ်)၊ (--)ဘီယာဆိုင် စားပွဲထိုး၊ အမှတ် ၆၊ စံရိပ်ငြိမ် (၆)လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေသူက ခိုးယူခေါ်ဆောင်သွားခဲ့ကြောင်းသိရှိခဲ့ရသည်ဆို၏။

ထပ်မံစုံစမ်းခဲ့ရာ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းဆုံအနီးရှိ အောင်လွင် (ခ) စိုးလင်းဖြိုး၏ အစ်မဖြစ်သူနေအိမ်၌ နေထိုင်နေကြောင်း သိရှိခဲ့ရသည်။

ဒေါ်--က တရားလိုပြုလုပ်တိုင်ကြားခဲ့၍ လှိုင်မြို့မရဲစခန်း (ပ)၆၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၆၃ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ် စိန်ကိုကိုက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

BURMESE CLASSIC .com

# လေမှုတ်စက်အလုပ်သမား မီးပလပ်ထိုးသွင်းစဉ် ဓာတ်လိုက်သေဆုံးသွားခဲ့ရမှု

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ ရွှေနယားလေမှုတ်စက်ထုတ်လုပ်ရေးစက်ရုံတွင် အလုပ်သမားတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၃-၂-၂၀၁၄ရက်နေ့၊ နံနက် ၈နာရီ၅၀မိနစ်အချိန်က လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ရွှေနယားလေမှုတ်စက်ထုတ်လုပ်ရေးစက်ရုံတွင် အလုပ်သမားတစ်ဦး ဓာတ်လိုက်သေဆုံးနေကြောင်း လှိုင်သာယာမြို့မရဲစခန်းမှ သတင်းလက်ခံရရှိခဲ့သည်ဆို၏။

သတင်းအရ ဒုရဲအုပ် တေဇာမိုးက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဝင်းနိုင်ဦး(၁၈နှစ်)၊ ဆေးမှုတ်လုပ်သား၊ အမှတ် ၃၀၊ ရွှေပဒေသာ (၁)လမ်း၊ မြေတိုင်း (၂၆)၊ ရွှေလင်ပန်းကျေးရွာ၊ လှိုင်သာယာမြို့နယ် နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။

၎င်းသည် ၁၃-၂-၂၀၁၄ရက်နေ့၊ နံနက် ၈ နာရီ ၂၀မိနစ် အချိန်က လေမှုတ်စက်များ ထားရှိသည့် ဂိုဒေါင်အတွင်း၌ လေအိုးအား ဆေးမှုတ်ရန်အတွက် လေမှုတ်စက်များကြားထဲရှိ မီးခလုတ်ခုံသို့သွား၍ မီးပလပ်ထိုးစဉ် ဓာတ်လိုက်၍ အနီးရှိ သံပြားပုံပေါ်သို့ လဲကျရာမှ သေဆုံးသွားခဲ့သည်ဆို၏။

လဲကျသေဆုံးသူတွင် ဝဲဘက် ခါးစောင်းအထက်၊ ဝဲဘက်ဇက်မောင်း၊ ဝဲကျောကုန်း၊ ဝဲပေါင်တို့တွင် စုတ်ပြဲဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ အလောင်းအား လှိုင်သာယာဆေးရုံသို့ ပို့အပ်ခဲ့ရာ ပီအာရ် ၀၂ဖြင့် လက်ခံထားရှိခဲ့သည်။

ဒုရဲအုပ် တေဇာမိုးက တရားလိုပြုလုပ်တိုင်တန်းခဲ့၍ လှိုင်သာယာမြို့မရဲစခန်းမှ သေမှုသေခင်း အမှတ်၈/၂၀၁၄ဖြင့် အမှုရေးဖွင့်၍ အမှုစစ်စခန်းမှူး ဒုရဲမှူး သောင်းစိန်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



# (၇) ရက်သားသမီး တစ်လတာကံကြမ္မာ

## တနင်္ဂနွေ

ယခုလအတွင်း ဘာပဲလုပ်လုပ် မုချအောင်မြင်မည်။ ဘဝရှေ့ရေး ရင်လေးစရာမရှိပါ။ အကျိုးတူပေါင်းဖက် စီးပွားရေးစျေးကွက် အောင်မြင်မည်။ ပညာရေး အထူးကြိုးစားရန်လိုသည်။ ကျက်စာညှိတတ်သည်။ အနောက်တောင်ထောင့်သို့ ခရီးမသွားသင့်ပါ။ ဘေးရန်မြင်သည်။

**ကံကောင်းအရောင်။** ။ အုန်းခွံရောင်၊ ဘဲခေါင်းစိမ်းရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**ကံညံ့အရောင်။** ။ အနက်ထဲတွင် အဖြူမျဉ်းကျား ရှောင်ပါ။

**အချစ်ရေး။** ။ အချစ်အတွက် သံသယပျောက်မှ အမှန်ဘဝရောက်မည်။

**အိမ်ထောင်ရေး။** ။ မိန်းမကို အလိုမလိုက်ပါနှင့်။ အမိုက်စော်ကားခံရမည်။

**ထီထိုးရန်။** ။ (က) ၆-၉၊ (ဃ) ၆-၄၊ (င) ၆-၇။

**ယတြာ။** ။ အိမ်ရှိဗီရိုပေါ်တွင် ပစ်တိုင်းထောင်ရုပ် သုံးခု ချိတ်ဆွဲထားပါ။

BURMESE CLASSIC .com

## တနင်္လာ

ယခုကာလအတွင်း ကံဇာတာမျက်နှာသာပေး၍ စီးပွားရေး၊ အိမ်ထောင်ရေး ကံကောင်းနေမည်။ ဆွေမျိုးဉာတိ၊ သူတစ်ပါးကိစ္စတို့ကို အကူအညီပေးရင်း မိမိကိုအမှုပတ်တတ်သည်။ သတိပြုပါ။ ကျန်းမာရေးတွင် ဆီးချို၊ နှလုံး၊ အဆုတ်အအေးပတ်ရောဂါဖြစ်တတ်သည်။ တိုက်၊ ကား၊ ခြံ၊ မြေ အသစ်ဝင်မည်။

**ကံကောင်းအရောင်။** ။ ရွှေဖလားရောင်၊ ငွေဖလားရောင် ဝတ်ဆင်လိုက်ပါ။

**ကံညံ့အရောင်။** ။ ဒေါနပန်းရောင်၊ ပန်းရောင် ရှောင်ပါ။

**အချစ်ရေး။** ။ ချစ်တမ်းမကစားပါနှင့်။

**အိမ်ထောင်ရေး။** ။ လင်မယားနှစ်ဦး စိတ်တူကိုယ်တူ ဖြစ်နေတတ်သည်။

**ထီထိုးရန်။** ။ (တ) ၅-၄၊ (ထ) ၆-၉၊ (ဒ) ၃-၄။

**ယတြာ။** ။ မရှိဆင်းရဲ နွမ်းပါးသူကို ဆန်၊ ဆီ၊ ငွေ ဒါနပြုပေးပါ။

## အင်္ဂါ

ယခုကာလအတွင်း လုပ်ငန်းပြိုင်၊ စီးပွားပြိုင်၊ ကံပြိုင်၊ ဉာဏ်ပြိုင်သူပေါ်လာတတ်သည်။ စပ်တူမလုပ်နှင့်။ မိမိတစ်ဦးတည်း ဦးစီးဦးဆောင်လုပ်ပါက စီးပွားရေးကံကောင်းမည်။ ဆေးဘာ၊ သတ္တု၊ ဒန်၊ စတီးလ်စသည်တို့ အရောင်းအဝယ်စီးပွားဖြစ်ထွန်းမည်။ ရွှေ၊ ငွေလုပ်ငန်း ရှောင်ပါ။ ရတနာသုံးပါး၊ အနန္တောအနန္တငါးပါး မမေ့ပါနှင့်

**ကံကောင်းအရောင်။** ။ စတော်ဘယ်ရီရောင်၊ နီပြာဝါ ရေယုက်ရောင် ဝတ်ဆင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**ကံညံ့အရောင်။** ။ အညို၊ အနီထဲတွင် မျဉ်းကွက်ကျဲ လုံးဝရှောင်ပါ။
**အချစ်ရေး။** ။ မေတ္တာကိုဦးစားပေးပါ။ အချစ်ရေးကံကောင်းမည်။
**အိမ်ထောင်ရေး။** ။ ဆွေမျိုးတစ်စုကြောင့် စိတ်ဝမ်းကွဲတတ်သည်။ သတိထားပါ။
**ထီထိုးရန်။** ။ (ဖ) ၄-၆၊ (ဈ) ၄-၈၊ (ည) ၄-၂။
**ယတြာ။** ။ အိမ်ဘုရားတွင် ကရေကရာမုန့် ကပ်လှူပေးပါ။

## ဗုဒ္ဓဟူး

ယခုလအတွင်း ရာထူး၊ နေရာ၊ ဌာန၊ လစာ တိုးတက်မည်။ ဝန်ထမ်းဘဝနှင့် မြဲအောင်နေပါ။ အလုပ်ထွက်လျှင် ဒုက္ခတွေ့မည်။ လက်အောက်ငယ်သားများက ပမာမခန့်ပြုတတ်သည်။ သြဇာအာဏာကျဆင်းနေသည်။ ဘုရားတွင် ဂုဏ်တော်ကိုးပါး အဓိဋ္ဌာန်ဝင်ပြီး သက်သတ်လွတ် စားပေးပါ။

**ကံကောင်းအရောင်။** ။ အစိမ်းနု၊ အဝါနု ဝမ်းဆက်ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ နီနီရဲရဲ၊ အနက်ထဲတွင် သရက်ရွက်ပုံပါသောအရောင် ရှောင်ပါ။
**အချစ်ရေး။** ။ ချစ်သူကိုသည်းခံပါ။ သူက စိတ်အပြောင်းအလဲမြန်တတ်သည်။
**အိမ်ထောင်ရေး။** ။ လင်မယားနှစ်ဦးကို ကြားလူနှောင့်ယှက်တတ်သည်။
**ထီထိုးရန်။** ။ (န) ၄-၄၊ (ပ) ၅-၇၊ (ဖ) ၅-၉။
**ယတြာ။** ။ မွေးနံထောင့်တွင် တံခွန်၊ ကုက္ကား၊ မုလေးပွား သုံးလက်စီလှူပါ။

BURMESE CLASSIC .com

## ကြာသပတေး

ယခုကာလအတွင်း အရက်၊ မိန်းမ၊ ဖဲ ရှောင်ရမည်။ မရှောင်ပါက အမှုအခင်းဖြစ်ပြီး ထောင်ကျကိန်းမြင်သည်။ သတိထားပါ။ မိမိမိသားစုအတွက် သူတစ်ပါးမိသားစုကို ဒုက္ခမပေးပါနှင့်။ ဘေးရန်ရှိသည်။ ပညာရေးအထူးကောင်းပြီး ကျန်းမာရေးညံ့၍ စီးပွားရေးသင့်ပါသည်။

**ကံကောင်းအရောင်။** ။ အဖြူထဲတွင် လိမ္မော်ရောင်ရောယှက် ဝမ်းဆက်ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ ရွှေဖလားရောင်ထဲတွင် အနက်ပွင့်ပါသောအရောင်ရှောင်ပါ။
**အချစ်ရေး။** ။ ချစ်သူအတည်တကျမရှိဖြစ်နေတတ်သည်။
**အိမ်ထောင်ရေး။** ။ ခေတ္တတကွဲတပြား အတူမနေရဖြစ်တတ်သည်။
**ထီထိုးရန်။** ။ (ဗ) ၅-၆၊ (ဘ) ၆-၉၊ (န) ၆-၄။
**ယတြာ။** ။ တရားပွဲမှ ဓမ္မကထိကဆရာတော်ကို နဝကမ္မအလှူငွေလှူပါ။



www.burmeseclassic.com

www.burmeseclassic.com



**သောကြာ**

ယခုကာလအတွင်း လုပ်ငန်းမကောင်း၊ စီးပွားရေး ကျဆင်းတတ်သည်။ ရှေ့ဆက်ငြ ငွေများများရင်းနှီးမှုရှောင်ပါ။ ပညာရေးတွင် စိတ်လေမလွင့်ဘဲ စာကိုကြိုးစားပါ။ မိဘ၊ ဆရာ၊ အနန္တောအနန္တငါးပါး မမေ့ပါနှင့်။ ညအိပ်ရာဝင်တိုင်း ခင်ပွန်းကြီးဆယ်ပါးကိုကန်တော့ ပြီးမှအိပ်ပါ။

**ကံကောင်းအရောင်။** ။ အဖြူထဲတွင် အစိမ်းနု သံဆန်ခါကွက်ပါသောအရောင် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ အစိမ်းရင့်ထဲတွင် အဖြူကွက်စိပ်ရောင်ရှောင်ပါ။
**အချစ်ရေး။** ။ ချစ်သူနှစ်ဦးကြား ဗျာများနေတတ်သည်။ သတိထားပါ။
**အိမ်ထောင်ရေး။** ။ အဆင်မပြေသေးပါ။ ရန်တကျက်ကျက်ဖြစ်နေမည်။
**ထီထိုးရန်။** ။ (ယ) ၇-၂၊ (ရ) ၇-၈၊ (လ) ၇-၅။
**ယတြာ။** ။ အိမ်ဘုရားတွင် မင်္ဂလသုတ်၊ မေတ္တသုတ် တစ်လတိတိရွတ်ဖတ်ပါ။

BURMESE CLASSIC .com

**မိန**

ယခုကာလအတွင်း ကျန်းမာရေးညံ့မည်။ ရောဂါဝေဒနာထူပြောတတ်သည်။ ဆေးခန်း ဆေးရုံသွားရတတ်သည်။ တပည့်တပန်း၊ လက်အောက်ငယ်သားတို့မှ အထူးကျေးဇူးပြုတတ် သည်။ ဇိမ်ခံပစ္စည်းဝင်တတ်သည်။ ကားသစ်ဝယ်ယူရမည်။ စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင် ပါက အောင်မြင်မည်။

**ကံကောင်းအရောင်။** ။ နီပြာစိမ်းဝါ ရောယှက်ရောင် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ ချောကလက်ရောင်၊ တိမ်ပြာရောင် ရှောင်ပါ။
**အချစ်ရေး။** ။ အားလုံးအဆင်ပြေနေမည်မှတ်ပါ။
**အိမ်ထောင်ရေး။** ။ လင်မယားနှစ်ဦး ကြည်ဖြူမည်။
**ထီထိုးရန်။** ။ (က) ၆-၄၊ (ချ) ၆-၈၊ (ည) ၅-၄။
**ယတြာ။** ။ အိမ်ဘုရားတွင် အာယုဒီယပါဘုရားဟူ တစ်နေ့သုံးကြိမ်ရွတ်ပါ။

**စမ်းလိုအေး၍ ပန်းလိုမွှေးပါစေ**
**သစ္စာ၊ မေတ္တာ ဆရာထွန်းလင်းကျော်**
**နက္ခတ်ဗေဒင် လက္ခဏာပညာရှင်**



www.burmeseclassic.com